
www.burmeseclassic.com



# ဂျူး

# သူတို့အမြင် သူတို့အတွေး

BURMESE CLASSIC .com

www.burmeseclassic.com

ချန်ပီယံ ပေါ်ဆန်းမွှေး စာအုပ်တိုက်
ဖုန်း။ ၀၁-၆၈၀၃၀၁၊ ၆၈၁၃၂၆၊ ၆၈၂၈၄၄၊ ၆၈၂၉၄၄

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၆၇၇/၂၀၀၁ (၁၀) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၆၈၄/၂၀၀၁ (၁၁) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ [ ၁၀၀၀ ]

❑

အတွင်းစာသားနှင့်
မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [ ၀၅၉၀၁ ]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် (၀၂၃၃ )၊ လောကစာပေ
အမှတ် (၃)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

❑

အတွင်းဖလင်
ဦးထွန်းဆိုင်

❑

စာအုပ်ချုပ်
ကိုတင်အေး

❑

မျက်နှာဖုံးပန်းချီ
ကျော်မင်းမောင်

တန်ဖိုး [ ၅၅၀ ]

BURMESE CLASSIC .com

www.burmeseclassic.com

ပါရဂူ

# သူတို့အမြင် သူတို့အတွေး

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန် ဖြစ်သည်။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေးရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စာပေအကျိုးဆောင်ပါရဂူအား ဂုဏ်ပြုသည့် ဂုဏ်ပြုလွှာ | ဦးဂိုအင်ကာ | ၁ |
| ၂။ | မြန်မာအတွေးအခေါ်ပညာရှင်နှင့် ဂျပန်ဘုန်းတော်ကြီး | နဲ့မိုတိုယူရိကို | ၄ |
| ၃။ | ပါရဂူနှင့် ဟိန္ဒီစာပေ ဘာသာပြန်ဆိုမှု | မင်းယုဝေ | ၃၀ |
| ၄။ | ရာပြည့်ပါရဂူ | ဒဂုန်တာရာ | ၃၅ |
| ၅။ | မိမိနှင့် ပါရဂူ | နတ်နွယ် | ၄၂ |
| ၆။ | ဆရာပါရဂူ၏ ဒဿနကို တစေ့တစောင်းလေ့လာခြင်း | မြဝင်း(ဒဿန) | ၅၁ |
| ၇။ | ဆရာပါရဂူနှင့်ပတ်သက်၍ ကျွန်တော်မကြိုက်သောအချက်များ | ချစ်ဦးညို | ၆၂ |
| ၈။ | ဥက္ကဌ၏ဆုတောင်း | ရာမပရကာ့ရှ်မီရ် | ၇၁ |
| ၉။ | သူ့စာပေမှ သူ့အတွေးအခေါ် | ခင်စောဦး | ၇၅ |
| ၁၀။ | ပါပါ တာတာ ရာရာ ဂိုဏ်း | ကိုတာ | ၈၁ |
| ၁၁။ | မဓုရဆွပ္ပန | နေဝင်းမြင့် | ၈၈ |
| ၁၂။ | ဖျတ်ခနဲတွေ့ရသည့် ကျွန်တော်တို့ရှေ့က ကြယ်တာရာများ ဆရာပါရဂူ | မောင်သာချို | ၁၀၂ |


BURMESE CLASSIC .com

၁၃။ ဆရာပါရဂူရဲ့စာမူခ ကျော်ရင်မြင့် ၁၁၅
၁၄။ ပါရဂူညများ မျိုးခင်(သင်းပိတောက်) ၁၂၀
၁၅။ ကောင်းတဲ့စာ ကောင်းတဲ့အလုပ်နှင့်အတူ ပါရဂူ ဆူးငှက် ၁၃၂
၁၆။ စာလုံး ဆေးစက်၊ ကျောက်ခေတ်ပုံသွင်
၂၀ ရာစုအဝင် ထန်းရိပ်ညို အနုပညာပြပွဲနှင့်
ပရဟိတ အလုပ်၊ စာအုပ် ၁၀၀
ဆရာကြီး ပါရဂူ ဆုံစည်းမှု သိုက်ထွန်းသက် ၁၄၀
၁၇။ ကျွန်တော်တွေးနေသည် လေသူရဲတစ်ဦး ၁၄၈
၁၈။ ရန်ကုန်ဘဆွေနှင့် ဘဂဝတီကျရန်ဗရမာ
ဒွေးအောင်(မင်းဘူး) ၁၆၀
၁၉။ ဆရာပါနဲ့ စာအုပ်တစ်ရာ ညွန့်သစ် ၁၆၅
၂၀။ **Paragu, Paragon of prose** **Myanmar Times** ၁၇၀

BURMESE CLASSIC .com

www.burmeseclassic.com

## စာပေအကျိုးဆောင်ပါရဂူအား ဂုဏ်ပြုသည့် ဂုဏ်ပြုလွှာ

အို- စာပေရောင်းရင်း၊ မြန်မာပြည် ဟိန္ဒီစာပေအသင်းသည် သင့်အား ဂုဏ်ပြုချီးကျူးရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်နေပါသည်။ အတိုင်းမသိ ဂုဏ်ယူနေပါသည်။ မြန်မာပြည်၌ ဟိန္ဒီစာပေကို အကျိုးပြုကြသည့် ရှားရှားပါးပါးစာပေအကျိုးဆောင်များထဲတွင် သင်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။

အို- ဟိန္ဒီမြတ်နိုးသူ၊ မြန်မာပြည်၌ နှစ်ပေါင်းများစွာအထိလည်းကောင်း၊ ထို့နောက် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၌ ငါးနှစ်မျှလည်းကောင်း ပညာဆည်းပူး၍ သင်သည် ဟိန္ဒီဘာသာနှင့် ဟိန္ဒီစာပေကို သင်ကြားတတ်မြောက်ခဲ့ပါသည်။

အို- စာပေ ပျားပိတုန်း၊ သင်သည် ဟိန္ဒီစာပေဥယျာဉ်တွင်းရှိ လှပသော၊ ရနံ့ကြိုင်သင်းသော ပန်းများ၏ ဝတ်ရည်ကို ကိုယ်တိုင်သောက်သုံး၍ ထိုပန်းဝတ်ရည်ကို အခြားမြန်မာစာပရိသတ်အားလည်း ခွဲဝေပေးပြီးလျှင် ပန်းဝတ်ရည်အရသာကို သောက်သုံးစေခဲ့ပါသည်။

သင်သည် အမိမြန်မာစာကို ဟိန္ဒီပန်းပွင့်များ ပန်ဆင်ပေးခဲ့ပါသည်။ မြန်မာစာဗိမာန်ကို ဟိန္ဒီရတနာများဖြင့် တန်ဆာဆင်ပေးခဲ့ပါသည်။ သင်သည် မြန်မာစာအိမ်ဂေဟာအတွင်း၌ ဟိန္ဒီဆီမီးကို ထွန်းညှိခဲ့ပါသည်။ သင်သည် စင်ကြယ်မြင့်မြတ်သော ဂင်္ဂါမြစ်ရေကို မင်္ဂလာရှိသော ဧရာဝတီမြစ်ရေထဲ၌ စီးဆင်းစေခဲ့ပါသည်။ သင်သည် ကုသိုလ်ကံ ထူးချွန်သူဖြစ်ပေစွ၊ သင်သည် ဟိန္ဒီ၏ဂုဏ်သိက္ခာကို တိုးမြှင့်ခဲ့ပါသည်။ ဟိန္ဒီသည် သင့်အား ကျေးဇူးတင်ရပေမည်။ သင်သည် မြန်မာစာ ဘဏ္ဍာတိုက်ကို ဖြည့်တင်းပေးခဲ့ပါသည်။ မြန်မာစာသည် သင်၏ကျေးဇူးနှင့် မကင်းပေ။

www.burmeseclassic.com



သင်သည် မဟာပဏ္ဍိတ်ရာဟုလာသံကိစ္စည်း၏ 'ဗော်လဂါမှဂင်္ဂါသို့'၊ 'သီဟသေနာပတိ'၊ 'နှစ်ဆယ့်နှစ်ရာစု' စာအုပ်များ၊ ရှရီတဂဝတီကျရန် ဗာမာရ၏ 'စိတြလေခါ'၊ ဆွာမိ ဆတြဘတ္တ၏ 'ဗုဒ္ဓဒိုင်ယာရီ' ကဲ့သို့သော ကျမ်းကြီး ကျမ်းခိုင်များကိုလည်းကောင်း၊ ထို့ပြင် ရှရီဂျယရှံကရ ပရဆတ် ၏ 'ကောင်းကင်မီးပြ'၊ ရှရီ ရာမကုမာရ ဗရမာ၏ 'စာရုမိတ္တာ' ၊ ရှရီ ရာမဗရိကလ် ဗေနီပူရီ၏ 'သီဟိုဠ်ကျွန်းကိုအောင်ခြင်း' နှင့် သံဃမိတ္တာ'၊ ရှရီဥဒယရှံကရဘတ္တာ၏ 'ရှရိလေခါ' ၊ ရှရီဗိရှဏုပရဘာကရ၏ 'အသောက' ကဲ့သို့သော ဝတ္ထုတိုနှင့်ပြဇာတ်များကိုလည်းကောင်း မြန်မာစာဖတ်ပရိသတ်သို့အထိ ပို့ဆောင်ခဲ့ပါသည်။ ထိုမျှသာမကသေး ၊ ဟိန္ဒီ၏ အကူအညီဖြင့် သင်သည် ပဥ္စဘန္တာ၊ ဟိတောပဒေသ၊ ဝတ္ထုသမုဒ္ဒရာ၊ သုန္ဒာနန္ဒ တည်းဟူသော သက္ကတ ကျမ်းဂန်များကိုလည်းကောင်း၊ ရဝိန္ဒရာနတ်တဂိုး၏ ဝတ္ထုတိုများကိုလည်းကောင်း၊ ရှရီ ဂျဝါဟလာလ် နေရူး၏ 'ဖခင်၏ပေးစာများ' ကိုလည်းကောင်း မြန်မာစာပေလောကအား ပေးအပ်ခဲ့ပါသည်။ ထိုမှတစ်ပါး ဗုဒ္ဓတရား၊ ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်သည့် ဟိန္ဒီစာအုပ်များနှင့် ဆောင်းပါးစာတမ်းများကိုလည်း မြန်မာမှုပြုခဲ့ပါသည်။ နောက်ထပ်ကျမ်းစာပေါင်းများစွာမှာ သင်၏ကလောင်ကို ငံ့လင့် စောင့်စားနေကြပါသည်။

မြန်မာနိုင်ငံအစိုးရသည် သုန္ဒရာနန္ဒမြန်မာပြန်အတွက် သင့်အား အမျိုးသားစာပေဆု ချီးမြှင့်ခဲ့ပါသည်။ ယင်းကဲ့သို့ ချီးမြှင့်ခြင်းမှာ အလွန်တရာ သင့်မြတ်လျော်ကန်သော ပြုမူချက်ပင်ဖြစ်ပါသည်။ စာပေအကျိုးပြုဆောင်ရွက်ချက်များကြောင့်သာလျှင် သင်သည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေပြန့်ပွားရေးအသင်း၊ မြန်မာပြည် ဟိန္ဒီ စာပေအသင်းကြီးများ၏အမှုဆောင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုအကြောင်းကြောင့်ပင် သင်သည် ၁၉၅၇-ခုနှစ်က နယူးဒေလီမြို့တွင် ပထမဆုံးအကြိမ်ကျင်းပသော အာရှစာရေးဆရာများ၏ ညီလာခံ၌ မြန်မာစာရေးဆရာများ၏ ကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးအဖြစ် တက်ရောက်ပါဝင်ခဲ့ရခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သင့်ထံမှ လှူဒါန်းဆော်ချက်ရရှိလျက် အခြားဟိန္ဒီချစ်မြတ်နိုးသူ မြန်မာစာပေရှင်များလည်း ဟိန္ဒီစာပေထဲမှ အဆင့်အတန်းမြင့်သည့် လက်ရာကောင်း လက်ရာမွန်များဖြင့် မြန်မာစာဘဏ္ဍာတိုက်ကို ဖြည့်တင်းပေးလိမ့်မည်ဟူ၍လည်းကောင်း၊ ထိုမျှသာမက မြန်မာစာပေထဲမှ လက်ရာကောင်း လက်ရာမွန်များဖြင့် ဟိန္ဒီစာပေလောကကို အကျိုးပြုလိမ့်မည်ဟူ၍ လည်းကောင်း ကျွန်ုပ်ယုံကြည်စိတ်ချပါသည်။ ရှေးဟောင်း မြန်မာစာပေထဲ၌ ဗုဒ္ဓအဘိဓမ္မာနှင့်ပက်သတ်သော အဖိုးမဖြတ်နိုင်သည့် ဘဏ္ဍာများပြည့်နှက်နေသည်ကိုလည်းကောင်း၊ မြန်မာပြည်သူ့စာပေထဲ၌ တိုင်းပြည်တွင်းရှိ ပြည်သူ့ဘဝ၏ အသက်ဝင်လျက်ရှိသော အရိပ်များ ထင်ဟပ်လျက်ရှိသည်ကိုလည်းကောင်း၊ ခေတ်သစ် မြန်မာစာပေထဲ၌ တိုင်ပြည်တွင်းရှိ နိုးကြားလှုပ်ရှားမှုအသစ်၏ ရည်မှန်းချက်အပြည့်ရှိနေသော လှပတင့်တယ်သည့် ပန်းချီကားများ ရေးခြယ်ထားလျက် ရှိသည်ကိုလည်းကောင်း ကျွန်ုပ်တို့ သိရှိပါသည်။ ယင်းအရာများကို ရရှိရန်အတွက် ဟိန္ဒီစာပေလောကသည် အာသာဆန္ဒပြင်းပြနေပါသည်။ သင့်ထံမှ လှူဒါန်းဆော်မှုရရှိသည်ဖြစ်၍ အမိ'သူရဿတီ၏ သားကောင်း' (စာပေ ပညာရှင်) တစ်ဦးဦးက ဧရာဝတီ၏ ယင်းအမြိုက်ရေကို ဂင်္ဂါ၏သားများသို့အထိ အလျှင်အမြန် ပို့ဆောင်လိမ့်မည် ဖြစ်ပါသည်။

အို-စာပေရဲဘော်၊ သင့်ကို ဂုဏ်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် အမိ မြန်မာစာကို ဂုဏ်ပြုနေပါသည်။ အမိဟိန္ဒီကို ဂုဏ်ပြုနေပါသည်။ ဧရာဝတီ-ချင်းတွင်းကို ဂုဏ်ပြုနေပါသည်။ ဂင်္ဂါ-ယမုံနာကို ဂုဏ်ပြုနေပါသည်။ နှစ်နိုင်ငံ၏ မြင့်မြတ်စင်ကြယ်သော ယဉ်ကျေးမှုအရ ဆက်ဆံပေါင်းသင်းနေခြင်းကို ဂုဏ်ပြုနေပါသည်။ နှစ်နိုင်ငံ၏ ကျိုးပြတ်ခြင်းမရှိသော ချစ်ကြည်ရေးအရ ဆက်ဆံပေါင်းသင်းနေခြင်းကို ဂုဏ်ပြုနေပါသည်။

မြန်မာစာအောင်မြင်ပါစေ၊ ဟိန္ဒီစာအောင်မြင်ပါစေ။

**ဟိန္ဒီစာပေလောကကိုယ်စား သင့်ကို ဂုဏ်ပြုကြသူများ**
**မြန်မာပြည် ဟိန္ဒီစာပေအသင်းဥက္ကဋ္ဌနှင့် အသင်းသားများ။**

**ရန်ကုန်မြို့ ။**
**၁၀-၁၂-၆၇**

BURMESE CLASSIC .com

www.burmeseclassic.com

# မြန်မာအတွေးအခေါ်ပညာရှင်နှင့် ဂျပန်ဘုန်းတော်ကြီး

[၁-၃-၉၈နေ့ထုတ် ဂျပန်ဘာသာ 'ယော' (တောက်ပခြင်း)မဂ္ဂဇင်း (၉၈ ခုနှစ်၊ အမှတ် ၁၁၊ တိုကျို) တွင် စာရေးဆရာမ နဲ့မိုတိုယူရိကို ရေးသောဘီရုမနောတက်ဆုဂကုရှတော နိဟွန်းဂျင်ဆော' ဆောင်းပါးကို ရဲမြင့်လွင် ဂျပန်ဘာသာမှ တိုက်ရိုက်မြန်မာပြန်သည်။]

၁၉၂၅ ခုနှစ်တွင် မွေးဖွား၍ ယခင်က ရဟန်းဖြစ်ခဲ့ဖူးသော ဆရာပါရဂူသည် အသက် ၃၀-အရွယ်၌ လူဝတ်လဲကာ ရန်ကုန်မြို့ ကန်တော်ကြီး၏ မြောက်ဘက် ဗဟန်းမြို့နယ်၌ နေထိုင်လျက်ရှိပေသည်။

အထင်ကရလမ်းမကြီးတစ်သွယ်ဖြစ်သော ကမ္ဘာအေးဘုရာလမ်းမှသည် ကန်တော်ကြီး၏ မြောက်ဘက်တွင်ရှိသည့် သေးသွယ်ကျဉ်းမြောင်းလှသည့် ကင်းဘဲလမ်း(ငါးထပ်ကြီးဘုရားလမ်း)ထဲသို့ ဝင်မိသည်ဆိုလျှင် ရန်ကုန်မြို့ဟောင်း၏ ရနံ့များက သင်းပျံ့လာတော့သည်။ အဆိုပါလမ်းသည် ရှုတ်တရက်ကွေ့ကောက်သွားပြန်ကာ အုန်းပင်၊ သရက်ပင်၊ စိန်ပန်းပင်တို့က ပိုမိုအုံ့ဆိုင်းလာကြ၍ ခြံစည်းရိုးသဖွယ် စိုက်ထားသော သစ်ပင်များ၏ နောက်ကွယ်တွင် လူနေအိမ်များက တန်းစီနေကြပေသည်။

အမျိုးသမီးငယ်တစ်ယောက်သည် လက်တစ်ဖက်မှ သားငယ်ကို ဆွဲလျက် ကျန်လက်တစ်ဖက်ဖြင့် ခေါင်းပေါ်မှ ဟင်းရွက်တောင်းကို ထိန်းကာ ဖြည်းဖြည်းချင်း လျှောက်လှမ်းနေသည်။ လုံချည်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ကမူ စက်ဘီးအိုကြီးတစ်စီးကို တကျွီကျွီနင်းကာ လမ်းထဲမှ ဖြတ်သန်းပြေးလွှားသွားပြန်သည်။ မြင်ကွင်းက ခြောက်ကပ်နေသည့်တိုင် ကားပေါ်မှတံခါးကိုဖွင့်အဆင်း၌မူ စကားပြောသံများအပြင် ရေဒီယိုမှ

BURMESE CLASSIC .com

www.burmeseclassic.com



ခေတ်ပေါ်သီချင်းများကိုပါ ကြားလာရသည့်အတွက် စောစောက ထင်ထားသည်ထက် စည်လာသည်ကို တွေ့လိုက်ရလေသည်။

ဆရာပါရဂူ နေထိုင်သည့်အိမ်မှာ ကင်းဘဲလမ်း (ငါးထပ်ကြီးဘုရားလမ်း)၏ လက်ဝဲဘက်ခြံထဲရှိ သိပ်မကြီးမားလှသော မွဲပြာရောင် တစ်ထပ်တိုက် အိမ်အိုကလေးသာဖြစ်ပါသည်။ ထိုအိမ်ကလေး၏ ဘေးပတ်ဝန်းကျင်၌မူ မိသားစုများ စုပေါင်းနေထိုင်ကြဟန်ရှိသော နှစ်ထပ်အိမ်တစ်လုံးကို တွေ့ရပါသည်။ ဆရာပါရဂူ၏ အိမ်ကလေးသည် ထိုခြံကျယ်ကြီး၏ ဘယ်ဘက်ထောင့်ကွေး၌ တည်ရှိလေသည်။ အခြားမြန်မာအိမ်များကဲ့သို့ပင် ဆေးသားများကွာကျနေသော ပြတင်းပေါက်၊ တံခါးပေါက်တို့၏ ရှေ့တွင် ရှည်မြောမြောနေရာလပ်တစ်ခုရှိပေသည်။ ထိုနေရာလပ်၏ ရှေ့ဘက်၌မူ သံဆန်ကာကျဲတစ်ခုအဖြစ် အဟန့်အတားပြုထားသော်လည်း ပြင်ပမှ လေစိမ်းတို့သည် အတွင်းသို့ တဟူးဟူးဒိုးယိုပေါက်ဝင်နေသကဲ့သို့ပင် ခြင်ကောင်၊ ယင်ကောင်များသည်လည်း လွတ်လပ်စွာပင် ဝင်နိုင်ထွက်နိုင်ကြလေသည်။ မြန်မာတို့သည် ထိုနေရာ၌ပင် ဧည့်သည်ကို လက်ခံလေ့ ရှိကြသည်။ ကျွန်မသည် ဆရာပါရဂူ၏ အိမ်သို့ လေးနှစ်အတွင်း လေးကြိမ်မျှ အလည်ရောက်ခဲ့ရာ လေးကြိမ်စလုံးပင် ထိုကွက်လပ်၏ ဘယ်ဘက်တွင် ရှိသော သစ်သားကုလားထိုင်အိုတစ်လုံးတွင် ထိုင်ရန် ညွှန်ပြလေ့ရှိပါသည်။

သံဆန်ကာကြဲကိုဖြတ်၍အပြင်ဘက်သို့ကြည့်လိုက်သောအခါအိမ်ရှေ့ရှိအုန်းပင်နှစ်ပင်တွင် သွယ်တန်းထားသည့် ကြိုးတန်းပေါ်၌ တစ်ဘက်အိမ်မှ လျှော်ပြီးအဝတ်များ တွဲလောင်းချလှမ်းထားသည်ကို တွေ့ပေသည်။ ကလေးအကြီးများက ကျောင်းသွားနေ၍ထင်ပါသည်။ ၄-၅ နှစ်အရွယ် ကလေးငယ်နှစ်ယောက် သုံးယောက်သာ အဝတ်တန်း၏အောက်တွင် လိုက်တမ်းပြေးတမ်း ကစားနေကြလေသည်။ ကျွန်မသည် သူတို့ကို တစေ့တစောင်းငေးကြည့်ရင်းမှ ဆရာပါရဂူနှင့် အင်တာဗျူးခန်းကို စရပါတော့သည်။

စောစောပိုင်းကတည်းက ဆရာပါရဂူ ကြိုမှာထား၍လား မပြောတတ်ပါ။ ကျွန်မ ထိုင်၍ မကြာမီမှာပင် ဘေးအိမ်မှ အသက်၃၀-အရွယ်ခန့်ရှိ

www.burmeseclassic.com



အိမ်ရှင်မတစ်ဦးက ကော်ဖီတစ်ခွက်ကို ကိုင်ပြီး ဝင်လာပါသည်။ ဆရာပါရဂူသည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ဖတ်နိုင်၊ ပြောနိုင်သူဖြစ်ပြီး ကျွန်မ မေးသော မေးခွန်းမှန်သမျှကိုလည်း ကောင်းကောင်းနားလည်သူ ဖြစ်ပါသည်။ သို့သော်လည်း မည်သည့်အကြောင်းကြောင့် မသိပါ။ ကျွန်မ မေးသမျှကို မြန်မာလိုသာ ပြန်ဖြေပါသည်။ ထို့ကြောင့်လည်း စကားပြန်အဖြစ် ဂျပန်ပြည်တွင် ၅-နှစ်ကြာပညာသင်ယူခဲ့ဖူးသော ကျွန်မ၏ မြန်မာမိတ်ဆွေကို ခေါ်သွားရပါသည်။

အရပ်ပုပုဝဝဖိုင့်ဖိုင့်၊ အသားမဖြူမညို၊ မျက်မှန်ထူထူကြီးကို တပ်ထားသော ဆရာပါရဂူသည် အသက် ၇၀-ပတ်ဝန်းကျင်မျှသာ ရှိသေးသော်လည်း စာအုပ်ပေါင်း ၈၀-ကျော်ကို ရေးသားပြုစုပြီးသည့် နာမည်ကျော်စာရေးဆရာကြီးတစ်ဦးဖြစ်သလို ဗုဒ္ဓဒဿနိက ပညာရှင်တစ်ဦး အဖြစ်လည်း ကျော်ကြားပါသည်။ ရဟန်းဘဝမှ လူဝတ်လဲခဲ့သော်လည်း ကိစ္စများမြောင်လှသည့် အိမ်ထောင်သားမွေးမှုကို ဝေးဝေးကရှောင်ပြီး စာအုပ်များနှင့်သာ ပျော်မွေ့နေခဲ့သူဖြစ်ပေသည်။ ဘဝတွင် ရိုးရိုးသာ နေထိုင်ခဲ့သော်လည်း မကျေနပ်သည့်အမူအရာများ လုံးဝမတွေ့ရဘဲ ကျွန်မမေးသမျှကို ပြုံးစစနှင့် အေးအေးလူလူ ပြောသွားခဲ့ပေသည်။ ထိုပြုံးစစနှုတ်ခမ်းနှစ်လွှာကြားမှ ထွက်လာသော ဆရာပါရဂူ၏ စကားများမှာမူ လွန်စွာလေးနက်လှကြောင်း ကျွန်မသည် မေးရင်း မေးရင်း သဘောပေါက်လာခဲ့ရပါတော့သည်။

ဆရာပါရဂူကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အနောက်မြောက်ဘက်တွင် တည်ရှိသည့် ဟင်္သာတခရိုင် သနွှဲ့သနော့ရွာတွင် မွေးဖွားခဲ့သည်။ မိဘများမှာ စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်ကြ၍ ပါရဂူမှာ သားအကြီးဆုံးဖြစ်ပြီး အောက်တွင် ညီနှစ်ယောက်နှင့် ညီမတစ်ယောက်တို့ ရှိကြသည်။

ရွာရှိမူလတန်းကျောင်း၌ စတုတ္ထတန်းအောင်မြင်ပြီးနောက် အသက် ၁၁-နှစ်သားတွင် စာသင်သားကိုရင်အဖြစ် ၂-နှစ်တာမျှ ပါဠိဘာသာကို လေ့လာဆည်းပူးပြီးနောက် ဟင်္သာတမြို့ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ကာ တစ်နှစ်တာမျှ ဆည်းပူးရပြန်သည်။ ထို့နောက် ရန်ကုန်မြို့အရှေ့

BURMESE CLASSIC .com

www.burmeseclassic.com



ပိုင်းကို ဖြတ်သန်းစီးဆင်းနေသည့် ပုဇွန်တောင်ချောင်း၏ တစ်ဘက်ကမ်း သန်လျင်မြို့အနီးရှိ လဟာရက်ရွာဘုန်းတော်ကြီးကျောင်းသို့ပြောင်းရွှေ့ရ ပြန်လေသည်။ ဆရာပါရဂူသည် ဤကျောင်း၌ပင် ရဟန်းဘောင်သို့ ဝင်၍ လိုအပ်သော ပါဠိဘာသာရပ်ကို အပူတပြင်းကြိုးစားရပြန်သည်။ ဆရာ၏ လုံ့လဝီရိယကြောင့် ၁၅-နှစ်သားတွင် ပထမငယ်၊ ၁၆-နှစ်သားတွင် ပထမလတ်နှင့် ၁၇-နှစ်သားတွင် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့လေ သည်။ ပါဠိဘာသာသည် မြန်မာဗုဒ္ဓဘာသာတွင် ရှေးဟောင်းသုတ္တန် ကျမ်းများကို ဖတ်ရှုနိုင်ရန်နှင့် သင်ကြားပို့ချနိုင်ရန်အတွက် မရှိမဖြစ် တတ်ကျွမ်းရမည့် ဘာသာရပ်တစ်ခုဖြစ်ပေသည်။

၁၉၄၁-ခုနှစ် ဒီဇင်ဘာလတွင် ပစိဖိတ်သမုဒ္ဒရာစစ်ပွဲကြီးစတင်ဖြစ်ပွား လာတော့သည်။ ဒီဇင်ဘာလ ၂၃-ရက်မှ ၂၅-ရက်နေ့အထိ ဂျပန်အမှတ် ၃-လေတပ်မတော်က ရန်ကုန်မြို့တော်အား ၃-ကြိမ်တိုင်တိုင် ဗုံးကြဲတိုက် ခိုက်ခဲ့ပေသည်။ ရန်ကုန်မြို့နှင့် ခပ်လှမ်းလှမ်း သန်လျင်တွင် ရှိနေခဲ့သော ပါရဂူသည် ဂျပန်လေယာဉ်များ ဗုံးကြဲနေသည့် ရှုခင်းကို ထင်ထင်ရှားရှား မြင်တွေ့ရသောအခါ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်မိလေသည်။ သို့သော် လည်း၁၇-နှစ်သားအရွယ် ကိုရင်ပါရဂူသည် မိမိ၏ ဗုဒ္ဓစာပေလေ့လာမှု၌ သာ အာရုံများနေလေရာ-

"အင်း - စစ်အကြောင်းကို မတွေးတောတာဘဲ ကောင်းပါတယ်လေ။ ငါ့မှာ လေ့လာစရာ မှတ်စရာတွေက တပြုံတခေါင်းရှိနေသေးတာ" ဟု မိမိကိုယ်ကိုဆုံးမကာ စာပေကျမ်းဂန်ဘက်၌သာ နှစ်မြုပ်နေခဲ့လေသည်။ ပါရဂူအဖို့ ၁၉၄၀-ပြည့်နှစ်၊ ဇွန်လ၌ သန်လျင်မြို့တွင် ဂျပန်ဘာသာသင် ကျောင်းဖွင့်သည့်အချိန်အထိ မည်သည့်ဂျပန်စစ်သား၊ ဂျပန်လူမျိုးနှင့်မျှ ထိတွေ့ခဲ့ဖူးခြင်း မရှိပေ။

သို့သော်လည်း ဂျပန်စာသင်ကျောင်းဖွင့်သည့် အချိန်မှစ၍ စာပေ ဝါသနာထုံသော ပါရဂူသည် အခြားရပ်သူရွာသားများနှင့် အတူ တစ်နေ့လျှင် နှစ်နာရီခန့် ဂျပန်စာကိုအပတ်တကုတ်ကြိုးစားလေ့လာနေခဲ့လေသည်။

www.burmeseclassic.com



ပါရဂူကို ဂရုတစိုက်သင်ကြားပြသပေးသော ဂျပန်ဆရာနှစ်ဦးမှာ မစ္စတာကာတိုနှင့် မစ္စတာကာနဲမိနေ တို့ဖြစ်လေသည်။ ထိုဆရာနှစ်ဦးသည် ၁၉၄၅-ခုနှစ် မေလတွင် သန်လျင်မြို့မှထွက်ခွာသွားသည့်အချိန်အထိ ပါရဂူ နှင့် ရင်းနှီးစွာ နေခဲ့ကြလေသည်။

"စစ်မက်ရေးရာ အခြေအနေတွေက သိပ်ပြီး အပြောင်းအလဲမြန်ကြပေမဲ့ အဲ့ဒီဆရာနှစ်ဦးရဲ့ကြင်နာတတ်တဲ့ သဘောထားကတော့ နည်းနည်းကလေးမှ မပြောင်းလဲခဲ့ဘူး။ ဒီဆရာတွေကိုအကြောင်းပြုပြီး ကျွန်တော့်ရင်ထဲမှာ ဂျပန်ကို ချစ်တဲ့စိတ်တွေ ကိန်းအောင်းပေါက်ဖွားလာရတော့တာပါပဲ"

ပါရဂူက နောက်မှ ဤသို့ ပြန်ပြောပြပါသည်။

ဂျပန်စာသင်ကျောင်းဖွင့်ပြီး မကြာမီ သန်လျင်မြို့တွင် တပ်စွဲလာကြသော ဂျပန်စစ်သားများထဲတွင် ဂျပန်ဗုဒ္ဓဘာသာ နိချိရင်းဂိုဏ်းကစစ်သားတစ်ဦးလည်း လိုက်ပါလာခဲ့လေသည်။ ထိုစစ်သားသည် အချိန်အားရတိုင်း ပါရဂူရှိသော ဘုန်းကြီးကျောင်းသို့ ရောက်လာ၍ ဗုံတီးပြီး ဘုရားရှိခိုးလေ့ရှိသည်။ သို့နှင့် ပါရဂူနှင့် ထိုဂျပန်စစ်သားသည် အချိန်ရတိုင်း ဗုဒ္ဓဘာသာအကြောင်းကို ဆွေးနွေးဖြစ်ခဲ့ကြရာ ပါရဂူသည် ဂျပန်ဗုဒ္ဓဘာသာ နိချိရင်းဂိုဏ်းအကြောင်းကို ထိုဂျပန်စစ်သားထံမှ စတင်သိရှိပြီး စိတ်ဝင်စားလာခဲ့လေတော့သည်။

ထိုအချိန်တွင် (တောင်ဘက်စစ်ဆင်ရေးအဖွဲ့) မိနာမိကိကန်း၏ဥက္ကဋ္ဌဖြစ်သူဗိုလ်မှူးကြီးဆူဇူကီးသည် သန်လျင်ဘက် ရောက်လာလေသည်။ ဆူဇူကီးနှင့်အတူ ဂျပန်ဘုန်းတော်ကြီး နာဂါအိစံနှင့် နယ်ချဲ့ဆန့်ကျင်ရေး မြန်မာမျိုးချစ်ကဗျာဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လည်း ပါလာလေသည်။ နာဂါအိစံသည် စစ်ကြီးမစတင်မီကပင် ရန်ကုန်မြို့သို့ရောက်ရှိနေပြီး ယပ်တောင်တစ်ချောင်း၊ ဗုံးတစ်လုံးနှင့်အတူ ဓမ္မတေးများကို ရွတ်ဆိုပြီး ရွှေတိဂုံဘုရားအစရှိသည့် စေတီပုထိုးများသို့ လှည့်လည်ကာ မြန်မာလူမျိုးများနှင့် အတူနေလေ့ရှိသောကြောင့် သူ့အား မြန်မာများသည်ဂျပန်ဘုန်းကြီး

BURMESE CLASSIC .com

www.burmeseclassic.com



ဟု အသိများလေသည်။ သန်လျင်မြို့ ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်သော ဟောပြောပွဲ၌ ဆူဇူကီစံ (ဗိုလ်မိုးကြိုး)နှင့် နာဂါအိစံတို့ ဟောပြောကြသည်။ ဆူဇူကီးက အင်္ဂလိပ်လိုပြောပြီး သခင်သိန်းမောင်က မြန်မာလို ပြန်ကာ မြန်မာဘုန်းတော်ကြီးများနှင့် မြန်မာလူမျိုးတို့အား ဟောပြောပါသည်။ သခင်ကိုယ်တော်မှိုင်းကလည်း ဟောသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ တရားပေါ်တွင် နက်ရှိုင်းစွာ သက်ဝင်နေသော ပါရဂူသည် နာဂါအိစံ ပြောသော ဂျပန်နိချိရင်းဂိုဏ်း ဗုဒ္ဓဘာသာကို လွန်စွာစိတ်ဝင်စားကာ ဂရုတစိုက် နားထောင်လေသည်။

သို့ပါသော်လည်း ဆူဇူကီးတို့အဖွဲ့၏ ရည်ရွယ်ချက်မှာ ပါရဂူ မျှော်မှန်းထားသည်နှင့် တခြားစီဖြစ်နေပေသည်။ ဂျပန်စစ်တပ်သည် မြောက်မှတောင်သို့ တစ်စထက်တစ်စ ချီတက် သိမ်းပိုက်လာနိုင်ခဲ့ကြသော်လည်း ဒေသခံလူများ၏ ယုံကြည်ချက်နှလုံးသားကို သိမ်းရုံးနိုင်ရန်မှာကား လွန်စွာခက်ခဲလှပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများက ဂျပန်တို့အပေါ် စိတ်တိမ်းညွှတ်လာရန်မှာ လွန်စွာ အရေးကြီးလှပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ ယုံကြည်သော မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဂျပန်စစ်တပ်ကို ထောက်ခံအားပေးကူညီလာရန် အတွက် ဗုဒ္ဓဘာသာကို အသုံးချရန် ရည်ရွယ်ကြခြင်းဖြစ်ပေသည်။

ဆူဇူကီးသည် ရှေးဦးစွာ ရန်ကုန်မြို့၌သာသနာ့အစည်းအရုံးအသင်းကို ထူထောင်ဖွဲ့စည်းပြီး နောက်ပိုင်းတွင် မြန်မာပြည်အနှံ့အပြား၌ အသင်းခွဲများကို ထူထောင်ရန် စိတ်ကူးခဲ့လေသည်။ ဆူဇူကီးစံသည် အောက်ပါ အတိုင်းပြောခဲ့လေသည်။

"မိတ်ဆွေမြန်မာလူမျိုးအပေါင်းတို့သည် ဗုဒ္ဓဘာသာ၌ အထူးပင် နက်ရှိုင်းစွာသက်ဝင်ယုံကြည်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ ဂျပန် လူမျိုး များသည်လည်း ဗုဒ္ဓဘာသာအား ပြင်းပြစွာ ယုံကြည်ကြပါသည်။ ဗုဒ္ဓ ရှင်တော်ဘုရားက သက်ဝင်ယုံကြည်သူများကို စောင့်ရှောက်တော်မူပါ လိမ့်မည်။ မည်သို့ပင် ဂိုဏ်းဂဏများ ကွဲပြားစေကာမူ မြန်မာလူမျိုးနှင့်

www.burmeseclassic.com



ဂျပန်လူမျိုးတို့သည် ဗုဒ္ဓဘုရားရှင်အား သက်ဝင်ယုံကြည်မှု၌မူ ကွဲပြားခြားနားခြင်း မရှိပေ။

"ဗုဒ္ဓဘာသာဝင်အချင်းချင်းလက်တွဲကြပါစို့။ ထို့နောက် နှစ်ပေါင်းများစွာမြန်မာတို့အား ဖိနှိပ်ချုပ်ချယ်သော အင်္ဂလိပ်တို့ကို တိုက်ထုတ်ကြပါစို့။ အင်္ဂလိပ်လူမျိုးများကို ဤတိုင်းပြည်မှ မောင်းထုတ်ပစ်နိုင်ပါက မိတ်ဆွေတို့မျှော်လင့်တောင့်တနေသော လွတ်လပ်ရေးသည် မုချမသွေ အကောင်အထည် ပေါ်လာရပေတော့မည်။ ဂျပန်တပ်မတော်သည် မိတ်ဆွေတို့၏ လွတ်လပ်ရေးအတွက် ဂျပန်ပြည်မှ မြန်မာပြည်သို့လာရောက်ကာ တိုက်ခိုက်နေရခြင်း ဖြစ်သည်။ မကြာမီကာလတွင် ဤမြန်မာပြည်၌ စစ်မှန်သော ငြိမ်းချမ်းရေးသည် ရောက်ရှိလာပါတော့မည်"

နာဂါအိစံ၏ အင်အားအပြည့်ပါဝင်သောဟောပြောချက်များကလည်း မြန်မာရဟန်းပျိုတို့၏ နှလုံးသားကို လှုပ်ရှားစေခဲ့သည်။ ပါရဂူလည်း ထိုရဟန်းပျိုများနှင့် ကင်းကွာမနေခဲ့။ အများနည်းတူပင် စိတ်လှုပ်ရှားခဲ့ရလေသည်။

ဆူဇူကီး၏အကြံမှာပထမဆုံးဂျပန်စစ်တပ်လက်အောက်သို့ကျရောက်သော နယ်အသီးသီးရှိ ဘုန်းကြီးကျောင်းများတွင် သီတင်းသုံးနေကြသည့် ရဟန်းသံဃာများအား ဤသဘောတရားကို ဟောပြောထားပါက ထိုရဟန်းသံဃာများမှတစ်ဆင့် ပြည်သူလူထုကို တရားဟောရင်း ဝါဒပြန့်သွားနိုင်သောကြောင့် အချိန်တိုအတွင်း တပြည်လုံးပျံ့နှံ့ကာ ဂျပန်တပ်မတော်အတွက် ကြီးမားသော အထောက်အပံ့ရရှိရန်ပင် ဖြစ်ပေသည်။

လက်တွေ့ တွင်မူ ဆူဇူကီး၏ အကြံမှာ မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ပေ။ မီနာမီကိကန်နှင့်အတူ ပေါက်ဖွားလာသည့် ဗမာလွတ်လပ်ရေးတပ်မတော် (BIA)သည်(ဂျပန်နှင့် ပေါင်းတိုက်ပါ။ ဗမာ့လွတ်လပ်ရေးမကြာမီ ရစေရမယ်) ဆိုသောဆူဇူကီး၏ ကတိစကားကြောင့် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော်လည်း ဂျပန်တို့၏ ပထမစစ်ကြောင်း တပ်မတော်အနေဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်BIA အပေါ် အမြင်မကြည်လင်ဘဲ

www.burmeseclassic.com



တစ်ဘက်နှင့်တစ်ဘက်အကြားတွင် ရန်လိုစိတ်များ တစ်စထက် တစ်စ ပေါက်ဖွားလာပြီး ဗမာ့လွတ်လပ်ရေးမှာလည်း မျှော်လေလေဝေးဆိုသလို ဖြစ်ခဲ့ရပေသည်။ ထိုအချိန်က မီနာမီကိကန်အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သော မစွတာအီဇူမီထာနိက ၁၉၇၄-ခုနှစ် ဧပြီလ ၂၉-ရက်နေ့တွင် "နာဂါး အိယူကီဂျီစံအမှတ်တရ" ဟူသောဆောင်းပါး၌ အောက်ပါအတိုင်း လွမ်းမောဖွယ် ရေးသားခဲ့လေသည်။

> ၁၉၄၂ ခုနှစ် ဧပြီလ မီနာမီကိကန်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဟာမမတ်စု မြို့သား ဗိုလ်မှူးကြီးဆူဇူကီးသည် ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြားရှိ လွတ်လပ်ရေးပြဿနာကို အကြောင်းခံကာ စိတ်ထဲ၌ ရတက်မအေး ရအောင် ခံစားရပြီး နာတာရှည် ရောဂါစွဲကပ်ကာ မြန်မာပြည် မြောက်ပိုင်း အိန္ဒိယနယ်စပ် စစ်ပွဲဆီသို့ ထွက်ခွာသွားလေတော့သည်။

ထိုရေးသားချက်ကို ထောက်ရှုခြင်းအားဖြင့် ဂျပန်စစ်တပ်နှင့် BIA ကြားတွင် နေရသော မစွတာဆူဇူကီးအဖို့ မည်မျှ စိတ်လက်မချမ်းမသာ ဖြစ်ခဲ့ရသည်ကို ခန့်မှန်းနိုင်ပေသည်။ ထိုတင်းမာမှု၏ အကျိုးဆက်အဖြစ် ဗမာ့လွတ်လပ်ရေးတပ်မတော် BIA အား ဖျက်သိမ်းကာ ဗမာ့ကာကွယ်ရေးတပ်မတော် BDA အဖြစ် ပြောင်းလဲဖွဲ့စည်းလျက် ဂျပန်တပ်၏ အုပ်ချုပ်မှုအောက်တွင် ထားခဲ့လေသည်။ မီနာမီကိကန်အဖွဲ့မှ ဆူဇူကီစံသည်လည်း ဂျပန်ပြည်သို့ ပြန်ခေါ်ခြင်းခံရပြီး အဖွဲ့ဝင်အားလုံးကို ဒေသအသီးသီးသို့ တကွဲတပြားစီ ပြောင်းရွှေ့ခြင်းဖြင့် မီနာမီကိကန်မှာ နိဂုံးချုပ်ခဲ့ရပေသည်။ ဆူဇူကီးမျှော်မှန်းခဲ့သော သာသနာ့အစည်းအရုံးခေါ် မြန်မာဘုန်းတော်ကြီးများအသင်းသည်လည်း ပျောက်ကွယ်သွားခဲ့ရလေတော့သည်။

ထိုမျှသာမကသေးဘဲ မြန်မာပြည်အရပ်ရပ်တွင် ဂျပန်ကင်ပေတိုင်တို့၏စော်ကားရက်စက်မှုများကြောင့် BDA နှင့် မြန်မာပြည်သူတို့၏ ရင်ထဲဝယ် ဂျပန်မုန်းတီးရေးစိတ်ဓာတ်များ ကိန်းအောင်းလာရတော့သည်။ ထိုမှတစ်ဆင့် ပါရဂူအပါအဝင် မြန်မာ့ရဟန်းတော်များသည် ဂျပန်တို့

BURMESE CLASSIC .com

www.burmeseclassic.com



ပြောကြားသော လွတ်လပ်ရေးမှာ အပေါ်ယံဝါဒ ဖြန့်မှုသာဖြစ်ပြီး လက်တွေ့မှာ သူတို့အကျိုးအမြတ် ရရေးဖြစ်ကြောင်း သဘောပေါက်လာခဲ့ကြတော့သည်။

ပါရဂူအဖို့မှာမူ မိမိနေထိုင်သော ၊ ပညာဆည်းပူးနေသော ဘုန်းကြီးကျောင်းပေါ်သို့ ဗုံးမကျမလာမချင်း နိုင်ငံရေးကိစ္စ ၊ စစ်ရေးကိစ္စများကို မေ့ထားကာ ဘုရားဟောကျမ်းဂန်များကိုသာ အာရုံထား၍ လေ့လာဆည်းပူးနေခဲ့ပေသည်။ သို့ပါသော်လည်း တစ်ဘက်တွင်မူ သူ၏မိတ်ဆွေ ဂျပန်ဘုန်းတော်ကြီး နာဂါအိစံ စိတ်ပါလက်ပါ ဟောကြားခဲ့သော ဂျပန် ဗုဒ္ဓဘာသာ နိချိရင်ဂိုဏ်း၏ လူထုအကျိုးပြု အကြောင်းအရာများသည်ကား ရင်ထဲ၌ စွဲထင်ကျန်ရစ်ခဲ့ပေတော့သည်။

*

ဆရာပါရဂူက အထူးပင်အားကျမိခဲ့သော နာဂါအိယူကိဂျိစံသည် မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်းကို လေ့လာကြည့်ကြပါစို့။

၁၉၈၅-ခုနှစ်၊ မတ်လ ၂၀-ရက်နေ့ထုတ် နိပ္ပွန်းဆန်းမြောဟောဂျိ သာသနာပြုအဖွဲ့၏မဂ္ဂဇင်းဂျိဟီ 'ကရုဏာ' ဟူသောစာစောင်တွင် နာဂါးအိစံ၏ အတ္ထုပ္ပတ္တိကို ဖော်ပြထားရာ ထိုအထဲမှ အရေးပါသော အကြောင်းများကို ထုတ်နုတ်ဖော်ပြပါမည်။

နာဂါအိစံကို ၁၉၇၀-ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၈-ရက်နေ့တွင် ကျူကိုခရိုင် အာယားဘဲ့မြို့၏ မြောက်ဘက် ၈- ကီလိုမီတာခန့် ဝေးကွာသော မိုနိုဘဲ့ရွာ ကလေးတွင် အဖ တောစုတားရောနှင့် အမိ ရှောတောတို တို့မှ ဒုတိယ မြောက်သားအဖြစ် ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မာဆာအော ဖြစ်သည်။ နာဂါအိစံ၏ ဖခင်မှာ ဆရာဝန်တစ်ဦးဖြစ်သော်လည်း အသက် ၄၀-အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ထိုစဉ်က နာဂါအိစံမှာ ၆-နှစ်သား သာ ရှိသေးသည်။ အစ်ကိုအကြီးဆုံးမှာ ၁၂-နှစ်သားသာ ရှိသေးသည်။ မုဆိုးမဘဝအဖြစ် ကျန်ရစ်ခဲ့သော မိခင်ကြီးမှာ သားသမီးငါးယောက်နှင့်အတူ အလွန်ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရလေသည်။မတတ်သာသည့်အဆုံး

BURMESE CLASSIC .com

www.burmeseclassic.com



နာဂါအိစံအား ကျောအွန်းဂျီဘုန်းကြီးကျောင်းတွင် ကိုရင် ဝတ်ခိုင်းခဲ့ရလေသည်။ ထိုဘုန်းကြီးကျောင်းသည် ရင်းဆိုင်းရှူး သာသနာ့ဂိုဏ်းဝင်ဖြစ်၍ ကျောင်းထိုင်ဆရာတော်မှာ နာတောကီရှိဒေါ ဖြစ်လေသည်။ နာဂါအိစံသည် ထိုဘုန်းကြီးကျောင်း၌ပင် ရေနွေးတည် ၊ အမှိုက်လှည်း စသည့် အောက်ခြေသိမ်းအလုပ်ကို လုပ်ရင်း တစ်ဖက်တစ်လမ်း အစိုးရမူလတန်းကျောင်းတွင် မူလတန်းအထက်ဆင့်ကို အောင်မြင်ခဲ့လေသည်။

မူလတန်းအောင်မြင်ပြီးနောက် နာဂါအိစံသည် ၁၉၃၁-ခုနှစ်၌ ကျိုတိုမြို့ ၊ မြောရှင်းဂျီကျောင်းထိုင်ဘုန်းတော်ကြီးသင်ကျောင်းတွင် သင်တန်းတက်ရောက်ခွင့်ရသော်လည်း တစ်ဝက်တစ်ပျက်ဖြင့် ကျောင်းမှ ထွက်ခဲ့လေသည်။ အကြောင်းမှာ နာဂါအိစံသည် ထိုအချိန်၌ နီချိရင်းတရားတော်တွင် စိတ်တိမ်းညွတ်နေခဲ့၍ ဖြစ်လေသည်။

ကျောအွန်းဂျီဘုန်းတော်ကြီးကျောင်းတွင် ကိုရင်ဘဝနှင့် နေထိုင်စဉ်က ကျောင်းထိုင်ဘုန်းတော်ကြီးနှင့်အတူ နံနက်တိုင်း ဟော်ကေးကျောခေါ် ငွေကြာဖြူတရားတော်၏ ကြီးမြတ်မှုကို နားလည်သဘောပေါက်လာပြီး ငွေကြာဖြူတရားတော်သာလျှင် အမွန်မြတ်ဆုံး ဖြစ်ကြောင်းကို ငယ်ရွယ်သေးသောနာဂါအိစံ၏ နုနယ်သောနှလုံးသားဝယ် သံမှိုနှင့်စွဲသကဲ့သို့ ခိုင်မြဲစွာ ယုံကြည်လာခဲ့လေသည်။

၁၉၃၂-ခုနှစ်တွင် နာဂါအိစံသည် ကျိုတိုမြို့တွင် ဝါအရင့်ဆုံးဖြစ်သော ဒိုင်းဟွန်းမြောကင်းဂျီဘုန်းတော်ကြီးကျောင်း၏ ဂိုဏ်းအုပ် ကာဝအီနိရှင်းဂေးဆရာတော်၏ထံပါးတွင် ချဉ်းကပ်၍ တရားဒေသနာများကို ထပ်လောင်း လေ့လာခဲ့ပြန်လေသည်။ ထိုသို့လေ့လာရာမှ နိဟွန်ဆန်မြောဟောဂျီကျောင်းမှ ဆရာတော်ဖူဂျီအိစံနှင့် သိကျွမ်းပြီးနောက် ဆေးတဲန်ကိုင်ကျောခေါ် ဘာသာရေးလှုပ်ရှားမှုအဖွဲ့အကြောင်းကို သိရှိလာခဲ့လေသည်။ အဆိုပါအဖွဲ့တွင် ပါဝင်သော ဘုန်းတော်ကြီးများသည် ယပ်တောင်တစ်ချောင်းကို ကိုင်ပြီး ဗုံတီးကာ မြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံသို့ ဦးတည်၍ အနောက်ဘက်သို့ ရွှေ့လျားရင်း သာသနာပြုကြ

BURMESE CLASSIC .com

www.burmeseclassic.com



နာဂါအိစံသည် ဆရာတော်ဖူဂျီအိစံ၏ အလယ်အလတ် လမ်းကျသော အဖြူသဘောဆောင်သည့် ကျင့်ကြံမှုကို အားကျသည့်အတွက် သူ၏ မူလဆရာရင်း ကာဝါးအီထံ ခွင့်ပန်ကာ ဆေးတဲန်ကိုင်ကျောအဖွဲ့သို့ ဝင်ရောက်ခဲ့လေသည်။ သို့ဖြင့် နာဂါအိစံသည် ဆရာအသစ်နှင့်အတူ ရှန်ဟိုင်း၊ စင်ကာပူဒေသများသို့ လှည့်လည်ကာ ၁၉၃၂-ခုနှစ်၌ ပီနန်၊ သီဟိုဠ် စသည့်တိုင်းပြည်များအထိ ခြေဆန့်ခဲ့လေသည်။

၁၉၃၄-ခုနှစ်၊ မေလ ၂၀-ရက်နေ့တွင် ဆရာတော်ဖူဂျီအိစံထံမှ 'ကောဂျီအင်နိကျိအောဂျောဂျင်' ဟူသောဘွဲ့တံဆိပ်ကို ခံယူပြီးနောက် နာဂါးအိစံသည် နိချိရင်းဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်လျက် မြန်မာပြည်သို့ ရောက်ရှိခဲ့လေသည်။

နာဂါအိစံသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်တွင် ကျောင်းသခ်မ်းတစ်ခုကို ဆောက်၍ နေထိုင်လေသည်။ နာဂါအိစံ၏ ကျောင်းသခ်မ်းမှာ ရန်ကုန်တက္ကသိုလ်နှင့် မလှမ်းမကမ်းတွင် ရှိပေသည်။ ထိုကျောင်းသခ်မ်း၌ နာဂါအိစံသည် တရားကျင့်နေထိုင်ပြီးနောက် မြန်မာလူမျိုးတို့အား ဝါဒဖြန့်သိမ်းသွင်းရန် ကြိုးစားခဲ့လေသည်။ ထို့အပြင် မြန်မာဘုန်းတော်ကြီးများ ဆင်မြန်းသောအဝါရောင်သင်္ကန်းကိုပင် ခြုံခဲ့ပေသည်။ နံနက် အာရုဏ်တက် ၄-နာရီခန့်တွင် အိပ်ရာမှ ထ၍ ကျောင်းသခ်မ်းမှ ၅-မိုင်ခန့်ဝေးသော ရွှေတိဂုံစေတီတော်ကြီးဆီသို့ ဗုံတီးကာ တရားစာများ ရွတ်ဆို၍ နေ့စဉ်နေ့တိုင်း ၁-နာရီခန့် လမ်းလျှောက်သွားနေခဲ့ရာ ကာလကြာညောင်းလာသည့်အချိန်တွင် နာဂါအိစံအား ဂျပန်ဘုန်းတော်ကြီးအဖြစ် လူသိများလာခဲ့လေသည်။

၁၉၃၆-ခုနှစ်၏ ဆောင်းဦးပေါက် နံနက်ခင်းတစ်ခုတွင် နာဂါအိစံသည် ခါတိုင်းကဲ့သို့ ကျောင်းသင်ခန်းမှထွက်၍ ရွှေတိဂုံစေတီတောင်ဘက်ဆီသို့ ဘုရားဖူး ထွက်လာခဲ့ရာ ရှေ့တည့်တည့်မှ အမြန်မောင်းနှင်လာသော မော်တော်ကားတစ်စီးဖြင့် တိုက်မိ၍ ဦးခေါင်းတွင် ဒဏ်ရာရပြီး သွေးများ ဒလဟောဖြာထွက်ခဲ့လေသည်။ နာဂါအိစံသည် သွေးများ ပေကျံလျက်ပင် ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ အရောက်သွား၍ ဖူးမြော်ခဲ့ပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



နောက်နေ့များတွင်လည်း ခါတိုင်းကဲ့သို့ပင် ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ တရားစာရွတ်၍ ဘုရားဖူးထွက်မြဲထွက်နေခဲ့ပေသည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ဂျပန်မိတ်ဆွေများနှင့် မြန်မာမိတ်ဆွေများ နာဂါးအိစံအတွက် စိုးရိမ်မကင်းဖြစ်ကာ လာရောက်မေးမြန်းကြသော်လည်း နာဂါးအိစံမှာ ဆေးတစ်ချက် မထိုးရဘဲ သောက်ဆေးဖြင့်သာ ဒဏ်ရာ ပျောက်ကင်း သက်သာလာခဲ့ပေသည်။ ထိုစဉ်က ဖူဂျီအိစံထံသို့ စာရေးအကြောင်းကြားရာတွင် “အင်္ဂလိပ်အစိုးရက ကျွန်တော့်အား စပိုင်အထင်ဖြင့် တိုက်ခိုက်တာလည်း ဖြစ်နိုင်ပါသည်” ဟု ရေးသားဖော်ပြခဲ့ပေသည်။

ထိုစဉ်က မြန်မာနိုင်ငံမှ အင်္ဂလိပ်အစိုးရ၏ ကိုလိုနီနိုင်ငံ ဖြစ်ခဲ့ရာ မြန်မာနိုင်ငံ၌ ကာလရှည်ကြာစွာ လာရောက်နေထိုင်သော နာဂါးအိစံ အပေါ်တွင် သံသယဝင်မည်ဆိုလျှင်လည်း ဝင်လောက်ပေသည်။ ၁၉၄၁-ခုနှစ် ဩဂုတ်လ ၂၈-ရက်နေ့ရောက်သောအခါ နာဂါးအိစံသည် ရုတ်တရက် မြန်မာနိုင်ငံကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၂၆-အရ အဖမ်းခံရပြီး အင်းစိန်ထောင်တွင်းသို့ အကျဉ်းချခံခဲ့ရလေတော့သည်။

နာဂါးအိစံလည်း ချက်ချင်းပင် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်ထံသို့ မတရား ဖမ်းဆီးချုပ်နှောင်မှုကို ကန့်ကွက်စာ ပေးပို့ခဲ့ပြီး ရက်ပေါင်း ၇၂-ရက်တိုင်တိုင် အစာငတ်ခံ ဆန္ဒပြခဲ့ပေသည်။ သို့သော်လည်း နာဂါအိစံ၏ နှာခေါင်းမှတစ်ဆင့် ပိုက်ဖြင့် အစာ သွတ်သွင်းခဲ့မှုကြောင့် နာဂါအိစံမှာ အသက်မသေဘဲ ရှိခဲ့ရလေသည်။ သို့ဖြင့် နိုဝင်ဘာလ ၉-ရက်နေ့တွင် အင်္ဂလိပ်အစိုးရက နာဂါးအိစံအား ပြည်နှင်ဒဏ်ခတ်ခဲ့သောကြောင့် နိကျိအဲဒမာဂု သင်္ဘောဖြင့် မြန်မာပြည်မှ ထွက်ခွာလာခဲ့ရာ နိုဝင်ဘာလ ၂၁-ရက်နေ့တွင် ကိုဘီဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့ပေသည်။

မကြာခင်မှာပင် ဒီဇင်ဘာလ ၈-ရက်နေ့၌ ဂျပန်စစ်တပ်က မြန်မာနိုင်ငံအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့လေသည်။ ၁၉၄၂-ခုနှစ် ဇန်နဝါရီလ ၁၆ - ရက်နေ့တွင် နာဂါးအိစံသည် ဒုတိယအကြိမ်မြောက် မြန်မာပြည်ခရီး

BURMESE CLASSIC .com

www.burmeseclassic.com



ကို စခဲ့ရပြန်လေသည်။ ထို့နောက် စစ်ကြီးအတွင်း၌ မြန်မာပြည်၌ပင် တောက်လျှောက်နေထိုင်ကာ ၁၉၄၅-ခုနှစ်၊ ဧပြီလ ကုန်ပိုင်းတွင် ဂျပန် စစ်တပ် မြန်မာပြည်မှ ဆုတ်ခွာသည့် စစ်ကြောင်းနှင့်အတူ ထိုင်းနယ်စပ်ကို ဖြတ်ကာ ဂျပန်ပြည်သို့ ပြန်ခဲ့ရလေသည်။

ဆရာပါရဂူ နေသော သန်လျင်မြို့သို့ နာဂါးအိစံသည် ကာနယ် ဆူဇူကီးနှင့် အတူရောက်လာခဲ့ခြင်းမှာ နာဂါးအိစံ၏ ဒုတိယမြောက် မြန်မာ ပြည်ခရီး ၏ နောက်ပိုင်းမှဖြစ်သည်မှာ ထင်ရှားပေသည်။ ယခုအကြိမ်တွင် နာဂါးအိစံသည် ဟယ်လပင်လမ်း (ယခု ခရေပင်လမ်း) ၌ နေထိုင်ပြီး သူ နေသော နေရာဌာနမှာ ထိုစဉ်က ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ဘုန်းတော် ကြီးများ အသင်းချုပ် ဗဟိုဌာန ဖြစ်ခဲ့ပေသည်။

သို့ဆိုလျှင် နာဂါးအိစံသည် မြန်မာ့လွတ်လပ်ရေး မိနာမီကိကန်အဖွဲ့ ချုပ်တို့နှင့် မည်သို့ပတ်သက်နေသည်ကို လေ့လာကြည့်ရှုသင့်ပေသည်။

*

အီဇူမီတာနိုထရောစုရော ရေးသားသော “မြန်မာ့လွတ်လပ်ရေးသမိုင်း” (မိနာမိ ကိကန်) ၏ နောက်ဆုံးအကြိမ် (၁၉၈၈-အောက်တိုဘာလ) ထုတ် စာအုပ် တွင် တောင်ပိုင်းစစ်ဆင်ရေး (မိနာမီကိကန်) အဖွဲ့ဝင်များ၏စာရင်း ပါရှိရာ နံပါတ်၇၆-တွင် နာဂါးအိယူကီဂို ဟူသောနာမည်ပါရှိလေသည်။ ထိုဇယား ၏ ရာထူးအဆင့်အတန်း တာဝန်ယူသော ကော်လံတွင်မူ ရန်ကုန်တိုင်း ဌာနချုပ် ဘာသာရေးခေါင်းဆောင် (ယခု ကွယ်လွန်) ဟု ရေးသားထားပြီး ထိုစဉ်ကလိပ်စာမှာ ကြီးဘားခရိုင် တင်းစူးကောရောမ၊ နိပွန်စန်းမြောဟောဂျီ ဟုရေးသားထားပေသည်။ “ ဘာသာရေးခေါင်းဆောင် ” ဟု အတိအကျ ဖော်ပြထားသည်ကို ထောက်ရှုခြင်းအားဖြင့် ၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလတွင် နာဂါးအိစံ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်ပြီးကာစတွင် မိနာမီကိကန် အဖွဲ့ကြီးတွင် တာဝန်ပေးခြင်းခံ ရသည်မှာ ထင်ရှားပေသည်။

၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလလယ်ပိုင်းတွင် ထိုင်းနယ်စပ်ကို ဖြတ်၍ မြန်မာပြည်ထဲသို့ ဝင်ရောက်လာခဲ့သော ဂျပန်စစ်တပ်အား ဒေသခံမြန်မာ

BURMESE CLASSIC .com

www.burmeseclassic.com



လူမျိုးများက စိတ်ဓာတ်ရေးရာအရ ထောက်ခံကြရန်အတွက် ဗိုလ်မှူးကြီး ဆူဇူကီးသည် နာဂါးအိစံအား အသုံးချကာ "မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ အသင်းချုပ်" ကို ထူထောင်မည့်အကြံအစည်နှင့်လည်း ဆက်စပ်နိုင်ပေသည်။

အမှန်မှာ ဂျပန်အစိုးရသည် ၁၉၄၀ ပြည့်နှစ် အစပိုင်းကတည်းက အာရှတောင်ပိုင်းနိုင်ငံအသီးသီးသို့ လေ့လာထောက်လှမ်းရေးအသင်း အဖွဲ့များကို ပို့လွှတ်နေပြီး ဖြစ်ပေသည်။ ထိုအသင်းအဖွဲ့များတွင် တစ်ချိန်က ရေတပ်ဗိုလ်ချုပ်အဖြစ် ထူးချွန်စွာ တိုက်ပွဲဝင်ခဲ့သော မစ္စတာဆူဇူကီးအား မြန်မာပြည်သို့ စုံစမ်းထောက်လှမ်းရန် တာဝန်ပေးခြင်း ခံရပေသည်။ ၁၉၄၀-ပြည့်နှစ်၊ ဇွန်လတွင် ဆူဇူကီးသည် ဂျပန်မြန်မာ ချစ်ကြည်ရေး သတင်းစာ၌ သတင်းထောက် မီနာမီအဲကီဆေး ဟူသော အမည်ဖြင့် ရောက်ရှိလာခဲ့လေသည်။

ဆူဇူကီး၏ တစ်ခါကတာဝန်မှာ မဟာမိတ်တပ်များ အသုံးပြုနေသော တရုပ်မြန်မာလမ်းမကြီးအား ပိတ်ဆို့ ဖျက်ဆီးပစ်ရန် ဖြစ်ပေသည်။ ဆူဇူကီးစံသည် ထိုစဉ်က အင်္ဂလိပ်အစိုးရထောက်လှမ်းရေးတပ်၏ တင်းကျပ်စွာ စောင့်ကြပ်နေသော အခြေအနေအောက်မှ ကိုယ်ရောင်ဖျောက်ကာ မြန်မာ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသောအဖွဲ့အစည်းများနှင့် လျှို့ဝှက် ဆက်သွယ်ရန် ကြိုးစားရ ပေသည်။ ထို့နောက် အသင်းအဖွဲ့ ထဲမှ ရဲစွမ်း သတ္တိနှင့် ပြည့်စုံသော မြန်မာလူငယ်များကို ရွေးချယ်ကာ ဂျပန်ပြည်သို့ လျှို့ဝှက်စွာ ပို့ပြီး၊ စစ်ပညာသင်ပေးရန် ထိုအထဲမှ ထူးချွန်သော ရဲဘော်များကို လက်နက်တပ်ဆင်ရန် မြန်မာပြည်ထဲသို့ ပြန်လည် ဝင်ရောက်စေပြီး ပြောက်ကျားစစ် ဆင်နွှဲစေရန် ဖြစ်ပေသည်။ ဤစီမံချက်ကို ဆူဇူကီးစံ ရေးဆွဲခဲ့စဉ်က ပစိဖိတ်စစ်ပွဲ မစတင်မီ တစ်နှစ်အလိုက ဖြစ်ပြီး ဂျပန် စစ်တပ်က မြန်မာပြည်ကို ဝင်ရောက်တိုက်ခိုက်ရန် စိတ်ကူး မရှိသေးပေ။ အင်္ဂလိပ်ကို တိုက်ခိုက်ရာတွင် ဂျပန်မပါဘဲ မြန်မာလူမျိုးများက မိမိတို့ ဘာသာစည်းရုံး၍ ပြောက်ကျားစစ်ပွဲပြီး လွတ်လပ်ရေးကို အရယူပြီး နောက် ဖြစ်ပေါ်လာသော မြန်မာအစိုးရအကူအညီဖြင့် တရုတ်မြန်မာ လမ်းမကြီးကို ပိတ်ပစ်ရန် ဖြစ်လေသည်။

www.burmeseclassic.com



ဆူဇူကီးက ထိုရည်ရွယ်ချက်ဖြင့် သတင်းထောက်ယောင်ဆောင်ကာ မြန်မာပြည်သို့ ဝင်ခဲ့စဉ်က အင်္ဂလိပ်ကို ဆန့်ကျင်လှုပ်ရှားနေသောအဖွဲ့ ဖြစ်သည့် တို့ဗမာအစည်းအရုံးအကြောင်းကို တစ်စွန်းတစ်စမျှ သိထားခဲ့ခြင်း မရှိပေ။ နောက်ပိုင်းတွင် ဂျပန်မြန်မာ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ မစ္စအော်တောဘ၏ မိတ်ဆက်ပေးမှုကြောင့် ဒေါက်တာသိန်းမောင်နှင့် မိတ်ဆွေ ဖြစ်ပြီး ဂျပန်ကို ချစ်ကြည်ရင်းနှီးစိတ်ရှိသော ဒေါက်တာသိန်းမောင်၏အကူအညီဖြင့် တို့ဗမာအစည်းအရုံးမှ သခင်များအကြောင်း အသေးစိတ် သိရှိလာခဲ့ရလေသည်။ သခင်မိတ်ဆွေများထဲမှ သခင်မြ၏ပြောပြချက်အရ ထိုအချိန်တွင် မြန်မာခေါင်းဆောင်များသည် အင်အားကြီးမားသော အင်္ဂလိပ်ကို တိုက်ခိုက်ရန် မိမိတို့ကို အကူအညီ ပေးနိုင်မည့် တတိယနိုင်ငံ တစ်နိုင်ငံကို ရှာဖွေလျက်ရှိကြောင်းကိုလည်း သဘောပေါက်လာခဲ့လေသည်။

သို့ဖြင့် ဆူဇူကီးသည် ပိုမိုတက်ကြွသော သခင်များနှင့် အစည်းအဝေး ကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း တော်တော်နှင့် မတွေ့နိုင်ဘဲ စက်တင်ဘာ လရောက်မှသာ နာဂါးအိစံ၏ ကူညီမှုကြောင့် သခင်မြ၊ သခင်ကိုယ်တော်မှိုင်း စသည့် ခေါင်းဆောင်များနှင့် လျှို့ဝှက်စွာ ဆွေးနွေးခွင့် ရလာခဲ့လေတော့ သည်။ နာဂါးအိစံမှာ ထိုအချိန်က ဂျပန်ဘုန်းတော်ကြီးအဖြစ် မြန်မာလူမျိုး များ ကြားတွင် လူချစ်လူခင် ပေါများခဲ့ပေသည်။

နာဂါးအိစံ၏ကျေးဇူးကြောင့် ဆူဇူကီစံသည် မြန်မာခေါင်းဆောင်များ နှင့် ကြိမ်ဖန်များစွာ တွေ့ခွင့်ရခဲ့သည်မှန်သော်လည်း မြန်မာမျိုးချစ်လူငယ်များ အား စုစည်းကာ ဂျပန်ပြည်သို့ စစ်ပညာသင်အဖြစ် ပို့ပေးရေးလုပ်ငန်းမှာမူ ထင်သလောက် မလွယ်ကူလှဘဲအကွေ့အကောက် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရလေသည်။ အချိန်လည်း အတော်ယူခဲ့ရသည်။

သို့ဖြင့် ၁၉၄၁-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆူဇူကီစံသည် သတင်း ထောက်ဘဝမှ မိနာမီအဖွဲ့ကြီး၏ဥက္ကဋ္ဌရာထူးကို ယူကာ ဘန်ကောက်မြို့ တွင် ရုံးထိုင်ခဲ့လေသည်။ ထိုစဉ်က ဆူဇူကီစံမှာ ထိုင်းမြန်မာ ဂျပန်စသည့် သုံးနိုင်ငံကို အကြိမ်ပေါင်းများစွာ သွားလာဝင်ထွက်၍ ကြိုးပမ်းခဲ့ရလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



နောက်ဆုံးတွင် ရန်ကုန်မြို့၌ မျိုးချစ်လူငယ်သုံးဆယ်ကို စုစည်းကာ အင်္ဂလိပ်ထောက်လှမ်းရေးများကြားမှ လျှို့ဝှက်စွာပင် ဂျပန်ပြည်သို့ ခက်ခက်ခဲခဲ ပို့နိုင်ခဲ့လေသည်။ ၁၉၄၁-ခုနှစ်၊ မတ်လမှ ဇူလိုင်လအထိ မြန်မာလူငယ်များသည် ဟိုင်နမ်ကျွန်း၏ တောင်ပိုင်း တောနက်ကြီးထဲတွင် စစ်ပညာများကို အပြင်းအထန် လေ့ကျင့် သင်ယူခဲ့ရလေသည်။ ကြမ်းတမ်းလှသော လေ့ကျင့်ခန်းများကို မြန်မာလူငယ်ရဲဘော်များသည် "အမိနိုင်ငံ လွတ်လပ်ရေး" အတွက် ရည်မှန်းကာ အောင့်အည်းလေ့ကျင့်ခဲ့ကြရပေသည်။ မီနာမီကိကန်ဟုခေါ်သော တောင်ပိုင်းစစ်ဆင်ရေးကြီး အောင်မြင်ပါက မိမိတို့၏ နိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ကာ ဂျပန်အစိုးရက လွတ်လပ်ရေးကြေညာပေးမည် ဟူသော ဆူဇူကီစံ၏ ကတိစကားအပေါ် စိုးစဉ်မျှ သံသယမဝင်ခဲ့ကြပေ။

စစ်သင်တန်းအမျိုးမျိုးကို ခက်ခဲပင်ပန်းစွာ သင်ယူပြီးနောက် မြန်မာရဲဘော်များသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စောင့်ဆိုင်းကာ မိမိတို့၏နိုင်ငံသို့ ဝင်ရောက်နိုင်ရေးအတွက် ဂျပန်အစိုးရမှ ချမှတ်လာမည့် အမိန့်ကို ရင်တမမနှင့် စောင့်မျှော်နေခဲ့ကြရပေသည်။ သို့သော်လည်း ထိုအမိန့်က ကျမလာမီ ဒီဇင်ဘာလ ၈-ရက်နေ့တွင် ပစိဖိတ်သမုဒ္ဒရာစစ်ပွဲကြီး စတင်ပေါ်ပေါက်လာသောကြောင့် အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းခဲ့ရတော့သည်။

မီနာမီကိကန်အဖွဲ့ကြီး၏ မူဝါဒများသည်လည်း အကြီးအကျယ် ပြောင်းလဲလာခဲ့တော့သည်။ ထိုစဉ် ဘန်ကောက်မြို့သို့ရောက်ရှိနေသော မြန်မာမျိုးချစ်လူငယ် ၂၀၀-ကျော်သည် ရဲဘောသုံးကျိပ်ကို ဗဟိုပြုကာ ဒီဇင်ဘာလ ၂၇-ရက်နေ့၌ မြန်မာ့လွတ်လပ်ရေးတပ်မတော် BIA ကို ဖွဲ့စည်းပြီးနောက် ဇန်နဝါရီလ အလယ်ပိုင်းတွင် မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပေသည်။ သို့ရာတွင် မြန်မာပြည်သို့ ချဉ်းနင်းဝင်ရောက်လာသော ဂျပန်စစ်တပ်များနှင့် BIA တို့၏ အကြားတွင် အဆင်မပြေမှုများ တစ်စတစ်စ တိုးပွားလာခဲ့ပြန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



နိုဝင်ဘာလထဲသို့ ရောက်လာသောအခါတွင်မူ BIA ကိုမြန်မာ့ကာကွယ်ရေးတပ်မတော် BDA အဖြစ် အကျဉ်းရုံးဖွဲ့စည်းပြီး ဂျပန်စစ်တပ်၏ လက်အောက်၌သာ ထားခဲ့ပေသည်။ ထိုပြောင်းလဲမှုနှင့်အတူ မီနာမီကိကန် အဖွဲ့ကြီးသည်လည်း အလိုလိုပျက်စီးခဲ့ရတော့သည်။ တစ်ချိန်က ဆူဇူကီစံ ကတိကဝတ်ပြုခဲ့သော 'မြန်မာ့လွတ်လပ်ရေး' မှာ မျှော်လေလေဝေးရမည့်အခြေသို့ ဆိုက်ခဲ့ရတော့သည်။

*

နာဂါအိစံသည် ၁၉၄၁-ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ ကိုလိုနီအစိုးရ၏ ပြည်နှင်ဒဏ်ခံခဲ့ရပြီးနောက် 'မြန်မာ့ငရဲခန်းမှတ်တမ်း' ဟူသော စာအုပ်ကို ရေးသားခဲ့ပေသည်။ ၁၉၄၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀-ရက်တွင် ထုတ်ဝေခဲ့သောကြောင့် နာဂါအိစံ ဒုတိယအကြိမ် မြန်မာပြည်သို့ ပြန်သွားသည့် ၁၉၄၂-ခုနှစ်၊ ဇန်နဝါရီလလယ်ပိုင်းအကြား တိုတောင်းလှသော၂-လတာဟူသည့် အချိန်အတွင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

၎င်းစာအုပ်မှာ နာမည်ပေးထားသည့်အတိုင်း ၇၂-ရက်အကြာ အစာငတ်ခံ ဆန္ဒပြသည့် ငရဲခန်းအတွေ့အကြုံကို အခြေခံ၍ ရေးသားပေသည်။ ထို့အပြင် စစ်မဖြစ်မီ မဟာမိတ်တပ်များ၏ လှုပ်ရှားမှု အင်္ဂလိပ်အမေရိကန်တို့အပေါ်တွင် ထားရှိသော အမုန်းတရားအပြင် မြန်မာနိုင်ငံရှိ တရုတ်လူမျိုးများအား ဝေဖန်ချက်များပါ ပါဝင်လေသည်။ ဘာသာရေး ကဏ္ဍအားဖြင့် ဂျပန်လူမျိုးတို့ ကိုးကွယ်သော မဟာယာန ဗုဒ္ဓဘာသာအကြောင်း၊ မြန်မာလူမျိုးတို့ကိုးကွယ်သော ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းနှင့် မိမိ၏ အယူအဆ၊ ဂျပန်ဆန်းမြောဟောဂျီ၏ အနောက်ဘက်သာသနာပြုလုပ်ငန်းများအပြင် ထိုစဉ်က ဂျပန်အစိုးရ၏ ဝါဒဖြန့်ချက်တစ်ခု ဖြစ်သော 'မဟာအာရှဝါဒ' လည်း ပါဝင်ပေသည်။

နာဂါအိစံသည် တရုတ်အား အထောက်အကူပေးနေသော မြန်မာလမ်းမကြီးနှင့် ပတ်သက်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သုံးမျိုးရှိရာ လေကြောင်းနှင့် ရေကြောင်းမှာ ခက်ခဲလှပြီး ၈၀-ရာခိုင်

www.burmeseclassic.com



နှုန်းကျော်မှာ ထရပ်ကားများဖြင့် ကုန်းကြောင်းမှ ထောက်ပံ့ပေးခဲ့သည်ဟု ဖော်ပြထားပေသည်။

မြန်မာလမ်းမကြီးတွင် ရန်ကုန်-တောင်ငူ-မန္တလေး-ပြင်ဦးလွင် (မေမြို့)တို့ကိုကျော်ဖြတ်၍ နယ်စပ်တွင်ရှိသောလားရှိုးမြို့အထိ ထိုမှတစ်ဆင့် ယူနန်ပြည်နယ်ဘက်ရှိ ဝိုင်းရီမြို့နှင့် ဆက်နေပေသည်။ လမ်းအားလုံးမှာ မီးရထားနှင့် ကတ္တရာနှစ်လမ်းပြိုင် ဖြစ်ပေသည်။ မော်တော်ကားလမ်းမှာ အကွေ့အကောက်၊ အဖုအထစ်များ ပေါ်များသဖြင့် ကားပျက်နှုန်းလည်း မြင့်မားလှပေသည်။ ပြင်ဦးလွင်(မေမြို့)အထွက်မှစ၍ တောင်ကုန်းများ၊ လမ်းကွေ့များ ပို၍ထူပြောလာတော့သည်။ ပြင်ဦးလွင်(မေမြို့)အနီးတစ်ဝိုက် တွင် တောင်ကွေ့လမ်းမပေါ်၌ စက်ရုံနှစ်ရုံ သုံးရုံခန့်ကို တွေ့နေရသည်။ မြန်မာပြည်ဘက်ခြမ်းတွင် မော်တော်ကားနှစ်စီး ရှောင်သာအောင် ကျယ်၍ ရပ်နားစခန်းတွင် ဓာတ်ဆီဖြည့်သည့်နေရာများ စီစဉ်ထားပေသည်။

ရန်ကုန်မြို့ ပထမရပ်နားစခန်း တောင်ငူမြို့အထိ လမ်းကြောင်းမှာ များသောအားဖြင့် ဖြောင့်တန်းနေပြီး မိုင်ပေါင်း ၁၆၀-ကျော်ခန့် ရှိသည်။ တောင်ငူမှ မန္တလေးအထိ မိုင်ပေါင်း ၁၉၀ ရှိပြီး မန္တလေးမှ ဘယ်ဘက်သို့ ကွေ့ကာ ပြင်ဦးလွင်(မေမြို့)အထိ မိုင် ၅၀ ခန့်ရှိသည်။ ပြင်ဦးလွင်(မေမြို့) မှ လားရှိုးအထိ မိုင် ၂၇၀ ရှိရာ လားရှိုးမှ နယ်စပ်အထိ ရှည်လျားသောမိုင် များပါ ပေါင်းစပ်လိုက်လျှင် မြန်မာဘက်ခြမ်း၌ မိုင် ၈၀၀ ခန့် ရှည်လျား ပေသည်။ တရုတ်ဘက်ခြမ်း ဝိုင်းရီနှင့် ဟီမဲမြို့မှာ မိုင် ၅၀၀ ခန့် ရှိပြီး ရန်ကုန်-ဟီမဲမြို့တို့၏ အကွာအဝေးမှာ မိုင်ပေါင်း ၁၃၀၀ ခန့် ရှိပေလိမ့်မည်။

ဤစာအုပ်ကို ဖတ်ကြည့်ခြင်းအားဖြင့် နာဂါအိစံသည် ရန်ကုန်မှ လားရှိုးမြို့ အထိ မိုင်ပေါင်း ၆၇၀ ခန့်ကို ကုန်းကြောင်း လမ်းလျှောက်ရင်း မှတ်တမ်းတင်ခဲ့ရရှာပေသည်။

ထို့အပြင် ထိုစဉ်က အသုံးပြုသော ထရပ်ကားများအကြောင်းကို လည်း အသေးစိတ် ဖော်ပြထားပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဤလမ်းပေါ်၌ အသုံးပြုသော ကားများမှာ များသောအားဖြင့် ချက်ပလက်နှင့် ဖို့ဒ် အမျိုးအစားများပင် ဖြစ်သည်။ ကားဘော်ဒီကို ကာကီရောင် သုတ်ထား၍ အစိမ်းရင့်ရောင် ကင်းဘတ်မိုးကားများဖြင့် အပေါ်မှ အုပ်ထားကြသည်။ ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင် တရုတ်လူမျိုးများ ကွပ်ကဲသော ကားစက်ရုံများရှိရာ ညအခါ ထိုနေရာသို့ ဖြတ်သွားပါက လမ်းပေါ်တွင် ထရပ်ကားအသစ် အစီး ၃၀ မှ ၅၀ အထိ တန်းစီနေကြသည်ကို တွေ့နိုင်ပေသည်။

လွန်ခဲ့သော ၂-နှစ် ၃-နှစ်ခန့်က ကားနံပါတ်မှာ R.A နှင့် R.B မျှသာ ရှိခဲ့ရာ လွန်ခဲ့သော နှစ်နှစ်ခန့်အတွင်း R.C.R.D ကို ကျော်ကာ R.E၅၀၀၀ ကျော်အထိ တိုးလာခဲ့ပေသည်။ R မှာ Rangoon ရန်ကုန်မြို့၏အတိုကောက်ဖြစ်ပြီး A မှာ ဂဏန်း ၄-လုံး ၉၉၉၉ အထိ ဆန့်သဖြင့် အက္ခရာတစ်ခုကို အစီးတစ်သောင်း ဟုယူဆနိုင်ပေသည်။ သို့ဖြင့် A.B.C.D အက္ခရာလေးခုအတွက် အစီးရေ လေးသောင်းအဖြစ် A.E၅၀၀၀ ကျော်သောကြောင့် ရန်ကုန်မြို့တွင် ထရပ်ကားပေါင်း ၄၅၀၀၀ ကျော်ခန့်ရှိလာသည်ဟု ခန့်မှန်းရပေမည်။

ဤသို့ ကားအစီးရေ ရုတ်တရက် တိုးပွားလာခြင်းမှာ တရုတ်မြန်မာလမ်းမကြီးပေါ်၌ ထောက်ပံ့ရေး ပစ္စည်းသယ်ယာဉ်များ တိုးပွားလာသည့် အဓိပ္ပါယ်ပင် ဖြစ်ပေသည်။ အထူးသဖြင့် R.C,R.D,R.E မှာ အကြီးစား ကုန်တင်ကားကြီးများ ဖြစ်သည်။ ထို့အပြင် ခရီးအစအဆုံး ၂-လ ခန့်မျှ ကြာတတ်ရာ ရန်ကုန်မှ တရုတ်ပြည်သို့ ဝင်သွားသော ထရပ်ကားမှာ နောက်တစ်ကြိမ် မြန်မာပြည်သို့ ဝင်မလာတော့ပေ။

ဤတွင် နာဂါအိစံသည် ဒရိုင်ဘာများ၏ သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ဖော်ပြထားပေသည်။ ဒရိုင်ဘာအများစုမှာ တရုတ်လူမျိုးများဖြစ်၍ မြန်မာအချို့လည်း ရှိပေသည်။ မြန်မာဒရိုင်ဘာများမှာ မြန်မာပြည်တွင်း၌သာ မောင်းနိုင်ကြပြီး ယူနန်နယ်ထဲသို့ ဝင်သည်နှင့် ဂျပန်လေယာဉ်များ၏ ဗုံးဒဏ်ကြောင့် မီးမှိန်၍ မောင်းကြရလေရာ အကွေ့အကောက် တောင်စောင်းများ ပေါများသဖြင့် တရုတ်ဒရိုင်ဘာများလောက်

www.burmeseclassic.com



လမ်းမကျွမ်းကြပေ။ ချောက်ထဲ လိမ့်ကျသည့်ကားများကလည်း မနည်းလှပေ။ ဒရိုင်ဘာတို့၏ လစာမှာ ရူပီ ၅၀၀ ခန့် (ဂျပန် ယန်း ၆၅၀ ခန့်သာဖြစ်ပေသည်။) သို့ပါသော်လည်း ဤလမ်းမကြီးမှာ တရုတ်ပြည်ရှိ စစ်ရှုံးနေသောစစ်မျက်နှာနှင့် ထောက်ပံ့နေကြသော နိုင်ငံခြားတိုင်းပြည်များ၏ တစ်ခုတည်းသော အရေးပါသည့်လမ်းမကြီး ဖြစ်လေရာ နာဂါအိစံ၏မြန်မာပြည်ငရဲခန်း မှတ်တမ်းစာအုပ်တွင် ဖော်ပြသော လမ်းမကြီးနှင့် ပတ်သက်သည့် ဗဟုသုတ အချက်အလက်များသည် ဂျပန်အစိုးရအတွက် လွန်စွာ အရေးပါလှပါပေသည်။

ထို့အပြင် နာဂါအိစံသည် တရုတ်လူမျိုးများအပေါ်၌ အမြင်မကြည်ပေ။ ထောင်ထဲတွင်ရှိစဉ် မိမိနှင့် မိတ်ဖွဲ့လာသော တရုတ်အကျဉ်းသားသည်ပင်လျှင် နောက်ဆုံး၌ "စပိုင်" တစ်ယောက်ဖြစ်နေသည်ကို သိလာခဲ့ရပေသည်။

နာဂါအိစံသည် ထောင်တွင် အကျဉ်းကျနေစဉ် မြန်မာအကျဉ်းသားတစ်ဦးက အဘယ်ကြောင့် ဂျပန်ပြည်သည် တရုတ်ပြည်နှင့် အချိန်ကြာမြင့်စွာ စစ်ဖြစ်နေရပါသနည်းဟု မေးသောအခါ နာဂါအိစံက ဤသို့ ပြန်ဖြေခဲ့လေသည်။

"ဒီစစ်ပွဲဟာ ဂျပန်ပြည်က တရုတ်ပြည်ကို အနောက်နိုင်ငံသားတွေရဲ့ မကောင်းတဲ့ လွှမ်းမိုးမှုမှ ကာကွယ်ပြီး သစ်လွင်တဲ့ တရုတ်နိုင်ငံ ဖြစ်စေချင်လို့ တိုက်ရတာပါ။"

"အာရှတိုက်မှာ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ အနောက်တိုင်းသားတွေကို ဆန့်ကျင်တဲ့အနေနဲ့ အနောက်တိုင်းသားတွေ လွှမ်းမိုးနေတဲ့ တရုတ်ပြည်ကို ကယ်တင်တဲ့အနေနဲ့ တိုက်ခိုက်နေရတာပါ"

ဘာသာရေးနှင့် ပတ်သက်၍ မြန်မာတို့၏ ဟိနယာနဗုဒ္ဓဘာသာနှင့် ဂျပန်တို့၏ မဟာယာနဗုဒ္ဓဘာသာကို ခြားနားပုံကို မြန်မာငရဲခန်း မှတ်တမ်းတွင် ဤသို့ ရှင်းပြထားသည်။

www.burmeseclassic.com



“အတိုချုပ်ပြောရရင် ဟိနယာနဆိုတာဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ အဓိကပဲ။ မဟာယာနကတော့ ဗုဒ္ဓဘုရားဖြစ်လာဖို့က အဓိက ကျတယ်။ တစ်နည်းပြောရရင် ဟိနယာနက လူတစ်ဦးချင်းနဲ့ ဆိုင်ပြီး မဟာယာနကတော့ တိုင်းပြည်တစ်ပြည်လုံးနဲ့ ဆိုင်တယ်”

*

ဘုန်းတော်ကြီး နာဂါးအိစံနှင့်ပတ်သက်၍ စပိုင်တစ်ယောက်ဖြစ်ရန် အလားအလာများစွာ ရှိပေသည်။ အောတခုဆိုးအိကျိ ရေးသားသော “စီးဆင်းနေသော မီးတောင်များ” စာအုပ်ထဲတွင် “မြန်မာပြည်၌ စစ်ကြီး မဖြစ်ပွားမီ နှစ်အတော်များများကပင် ဂျပန်ပြည်ဆန်းမြောဟောဂျီဘုရား ကျောင်းမှ နာဂါအိစံသည် ယပ်တောင်နှင့် စည်တစ်လုံးကို တီးခတ်ကာ တစ်အိမ်တက် တစ်အိမ်ဆင်း ဝင်ထွက်သွားလာနေခဲ့ပေသည်။ တစ်ဖက်မှလည်း ကုန်သည် ယောင် ၊ သတင်းထောင်ယောင်ဆောင်ထားကြသော ဂျပန်သူလျှိုများကို သတင်းစုဆောင်း၍ အကူအညီများစွာ ပေးခဲ့ပေသည်။ ယခုအခါ မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်အား ဂျပန်ပြည်သို့ တိတ်တဆိတ် ပို့ဆောင်၍ စစ်ပညာသင်နိုင်ရန် စီမံပေးခဲ့သူမှာလည်း နာဂါအိစံပင် ဖြစ်ပေသည်” ဟု ရေးသားထားပေသည်။

ထို့အပြင် စစ်အတွင်း ဂျပန်ရုပ်သေးအစိုးရတွင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာဘမော် ရေးသားသည့် “မြန်မာပြည်၏ အရုဏ်ဦး” စာအုပ်ထဲတွင် နာဂါအိစံနှင့် ပတ်သက်၍ “နာဂါအိစံသည် ဘုန်းတော်ကြီး ဟန်ဆောင်လျက် ဂျပန်ထောက်လှမ်းရေးအဖွဲ့ကြီးနှင့် အတွင်းကျကျ ဆက်သွယ်နေခဲ့ပေသည်။ ထို့အပြင် ဒေါက်တာသိန်းမောင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်ကြောင်း နောက်ပိုင်းမှ သိလာရပေသည် ဟူ၍လည်းကောင်း၊

“နာဂါအိစံသည် ဘုန်းကြီးအသွင်ဖြင့် မည်သူမျှ သံသယမဝင်ဘဲ မြန်မာလူမျိုးတို့၏ အိမ်များသို့ တစ်အိမ်တက်ဆင်း အလျှုခံရင်း လှည့်လည်

BURMESE CLASSIC .com

www.burmeseclassic.com



သွားလာနေနိုင်ခဲ့ပေသည်” ဟူ၍ လည်းကောင်း ဖော်ပြထားပေသည်။ အင်္ဂလန်နိုင်ငံရှိ အိန္ဒိယပိုင်ဆိုင်ရာ စာကြည့်တိုက်မှတ်တမ်းထဲ၌လည်း မြန်မာပြည်ရှိ ဂျပန်လှုပ်ရှားမှုမှတ်တမ်း (၁၉၃၇-၄၀) ဟူသော အပိုင်းတွင် နာဂါအိစံသည် စပိုင်လုပ်ငန်းများကို တက်ကြွစွာ လှုပ်ရှားခဲ့သည်ဟုဖော်ပြထားပေသည်။

၁၉၉၈-ခုနှစ် ဇန်နဝါရီလတွင် စတုတ္ထအကြိမ် ပါရဂူနှင့် အင်တာဗျူးလုပ်ခဲ့စဉ်က ကျွန်မက-

“နာဂါအိစံဟာ မြန်မာပြည်မှာ စပိုင်တစ်ယောက် ဖြစ်ခဲ့တယ် ဆိုတာ ဆရာယုံသလား” ဟု မေးခဲ့ရာ “အခုတော့ ၁၀၀-ရာခိုင်နှုန်းပြည့် စပိုင်တစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ ယုံသွားပြီ” ဟုဖြေခဲ့လေသည်။

စစ်ကြီးမဖြစ်ပွားမီ နာဂါအိစံ၏ လှုပ်ရှားမှုများမှာ အမည်းစက်များ ဖြစ်ကြောင်း သာဓကများစွာ ရှိပေသည်။ စပိုင်လုပ်သူက မိမိသည် စပိုင်ပါ ဟု နှုတ်မှ ဖွင့်မပြောခဲ့ခြင်းမှာလည်း သဘာဝကျပေသည်။ သို့သော် နာဂါအိစံရေးသားသော စာထဲတွင် မိမိမှာ စပိုင်ဖြစ်ကြောင်း အရိပ်အမြွက်ဝန်ခံထားသည်ကိုလည်း တွေ့ရပေသည်။

၁၉၄၁ ခုနှစ် ဩဂုတ်လ ၂၈-ရက်နေ့တွင် ကမာရွတ်ရှိ နာဂါအိစံ၏ ကျောင်းသခ်မ်းတို့ CID (Criminal Intelligence Department) မှ ရဲအရာရှိ ၇-ဦးက ဖမ်းဝရမ်းကို ယူဆောင်လာကာ ကျောင်းထဲသို့ ဝင်၍ အထောက်အထား စာရွက်စာတမ်းများ လာရောက်ရှာဖွေသည့် အကြောင်းကို အောက်ပါအတိုင်း ရေးသားခဲ့ပေသည်။

“သူတို့တစ်တွေ သဘောတွေ့ မနောခွေ့သွားစေမည့် စာရွက်စာတမ်း တစ်စွန်းတစ်စမျှ မတွေ့ခဲ့ကြချေ။ အကြောင်းမှာ တစ်နေ့တွင် ဤသို့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပြီး ဖြစ်သောကြောင့် သက်သေခံဖြစ်စရာရှိသော စာရွက်စာတမ်းဟူသမျှကို တစ်ရွက်မျှ မကျန်အောင် မီးရှို့ ဖျက်ဆီးထားခဲ့ပေသည်။”

BURMESE CLASSIC .com

www.burmeseclassic.com



တစ်နေ့တွင် ဤသို့ဖြစ်လာလိမ့်မည်ဟု မျှော်လင့်နေခြင်းကပင်လျှင် နာဂါအိစံသည် မိမိလှုပ်ရှားနေခြင်းများမှာ အန္တရာယ်ပြွန်းတီးလှကြောင်း နဂိုရ်ကတည်းက သဘောပေါက်ထားပြီး ဖြစ်ပေလိမ့်မည်။ သက်သေခံဖြစ်စရာ ရှိသော စာရွက်စာတမ်းဆိုသည်မှာ ထိုစဉ်က နာဂါအိစံ စုဆောင်းနေသော သတင်းအချက်အလက်များ ဖြစ်နိုင်ပေရာ ထိုရေးသားချက်များကိုယ်၌က မိမိမှာ စပိုင်အလုပ်ကို လုပ်ခဲ့ပါသည်ဟု ဝန်ခံထားရာ ရောက်ပေသည်။ ထိုသို့ သတင်းအချက်အလက်စုဆောင်းပေးသည့်အတွက် နာဂါအိစံသည် အခကြေးငွေယူ၊ မယူကိုမူ ခန့်မှန်း၍ မရပေ။ ယူသည့်တိုင်အောင် ဘုန်းတော်ကြီးတစ်ပါးအနေဖြင့် အလှူခံသည့်သဘောမျိုးသာ ဖြစ်ပေလိမ့်မည်။

နာဂါအိစံ၏ ပင်ကိုယ်အလုပ်မှာ ဘာသာရေးပင် ဖြစ်ပေသည်။ ကမာရွတ်တွင် ကျောင်းသင်္ခမ်းဆောက်လုပ်ပြီး ရှင်တေဇိန္ဒ ခေါ် သာမဏေ တစ်ပါးကိုထားရှိပြီး ကိုရင်လေး၊ ကိုရင်လေးဟု ခေါ်နေခဲ့ပေသည်။ ထိုကိုရင်လေးသည် နာဂါအိစံထံမှ မည်၍မည်မျှ စာပေကျမ်းဂန်များကို သင်ကြား တတ်မြောက်ခဲ့သည်ကိုလည်း အတိအကျ မသိနိုင်ပေ။ ၁၉၃၄ - ခုနှစ်မှစ၍ သာသနာပြုခဲ့သော နာဂါအိစံ၏ ကြိုးစားမှုသည် မည်မျှအရာ ရောက်ခဲ့သည်ကို မခန့်မှန်းနိုင်ပေ။

မြန်မာတစ်နိုင်ငံလုံး၏ ၉၀ ရာခိုင်နှုန်းခန့်သော ပြည်သူများက ထေရဝါဒ ဗုဒ္ဓတရားတော်တွင် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်နေကြပြီ ဖြစ်ရာ မဟာယာနဗုဒ္ဓဘာသာသို့ မည်သည့်နည်းနှင့်မျှ လွယ်လင့်တကူ ပြောင်းကြလိမ့်မည် မဟုတ်ပေ။

ဝါဝင်းသောသက်န်းရုံထားသည့်အတွက် ဘုန်းတော်ကြီးများအား လွန်စွာရိုသေကြသော မြန်မာလူမျိုး ၄-၅ အိမ်ခန့်က နာဂါအိစံအား ဆွမ်းလောင်းခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ စင်စစ် နာဂါအိစံသည် မိမိ ကိုးကွယ်သော မဟာယာနဗုဒ္ဓဘာသာကို မြန်မာလူမျိုးတို့အား သက်ဝင် ယုံကြည်လာစေလိုသည်ထက် ထိုစဉ်က ဂျပန်နိုင်ငံ၏စစ်ရေးကြွေးကြော်သံဖြစ်သော

BURMESE CLASSIC .com

www.burmeseclassic.com



“ပတ်ကောအိကျူး” ခေါ် “ကမ္ဘာလူသားအားလုံး တစ်မိသားစုတည်း ဖြစ်သည်” ဟူသည့် သဘောတရားကို ဝါဒဖြန့်လိုခြင်းသာဖြစ်ပေလိမ့်မည်။ ထိုသို့ဝါဒဖြန့်လျက် အင်္ဂလိပ်များအား ဆန့်ကျင်စေလိုခြင်းသည်သာ ပဓာန ဖြစ်ပေလိမ့်မည်။ နာဂါအိစံက ထောင်ကျကျချင်း အစာငတ်ခံဆန္ဒပြခဲ့ခြင်း မှာ မြန်မာဘုန်းတော်ကြီး ဦးဝိစာရကို အားကျခဲ့၍လည်း ဖြစ်နိုင်သည်။ ဘုန်းတော်ကြီး ဦးဝိစာရသည် မြန်မာလူမျိုးများ၏ လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့သောကြောင့် အင်္ဂလိပ်အစိုးရက ထောင်သွင်း အကျဉ်းချခဲ့လေ သည်။ ဦးဝိစာရသည် ထောင်တွင်း၌ အစာငတ်ခံ ဆန္ဒပြကာ ၁၉၂၉-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာ တစ်မျိုးသားလုံးက ဆရာတော်ဦးဝိစာရအား မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်ကြီး အဖြစ် လေးစားကြသောကြောင့် ရန်ကုန်မြို့ လယ်လမ်းဆုံတစ်ခုတွင် ဦးဝိစာရကျောက်တိုင် စိုက်ထူ၍ အထင်ကရလမ်းမကြီးတစ်ခုအား ဦးဝိစာရ လမ်းဟု အမည်ပေးခဲ့ကြလေသည်။

နာဂါအိစံသည် ဒုတိယအကြိမ် အင်္ဂလိပ်ပြန်ဝင်လာသည်အထိ မြန်မာပြည်၌ နေထိုင်ခဲ့ကာ စစ်ပြီးနောက်ပိုင်းတွင် ယိုးဒယား (ထိုင်း) မှတစ်ဆင့် ဂျပန်ပြည်သို့ ပြန်ခဲ့လေသည်။ သို့နှင့် ၁၉၇၄ -ခုနှစ် မတ်လ - ၂၀-ရက်နေ့တွင် (သက်တော် ၆၇-နှစ်) တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ လေသည်။

ပါရဂူသည် နာဂါအိစံ သန်လျင်ဘက်ကမ်းရောက်စဉ်က ဂျပန်စပိုင် ဟု မထင်မှတ်ခဲ့ပေ။

“အဲဒီတုန်းက သူ ဟောပြောသွားတဲ့တရားတွေကို နာပြီး ဂျပန် ပြည်မှာ ရှိတဲ့ နိချိရင်းဂိုဏ်းဝင် ဘုန်းတော်ကြီးတစ်ပါးရဲ့ဘဝကို အခုအချိန် အထိ လေ့လာချင်နေတုန်းပဲ” ဟု ပြောခဲ့ပေသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော နိချိရင်းဂိုဏ်းအကြောင်းကို ဖတ်ချင်သည်ဟု ပြောသောကြောင့် ကျွန်မအင်္ဂလိပ်ဘာသာစာအုပ်နှစ်အုပ် ဝယ်ပြီး ဆရာပါရဂူကို လက်ဆောင်ပေးဖူးသည်။ သို့ပါသော်လည်း အဆို

BURMESE CLASSIC .com

www.burmeseclassic.com



ပါစာအုပ်မှာ အင်္ဂလိပ်လူမျိုးများက နိဒါန်းအပေါ် သူတို့အမြင်နှင့် ရေး ထားလေသောကြောင့် ထိုစာအုပ်နှစ်အုပ်ကို ဆရာပါရဂူ သိပ်သဘောကျပုံ မပေါ်ခဲ့ပေ။ ထို့ထက် ပိုကောင်းသော စာအုပ်ရှာဖွေခဲ့သော်လည်း ယခုထက် ထိ ရှာမတွေ့သေးပေ။

ဆရာပါရဂူသည် စစ်အကြောင်းနှင့် ပတ်သက်လာလျှင် တုဏှိဘာဝေ နေသလောက် ဘာသာရေး၊ စာပေတို့အကြောင်း စကားလက်ဆုံကျမိသော အခါ၌မူ တက်တက်ကြွကြွ ဦးဆောင်ဆွေးနွေးနေတတ်ပေသည်။ ဆရာ့ ကျေးဇူးကြောင့်ပင် ယခုအချိန်အထိ ကျွန်မမသိဘူးသေးသော ဟိန္ဒူဘာသာရှိ ဘုရားအဆူဆူတို့၏ အကြောင်း၊ ကဗျာစာဆိုကြီး ရာဘင်ဒြာနတ်တဂိုး၏ "ဂင်္ဂါမြစ်နှင့် ဧရာဝတီမြစ်" တို့၏ အကြောင်း၊ ဗုဒ္ဓဘာသာ၏ BC ၃- ရာစုနှစ်မှ စတင်ခဲ့သော ပထမ သင်္ဂါယနာတင်ပွဲအကြောင်း၊ ပဉ္စမနှင့် ဆဋ္ဌမ သင်္ဂါယနာတင်ပွဲများကို မြန်မာပြည်၌ကျင်းပခဲ့သည့် အကြောင်းများ ကို ဂဃနဏသဘောပေါက်ခဲ့ရပါသည်။ ဆရာ၏ဆွေးနွေးချက်များထဲတွင် စိတ်အဝင်စားဆုံးမှာ "ရုပ်တုတော်" များနှင့်ပတ်သက်၍ ဖြစ်ပေသည်။

"ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးတဲ့နောက် ရာစုနှစ်ပေါင်း အတော် ကြာတဲ့အထိ ရုပ်တုတော်ဆိုတာ မပေါ်ခဲ့သေးဘူး။ ဗုဒ္ဓကို မျက်စိနဲ့ မမြင် နိုင်တဲ့အတွက် ဗုဒ္ဓရဲ့ ကိုယ်စား ကြာပွင့်တို့ ဗောဓိညောင်ပင်တို့ကိုသာ အထိမ်းအမှတ်ပြုပြီး ကိုးကွယ်ခဲ့ကြတယ်။ ဘီစီ၃-ရာစုနှစ်မှာ အလက် ဇန္ဒား ဧကရာဇ်က အရှေ့တိုင်းကို နယ်ချဲ့ တိုက်ခိုက်လာရာကနေ ဂန္ဓာရတိုင်း ကို ပန်းပုဆရာတွေပါလာပြီး ဗုဒ္ဓရဲ့ ရုပ်ထုတော်ကို ထုလုပ်ကိုးကွယ်လာ ကြရာက ရုပ်တုကိုးကွယ်ခြင်းဟာ ပျံ့နှံ့လာခဲ့ရတာပဲ။ ဗုဒ္ဓဘာသာလွှမ်းတဲ့ တိုင်းပြည်အသီးသီးကလည်း မိမိတို့တိုင်းပြည် သဘာဝအလိုက် မျက်နှာ တော်ပုံစံ အမျိုးမျိုးကို စိတ်ကူးနဲ့ထွင်ပြီး ထုလုပ်ကိုးကွယ်လာ ခဲ့ကြတယ်။ နောက်ပိုင်းကျတော့ လူတွေဟာ ဒီရုပ်တုထဲမှာ တန်ခိုးတွေစွမ်းပကားတွေ ရှိတယ်လို့တောင် ယုံကြည်လာကြပြန်တယ်။ ကျွန်တော်တစ်ဦးချင်းအနေနဲ့ က ဒီအယူအဆကို လက်မခံဘူး။ ရုပ်တုတော်ရှေ့မှာ ထိုင်ပြီး ဝတ်ပြု

www.burmeseclassic.com



ဆုတောင်းရုံနဲ့ အားလုံးပြည့်ဝလာလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုးကို ဒါလောက် အလေးအနက်မထားဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင်က "ကိုယ်လုပ်မှ ကိုယ်ရတယ်။ ကိုယ့်ကိုယ်ကိုသာ အားကိုးပါ" လို့ မိန့်တော်မူထားတယ်။ ကျွန်တော်ကတော့ မျက်စိနဲ့ မမြင်နိုင်တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ကျေးဇူးတော်ဂုဏ်များကိုသာ နေ့စဉ်နေ့တိုင်း အောင်မေ့သတိရနေတယ်"

"မျက်စိနဲ့ မမြင်နိုင်တဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ကျေးဇူးတော်ဂုဏ်" ဟူသော ဆရာပါရဂူ၏ နောက်ဆုံးစကားမှာ ကျွန်မ၏ ရင်ထဲအသည်းထဲ အထိ ရိုက်ခတ်သွားမတတ် ခံစားလိုက်ရပါသည်။ အကြောင်းမှာ ကျွန်မသည် မည်၍ မည်မျှပင် လှပနေအောင် ထုထားပါစေ၊ ထိုရုပ်တုသည် ပုထုဇဉ် လူသားတို့၏အတွေးမျှသာ ဖြစ်သည်ဟု အချိန်ကြာမြင့်စွာကတည်းက ယုံကြည်ထားခဲ့၍ ဖြစ်ပေသည်။

❑

BURMESE CLASSIC .com

www.burmeseclassic.com

## ပါရဂူနှင့် တိန္စီစာပေ ဘာသာပြန်ဆိုမှု

တိုးတက်သောနိုင်ငံများတွင် ဘာသာပြန်ဆိုခြင်းသည် အဓိကလုပ်ငန်းကြီး တစ်ရပ်ဖြစ်သည်။ နိုင်ငံတစ်ခုကြီးပွားတိုးတက်ရေးသည် မိမိတိုင်းရင်း ဗဟုသုတ၊ တိုင်းရင်းအတွေးအခေါ်၊ တိုင်းရင်းအကြံဉာဏ်များဖြင့် မလုံလောက် ပေ။ ကမ္ဘာ့ဗဟုသုတ၊ ကမ္ဘာ့အတွေးအခေါ်၊ ကမ္ဘာ့အကြံဉာဏ် တို့ကိုပါ သိနားလည်မှ ထိရောက်ပြည့်စုံပေမည်။ ထို့ကြောင့် တိုးတက်သော နိုင်ငံ များ၌ ဘာသာပြန်ဆိုခြင်းကို အဓိကလုပ်ငန်းကြီးတစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားဘာသာကို မြန်မာဘာသာသို့ ပြန်ဆို ခြင်းသည် ပုဂံခေတ်ကပင် စခဲ့သည်ဟု ဆိုလေသည်။ မြန်မာဘာသာ ပြန်ဆိုခြင်းများကို လေ့လာပါက များသောအားဖြင့် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ် ဘာသာတို့မှ ပြန်ဆိုကြသည်ကို တွေ့ရလေသည်။

ဤတွင် အခြားဘာသာတို့မှ ပြန်ဆိုခြင်းလုံးဝမရှိဟု မယူသင့်ပေ။ ပြင်သစ်၊ အီတလီ၊ ဟီဘရူး၊ ယိုးဒယား(ထိုင်း)၊ ပေါ်တူဂီ၊ ဂရိဘာသာ စသည် တို့မှ ပြန်ဆိုခြင်းများလည်း ရှိလေသည်။

၁၈၁၆-ခုနှစ်၌ ဆရာယုဒသန် မြန်မာပြန်ဆိုခဲ့သော သမ္မာကျမ်းစာ သည် ဟီဘရူးဘာသာမှ ပြန်ဆိုခဲ့ခြင်း ဖြစ်ပေသည်။ ဖန်ချက် ဝန်ထောက် မင်းထင်ပညာသိဒ္ဓိကျော်၏ အကူဖြင့် ယောမင်းကြီး ဦးဘိုးလှိုင် ပြုစုခဲ့သော လောကဓာတ်ဆေးကျမ်းသည် ပြင်သစ်ဘာသာဖြင့် ရေးထားသော ဓာတု ဗေဒကျမ်းကို ဆီလျော်အောင် မြန်မာပြန်ဆိုချက် ဖြစ်ပေသည်။ တစ်ဖန် ယောမင်းကြီး ဦးဘိုးလှိုင်ပင် ပြုစုသော 'ကာယာနုပဿနာ' ကျမ်းသည်

BURMESE CLASSIC .com

www.burmeseclassic.com



လည်း အီတာလျံဘာသာဖြင့် ရေးထားသော ခန္ဓာဗေဒကျမ်းများကို ဆီလျော်အောင် မြန်မာပြန်ဆိုချက် ဖြစ်ပေသည်။

ဆင်ဖြူရှင်လက်ထက်တွင် ယိုးဒယား(ထိုင်း)မှ ပါလာသော အီနောင်၊ ရာမ၊ သန်ပတ္တ၊ ကေသာသီရိ ဒဏ္ဍာရီဇာတ်များကို ဂွမ်းသံခံ၊ ယွန်ခံသံတို့ အကူအညီဖြင့် မြန်မာပညာရှင်များသည် ဘာသာပြန်ဆိုခဲ့ကြလေသည်။

ထို့ပြင် ပေါ်တူဂီဘာသာဖြင့် ရေးထားသော 'ပေါ်တူဂီရာဇဝင်' ကို ဘုန်းတော်ကြီး ဒေါင်ရှုနာဘီနှင့် အခွန်ဝန် သီရိဇေတရတ်ကျော်တို့ မြန်မာပြန်ဆိုခဲ့ကြဖူးလေသည်။

၁၈၇၃-ခုတွင် အီစွပ်ပုံပြင်များကို ဒဗလျူရွှေတူးက 'အီစွပ်၏ ဒဏ္ဍာရီစာ' ဟူ၍ မြန်မာပြန်ဆိုခဲ့သည်။ ယင်းသည် ဂရိဘာသာမှ မြန်မာပြန်ဆိုခြင်း ဖြစ်သည်ဟု ဆိုလေသည်။

ယင်းသို့ ဘာသာအသီးသီးမှ မြန်မာပြန်ဆိုခဲ့ခြင်း ရှိခဲ့သော်လည်း ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်ဘာသာတို့မှပြန်ဆိုခြင်းလောက် များပြားထိရောက်လှသည် မဟုတ်ပေ။ ဤကား လွတ်လပ်ရေး မတိုင်မီခေတ်အထိ မြန်မာဘာသာပြန်ဆိုမှု၏ အခြေအနေပင် ဖြစ်သည်။

လွတ်လပ်ရေးရပြီး ယခုခေတ်၌ကား အခြားဘာသာမှ ပြန်ဆိုမှုထက် အင်္ဂလိပ်ဘာသာမှ ပြန်ဆိုမှုသည် အများဆုံး အတွင်ကျယ်ဆုံး ဖြစ်လာပေသည်။တစ်ဖန်အင်္ဂလိပ်ဘာသာမှ ပြန်ဆိုရာ၌ အင်္ဂလိပ်ဘာသာသက်သက်အပြင် အင်္ဂလိပ်ဘာသာပြန်မှ တစ်ဆင့် ဂရိ၊ ရုရှ၊ ဘင်္ဂါလီ၊ ပြင်သစ်၊ တရုတ် စသည်တို့ကို ပြန်ဆိုခြင်းတို့လည်း ပါဝင်ပေသည်။ ဥပမာ ပလေးတိုးနိဒါန်း (ဂရိ)၊ စစ်နှင့်ငြိမ်းချမ်းရေး (ရုရှ) ၊ မိုပါဆွန်းဝတ္ထုများ (ပြင်သစ်) ၊ လူရွှန်း၏ အာကျူး (တရုတ်) ၊ တဂိုး၏ စာများ (ဘင်္ဂါလီ) စသည်တို့ ဖြစ်သည်။

စင်စစ် ဘာသာပြန်ဆိုရာ၌ အင်္ဂလိပ်ဘာသာမဟုတ်သည့်ဘာသာများကို အင်္ဂလိပ်ဘာသာပြန်မှ တစ်ဆင့် မဟုတ်မူဘဲ မူလဘာသာမှ

www.burmeseclassic.com



မြန်မာပြန်ခြင်းသည် အတိကျဆုံး ၊ အကောင်းဆုံးပင် ဖြစ်၏။ သို့ရာတွင် မူလဘာသာမှ ပြန်ဆိုရန်မှာ အပြောလွယ်သလောက် လက်တွေ့တွင် အလွန်ခက်လှပေသည်။ ဤအရေးနှင့်ပတ်သက်၍ ဆရာဇော်ဂျီက ပလေးတိုး နိဒါန်းအမှာစာ၌ ' ပလေးတိုး၏ စာများကို မြန်မာပြန်ရာတွင် မူလဘာသာ ဖြစ်သော ရှေးခေတ်ဂရိဘာသာမှ မြန်မာပြန်သည် မဟုတ်ပါ ။ အင်္ဂလိပ် ဘာသာပြန်မှ တစ်ဆင့် မြန်မာပြန်ခြင်းဖြစ်သည်။ စင်စစ်မှာ မူလဘာသာမှ မြန်မာပြန်ခြင်းသည် အတိကျဆုံး ၊ အကောင်းဆုံး ဖြစ်၏ ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် မူလဘာသာကို တတ်သည်အထိ စောင့်ရလျှင် မြန်မာဘာသာသို့ ပလေးတိုး၏ စာများရောက်ဖို့အရေးသည် နှေးကွေးရာသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် မြန်မာပြန်ရခြင်း ဖြစ်သည်' ဟု ဆိုထားပေ သည်။

ယင်းသို့သော အခြေအနေတွင် ဟိန္ဒီဘာသာမှ မြန်မာဘာသာသို့ တစိုက်မတ်မတ် ပြန်ဆိုနေသူတစ်ဦး ပေါ်လာလေသည်။ ထိုသူကား စာရေးဆရာ ပါရဂူပင်တည်း။

ပါရဂူသည် ဟင်္သာတခရိုင်၊ သန့်သနေ့ရွာဇာတိ ဖြစ်သည်။ အမည်ရင်းမှာ ဦးလှကြိုင် ဖြစ်သည်။ ၁၃-နှစ်သားအရွယ်လောက်တွင် ရှင်သာမဏေ ပြုလုပ်သည်။ မြန်မာ ၊ ပါဠိ ၊ သက္ကတ ၊ အင်္ဂလိပ် ၊ ဟိန္ဒီ ဘာသာတို့ကို လေ့လာဆည်းပူးသည်။ ၁၉၄၆-ခုနှစ်တွင် အိန္ဒိယသူဌေးကြီး ဘီလာရင်၏ စကောလားရှစ် ပညာသင်ဆုရကာ အိန္ဒိယပြည်တွင် ၅-နှစ်ခန့် နေထိုင်လျက် ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်တွင် ဟိန္ဒီ ၊ အင်္ဂလိပ် ၊ သက္ကတဘာသာရပ်များကို လေ့လာဆည်းပူးသည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ၁၉၅၄ - ခုနှစ်လောက်တွင် ပါရဂူသည် ရဟန်းဘောင်မှ ထွက်လိုက်ရသည်။ ရန်ကုန်မြို့ အိန္ဒိယသံရုံးပြန်ကြားရေးဌာနတွင် ဘာသာပြန် အရာရှိအဖြစ် အမှုထမ်း၏။

ပါရဂူသည် စာရေးဆရာတစ်ဦးဖြစ်သည်နှင့်အညီ စစ်မဖြစ်မီက ထုတ်ဝေသော တိုးတက်ရေးမဂ္ဂဇင်း ၊ ဒဂုန်မဂ္ဂဇင်းတို့မှစ၍ စာရေးလာသူ

www.burmeseclassic.com



ဖြစ်သည်။ ရဟန်းဘဝ၌ရှိစဉ် ဗာရဏသီဟိန္ဒူတက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် ဘာသာပြန်အရာရှိအဖြစ် အမှုထမ်းနေစဉ် တစ်ဖက်က စားများရေးသား ပြုစုသူဖြစ်သည်။ သို့ရာတွင် ဤမျှ ရေးသားပြုစုရသည်ကို မတင်းတိမ်းနိုင် ၊ အားမရနိုင် ။ ထို့ကြောင့် ဘာသာပြန်အရာရှိအဖြစ် ၃-နှစ်ခန့် လုပ်ပြီးလျှင် အလုပ်မှ နုတ်ထွက်လိုက်သည်။ စာရေးဆရာသက်သက် အဖြစ် ရပ်တည်နေထိုင်ကာ စာပေများကို မနားတမ်း ရေးသားပြုစုလေသည်။

စာနယ်ဇင်းများ၌ ဆောင်းပါးဝတ္ထုများအပြင် ယနေ့ထိ ပါရဂူ ရေးသားပြုစုပြီးသော လုံးချင်းစာအုပ်များမှာ ၄ - အုပ် ရှိသည်။ ယင်းတို့မှာ ဗုဒ္ဓစကား ၊ ဗုဒ္ဓမြတ်စွာ ၊ ဗုဒ္ဓအဘိဓမ္မာနှင့် မာ့က်စ်အဘိဓမ္မာ ၊ ဆိုရှယ်လစ်ဝါဒတို့ ဖြစ်သည်။ ဘာသာပြန်ဆိုပြီးသော လုံးချင်းစာအုပ်များမှာမူ ၁၈-အုပ် ရှိနေပြီ။ ယင်းတို့မှာ သီဟသေနာပတိ၊ ဗော်လဂါမှ ဂင်္ဂါသို့၊ ကွန်မြူနစ် ဝါဒသာလျှင် အဘယ်ကြောင့် ၊ နှစ်ဆယ့်နှစ်ရာစု၊ နေရှူး၏သမီးထံပေးစာ၊ တဂိုး၏ ဝတ္ထုတိုများ၊ တဂိုး၏ငြိမ်းချမ်းရေးဝတ္ထု၊ ညီတော်မင်းနန်၊ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ ၊ ဗုဒ္ဓဝါဒနှင့် ဆိုရှယ်လစ်ဝါဒ ၊ တော်လှန်သောအတွေးအခေါ် ၊ ဗုဒ္ဓဒိုင်ယာရီ ၊ ဝေတာလဝတ္ထု ၊ ပဉ္စတန္တရ ၊ သိဒ္ဓတ္ထ ၊ မဟာလူသားဗုဒ္ဓ ၊ စိတြလေခါ ၊ အမ္ဗပါလီတို့ ဖြစ်သည်။ (ညီတော်မင်းနန်သည် ၁၉၆၃-ခု တော်လှန်ရေး အစိုးရအနုပညာစာပေဆု 'ဘာသာပြန်ပထမဆု' ချီးမြှင့်ခြင်းခံရသည်။)

ဖော်ပြပါ ဘာသာပြန်စာအုပ်များအနက် သီဟသေနာပတိ ၊ တဂိုး၏ ငြိမ်းချမ်းရေးဝတ္ထု ၊ ဗုဒ္ဓယဉ်ကျေးမှု ပြဇာတ်များ ၊ ဗုဒ္ဓဒိုင်ယာရီ ၊ စိတြလေခါ တို့သည် ဟိန္ဒီဘာသာမှ ပြန်ဆိုသော စာအုပ်များဖြစ်သည်။ ယင်းတို့သည် ပြန်ဆိုရာ၌ ထူးချွန်သည်သာမက မြန်မာစာဖတ်ပရိသတ်၏ အထူးလေးစားခြင်းကိုလည်း ခံရပေသည်။

ထို့ကြောင့် ၁၉၆၇-ခု ၊ ဒီဇင်ဘာလ ၃၀-ရက်နေ့ တွင် မြန်မာပြည် ဟိန္ဒီစာပေအသင်းကြီးက ပါရဂူအား မြန်မာနှင့်ဟိန္ဒီစာပေဆိုင်ရာအကျိုး

BURMESE CLASSIC .com

www.burmeseclassic.com



ပြုချက်များကို အကြောင်းပြု၍ ဂုဏ်ပြုချီးကျူးခဲ့လေသည်။ ယင်း ဂုဏ်ပြုချီးကျူးပွဲ၌ ဟိန္ဒီစာပေအသင်းကြီးကိုယ်စား ဥက္ကဋ္ဌ ဦးကိုအိန်ကာက ပါရဂူအား ဂုဏ်ပြုလွှာ ပေးအပ်သည်။ ထို့ပြင် ကွယ်လွန်သူ သျှရီဗဆေဆ ရလာလ် ဂိုအင်ကာ အထိမ်းအမှတ်စာပေဆု (ရွှေတံဆိပ်) လည်း ချီးမြှင့်ခဲ့လေသည်။

**မင်းယုဝေ**
**ငွေတာရီမဂ္ဂဇင်း၊ ၂၊ ၆၈**

BURMESE CLASSIC .com

www.burmeseclassic.com

# ရာပြည့်ပါရဂူ

ရာပြည့်ပါရဂူဆိုတော့ သူ၏ အသက် ၁၀၀ ပြည့်အခမ်းအနားပွဲနှင့် ရေးခြင်းတော့ မဟုတ်။ ရာပြည့်နှစ်အထိမ်းအမှတ်ဆိုသည်နှင့် ပါရဂူက ကြိုက်မည်မဟုတ်။ သူက သူ့အသက်ကို ဖွက်ထားသည်။ ကျွန်တော်က သူ့ကို "ဆရာပါက ကျွန်တော့်ထက် ၂-နှစ်ကြီးတာဗျ" ဟုပြောသည်။ စလေ့ရှိသည်။ မကြိုက်ချင်၊ သူက အသက် ၁၀၀-အထိ ရှည်မည်ဆိုလျှင်တော့ အလွန်ကောင်းမည်။ သမိုင်းခေတ်များစွာကို ဖြတ်သန်းခဲ့ပြီးအင်မတန်ကောင်းသော ဂုဏ်ပုဒ် တစ်ရပ် ဖြစ်ပေလိမ့်မည်။

သမိုင်းခေတ်များကို ဖြတ်သန်းပြီးနောက် ဖြတ်သန်းခဲ့သော သမိုင်းခေတ်များ၊ ခံစားမှုများရှိမည်ဆိုတော့ ကျွန်တော်ကြိုက်ခြင်းဖြစ်သည်။ တချို့ကတော့ တချို့ဆိုသည်မှာတော့ အချို့က အဟောင်းဟုပြောတတ်ကြသည်။ အသက်ငယ်သူတို့က ကြီးလာသည်ကို တွေးမိပုံအပေါ် ၊ အဟောင်း အသစ် ဆိုသည်မှာ နှစ်ကာလ (သို့) အသက်အရွယ်နှင့် အကဲဖြတ်၍မဖြစ် ၊ အရည်အချင်းပေါ်တွင် တည်၍သာလျှင် အဟောင်းအသစ်ကို အကဲဖြတ်ရပေမည်။

ရုပ်ပစ္စည်းများဖြစ်သော လုံချည်အင်္ကျီ စသည်တို့ကို တော့ ဟောင်းသွားသည်ကို မျက်ဝါးထင်ထင်မြင်နိုင်သည်။ အရောင်ဖျော့သွားမည်။ မူလက အနီရင့်က အရောင်ဖျော့သွားမည် ၊ တွန့်ကြေသွားသည်ကို မြင်၍ ဟောင်းသွားပါကလားဟု သိနိုင်သည်။ သို့သော် စိတ်မျက်စိဖြင့်(သို့) ဉာဏ်မျက်စိဖြင့် ကြည့်လျှင်တော့ စာပေနှင့် အနုပစ္စည်းများသည် ခေတ်များကို ဖြတ်သန်းသွား

BURMESE CLASSIC .com

www.burmeseclassic.com



သော်လည်း တန်ဖိုးအားဖြင့် သစ်မြဲသစ်လျက်ရှိသည်ကို မြင်နိုင်သည်။ ဂန္ထဝင်ဆိုပါတော့။ ထို့ကြောင့် ကျွန်တော်က ရာပြည့်ဆိုလျှင် ဟောင်းသွားပြီဟု ဆို၍မရ။ ဂုဏ်ပုဒ်တစ်ရပ်ဟုဆိုနိုင်သည်။ ထို့ကြောင့် ရာပြည့်ပါရဂူ ၊ စာအုပ်ပေါင်း ၁၀၀ပြည့်ပြီဆိုတော့ နည်းသည့် အရည်အချင်းမဟုတ်။ ကျွန်တော့်ထက် များစွာသာသည်။ ကျွန်တော်က သည်နေ့မှ စာအုပ်ရေကို ရေတွက်မိသည်။ မများ ၊ ဝတ္ထုက ၁၄-ပုဒ် ၊ ယင်း ၁၄-ပုဒ်ထဲတွင် ဘာသာပြန် ၃-အုပ်လောက်ပါသည်။ ကဗျာက ၂-အုပ် ၊ ခရီးသွားမှတ်တမ်းက ၂-အုပ်၊ စာပေဝေဖန်ရေး ၁-အုပ် ၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့က ၂-အုပ် ဒါလောက်ပဲ။ အားလုံးပေါင်းမှ ၂၆-အုပ်မျှသာ ။ ဖဆပလခေတ်က စပယ်ဦး ဝတ္ထုတိုပေါင်းချုပ်အတွက် စာပေဗိမာန် ဆုရဖူးသည်။ ပါရဂူကတော့ သည်ခေတ်တွင် စာအုပ် ၂-အုပ် စာပေဆုရသည်။

ပါရဂူနှင့် သိသည်က ကြာပါပြီ။ ၁၉၅၀-ကျော်ခုနှစ်လောက်က ဆိုတော့ အနှစ် ၄၀-ကျော် ၊ သိသိချင်းပင် ခင်မင်ရင်းနှီးသွားကြသည်။ သူက ကျွန်တော်ထက် ခေတ်မီသည်။ ဟာဝေယံရှပ်အင်္ကျီ ၊ ဘောင်းဘီနှင့်။ ကျွန်တော် ပြည်တွင်း တစ်ခါမှ ဘောင်းဘီမဝတ်ဖူးဘူး ။ နိုင်ငံခြားသွားတုန်းသာ ဝတ်သည်။ သည်တုန်းက ကျွန်တော်က ရှပ်အင်္ကျီလက်ရှည်တက်ထရွန်အဖြူ ဘန်ကောက်လုံချည်၊ သာမန်ရိုးရိုးသာ၊ ကျွန်တော် ၁၉၆၇-သည်ဘက်ရောက်လာတော့ ပါတိတ်အင်္ကျီနှင့် ရှပ်အင်္ကျီ အရောင်များ ဝတ်တတ်လာသည်။ သူက ဟာဝေယံရှပ်အင်္ကျီ မဝတ်တော့ ၊ အပြောင်းအလဲဆိုသည်ကလည်း ပြော၍ မရ။

ကျွန်တော် ပါတိတ်ဝတ်သည်ကို ကြောင်ကြောင်ကြားကြားနှင့်ဟု ပြောတတ်သည်။ သူ့အမြင်ကတော့ ကြောင်ကြောင်ကြားကြား ၊ ကျွန်တော့်အမြင်ကတော့ ပန်းပွင့် ၊ ပါတိတ်ဆိုသည်မှာ အရှေ့တိုင်းယဉ်ကျေးမှု ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် သမ္မတများ ပါတိတ်ဝတ်ကြသည်။ စစ်မဖြစ်ခင် ကျောင်းသားဘဝကတော့ ဘန်ကောက်လုံချည်၊ ယခုအခါကျတော့ ယော၊ ရခိုင်။ ပါရဂူကတော့ ကျွန်တော့်ဆင်ယင်မှုကို သဘောတွေ့ပုံမပေါ်၊ သူက ကျွန်တော့်ထက် အဘက်ဘက်က သာသည်။ သူက အပေါင်းအသင်း

BURMESE CLASSIC .com

www.burmeseclassic.com



ကောင်းသည်။ ဝင်ဆန့်တတ်သည်။ ကျွန်တော်က အပေါင်းအသင်း မကောင်း၊ လူညံ့တစ်ယောက်၊ သူက တစ်ယောက်တည်း သူ့အိမ်နှင့်သူ နေတတ်သည်။ ကျွန်တော်ကတော့ အိမ်ရှိသူမဟုတ်။ ကျွန်တော့်ဦးလေး၊ အစ်မ တူမ စသည်တို့နှင့် ရောနေရသည်။ ကျွန်တော့်ထက် ငယ်သူများနှင့် နောက်ပိုင်းနေရမည်။ သူကတော့ တစ်ကိုယ်တည်း နေတတ်သည်။ ကျွန်တော့်ထက်အများကြီးသာသည်။ ကျွန်တော်က ဆိုင်မှာ စား၍မရ၊ သည်တော့ ကိုယ့်ချက်ပြုပေးသူနှင့် နေရသည်။ ကျွန်တော်က ကုက္ကိုင်းရိပ်သာတွင် နေရာ သူ့ထံသို့ လမ်းလျှောက်သွားပြီး တစ်ခါတစ်ရံလည်း ဘတ်စ်ကားနှင့် သွားပြီး ထိုမှတစ်ဆင့် ကန်တော်ကြီးသို့ လမ်းအတူလျှောက်သွားတတ်သည်။ စကားပြောဖြစ်ကြသည်။ စိတ်ဝင်စားမှုက မတူသည်လည်း ရှိသည်၊ တူသည်လည်းရှိသည်။ ထို့ကြောင့် ကန်တော်ကြီးတစ်ပတ်ပတ်ရင်း စကားတပြောပြော၊ သူနှင့်ပို၍ ခင်မင်ရင်းနှီးသွားရသည်။ အတွဲလည်း ဖြစ်သည်။ နေရာချင်းလည်း သိပ်မဝေးလှ၍ တတွဲတွဲ။ ကျွန်တော်က စာပေအသိုင်းအဝိုင်းလေးများ ဆုံပွဲလေးများတွင် သူ့နှင့်အတူ ထိတွေ့ရသည်။ ၁၉၅၆-အိန္ဒိယပြည် နယူးဒေလီမြို့တွင် ကျင်းပသော အာရှစာရေးဆရာ ညီလာခံသို့ သွားရသောအခါ သူ့နှင့်ပိုမိုရင်းနှီးသွားသည်။ သူ့ကို ညီလာခံ ပြင်ဆင်ရေးအတွက် ကြိုတင်စေလွှတ်ထားရသည်။ ပြင်ဆင်ရေးအဖွဲ့တွင် သူ ပါသွားသည်။

ထို့နောက် ကျွန်တော်တို့က ညီလာခံရက်တွင် နယူးဒေလီသို့ သွားကြရသည်။ ညီလာခံကြီးပြီး၍ အိန္ဒိယပြည်သို့ လှည့်လည်သောအခါ သူ့ကို ဆရာတင်ရသည်။ သူက လမ်းညွှန်၊ သူက အိန္ဒိယတွင် နေဖူးသူ ဖြစ်၍ သူ့ကို အားကိုးရသည်။ ညီလာခံတွင် ကျွန်တော်က အတွင်းရေးမှူး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရသည်။ အာဂရာမြို့ ယမုံနာမြစ်ကမ်းပါးရှိ ကမ္ဘာကျော် တာ့ချ် မဟာကျောက်ဖြူဂူဗိမာန်သို့ လိုက်ပို့သည်။ လမ်းတွင် မထုရာမြို့ကို ဖြတ်သန်းသွားရသည်။ မထုရာမြို့မှာ တဂိုး၏ကဗျာတွင် ပါသောဇာတ်လမ်းနှင့် တဂိုးဖွဲ့ထားသည်မှာ အင်မတန်လှပသည်။ ယခု ဖြတ်သန်းသွားရသည်မှာတော့ ဖုန်တထောင်းထောင်း၊ ထို့နောက် ဂင်္ဂါ

BURMESE CLASSIC .com

www.burmeseclassic.com



မြစ် ကမ်းပေါ်ရှိ ဗာရာဏသီမြို့သို့ အတူသွားကြသည်။ ဗာရာဏသီရှိ သူနေခဲ့ဖူးသော သက္ကတ သင်ရာ တက္ကသိုလ်ကို အဝေးမှလှမ်းပြသည်။ ကျွန်တော်က သူ ဗာရာဏသီသို့ စာသင်သွားရသည်ကို မှတ်မိနေသည်။ ကျွန်တော်အံ့ဩတာ တစ်ချက်ရှိသည်။ ဗာရာဏသီရှိ တက္ကစီ မောင်းသမား များက သူ့ကို နှုတ်ဆက်ကြသည်။ ကျွန်တော် အံ့ဩသွားသည်။ သူနှင့် တက္ကစီမောင်းသမားများနှင့် ဘယ်လိုပတ်သက်ပါလိမ့်၊ သူကတော့ ပြုံး လျလျ။

ထို့နောက် ဗုဒ္ဓဂယာသို့ ရောက်သည်။ ဗောဓိပင် မုဥ္စလိန္ဒာအိုင် စသည့်နေရာများသို့ ရောက်သည်။ ထိုနှစ်က သာသနာအနှစ် ၂၅၀၀ ဗုဒ္ဓ ပူဇနိယပွဲနှင့် တိုက်ဆိုင်နေ၍ တိဘက်ဘုရားဖူးများနှင့် ပြည့်ကျပ်နေသည်။ ကျွန်တော်က ဗုဒ္ဓဘုရားပွင့်ရာကို စိတ်ဝင်စားသည်။ သူက နေရဥ္ဇရာမြစ် ကို အဝေးမှ လက်ညှိုးထိုးပြသည်။ ကျွန်တော့်စိတ်ကူးထဲတွင် နေရဥ္ဇရာမြစ် မှာ လှပသည်။ သုဇာတာဃနာနို့ဆွမ်းကပ်သည့် နေရာကို မှန်းကြည့်သည်။ သို့သော် ဆောင်းဘက်ဖြစ်၍ ရေမရှိ၊ ဗုဒ္ဓဝင်မြစ်မှာ ခြောက်ခြောက်ကပ်ကပ်၊ ကျွန်တော်က ဂိဇ္ဈကုဋ်တောင် မြတ်စွာဘုရား ဒုက္ကရစရိယာ ကျင့်သည့် ဥရုဝေလတောင် စသည့် နေရာစသည်တို့ကို ကြည့်ချင်နေသည်။ သူက လိုက်မပို့။ ကျွန်တော်ကလည်း ပို့ရန်မပြောတတ်၊ သို့သော် မိဂဒါဝုန်က ကျောင်းတော်ရာဟောင်း၊ အာသောကကျောက်တိုင် စသည်များကိုတော့ လိုက်ပို့သည်။ သူက ဗာရာဏသီမြို့ကိုတော့ ကျွမ်းကျင်ပုံရသည်။ သူသည် အိန္ဒိယ ဝတ္ထုဇာတ်လမ်းများကို ဖွဲ့နွဲ့နိုင်သည်မှာ အံ့ဩစရာတော့မရှိ၊ မကြာခဏတော့ အိန္ဒိယသို့ရောက်သည်။ ကျွန်တော်ကတော့ ၂ ခေါက် မျှသာ၊ နယူးဒေလီတွင် ရှိနေစဉ် နံမည်ကျော် ကုလီဝတ္ထုရေးသူ မုလက အာနန်၊ ရာဟုလာသံကစ္စည်းစသော ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။ ဒေါက်တာ အာနန်က သူနှင့် ကျွန်တော်ရုပ်ချင်းဆင်၍ ညီအစ်ကိုလားဟုမေး သည်။ ရန်ကုန်တွင် ယူဘီအေမှ လေယာဉ်ပျံလက်မှတ် သွားဝယ်သောအခါ ယူဘီအေဥက္ကဋ္ဌကိုချစ်က ခင်ဗျားတို့ညီအစ်ကိုလားဟု မေးသည်။ သူနှင့် ကျွန်တော် ဘယ်နေရာကတူသည်ကို မသိ၊ အံ့ဩရသေးသည်။

www.burmeseclassic.com



သူဘာသာပြန်သော အမ္ဗပါလီဝတ္ထုမှာ မြန်မာစာပေလောကတွင် ကျော်သွားသည်။ ပြဇာတ်ဆရာတို့ကလည်း ကပြကြသည်။ အိန္ဒိယဇာတ်မှာ မြန်မာတို့နှင့် အကျွမ်းဝင်သည်။ ဗုဒ္ဓပွင့်ရာ အိန္ဒိယပြည် ဇာတ်လမ်းများကို မြန်မာတို့က နှစ်သက်ကြသည်။ အဖွဲ့အနွဲ့ကလည်း ကောင်းသည်။ အကြိမ်ကြိမ် ရိုက်နှိပ်ရသည်ဟု ကြားရသည်။ သူသည် ဟင်ဒီဘာသာစကားကို ကျွမ်းကျင်သူဖြစ်၍ ဟင်ဒီမှ ဘာသာပြန်သောဝတ္ထုများလည်း နည်းမည်မထင်။

သူက ကျွန်တော့်ထက် လူအကြောင်းသိသူဟု ကျွန်တော်က ယူဆထားသည်။ သူက အိန္ဒိယဇာတ်လမ်းများကို စိတ်ဝင်စားသူသာမဟုတ်၊ သတင်းစာပညာကိုလည်း သူစိတ်ဝင်စားသူ ဟုနားလည်နိုင်သည်။ သူက ဒဂုန်ခင်ခင်လေး ထုတ်ဝေသော သတင်းစာတွင် အယ်ဒီတာလုပ်ဖူးသည်ကို မှတ်မိနေသည်။ သူ့သတင်းစာတိုက်ကို သွားလည်ဖူးသည်ကို မှတ်မိနေသည်။ သူသည် လူအကြောင်းသိသူဖြစ်၍ လူ့တို့လှုပ်ရှားမှုပါဝင်သော သတင်းစာလုပ်ငန်းကို စိတ်ဝင်စားသည်ကို မအံ့ဩမိ။ ကျွန်တော်က အာရုံခံစားမှု၊ အနုပညာရသခံစားမှုများတွင် တစ်ခါတစ်ရံ ပြင်းပြသည်။ သူကျတော့ ကျွန်တော့်လောက် ပြင်းပြပုံမရ။ သံရုံးတစ်ခု၏ ညစ်ခံပွဲတစ်ခုတွင် ဝိုင်အရက်စိမ်းစိမ်းလေးကို နှစ်သက်ကာ သောက်လိုက်မိသည်။ အရောင်လှ၍ တစ်ငုံမြည်းခြင်းမျှသာ။ သူ ကျွန်တော့်ကို ငေးကြည့်နေသည်။ ကျွန်တော်က ချက်ချင်း ပြန်ချသည်။ အတော် ပြင်းတဲ့ ဝိုင်အရက်ပဲ၊ ဘာအရက်မှန်းလည်းမသိ၊ တရုတ်အရက်ကလည်း အမျိုးမျိုး၊ သူကလည်း အံ့ဩလို့မဆုံး။ ခင်ဗျားကလည်း အစိမ်းရောင်က လှတာနဲ့ သောက်တာကိုး ဟုပြောသည်။ သူကတော့ သည်လိုလူမျိုးမဟုတ်။

နန်းသီတာသို့ ကျွန်တော် သူနှင့်ပါသွားတတ်သည်။ သခင်ညီမောင်ပါသည်။ ဘီယာကို လင်မနစ်ရောထား၍ အတော်သောက်၍ ကောင်းသည်။ ကျွန်တော်က သောက်ကောင်း၍ ဖျော်ရည်ပုံစံမျိုး အောက်မေ့မိသည်။ သူ ပြောမှ သိသည်။ ခင်ဗျား တော်တော် များတယ် ဟုပြောသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်က အစားရွေး၊ လူရွေး၊ အရောင်ရွေး၊ မွှေးရနံ့ရွေး။ သည်တော့ ကျွန်တော်က အပေါင်းအသင်း မဖြစ်နိုင်။ ဒါတွေကတော့ ကျွန်တော်နှင့် ဆန့်ကျင်ဘက်၊ ဒါကြောင့် သူ့ကို ဆန့်ကျင်ဘက် မရှိ၍ ချစ်ကြခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ယခုအတိုင်းပဲ ဘာမှမတွေးမိ၊ ကျွန်တော့်ကို ဆန့်ကျင်ကြသူများ ရှိနေသည်။ ဆန့်ကျင်မှန်းလည်းမသိ။

သည်နေရာတွင် သူက ကျွန်တော့်ထက်သာသည်။ သူက ကျွန်တော့်ထက်လည်း လူ့အကြောင်းသိသူ ဖြစ်နိုင်သူဟု တွေးမိသည်။ မှန်မမှန်တော့ မပြောတတ်၊ ယခု သူ စာအုပ်တစ်ရာပြည့်ပြီဆိုတော့ နည်းသည့်လုပ်ရပ်မဟုတ်၊ ကျွန်တော်ကတော့ ဟိုစပ်စပ် သည်စပ်စပ်၊ ကဗျာလည်းရေး၊ ဝတ္ထုလည်း ရေး၊ ခရီးသွားမှတ်တမ်းလည်း ရေး ၊ ရုပ်ပုံလွှာများလည်း ရေး၊ ဝေဖန်စာလည်း ရေး၊ ပါရဂူကတော့ သတ်သတ်မှတ်မှတ်ပရိသတ် ရှိနေသည်။

ထို့ကြောင့်ပင် ထုတ်ဝေသူတို့က ထုတ်ဝေချင်ကြသည်။ စာဆိုတော်နေ့ဆိုလျှင်လည်း သူက စိတ်ပါဝင်စားစွာ လိုက်ပါ ဟောပြောတတ်သည်။ နေရာအနှံ့ ခရီးအဆန့်ကျယ်ဝန်းသည်။ ကျွန်တော်ကတော့ အဟောအပြောလည်း မသွားချင်၊ လည်ချင်သူ မဟုတ်။ သည်တော့ သူက ကျွန်တော့်ထက် အစစအရာရာ သာသည်ဟု ကျွန်တော် တွေးမိသည်။ သူ့ကိုပဲ အားကျရမည်လား မသိ။

သူနှင့်ကျွန်တော် ပုသိမ်ခရီးသို့ ခရီးသွားဖူးသည်။ သူ့ ကြည်ညိုသူက မနည်း၊ ကျွန်တော့်စာဖတ်ပရိသတ်က သူ့ လောက်ကျယ်ပြန့်မည် မထင်။ ကျွန်တော်က ပရိသတ် သတ်သတ်မှတ်မှတ် မရှိ၊ သို့သော် ကျွန်တော့်ထက် မသာသောကိစ္စလည်း ရှိသည်။ ဒါကတော့ တစ်ကိုယ်တည်း နေခြင်းဘဝပင်၊ သူက ကျွန်တော့်ထက် မသာ၊ ကျွန်တော်ကလည်း သူ့ထက် မသာ။

ဒါတစ်ခုပဲ ကျွန်တော် ရဲရဲပြောနိုင်သည်။ တစ်ခုတော့ ရှိသည်၊ ကျွန်တော် မသိတာတွေ ရှိကောင်းရှိနိုင်သည်။ ဒါကိုတော့ မပြောရဲ။

BURMESE CLASSIC .com

www.burmeseclassic.com



၁၉၈၁-လောက်စ၍ ကျွန်တော်သည် ကလော၊ အောင်ပန်းသို့ ရောက်နေသည်။ ကျွန်တော် ရန်ကုန်ရောက်နေသည့်အခါမှ တွေ့ရသည်။ကျွန်တော်နှင့် ကွာနေသော ကာလများတွင် သူဘာလုပ်သည်ကို ကျွန်တော် မသိ၊ ကျွန်တော့်ထက်သာသော ကိစ္စများ ရှိများရှိနေသလား မသိ။

**ဒဂုန်တာရာ**

**၂၉-၁၀-၉၉**

**သာမိုင်းခမ်း**

**ကမ္ဘောဇရဌ**

BURMESE CLASSIC .com

www.burmeseclassic.com

# မိမိနှင့် ပါရဂူ

(က)

လွန်ခဲ့သော တနင်္လာနေ့က ရန်ကုန်မြို့လယ်ရှိ စာပေတိုက် တစ်တိုက်သို့ ရောက်ရှိသွားရာ မိတ်ဆွေ စာရေးဆရာများနှင့် တွေ့ရသည်။ မတွေ့တာကြာပြီဖြစ်သော တက္ကသိုလ်စိန်တင်က-

"ဆရာရေ၊ လူချင်းမတွေ့တာ ကြာပေမယ့် ဆရာရေးတဲ့ တောအကြောင်း၊ တောင်အကြောင်းတော့ ချယ်ရီမှာ အမြဲတမ်း စောင့်ဖတ်နေပါတယ်။ မိမိနှင့် စာရေးဆရာတွေအကြောင်း ဖတ်လို့ကောင်းတယ်။ ရှေ့လာဘယ်သူ့အကြောင်းလဲ"

"မိမိနှင့် တက္ကသိုလ်စိန်တင်လေ"

ဖိုးကျော့က ဝင်ပြီး ပြောသည်။

ထိုအခါ တက္ကသိုလ်စိန်တင်က ကမန်းကတန်းပင်-

"ကျွန်တော်တို့က အများကြီးနောက်ကျပါတယ်။ ကျွန်တော်တို့ အကြောင်းရေးဖို့ အဝေးကြီး လိုပါသေးတယ်"

"ဆရာက လူငယ်တွေအကြောင်းကော ရေးမှာလား"

ပေါင်းတည်စန်းမြင့်က သူ့ပုံစံအတိုင်း လေသံတိုးတိုးဖြင့် မကြားတကြား မေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သည်အခါ မိမိ ပြောရသည်။

“လူငယ်တွေအကြောင်း ကျွန်တော် ရေးမှာပါ။ ရေးလည်း ရေးရမှာပဲ။ ဘာဖြစ်လဲဆိုတော့ ကျွန်တော့်ဘဝမှာ အများကြီး ဆက်စပ်နေလို့ပဲ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ခေတ်ပြိုင်တွေနှင့် စာစောပိုင်းက အကြောင်းတွေကို ရေးလိုက်ဦးမယ်။ ဒါမှပဲ ရှေ့နောက် အဆက်အစပ်ညီသွားမယ်။ ခေတ်ပြိုင်တွေအကြောင်း ရေးပြီးသွားရင် ဆရာကြီးတွေအကြောင်း ရေးရဦးမယ်။ ဒါကတော့ ဆရာကြီးတွေနှင့် ဘယ်လိုဆုံဆည်းရတယ်၊ ဘယ်လို ဆည်းပူးလေ့လာရတယ်ဆိုတာကို ရေးချင်လို့ပဲ။ အဲဒါပြီးရင် မိမိနှင့် စာရေးဆရာများအကြောင်း တစ်ကဏ္ဍပြီးသွားပြီ၊ ပထမပိုင်းအဖြစ် စာအုပ် ထုတ်မယ်လို့ စိတ်ကူးထားတယ်။ ဒုတိယပိုင်း ကတော့ စာပေလောကကို နောက်ကျပြီး ရောက်လာတဲ့ စာရေးဆရာတွေနှင့် လူငယ်တွေအကြောင်းပဲ”

မိမိနှင့် စာရေးဆရာများအကြောင်းကို စိတ်ဝင်စားကြသည့်အတွက် ဝမ်းသာပါသည်။ မည်သူ့အကြောင်း ရေးမလဲ၊ မည်သူ့အကြောင်း မရေးဘူးလား၊ မည်သူ့အကြောင်း ရေးပါဟု မေးမြန်းတိုက်တွန်းကြသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

လူငယ်စာရေးဆရာနှင့် ကဗျာစာရေးဆရာများအကြောင်း မိမိမှာ ရေးစရာတွေ အများကြီး ရှိနေပါသည်။ အကြောင်းမှာ သူတို့သည် ယနေ့စာပေ၊ ယနေ့အတွေးအခေါ်၊ ယနေ့ခေတ် ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် မိမိနှင့်ခေတ်ပြိုင်များ၊ မိမိအလျှင်ကျသူများနှင့် ဆရာကြီးများ အကြောင်းကတော့ အတော်ကလေး ပြည့်စုံဆက်စပ်သွားသည်အထိ ရေးရပါ ဦးမည်။

သည်နေရာတွင် ပြောစရာတစ်ခုတော့ ရှိမည် ထင်သည်။ မိမိထက်အလျင်နှင့် မိမိနှင့်ခေတ်ပြိုင်များထဲမှ ဘယ်နှစ်ယောက်အကြောင်း ရေးရ

BURMESE CLASSIC .com

www.burmeseclassic.com



ဦးမည်ကို မိမိ မသိပါ။ မည်သူတွေအကြောင်း ရေးမည်ဟုလည်း မိမိ စိတ်ကူးမထားပါ။ မည်သူပြီးလျှင် မည်သူ့ကို ရေးမည်ဟု စီစဉ်မထားပါ၊ တစ်လရေးရန်ရှိသောအခါမှသာ တစ်လစဉ်စားပါသည်။ ထိုတစ်လအတွင်း တွင် တစ်စုံတစ်ခုသော အကြောင်းကြောင့် တစ်စုံတစ်ယောက်အကြောင်း ရေးရန် စိတ်ကူးပေါ်မိသည်လည်း ရှိသည်။ သို့မဟုတ် ရေးရန်အချိန်နီးသော အခါတွင်မှ ဘယ်သူ့အကြောင်း ရေးရမည်နည်းဟု စဉ်းစားရှာဖွေရသည့် အခါလည်း ရှိပေသည်။ ထိုအခါများတွင် ခေါင်းထဲတွင် တစ်ယောက်ပြီး တစ်ယောက် ပေါ်လာကြပြီး တစ်ယောက်ပြီးတစ်ယောက်ဆိုသလို ပြန်ပြီး ပျောက်သွားတတ်ကြပါသည်။ သူတို့အကြောင်း ရေးချင်တာတွေ ရှိသလို မရေးချင်တာတွေလည်း ရှိ၍ ဖြစ်ပါသည်။ မရေးသင့်သည်များလည်း ရှိနေတတ်ပါသည်။

အကြောင်းကြောင်းကြောင့် ရေးရန်စိတ်ကူးမိပြီး အကြောင်း ကြောင်းကြောင့် မရေးဖြစ်သေးဘဲ ကျန်ရှိနေသူများအထဲတွင် ထိပ်ဆုံးမှ ရှိနေသူမှာ ဆရာပါရဂူပင် ဖြစ်သည်။ အမှန်အတိုင်းဆိုလျှင် သူ့အကြောင်းကို အစောကြီးကတည်းကပင် ရေးဖို့ဖြစ်သည်။ တင်စိုး၊တင့်ဆန်း၊ လင်းယုန် သစ်လွင်တို့အကြောင်း ရေးကတည်းက သူ့အကြောင်း ရေးရမည် ဖြစ် သည်။ သို့သော် မရေးဖြစ်ဘဲ လက်တုံ့နေခဲ့ပါသည်။

သို့သော် သူ့ အကြောင်းမရေးဘဲလည်း နေနိုင်မည်မဟုတ်သဖြင့် သည်လတွင်တော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ရေးလိုက်မိတော့သည်။

(ခ)

စာပေလောကသို့ မိမိ ဝင်ရောက်ရာတွင် ရန်ကုန်မြို့ တွင် မိမိ အခြေစိုက် နေထိုင်ရာတွင် မိမိအား အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့ကြသော အစ်ကိုကြီးငါးယောက်ရှိကြောင်း၊ ထိုအထဲတွင် ပါရဂူ ပါဝင်ကြောင်းကို တစ်ကြိမ်မက မိမိ ရေးခဲ့ပြီးပြီ ဖြစ်သည်။ (အခြားလေးယောက်မှာ မိုးဝေ၊ တင့်ဆန်း၊ တင်စိုးနှင့် လင်းယုန်သစ်လွင် တို့ဖြစ်ကြသည်။ တင့်ဆန်း၊ တင်စိုးနှင့် လင်းယုန်သစ်လွင်တို့အကြောင်း တောအကြောင်း၊ တောင်

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းတွင် မိမိ ရေးပြီးပြီ ဖြစ်သည်။ ကိုမိုးဝေအကြောင်းကိုမူကား 'မိမိနှင့်မိုးဝေ" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခြင်း မရှိသေးသော်လည်း စုံထောက်မဂ္ဂဇင်းတွင် 'မိုးဝေနှင့် စုံထောက် တင်မောင်ဆွေ' ဆောင်းပါးကိုလည်းကောင်း၊ မိုးဝေမဂ္ဂဇင်းတွင် "ဩဂုတ်လအလွမ်းပြေ" ဆောင်းပါးကိုလည်းကောင်း ရေးခဲ့ပြီးပြီ ဖြစ်သည်။ အခြား ဟိုနေရာ သည်နေရာတို့တွင်လည်း တို့တိတို့တိ ရေးခဲ့ပြီး ဖြစ်သည်။ သို့သော် ပြည့်စုံလုံလောက်ပြီကား မဟုတ်ပါချေ။

တစ်နေ့တွင် 'မိမိနှင့် မိုးဝေမဂ္ဂဇင်း' ဟု စာအုပ်တစ်အုပ် သီးခြားရေးဖြစ်ခဲ့လျှင် မိုးဝေမဂ္ဂဇင်း ဖြစ်ပေါ်လာရခြင်း၏ အရင်းအမြစ် ဖြစ်သောသူ့အကြောင်းကို မိမိသိသမျှ အလုံးစုံကို တင်ပြနိုင်လိမ့်မည်ဟု ထင်ပါသည်။ မိမိနှင့် မိုးဝေ မဂ္ဂဇင်းအကြောင်းကို ရေးမှလည်း မိမိ၏ စာပေဘဝသည် ပြည့်စုံခြင်း ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ မိမိ၏ လက်ရှိ စာပေသက် ၃၆-နှစ်အနက် တစ်ဝက်ကျော်ကျော်သည် စုံထောက်မဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်းနှင့် ပတ်သက်နေသောကြောင့်ဖြစ်သည်။ မိမိသည် မိုးဝေ မဂ္ဂဇင်းနှင့် ပတ်သက်ပြီး ထိုက်သင့်သောစာပေအကျိုးကျေးဇူးများ ရရှိခဲ့သလို ကိုယ်ရေးကိုယ်တာ နစ်နာဆုံးရှုံးမှုများလည်း များစွာ ဖြစ်ခဲ့ရသည်။ တစ်ကြိမ်က အင်မတန်ရင်းနှီးခင်မင်ခဲ့ရသော ဆရာပါရဂူနှင့် နောက်ပိုင်းတွင် အနေဝေးသွားရသည်မှာလည်း မိုးဝေမဂ္ဂဇင်းကြောင့်ပင် ဖြစ်ပါသည်။

ပါရဂူကို လူမဖြစ်ခင်ဘဝကတည်းကပင် မိမိ သိကျွမ်းခဲ့ရသည်။ လူမဖြစ်ခင်ဘဝဆိုသည်မှာ ဘုန်းကြီးဘဝကို ဆိုလိုပါသည်။

အလားတူပင် ဦးဆန်းထွန်းကိုလည်း ရှင်ဉာဏိဿရ ဘဝ ကတည်းကပင် သိရှိခဲ့ရပါသည်။ တစ်ခုပဲ ထူးခြားသည်။ ရှင်ဉာဏိဿရ သည် လူဖြစ်သောအခါ ဆန်းထွန်း (မန်းတက္ကသိုလ်) ဟူသော ကလောင်အမည်ဖြင့် စာဆက်ရေးသည်။ ပါရဂူက လူအမည် ဦးလှကြိုင် ဖြစ်လာသော်လည်း 'ပါရဂူ' ကို ကလောင်အမည်ဖြစ်ဖြင့် ဆက်ယူထားသည်။ ယင်းကြောင့် သူက ရဟန်းဝတ်နှင့်ပဲ ဖြစ်စေ၊ လူဝတ်နှင့်ပဲဖြစ်စေ ပါရဂူပဲ ဖြစ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မိမိသည် ရှင်ဉာဏိဿရ ပြန်ဆိုခဲ့သော ရာဟုလာ သံကိစ္စည်း၏ 'ဗော်လဂါမှ ဂင်္ဂါသို့' နှင့် 'ဗုဒ္ဓအမြင်' တို့ကို အထူးပင် နှစ်သက်စွဲလမ်းခဲ့သည်။ ထိုမှမက ရာဟုလာသံကိစ္စည်းကိုလည်း လေးစားခဲ့ရသည်။ ရှင်ဉာဏိဿရကိုလည်း လေးစားခဲ့ရသည်။ ရှင်ဉာဏိဿရသည် ဗော်လဂါမှ ဂင်္ဂါသို့ကို လူထုတွင် ဘာသာပြန်ဆို ထည့်သွင်းခဲ့စဉ်က အချို့သော စာပိုဒ်များနှင့် အချို့သော စာပိုဒ်များကို ချန်လှပ်ထားခဲ့သည်။ သို့သော် ယင်းစာပိုဒ်များနှင့် အပုဒ်များကို နောက်ပိုင်းတွင် ပါရဂူက ဖြည့်စွက်ပြန်ဆိုခဲ့သည်။ ထိုအခါ ပါရဂူ ဟူသည်ကို စိတ်ဝင်စားမိရသည်။ ပါရဂူအကြောင်း ဦးဆန်းထွန်းထံတွင် စုံစမ်းသောအခါ ၎င်း၏ တူတော်ကြောင်း၊ ရန်ကုန်မြို့တွင် ရဟန်းဝတ်နှင့် ရှိကြောင်း သိရှိရသည်။

သို့ဖြင့် မိမိရန်ကုန်သို့ ရောက်ရှိလာသောအခါ ပါရဂူကို သူနေထိုင်ရာ ဗဟန်းကျောင်းတိုက်မှာပင် ကိုတင်စိုးနှင့်အတူ သွားရောက် တွေ့ဆုံမိတ်ဆက်ရသည်။ ကိုတင်စိုးသည် ပါရဂူနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သဖြင့် မိမိလည်း ကိုတင်စိုးနှင့် ဆက်စပ်ပြီး သူနှင့်ခင်မင်ရင်းနှီးရတော့သည်။

ဦးဆန်ထွန်းကို မန္တလေးတွင် မိမိတို့ လူဝတ်လဲပေးခဲ့ရသလို ပါရဂူကိုလည်း ကန်တော်ကလေး ကိုတင်စိုးအိမ်တွင် မိမိတို့ကပင် လူဝတ်လဲပေးခဲ့ကြရသည်။ သို့သော် သူတို့နှစ်ယောက် လူထွက်သည်မှာ မိမိတို့ ပယောဂမဟုတ်ပါ။ သို့သော် သူတို့လူဖြစ်သောအခါ သူတို့ကို လူတွေ တတ်အပ်သော အတတ်ပညာများကို တတ်အောင် သင်ကြားပေးသူများတွင်ကား မိမိတို့ ပါဝင်ပါသည်။ ဥပမာ ပါရဂူကို ဘီယာသောက်တတ်အောင် မိမိတို့ စိတ်ရှည်လက်ရှည်ဖြင့် အပင်ပန်းခံကာ သင်ကြားပေးခဲ့ရသည်။ သို့သော် သူ့ကို မိန်းမပေးစားရန် ကြိုးစားခဲ့သည်မှုကား မအောင်မြင်ပါ။

သည်နေရာတွင်တော့ သူ့ဦးလေးနှင့် ကွာလှသည်။ ဦးဆန်းထွန်းက လူထွက်ပြီး မကြာမီမှာပင် မိမိနှင့် မောင်သာနိုးကို သူ၏ ဇနီးလောင်းအိမ်သို့ ခေါ်သွားသည်။ သူ၏ ဇနီးလောင်းက မိန်းမချော တစ်ယောက်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သလို စိတ်သဘောလည်း ကောင်းသည်။ သို့ဖြင့် သူတို့၏ သင်္ဂဟအိမ်သည် မိမိတို့၏ စားအိမ်သောက်အိမ် ဖြစ်ရတော့သည်။ သင်္ဂဟ ချောင်းပေါ်တွင်မေးတင်ထားသော သူတို့၏အိမ်သည် ညနေဘက်တွင် လေကလေး တဖြူးဖြူးနှင့် ရှုခင်းသာတစ်ခု ဖြစ်တော့သည်။

ဦးဆန်းထွန်း လက်ထပ်သောအခါ မိမိတို့လူငယ်ကိုးဦး တစ်ယောက်ငါးကျပ်စီစုပြီး တိုင်ပုခက်တစ်လုံး လက်ဖွဲ့ခဲ့သည်။ပုခက်ကို မြင်းလှည်းနှင့်တင်ပြီး မင်္ဂလာဆောင် အခမ်းအနား ကျင်းပရာ ယူနီဗာဆယ်ခန်းမထဲသို့ သယ်ယူသွားကြရသည်မှာ ပျော်စရာကြီးပင် ဖြစ်သည်။

ဤအကြောင်းကို ပါရဂူအား မိမိပြောပြသော်လည်း သူ အားကျပုံမရပါ။ တချို့ ဘုန်းကြီးတွေ လူထွက်သည်မှာ မိန်းမယူလို၍ဟု ဆိုကြသည်။ ဤအဆိုသည်သူနှင့်ကား မည်သို့မျှ မပတ်သက်ပါ။ သူ၏ဘဝသည် သက်န်းအစား ပုဆိုးဝတ်ထားသော်လည်း ဘုန်းကြီးဘဝနှင့်မည်သို့မျှ မခြားနားပါ။ သူသွားပုံလာပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံတို့သည် သိက္ခာကြီးမားသော ဆရာတော်တစ်ပါးပင် ဖြစ်သည်။ဘုန်းကြီးဘဝတုန်းကမှ ဘုန်းကြီးကျောင်းတွင် နေသည်မှာ တခြားဘုန်းကြီးများနှင့်အတူ ဖြစ်သည်။ လူဖြစ်သောအခါ တိုက်အိမ်ကလေးတစ်လုံးတွင် တစ်ယောက်တည်း နေထိုင်သဖြင့် ပို၍ပင် ဘုန်းကြီးဆန်သွားတော့သည်။ ကမ္မဋ္ဌာန်းကျောင်းကလေးတွင် တစ်ပါးတည်းတရားအားထုတ်နေသည့်ပမာ ဖြစ်သည်။ သူ့အိမ်မှာက စာအုပ်တွေပဲ ရှိသည်။ စာအုပ်တွေကလည်း များသောအားဖြင့် ဘာသာရေးစာအုပ်တွေ ဖြစ်ကြသည်။

"ခင်ဗျား တစ်ယောက်တည်း နေရတာ မပျင်းဘူးလား"

သူ့ကို မိမိ ဟိုတုန်းက မေးဖူးသည်။

"ဘာပျင်းစရာရှိသလဲဗျာ"

သူက ပြန်မေးသည်။

သူ့အမေးကို မိမိ ဘာပြန်ဖြေရမှန်း မသိပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ညှော့သည်တွေ မလာလျှင် သူ စာဖတ်သည်။ စာရေးသည်။ ညှော့သည်တွေလာလျှင် ကန်တော်ကြီးစောင်းကို ခေါ်သွားပြီး လက်ဖက်ရည်တိုက်သည်။ ထမင်းကျွေးသည်။ စကားပြောကြသည်။

အင်း ဘာပျင်းစရာ ရှိသလဲ။

သူ လူဝတ်လဲပြီး မကြာမီတွင် အိန္ဒိယသံရုံးတွင် ဘာသာပြန်အယ်ဒီတာအဖြစ် ဝင်လုပ်သည်။ သူရေးသော စာအုပ်များကိုလည်း သူ့ဘာသာ သူ ထုတ်ပြီး သူ့ ဘာသာ ဖြန့်ချိသည်။ သူ့စာအုပ်တွေက တစိမ့်စိမ့် ရောင်းနေရသော စာအုပ်များ ဖြစ်သည်။ သူသည် တစ်ယောက်တည်းသမားဖြစ်သဖြင့် သံရုံးမှရသော လခ၊ စာရေး၍ရသော စာမူခ၊ စာအုပ်တိုက်မှရသော ဝင်ငွေတို့ဖြင့် ပိုပိုလျှံလျှံရှိသည်။ ယင်းအတွက် သူသည် ဘုန်းကြီးဘဝမှ ထွက်လာပြီးနောက် မိမိတို့၏ ဒကာတစ်ယောက်ဖြစ်နေရတော့သည်။ သူသည် မိမိတို့ကို လက်ဖက်ရည်တိုက်ရုံ၊ ထမင်းကျွေးနိုင်ရုံသာမက ပိုက်ဆံလိုလျှင် ချေးရသည်။

သူ အလုပ်လုပ်သောသံရုံးနှင့် ကိုတင်စိုး အလုပ်လုပ်သော သမဝါယမဆိုင်တို့သည် အလှမ်းမဝေးလှသဖြင့် မိမိတို့သည် နေ့လည်ခင်းနှင့်ညနေဘက်များတွင် အတွေ့အဆုံ များကြသည်။ အတူသွား အတူလာများဖြစ်ကြသည်။

နောက်ပိုင်းတွင် သူနှင့်မိမိသည် လင်းယုန်သစ်လွင်နှင့်ပေါင်းပြီး သတင်းစာတစ်စောင် ထုတ်ဝေရန် ကြိုးပမ်းခဲ့သည်။ သို့သော် သတင်းစာမထုတ်ဖြစ်ဘဲ ဂျာနယ် ဖြစ်သွားသည်။ 'မိုးသောက်' ဂျာနယ် ဖြစ်သည်။

တဖန် အာသာဝတီမဂ္ဂဇင်းကို အပေါင်းအသင်း ကိုကျော်ညွှန့်နှင့်တွဲပြီး ထုတ်ဝေပြန်သောအခါ မိမိသည် ပင်တိုင်စာရေးဆရာတစ်ယောက်ဖြစ်ခဲ့ရသည်။ ထိုမျှမက သမဝါယမက ထုတ်ဝေသော သက်လျာမဂ္ဂဇင်းတွင် ဦးသော်ဇင် အယ်ဒီတာဖြစ်သောအခါ တွင်လည်း သူနှင့်ပတ်သက်ပြီး မိမိရေးရပြန်သည်။ ဒဂုန် ဦးထွန်းမြင့်နှင့် ဦးသော်ဇင်တို့ကို သူနှင့် ပတ်သက်ပြီး မိမိ သိကျွမ်းခဲ့ရခြင်း ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



(ယ)

မိမိ အယ်ဒီတာလုပ်သော စုံထောက်မဂ္ဂဇင်းနှင့် မိုးဝေမဂ္ဂဇင်း တို့တွင်လည်း သူ ရေးခဲ့သည်။ ထို့နောက် မိုးဝေမဂ္ဂဇင်းမှ မိမိ ထွက်ခဲ့သည်။ မိုးဝေမှာ ဆက်ပြီး ရေးနေသည်။ သို့သော် မိုးဝေမဂ္ဂဇင်းကို ဒုတိယအကြိမ် မိမိ ပြန်လည် တည်းဖြတ်သောအခါတွင်ကား သူ မရေးတော့ပါ။

သူ့အိမ်သို့သွားပြီး မိမိ စာမူတောင်းသည်။ သူ့ကို အိမ်မှာ မတွေ့ရ။ စာပေစိစစ်ရုံးတွင် တွေ့ရသည်။ သို့ဖြင့် ရုံးအဝင်ဝ ခုံတန်းရှည် ကလေးအပေါ်တွင် ထိုင်ပြီး မိမိတို့ စကားပြောကြသည်။

မြသန်းတင့်ကို စာမူပေးရန် မိမိတောင်းသည်။ သူကပေးမည် ပြောသည်။ ပေးလည်းပေးသည်။ ခင်ဆွေဦး၏ တောင်ဥက္ကလာပအိမ်သို့ သွားပြီး မိုးဝေတွင် ဆက်ရေးရန် ပြောသည်။ သူက ရေးမည်ဟု ပြော သည်။ လက်တွေ့တွင် မရေးပါ။

ယခု သူက ရှင်းသည်။ မရေးနိုင်ဟု ဆိုသည်။ သူမရေးသည်မှာ မိမိကြောင့် မဟုတ်။ ယခင် အယ်ဒီတာအဖွဲ့ကို အားနာ၍ဟု ဆိုသည်။

"ကျွန်တော် မရေးတာ ခင်ဗျားကြောင့် မဟုတ်ပါဘူး။ ခင်ဗျား အတွက်ဆိုရင် ကျွန်တော် ရေးပေးရမှာပေါ့။ ဒါပေမဲ့ ကောင်လေးတွေက ခုလို ပြုန်းစားကြီး ထွက်ပေးရတာကိုတော့ ကျွန်တော် မကြိုက်ဘူး။ သူတို့အတွက် ကျွန်တော် စိတ်မကောင်းဘူး။"

ထိုအခါ မိမိက ဤကိစ္စ မိမိနှင့် မဆိုင်ကြောင်း၊ ထုတ်ဝေသူနှင့်သာ ဆိုင်ကြောင်း၊ မိမိအနေနှင့် မိုးဝေကို ပြန်လုပ်ရန် လုံးဝစိတ်မကူးခဲ့ကြောင်း၊ ထုတ်ဝေသူက အခက်အခဲတွေ့ နေ၍ အကူအညီတောင်းသဖြင့်သာ မိမိ၏ ဆရာ ကိုမိုးဝေကို ကျေးဇူးထောက်သည့်အနေဖြင့် လုပ်ရကြောင်း ရှင်းပြသည်။

"ခင်ဗျားပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ခင်ဗျား တာဝန် ဘာမှမရှိပါဘူး။ ဒါပေမဲ့ ကောင်လေးတွေအတွက် စိတ်မကောင်းလို့ ကျွန်တော် မလုပ်ပါရစေနဲ့"

BURMESE CLASSIC .com

www.burmeseclassic.com



ပြောသည့်အတိုင်းပဲ သူ မရေးပါ။ ရေးလက်စဆောင်းပါးကို တစ်ပိုင်းတန်းလန်းဖြင့် ဖြတ်ပစ်ခဲ့သည်။ သို့သော် သူနှင့် မိမိသည် တွေ့လျှင် ခေါ်မြဲ၊ ပြောမြဲပင် ဖြစ်သည်။ တစ်ခုပဲ ပြောစရာရှိသည်။ အတွေ့တော့ နည်းနည်းကျဲသွားသည်။

"မိုးဝေ" မှ ဒုတိယအကြိမ် မိမိထွက်ပြီး မကြာမီတွင် သူနှင့် တွေ့သည်။ မင်းကျော် အဖော်ခေါ်သဖြင့် စာပေလုပ်သား မဂ္ဂဇင်းတိုက်သို့ အသွား ဗိုလ်ချုပ်လမ်းနှင့် ဘားလမ်းထောင့်တွင် တွေ့ကြခြင်း ဖြစ်သည်။

သူက-
"ခင်ဗျား မိုးဝေမှာ မလုပ်တော့ဘူးဆို"
"ဟုတ်တယ်"
"အခု စာတွေ သိပ်ရေးနေတယ်လို့ ပြောတယ် ဟုတ်လား"
"ဒီအလုပ်ပဲရှိတာပဲ"
"ကောင်းပါတယ်"

"ကောင်းပါတယ်" ဟူသော စကား၏အဓိပ္ပာယ်ကို မိမိ သေသေချာချာ နားမလည်သော်လည်း စေတနာကောင်းဖြင့် ပြောသည်ဟု ယူဆမိပါသည်။

ကောင်းပါသည်။

**နတ်နွယ်**
**ချယ်ရီ၊ ဒီဇင်ဘာ၊ ၁၉၈၆**

BURMESE CLASSIC .com

www.burmeseclassic.com

## ဆရာပါရဂူ၏ ဒဿနကို တစေ့တစောင်းလှေ့လာခြင်း

၁၉၉၉ခုနှစ်၊ ဇန်နဝါရီလထုတ် မိုးဂျာနယ်တွင် ဆရာပါရဂူ၏ **"ဇေယျနှင့် ဇေယျသတင်းစာ"** ဟူသော ဆောင်းပါး ပါရှိပါသည်။ ထိုဆောင်းပါး၌ ဆရာပါရဂူက ဆရာဇေယျ၏စာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးခဲ့ပါသည်။

> "ဇေယျလို စာရေးဆရာမျိုး၏ ဆောင်းပါး သို့မဟုတ် ဝတ္ထုကို ဖတ်လျှင်မူ စာအရေးအသား ပြောမလား၊ အတွေးအခေါ် ပြောမလား၊ ဆင်ခြင်တုံတရားပြောမလား၊သင်ခန်းစာပြောမလား၊ တစ်ခုခုတော့ မလွဲမသွေကျန်ရစ်ခဲ့လေသည်။ထို့ကြောင့်ဆရာဇေယျရေးသားသောစာများကို ဂရုစိုက်ဖတ်သည်။"

ဆရာဇေယျ၏ စာများလိုပင်ဆရာပါရဂူ၏စာများကို ဖတ်လျှင်လည်း စာအရေးအသားပြောမလား၊ အတွေးအခေါ်ပြောမလား၊ဆင်ခြင်တုံတရားပြောမလား၊ သင်ခန်းစာပြောမလား။ တစ်ခုခုတော့ မလွဲမသွေ ကျန်ရစ်ခဲ့လေသည်။အထူးသဖြင့် အတွေးအခေါ် သို့မဟုတ် ဒဿနသည် ကျန်ရစ်ခဲ့လေသည်။ ထို့ကြောင့် ကျွန်တော်သည် ဆရာပါရဂူ၏စာများကို ဂရုစိုက်ဖတ်ခဲ့ပါသည်။

ဆရာပါရဂူသည် သူရေးသောစာများ၌ သူခံယူထားသော ဒဿနများကို အမှတ်မထင် ဖော်ပြလေ့ရှိပါသည်။ တစ်ခါတစ်ရံစာ၏ အစတွင် ဖော်ပြတတ်သည်။ တစ်ခါတစ်ရံ စာ၏ အလယ်လောက်တွင် ဖော်ပြတတ်

www.burmeseclassic.com



ပါသည်။ တစ်ခါတစ်ရံ စာ၏ နိဂုံးတွင် ဖော်ပြတတ်ပါသည်။ ဆရာ့စာများတွင် ဒဿနမပါသော စာဟူ၍ မရှိသလောက် ဖြစ်ပါသည်။ ထိုသို့ ဖြစ်ရသည်မှာလည်း သဘာဝကျပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာ ကိုယ်တိုင်က ဒဿနသည် စာပေ၏အသက်ဖြစ်သည်ဟု ခံယူထားသော ကြောင့် ဖြစ်ပါသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ ဆရာပါရဂူသည် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလထုတ် မိုးဂျာနယ်တွင် ပါသော "ဇော်ဂျီ၊ ရာမ၊ ပလေတို" ဆောင်းပါး၌ အောက်ပါအတိုင်း ရေးခဲ့ပါသည်။

> "အနုပညာဖန်တီးရာ၌ အတွေးအခေါ် သို့မဟုတ် စိတ်ကူး သို့မဟုတ် ဒဿနသည်အနုပညာ၏အသက်ဖြစ်သည်။ အတွေး အခေါ် သို့မဟုတ် စိတ်ကူး သို့မဟုတ် ဒဿနမပါသော အနုပညာ သည် ဆားမပါသောဟင်းကဲ့သို့ ပေါ့ပျက်ပျက်ဖြစ်နေတတ်သည်။"

ကျွန်တော်သည် ဒဿနပညာမြတ်နိုးသူဖြစ်သည့်အလျောက် ဆရာ ပါရဂူ၏စာများ၌ ဆရာ အမှတ်မထင် ဖော်ပြထားသော ဒဿနများကို ရှာဖွေလေ့လာခဲ့ပါသည်။ ဤဆောင်းပါး၌ ကျွန်တော်ရှာဖွေလေ့လာထား သော ဒဿနများကို စာဖတ်သူတို့ လေ့လာနိုင်စေရန် တင်ပြမည် ဖြစ်ပါ သည်။

ထိုသို့ မတင်ပြမီ "ဒဿန" ဟူသော ဝေါဟာရနှင့်စပ်လျဉ်းသော ဆရာပါရဂူ၏ သဘောထားကို ဦးစွာဖော်ပြလိုပါသည်။ ဆရာပါရဂူက "ဒဿန" ဟူသော ဝေါဟာရကို အသုံးပြုထားသောအခါ "Philiso-phy" ဟူသော အနက်အဓိပ္ပါယ်ဖြင့် အသုံးပြုသည်ဟု ဆိုပါသည်။ မြန်မာစာပေလောက၌ "Philisophy" ဟု ဆိုလိုက်လျှင် "ဒဿနိက ဗေဒ" ကို ဆိုလိုသည်ဟု နားလည်နေကြသည်။ စင်စစ်အားဖြင့် "ဒဿန" ဟူသော ဝေါဟာရနှင့် "ဒဿနိကဗေဒ" ဟူသော ဝေါဟာရတို့သည် အနက်အဓိပ္ပါယ်ချင်း မတူပါ။ ထိုအချက်နှင့်စပ်လျဉ်း၍ ဆရာပါရဂူသည်။ ၁၉၉၅ ခုနှစ် နိုဝင်ဘာလထုတ် စာပေဂျာနယ်၌ ပါရှိသော "ဂမ္ဘီရ" ဆောင်း ပါး၌ ဤသို့ ဖော်ပြခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"မူရင်း အဓိပ္ပါယ်ကို မမှန်မကန် အသုံးပြုနေသော ယနေ့ မြန်မာဝေါဟာရထဲတွင် ခေတ်စားနေသည့် အခြားစကားလုံး တစ်လုံးမှာ 'ဒဿနိကဗေဒ' ဟူသောစကားလုံးဖြစ်သည်။ 'ဒဿနိက ဗေဒ'၌ ပါသော 'ဒဿနိက' သည် "Philosophy" ဟူသော အနက်အဓိပ္ပါယ် မဟုတ်ပေ။ "Philosopher" ဟူသော အနက် အဓိပ္ပါယ် ဖြစ်သည်။ 'ဒဿနိက' အစား 'ဒဿန' ဟု အသုံးပြုလျှင် မှန်ဦးမည်။ 'ဒဿန' ၏ အနက်အဓိပ္ပါယ်သည် 'Philosophy' ဖြစ်သည်။"

ဆရာပါရဂူရေးခဲ့သော စာများကို လေ့လာကြည့်လျှင် အများစုမှာ ဗုဒ္ဓဝါဒနှင့် နှီးနွှယ်နေသော စာများဖြစ်နေသည်ကို တွေ့ရသည်။ ဆရာ ပါရဂူသည် ဗုဒ္ဓဝါဒနှင့်နှီးနွှယ်သောစာများကို ရေးရာ၌ပင် ဗုဒ္ဓဝါဒ နှင့် စပ်လျဉ်း၍ သူခံယူထားသော ဒဿနများကို အလျဉ်းသင့်သလို ဖော်ပြ တတ်ပါသည်။"

အနောက်တိုင်းဒဿနပညာရှင်များသည် ၂၀ရာစုနှစ် ဒဿနပညာ ၏ လက္ခဏာရပ်များကို ဖော်ပြရာ၌ ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ကို အလူးအလဲခံလိုက်ရသော အနောက်နိုင်ငံသားတို့သည် အနောက်တိုင်း ဒဿနတို့အပေါ် ကျေနပ်မှုမရှိတော့ဘဲ အရှေ့တိုင်းဒဿနများဆီသို့ မျှော်ကြည့်လာကြသည်ဟူသောအချက်ကို လက္ခဏာတစ်ရပ်အဖြစ် ဖော်ပြ တတ်ကြပါသည်။

အနောက်တိုင်းသားတို့သည် အရှေ့တိုင်းဒဿနများဆီသို့ မျှော်ကြည့် လိုက်သောအခါ ငြိမ်းအေးမှုပေးစွမ်းနိုင်သော ဗုဒ္ဓတရားတော်ကို တွေ့လာ ကြသည်။ ဆရာပါရဂူသည် ထိုအချက်ကို သူ့စာများ၌ အခွင့်ကြုံသည့်အခါ တိုင်း တင်ပြခဲ့သည်။ "ပရကထာ" စာအုပ်လာ "ဓနုဖြူဦးအေးမောင်" ဆောင်းပါး၌ ဤသို့ တင်ပြခဲ့သည်။

"အမှောင်ထဲရောက်နေသူသည် အလင်းရောင်ကိုရှာသည်။
ချောက်ကမ်းပါးထဲကျနေသူသည် ကုန်းပေါ်တွင်တက်ရန် နွှယ်ပင်

www.burmeseclassic.com



ကိုကြည့်သည်။ နွံတွင်းနစ်နေသူသည် နွံတွင်မှ ရုန်းထွက်နိုင်ရန် အကူအညီတစ်ခုကို လိုလားသည်။ သောကရောက်နေသူသည် နှစ်သိမ့်မှုတစ်ခုကို ရှာကြံသည်။ ဒုတိယကမ္ဘာစစ်သည် လူတို့အား အမှောင်ထဲသို့ ပို့ခဲ့သည်။ ချောက်ကမ်းပါးထဲသို့ ကျစေခဲ့သည်။ နွံနစ်စေခဲ့သည်။ သောကရောက်စေခဲ့သည်။ ကမ္ဘာစစ်ကြောင့် အမှောင်ထဲ ရောက်ခဲ့ကြသော၊ ချောက်ကမ်းပါထဲ ကျခဲ့ကြသော၊ နွံတွင်းနစ်ခဲ့ကြသော၊ သောကများခဲ့ကြရသောလူတို့သည် အလင်းရောင်ရှာကြသည်။ နွယ်ပင်ကို ကြည့်ကြသည်။ အကူအညီတစ်ခုကို လိုလားကြသည်။ နှစ်သိမ့်မှုတစ်ခုကို ရှာကြံကြသည်။ ထိုအခါ သူတို့၏ ရှေ့မှောက်တွင် အရာဝတ္ထုတစ်ခုကို သွားတွေ့သည်။ ထိုအရာကား။ စိတ်နှလုံးငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်သော ဗုဒ္ဓတရားတော် ဖြစ်သည်။”

ထို့ပြင် ပဏ္ဍိတကထာ စာအုပ်အမှာစကား၌လည်း ဆရာပါရဂူက ဤသို့ တင်ပြခဲ့ပါသည်။

“အမှန်တရားကို လိုလားသော လူတို့သည် အမှန်တရားကို စူးစမ်းရှာဖွေကြသည်။ ငြိမ်းချမ်းမှုကို လိုလားသောလူတို့သည် ငြိမ်းချမ်းမှုကို စူးစမ်းရှာဖွေကြသည်။ ဒုက္ခကြုံတွေ့ နေရသောလူတို့သည် ဒုက္ခကင်းဝေး ပပျောက်စေသည့် နည်းလမ်းကို စူးစမ်းရှာဖွေကြသည်။ အမှန်တရားကို စူးစမ်းရှာဖွေသောလူတို့သည် အမှန်တရားကို တွေ့သွားကြသည်။ ထိုအမှန်တရားကား ဗုဒ္ဓတရား ဖြစ်သည်။ ငြိမ်းချမ်းမှုကို စူးစမ်းရှာဖွေလိုသော လူတို့သည် ငြိမ်းချမ်းမှုကို တွေ့သွားကြသည်။ ထိုငြိမ်းချမ်းမှုကား ဗုဒ္ဓတရား ဖြစ်သည်။ ဒုက္ခကင်းဝေး ပပျောက်စေသည့်နည်းလမ်းကို စူးစမ်းရှာဖွေ ကြသော လူတို့သည် ဒုက္ခကင်းဝေးပပျောက်စေသည့် နည်းလမ်းကို တွေ့သွားကြသည်။ ထိုနည်းလမ်းကာ ဗုဒ္ဓတရား ဖြစ်သည်။”

www.burmeseclassic.com



ဗုဒ္ဓဝါဒ၌ ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်းဟူ၍ ဂိုဏ်းကြီး နှစ်ဂိုဏ်းရှိနေပါသည်။ ဆရာပါရဂူသည် ထိုဂိုဏ်းကြီးနှစ်ဂိုဏ်းကို ဆင်ခြင်တုံးတရားဖြင့် မျှမျှတတသုံးသပ်ပါသည်။ ဂိုဏ်းတစ်ခုစီ၌ လေးစား အပ်သော အချက်များရှိသည်ဟု ဆရာပါရဂူက ယူဆပါသည်။ ထိုအချက် နှင့်စပ်လျဉ်း၍ "ပရကထာ" စာအုပ်လာ "မျိုးချစ်ပညာရှင်စာရေးဆရာ" ဆောင်းပါး၌ ဆရာပါရဂူက ဤသို့ ရေးခဲ့ပါသည်။

> "ဗုဒ္ဓဘာသာတွင် ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်း ဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားနေသည်။ ထေရဝါဒဂိုဏ်းကို တောင်ပိုင်း ဗုဒ္ဓဘာသာ ဟူ၍ လည်းကောင်း၊ မဟာယာနဂိုဏ်းကို မြောက်ပိုင်း ဗုဒ္ဓဘာသာ ဟူ၍လည်းကောင်း ဒေသအလိုက် တစ်နည်းတစ်ဖုံအား ဖြင့်လည်း ခေါ်စမှတ်ပြုကြသည်။ မဟာယာနဂိုဏ်းတွင် ထေရဝါဒ ဂိုဏ်းအနေနှင့် လက်ခံနိုင်ဖွယ်မရှိသည့်အချက်များစွာ ရှိသကဲ့သို့ အလေးထိုက်ပြသည့် အချက်များလည်းရှိသည်။ မဟာယာနဂိုဏ်း တွင်ရှိသော ကြွယ်ဝသည့် ဒဿနပညာစာပေနှင့် ပရဟိတသူတစ်ပါး အကျိုးပြု ဗောဓိသတ္တအယူအဆတို့မှာ မသိကျိုးကျွံ ပြုလုပ်ထား ထိုက်သည့် အရာများမဟုတ်ပေ။ ထိုအချက်များကြောင့်သာလျှင် မဟာယာန ဗုဒ္ဓဘာသာသည် ကမ္ဘာတစ်ဝန်း၌ ယခုလောက် ထွန်းကား ပြန့်ပွားနေခြင်းဖြစ်သည်။

ထေရဝါဒဂိုဏ်းနှင့် မဟာယာနဂိုဏ်းတို့သည် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း အပြန်အလှန်ဝေဖန်သုံးသပ်ခဲ့ကြသည်။ ထိုသို့ဝေဖန်သုံးသပ်ရာ တွင် ဆင်ခြင်တုံတရားကို အသုံးမပြုဘဲ ကိုယ်လိုရာကိုယ်ဆွဲပြီး လွန်လွန် ကျွံကျွံ ဝေဖန်သုံးသပ်မှုများ ရှိခဲ့ပါသည်။ ထိုသို့သော ဝေဖန်သုံးသပ်မှု မျိုးသည် မဖြစ်သင့်၊ မဖြစ်ထိုက်သော ဝေဖန်သုံးသပ်မှုမျိုးနှင့် ဖြစ်သည်ဟု ဆရာပါရဂူက ယူဆပါသည်။ ထိုသို့သောဝေဖန်သုံးသပ်မှုမျိုးနှင့် စပ်လျဉ်း ၍ ဆရာပါရဂူက အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"အယူဝါဒတစ်ခုကို လေ့လာသုံးသပ်ပြီး မိမိ မကြိုက်၊ မနှစ်သက်သည့်အရာကို တွေ့မှဝေဖန်သင့်သည်။ အယူဝါဒတစ်ခုကို လေ့လာ သုံးသပ်ခြင်းလည်းမပြုဘဲ ထိုအယူဝါဒနှင့် ပတ်သက်၍ နကန်းတစ်လုံးမျှလည်း နားမလည်ဘဲ ဝါလုံးရှည်နှင့်သိမ်းရမ်းပြီး "မိစ္ဆာဒိဋ္ဌိ" တံဆိပ်တပ်ထားခြင်းမှာမူ ဝိဘဇ္ဇဝါဒီတို့၏ အလုပ်မဟုတ်ပေ။"

ဆရာပါရဂူသည် ဗုဒ္ဓဘာသာဝင်တို့ အစဉ်အဆက် လက်ခံလာကြသော အယူအဆများကိုလည်း ဝေဖန်သုံးသပ်ခဲ့ပါသည်။ ထိုသို့ ဝေဖန်သုံးသပ်ရင်း သူ ခံယူထားသောဒဿနများကို အလျဉ်းသင့်သလို ဖော်ပြခဲ့ပါသည်။

ဘုရားစေတီတော်များများ၌ "အမျိုးသမီး မဝင်ရ"၊ "အမျိုးသမီးမတက်ရ" ဟူသော ဆိုင်းဘုတ်များကို တွေ့ရတတ်ပါသည်။ ထိုဆိုင်းဘုတ်များသည် မိန်းမနှင့်ယောကျ်ား အဆင့်အတန်းခွဲခြားမှုကို ဖော်ပြနေသည်ဟု ဆရာပါရဂူက ယူဆသည်။ ဗုဒ္ဓမြတ်စွာသည် မိန်းမနှင့် ယောကျ်ားကို အဆင့်အတန်း မခွဲခြားဘဲ ညီတူညီမျှ ချီးမြှောက်ခဲ့သည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဆိုင်းဘုတ်များ ချိတ်ဆွဲထားခြင်းသည် ဗုဒ္ဓ၏ အလိုတော်နှင့် ဆန့်ကျင်နေသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ "စာပေခရီးသည်" စာအုပ်ပါ "မိန်းမလည်းလူ" ဆောင်းပါး၌ ဆရာပါရဂူက အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

"ဖောင်တော်ဦးဘုရားလေးဆူကို တန်ဆောင်းအတွင်းရှိ အုတ်ခုံပလ္လင်ပေါ်၌ ကိုးကွယ်ထားကြ၏။ ကျွန်တော်တို့ အုတ်ခုံပေါ် အထိတက်ကြည့်ကြသည်။ အပေါ်သို့ "မိန်းမများမတက်ရ" ဟု ဆိုင်းဘုတ်ချိတ်ထားသည်။ အမျိုးသမီးများမှာ အောက်ကသာထိုင်ပြီး ရှိခိုးပူဇော်ကြရသည်။ ယင်းစည်းကမ်းချက်မှာဖောင်တော်ဦးဘုရား၌သာ မဟုတ်ပေ။ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားတိုင်းလိုလို၌ပင် ယင်းစည်းကမ်းချက်ကို ချထား၏။ ရွှေတိဂုံဘုရား၌လည်း ထိုနည်းအတိုင်းပင် မိန်းမများ အပေါ်သို့ မတက်ကြရပေ။

www.burmeseclassic.com



အတွေးတစ်ခုပေါ်လာသည်။

မိန်းမနှင့် ယောကျ်ား အဆင့်အတန်း ခွဲခြားမှုသည် အိန္ဒိယက အရင်းခံလာခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းအိန္ဒိယလူနေမှုစနစ်အရ မိန်းမကို ယောကျ်ားထက် နိမ့်သည်ဟု သဘောထားကြသည်။ ယင်းအယူအဆသည် အမြစ်တွယ်နေသည်။ ဗုဒ္ဓဘာသာကိုးကွယ် ဆည်းကပ်မှုနှင့်ပတ်သက်၍ မိန်းမနှင့်ယောကျ်ား အဆင့်အတန်း ခွဲခြားထားခြင်းသည် ဗုဒ္ဓ၏ အလိုအကျ မဟုတ်ပေ။ ဗုဒ္ဓသည် မိမိ၏အဆုံးအမ၊ မိမိ၏တရားကို အားလုံးအတွက် ညီတူညီမျှ တံခါးဖွင့်ထားတော်မူသည်။

မိန်းမသည် ဗုဒ္ဓရုပ်ပွားနားကပ်၍ ငရဲကြီးမည်ဆိုပါက ယောကျ်ား ကော ဘာကြောင့် ငရဲမကြီးရမှာနည်း။ မိန်းမလည်းလူ၊ ယောကျ်ားလည်းလူ ဖြစ်သည်။ လူလူချင်း အဆင့်အတန်းခွဲခြားမှုကို ယခုခေတ်တွင် မြေမြှုပ် သင်္ဂြိုဟ်ပစ်သင့်ကြလေပြီ။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့သည် အစဉ်အလာ လက်ခံကျင့်သုံးနေသောအယူအဆတစ်ခုရှိပါသေးသည်။ ထိုအယူအဆမှာ အခြားမဟုတ် သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ဆိုတတ်မှ ကိုရင်ဖြစ်သည်ဟူသော အယူအဆဖြစ်သည်။ ဆရာပါရဂူသည် ထိုအယူအဆနှင့် စပ်လျဉ်း၍ ဖြစ်သင့်ဖြစ်ထိုက်သောသဘောကို ထောက်ပြပါသည်။ ဆရာပါရဂူ ထောက်ပြပုံကို "ဘဝခရီးသည်" စာအုပ်ပါ "ပဗ္ဗဇိတမင်္ဂလာ" ဆောင်းပါး၌ တွေ့ရပါသည်။ ဤသို့ဖြစ်ပါသည်။

"သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ဆိုတတ်မှကိုရင်ဖြစ်သည် ဆိုလျှင်ကား ရှင်ပြုသော်လည်း ဘိုးသူတော်ဘဝမှ မတက်သူများ၊ အတော်များများ ရှိပေလိမ့်မည်။ ဤ၌ သဘာဝကျကျစဉ်းစားဖို့ လိုလိမ့်မည်ထင်သည်။ စကားလုံးနှင့် အနက်အဓိပ္ပာယ် နှစ်မျိုးရှိသည့် အနက် အနက်အဓိပ္ပာယ်က အဓိကဖြစ်သည်။ အနက်အဓိပ္ပာယ်သိဖို့ အရေးကြီးသည်။ စကားလုံး၏ အသံထွက်သည် လူမျိုးတစ်မျိုးနှင့်

www.burmeseclassic.com



တစ်မျိုး တူချင်မှ တူပေမည်။ မြန်မာ့လျှာ မြန်မာ့အာက တခြား၊ အိန္ဒိယလျှာ အိန္ဒိယအာက တခြားဖြစ်သည်။ ပါဠိကို ရွတ်ဆိုရာ၌ ပင်မဖြစ်သော အိန္ဒိယအသံထွက်အတိုင်း လိုက်ထွက်မှ မှန်မည်ဟု ဆို၍ ရမည်လော။

ယင်းသို့ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုမှမှန်မည်ဆိုလျှင်ယနေ့ ရွတ်ဖတ်သရဇ္ဈာယ်နေကြသော ပရိတ်တော်နှင့် ဂါထာမန္တာန်များ သည် အကျိုးအာနိသင် ရှိနိုင်မည်မဟုတ်ပေ။ ရွတ်ဖတ်သရဇ္ဈာယ်နေ ကြသူတိုင်း ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ်တတ်ဖို့ မလွယ် ပေ။”

ဆရာပါရဂူ၏စာများကို လေ့လာကြည့်သောအခါ ဆရာပါရဂူ သည် ဒဿနတစ်ရပ်ကို နေရာအတော်များများ၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဆရာပါရဂူသည် ထိုဒဿနကို အလေးအနက်ခံယူထား သည်ဟု ဆိုနိုင်ပါသည်။ ဆရာပါရဂူသည် ထိုဒဿနကို သီးသန့်ဖော်ပြ သည်လည်းရှိသလို ဝတ္ထု၊ ဆောင်းပါးများကို ရေးရင်း အလျဉ်းသင့်သလို ဖော်ပြသည်လည်း ရှိပါသည်။ ထိုဒဿနမှာ အခြားမဟုတ်၊ ပရဟိတနှင့် ဆိုင်သော ဒဿနပင် ဖြစ်ပါသည်။ ဆရာပါရဂူသည် ပရဟိတအလုပ်ကို လွန်စွာအလေးထားပါသည်။ ပရဟိတအလုပ်သည် ဆရာပါရဂူအဖို့ နှုန်းစံတစ်ခုဖြစ်ပါသည်။ ဆရာပါရဂူသည် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ လုပုဂ္ဂိုလ်၏လုပ်ရပ်ကိုသော်လည်းကောင်း ထိုနှုန်းစံနှင့် တိုင်းတာပါသည်။ ထိုနှုန်းစံနှင့် ကိုက်ညီသူကို ဆရာပါရဂူက လေးစားပါသည်။ အထင်ကြီး ပါသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ “စာပေခရီးသည်” စာအုပ်ပါ “ခရီး၏ အဆုံး ခရီး၏အစ” ဆောင်းပါး၌ ဆရာပါရဂူက အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

“လောက၌ လူအမျိုးမျိုးရှိသည်။ တစ်စုံတစ်ဦးကိုကိုယ့်အကြိုက် နှင့်ကိုယ် လေးစားကြသည်။ အထင်ကြီးကြသည်။ တချို့က ဉစ္စာငွေကြေး ရှိသူကို အထင်ကြီးကြသည်။ တချို့က ပညာရှိသူကို

www.burmeseclassic.com



အထင်ကြီးကြသည်။ တချို့က အာဏာရှိသူကို အထင်ကြီးကြသည်။ ကျွန်တော်ကမူ ပရဟိတအလုပ်လုပ်သူကို အထင်ကြီးသည်။ လေးစားသည်။ အထင်ကြီးစရာ ဂုဏ်အမျိုးမျိုး ရှိသည့်အနက် ကျွန်တော့်အမြင်၌ ကိုယ်ကျိုးမဖက်ဘဲ သူတစ်ပါး အကျိုးဆောင်ရွက်ခြင်းသည် ဂုဏ်အကြီးမြင့်ဆုံး ဖြစ်သည်။"

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဆရာပါရဂူသည် ပရဟိတအလုပ်ကို လွန်စွာ အလေးထားပါသည်။ ထို့ကြောင့် ပရဟိတအလုပ်အကြောင်းကို ဝတ္ထုများ၊ ဆောင်းပါးများကို ရေးရင်း ခရီးသွားဟန်လွှဲ ဖော်ပြရသည်ကိုအားမရနိုင်ဘဲ "ပရဟိတ" ဟူသော ခေါင်းစဉ်ဖြင့် ပရဟိတအလုပ်အကြောင်းကို သီးသန့်ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခဲ့ရာ၌ ဆရာပါရဂူသည် ပရဟိတအလုပ်နှင့် စပ်လျဉ်းသော အဆိုအမိန့်များ၊ အထောက်အထားများကို ဦးစွာဖော်ပြပြီးမှ သူခံယူထားသော ဒဿနကို ဖော်ပြပါသည်။ ဤဆောင်းပါး၌ ဆရာပါရဂူ ဖော်ပြခဲ့သော အထောက်အထားများကို အကုန်အစင် မဖော်ပြတော့ပါ။ ပါဠိတော်နှင့် အဋ္ဌကထာလာ အထောက်အထားများကိုသာ ဖော်ပြပါသည်။

" ရဟန်းတို့ ဘုရားရှင်သည် နှစ်မျိုးနှစ်စားသောအကြောင်းအရာနှင့် ပတ်သက်၍ တွေးခေါ်ကြံစည်လေ့ရှိ၏။ တစ်မျိုးမှာ ဘာဝနာနှင့် ပတ်သက်ပြီး အခြားတစ်မျိုးမှာ ဝေနေယျသတ္တဝါတို့၏ အကျိုးနှင့် ပတ်သက်၏။" [ဣတိဝုတ္တက- ဝိတက္ကသုတ်]

" ရဟန်းတို့ လူများစွာတို့၏ အကျိုးအတွက်၊လူများစွာတို့၏ ရွှင်လန်းချမ်းမြေ့မှုအတွက်၊ လောကအား ကြင်နာထောက်ထားရန်အတွက် လူနတ်တို့၏ အကျိုးရှိမှုအတွက်၊ ကောင်းစားမှုအတွက်၊ ချမ်းသာမှုအတွက် ခရီးလှည့်ကြလော့။" [ဝိနယ ပိဋက မဟာဝဂ္ဂ]

" ငါကဲ့သို့သော စွမ်းအားရှင်နှင့် ပြည့်စုံသောယောကျ်ား အတွက် တစ်ကိုယ်တည်း ကူးမြောက်သွားခြင်းအားဖြင့် အဘယ်အကျိုးရှိအံ့

www.burmeseclassic.com



နည်း။ ငါသည် သဗ္ဗညုတဉာဏ်ရရှိပြီးသည့်နောက်၌ နတ်နှင့်တကွသော ဤလောကတစ်ခုလုံးအား ကူးမြောက်သွားစေအံ့။"[ဇာတကအဋ္ဌကထာ-နိဒါနကထာ]

ဆရာပါရဂူသည် ပရဟိတအလုပ်နှင့်စပ်လျဉ်းသော အဆိုအမိန့်များ၊ အထောက်အထားများကို ဖော်ပြပြီးနောက် သူခံယူထားသော ဒဿနကို ဆက်လက်ဖော်ပြပါသည်။ ဤသို့ ဖြစ်ပါသည်။

"လူလောက၌ လူအမျိုးမျိုးရှိသည်။ အချို့ကအာဏာရှိသည်။ အချို့က ဥစ္စာစနေကြွယ်ဝချမ်းသာသည်။ အချို့က ရုပ်ရည်ရူပကာယလှသည်။ အချို့က ပညာရှိသည်။ ကျွန်ုပ်သည် အာဏာရှိသူကိုလည်း အောက်မကျို့ပေ။ ဥစ္စာစနေ ကြွယ်ဝသူကိုလည်း မခရပေ။ ရုပ်ရည်ရူပကာယ လှပခြင်းကိုလည်း အထင်ကြီးစရာဟူ၍ မထင်မှတ်ပေ။ ပညာရှိပြီး ပညာမာန်တက်သူ၊ သမားဂုဏ်ပြုသူများကိုလည်း " သနားစရာ" ဟု အောက်မေ့သည်။ ကျွန်ုပ်လေးစားသော ပုဂ္ဂိုလ်မှာ သူတစ်ပါးအကျိုး သယ်ပိုးသော ပုဂ္ဂိုလ်ဖြစ်သည်။ သူတစ်ပါးအကျိုးဆောင်ရွက်သည့် အတိုင်းအတာ ကျယ်ပြန့် ကြီးမားလျှင် ကျယ်ပြန့်ကြီးမားသလောက် မိမိ၏လေးစားမှုအတိုင်းအတာလည်း ကျယ်ပြန့်ကြီးမားသည်။ ကိုယ်ကျိုးစွန့်လျှက် သူတစ်ပါးအကျိုး သယ်ပိုးဆောင်ရွက်သူသည် အလေးစားထိုက်ဆုံး၊ အတော်ဆုံးဖြစ်၏ဟု ယူဆသည်။"

ဆရာပါရဂူ၏ အလိုအရ ပရဟိတအလုပ်ကို ဘာသာတရားတိုင်းက အလေးထားကြပါသည်။ ဘာသာတရားတို့သည် အခြားသော အချက်များ၌ ကွဲပြားခြားနားကြသော်လည်း ပရဟိတအလုပ်ကို အလေးထားမှု၌ တူညီကြသည်ဟု ဆရာပါရဂူက ယူဆပါသည်။ ထို့ကြောင့် ပရဟိတအလုပ်ဟူသောအခြေခံပေါ်၌ ရပ်တည်လျက် ဘာသာတရားအချင်းချင်း ညှိနှိုင်းကြလျှင် ဘာသာတရားတို့သည် ပေါင်းစည်းညီညွတ်မှု ရလာလေလိမ့်မည်ဟု ဆရာပါရဂူက ယူဆပါသည်။

www.burmeseclassic.com



ယခုအခါ၌ ကမ္ဘာကြီးသည် ၂၁ ရာစုမုခ်ဦးသို့ ရောက်နေပါပြီ။ မကြာမီ ၂၁ ရာစုအတွင်းသို့ ဝင်ပါတော့သည်။ ထိုသို့ဝင်သောအခါ၌ ဘာသာတရားတို့သည် ဘာသာတရားအားလုံးက အလေးထားသော ပရဟိတအလုပ်ပေါ်၌ရပ်လျက် အချင်းချင်းညှိနှိုင်း၍ နားလည်မှု၊ ညီညွတ်မှု ရကြလျှင် ကမ္ဘာကြီးသည် ငြိမ်းချမ်းသွားလိမ့်မည်ဟု ဆရာပါရဂူက ယူဆခဲ့ပါသတည်း။

**မြဝင်း(ဒဿန)**

❑

BURMESE CLASSIC .com

www.burmeseclassic.com

## ဆရာပါရဂူနှင့်ပတ်သက်၍
## ကျွန်တော်မကြိုက်သောအချက်များ

ကိုယ့်ဆရာအကြောင်း တစေ့တစောင်းရုပ်ပုံလွှာအဖွဲ့တစ်ခု ရေးဖို့ ဆိုတာ ခက်ခဲလိမ့်မည်မဟုတ်ဟု ထင်ခဲ့သည်။ ဆရာ့စာအုပ်တွေကို အများကြီး ဖတ်ဖူး၊ ဆရာနှင့်အတူ ထိုင်ဖူး၊ စားဖူး၊ သောက်ဖူး၊ ခရီး အတူထွက်ဖူး တာတွေကလည်း အများကြီးဆိုတော့ ရေးစရာတွေ တသီတတန်းကြီး ထွက်လာမည်ဟု ထင်ခဲ့သည်။

ထင်ခဲ့တာများပြီ ဟူသော အသိက စ,ရေးဖို့ စားပွဲမှာ ထိုင်လိုက် ကတည်းက ဝင်ချလာတော့လည်း နီးလွန်းသောကြောင့် “ ဖိုးကပ်စ် ” အောက်သွားတာလား မဟုတ်ပါ။ ဆရာ့ကို အနီးကပ်ပဲ ကြည့်ကြည့်၊ မလှမ်းမကမ်းကပဲ ကြည့်ကြည့်၊ ဝေးဝေးကပဲကြည့်ကြည့်၊ မမြင်ရသောနေရာ ကပဲ ကြည့်ကြည့် ဟောဒါ “ဆရာပါ” ဟူသော ရုပ်လုံးက ကြွနေသည်။ ကောင်းစွာမြင်ရသည်။ ဝိုးဝါးမှုန်မွှားရုပ်ပုံ မဟုတ်ပါ။ သို့သော် အဲဒီရုပ်ပုံ ကိုပဲ စုတ်ချက် တို့တော့မည် ဆိုသောအခါ ဘယ်က စ,ရမှန်းမသိ ဖြစ်နေသည်။ အလင်းအမှောင် ဘယ်လိုပေးရမှန်းမသိ ဖြစ်နေသည်။ ဖိုးကပ်စ် ဘက်ဂရောင်း ဘယ်လိုခွဲရမှန်းမသိ ဖြစ်နေသည်။ ဘာကြောင့်ပါလိမ့်။

တကယ်တမ်းရေးချလိုက်ချင်သည်က ဆရာ၏ ချစ်ခင်ဖွယ်၊ မြတ်နိုး ဖွယ်၊ ကြည်ညိုဖွယ်ဂုဏ်ပုဒ်တွေအကြောင်း ဖြစ်သည်။ “ လွှတ် ” ရေးလိုက်ရ ရင်ကတော့ “ မဟာပြပဟွေလျှာကုဋေ. . . ဖြင့် ” ဒေါသများတောင်သင့်သွား နိုင်သည်။

www.burmeseclassic.com



သို့သော်ဆရာပါက ကျွန်တော့်ကို ပြောထားနှင့်သော စကားတစ်ခွန်း ရှိပါသည်။ "ကောင်းတာတွေ ဘာတွေ သိပ်မရေးနဲ့ဗျာ"တဲ့။

ထိုစကား(ညွှန်ကြားချက်)က ကျွန်တော့်ကို "တုန့်"စေ၏။

ဆရာ့စကားလိုက်နာသောအားဖြင့် "ကောင်းတာတွေ" မရေးဖြစ်ဖြစ်အောင် မောင်းတင်လိုက်ပါသည်။ ကိုင်း-ဒါဖြင့် "မကောင်းတာတွေ" ရေးမယ်ကွာဟု ကတ်သီးကတ်သတ် တွေးလိုက်သည်။ မကောင်းတာတွေ ဆိုတာကလည်း ကျွန်တော်မကြိုက်သော အချက်အလက်တွေသာ ဖြစ်ပါလိမ့်မည်။ အကောင်းကို အကြိုက်ဖြင့် တန်းထိုးဆုံးဖြတ်လို့တော့ မရနိုင်ပါ။ ကြိုက်ခြင်း၊ မကြိုက်ခြင်းဟူသည်မှာ ကောင်းခြင်း၊ မကောင်းခြင်းအတွက် နှုန်းစံမဟုတ်ပါ။ ထို့ကြောင့် ကျွန်တော် မကြိုက်တာတွေကိုပဲ ရေးမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

(ဆရာပါရဂူနှင့်ပတ်သက်ပြီး ကျွန်တော်မကြိုက်တာတွေဟု စကား "ချီး"လိုက်ရတာတွေကိုပဲ ကိုယ့်ဘာသာကိုယ် သွေးလန့်သွားသည်တော့အမှန်)

ဆရာနှင့်ပတ်သက်ပြီး ကျွန်တော် မကြိုက်တာတွေ. . .။

ခက်ကပြီ။ အဂတိလေးပါးအနက်မှ ဆန္ဒနှင့် မောဟ နှစ်ပါးကို အတော်ကြိုးစား ဖယ်ခွာရလိမ့်မည်။ ဒေါသနှင့်ဘယာကတော့ လုံးဝလုံးဝ မရှိ။ ကိုယ့်ဆရာမို့ သူ့စာတွေနဲ့ လူလားမြောက်ရတာမို့ ကြည်ညိုလေးစား ရသူမို့ ဆိုတာတွေကို ဖယ်ခွာပြီး "မကြိုက်တာတွေ" ရေးဖို့တဲ့လား။

*

မိုးတွင်းမိုးသည်းပြီးဆိုလျှင် ဝက်ဘာလမ်း၊ ငါးထပ်ကြီးဘုရားလမ်းတို့မှာ ရေတွေ တဝေါဝေါပြည့်လျှံပြီး ဒူးဆစ်ပေါင်လယ် ရှိတတ်သည်။ ထိုဒူးဆစ်ပေါင်လယ်ရေတွေကို ဖြတ်ကာ ကျွန်တော်နှင့်ဇနီးသည်တို့သည် ခြင်းတောင်းနှစ်ခုကို ဆွဲလျက် ခက်ခက်ခဲခဲ ချီတက်ခဲ့ကြသည်။ အချိန်သမယမှာ လွန်ခဲ့သောဆယ်နှစ်ခန့်က။ တစ်ခုသော ခြင်းထဲမှာ စားစရာများ ထည့်ထားသည့် လေးဆင့်ချိုင့်နှင့် ရေဘူးတွေပါသည်။ အခြား ခြင်းထဲမှာ

BURMESE CLASSIC .com

www.burmeseclassic.com



ပန်ကန်ပြား၊ ရေခွက်၊ ဖန်ခွက်၊ လက်သုတ်ပဝါ၊ ဇွန်းခက်ရင်းပါသည်။ ဦးတည်ရာအရပ်မှာ ငါးထပ်ကြီးဘုရားလမ်းရှိ ဆရာပါ၏အိမ်ကလေးသို့. . . ကြိုတင်ချိန်းချက်ထားသည့်အတိုင်း ဆရာပါအသင့်စောင့်နေ၏။ ဟိုဘက်အိမ်မှ ဦးဝင်းကြည်ကိုပါ ဖိတ်ထားသည်။ ကျွန်တော်တို့ မိုးထဲလေထဲ ဖြတ်သန်းကာ သယ်ဆောင်လာသော ချိုင့်၊ ပန်ကန်၊ ခွက်၊ ပုလင်းများကို ပြင်ဆင်ကြသည်။ အားလုံး "ကွန်ပလီ" သယ်လာရခြင်းဖြစ်၏။ ပန်းကန်ပြား၊ဇွန်း၊ ခက်ရင်း၊ လက်သုတ်ပဝါ၊ ဖန်ခွက်၊ ရေပုလင်း. .။ စားစရာ၊ မြည်းစရာများအားလုံးကို ခင်းကျင်းကြသည်။ စာအုပ်တွေ ရှုပ်ပွနေသော ဧည့်ခန်းစားပွဲလေးကို ရှင်း၍(ထိုစာအုပ်များကို ရှုပ်ပွနေသော ကြမ်းပေါ်ရှိ အခြားစာအုပ်ပုံများရှိရာ ရွှေ့လိုက်ခြင်းကိုပင် "ရှင်း"သည်ဟု ခေါ်ပါသည်။) ခင်းကျင်းကြ၊ စားကြ၊ သောက်ကြ၊ စကားပြောကြ-။ ပြီးတော့ သယ်လာခဲ့သမျှ ပစ္စည်းတွေ အားလုံးသိမ်း၊ ပြန်ထည့်၊ မိုးထဲလေထဲ ကျွန်တော်တို့ပြန်ခဲ့ကြ။

ဒီလိုအပြည့်အစုံယူသွားမှပဲ အထမြောက်မည်ဖြစ်သည်။ ဆရာ့အိမ်မှာ ပန်းကန် မရှိ၊ ခွက် မရှိ၊ ဇွန်းခက်ရင်း မရှိ၊ လက်သုတ်ပဝါမရှိ၊ ရေအိုး မရှိ၊ ဘာမှ မရှိ။(ခြင်ထောင်၊ ခေါင်းအုံး၊ မွေ့ယာ၊ စောင်ဟူ၍လည်း ဖြစ်ဖြစ်မြောက်မြောက် မရှိ၊ မဖြစ်မမြောက်သာ ရှိ၏။)

နေတတ်လွန်းသည်၊ နေစိမ့်လွန်းသည်။ ဧည့်သည်သယ်ယူလာမှပင် အင်္ဂါစုံသည်။ ဆရာပါကို ဒါမျိုးတွေ ကျွန်တော်မကြိုက်။

*

နှစ်ကူး၊ ဝါကျွတ်. . . စသည်ဖြင့် ကန်တော့သောအခါ (နှစ်စဉ်မှန်မှန် ကျွန်တော် မကန်တော့ဖြစ်ပါ)ဆရာပါ ဘာလိုပါလိမ့်ဟု တွေးပြီး လိုမည်ထင်တာကလေးများကို ဝယ်ခြမ်းသွားသည်။ တစ်ခါသွားတော့"ဒါဝတ်" ဖြစ်နေသော အခြင်းအရာကို သတိထားမိကာ စွပ်ကျယ်၊ ရှပ်အင်္ကျီ လည်ကတုံးပါ ထည့်လာခဲ့၏။ "ဆရာဝတ်နော်၊ ဝတ်ပါ"ဟုလည်း မှတ်မှတ်ရရ ပြောခဲ့သေးသည်။ နောက်နှစ်ပတ်လောက်အကြာမှာ ဧည့်ခံ

BURMESE CLASSIC .com

www.burmeseclassic.com



ပွဲလား၊ စာပေပွဲလား မမှတ်မိတော့ပါ။ ပွဲတစ်ပွဲကြုံပါသည်။ ဆရာပါရဂူ တက်သည်။ ကျွန်တော်က ကျွန်တော်ကန်တော့ခဲ့သော ပစ္စည်းလေးတွေကို သတိရမိကာ သူ ဝတ်လာလောက်ပါရဲ့ဟု ထင်ခဲ့သည်။ လာပါပြီ။ ပရိသတ်ကြားထဲ ဆရာပါ ရောက်လာပြီ။ ကော်လာအတွန့်တွန့်၊ လက်အကြေကြေ၊ အိတ်အရှုံ့ရှုံ့၊ ဘာအကျီကြီးမှန်းမသိ။ ကျွန်တော်ကန်တော့ခဲ့တာလေးများ ဝတ်လာခဲ့ရင် နည်းနည်းကြည့်ပျော်ရှုပျော် ဖြစ်ဦးမှာ။

ဟိုတလောက အမျိုးသားပြတိုက်တွင် ဆရာဇော်ဂျီ အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ကျင်းပသည်။ ထိုပွဲသို့ ဆရာပါ နားထောင်သူအဖြစ်တက်ရောက်လာသည်။ (တိုက်ပုံမပါဘူးပဲ ထားပါ) ရှပ်အကျီလေးကတော့ ဖြူဖြူစင်စင်၊ ပြန့်ပြန့်ဆုံ့ဆုံ့လေးဖြစ်ဖို့ မကောင်းဘူးလား၊ အခုတော့ တွန့်ကြေခေါက်လိပ် လက်တို အရောင်လွင့်နေတာ မဟုတ်သော်လည်း ဘာမှန်း မသိ။

ကျွန်တော့်လိုပင် ဆရာ့ကို ပုဆိုးတွေ၊ တိုက်ပုံတွေ၊ ရှပ်တွေ၊ အဝတ်အထည်၊ အသုံးအဆောင်တွေ ကန်တော့ကြသော တပည့်တွေ၊ ပရိသတ်တွေ ရှိကြမည်ပင်။ သေချာတာကတော့ ဆရာပါသည် ဘယ်တော့မှ (စမတ်ကျကျ၊ ရှိုးကျကျဟု မဆိုလိုပါ) အဆင်ပြေပြေ၊ စန့်စန့်ရန့်ရန့် မဝတ်ဆင်၊ ဟော ရေးရင်းပေါ်လာပြန်ပြီ။ အချို့လူတော်တော်များများအတွက် မရှိမဖြစ် အသုံးအဆောင် ပစ္စည်းများ ဖြစ်နေသော ပိုက်ဆံအိတ်၊ လွယ်အိတ်၊ လက်ပတ်နာရီ၊ လက်ကိုင်ပဝါ--စသည်များကိုလည်းဆရာပါ့အထံတွင် မတွေ့ရပါလား။ ဆရာပါမို့ အပြင်ထွက်လာပြီဆိုလျှင် ဘာမှမလွယ်၊ ဘာမှမကိုင်၊ ဗလာဟင်းလင်းလက်နှစ်ဖက်၊ အိတ်ကပ်ထဲ ဘောလ်ပင် လေးတစ်ချောင်းတောင်မှ ထိုးမထားဘူးဟု ထင်သည်။

(လက်ပတ်နာရီကတော့ ထားပါတော့။ ဘဝခရီးသည်ထဲမှာ မိမိနှင့်လက်ပတ်နာရီဟူသော ခေါင်းစဉ်ဖြင့် ဆရာပါ ရေးခဲ့ဖူး၏။ လက်ပတ်နာရီကြောင့် မျက်ရည်ကျခဲ့ဖူးသည်-တဲ့။)

www.burmeseclassic.com



လိုအပ်သလောက်ကလေးကိုတောင် ဝတ်စားဆင်ယင်မှု မပြု။ ဒါမျိုးတွေ ကျွန်တော်မကြိုက်။

*

လွန်ခဲ့သောသုံးနှစ်ခန့်က ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ဆရာပါ၊ ဆရာမောင်ဆုရှင်၊ ဆရာလယ်တွင်းသားစောချစ်နှင့် ကျွန်တော်တို့စာပေဟောပြောပွဲတက်ရောက်ခဲ့ကြ၏။ ဟောပြောပွဲလာ ပရိသတ်မှာ နှစ်ရာခန့်ပဲရှိသည်။ ညဘက် ရာသီဥတုကလည်း အေးစိမ့်၊ လျှပ်စစ်မီးကလည်း မှိန်ဖျော့ဖျော့။ ကျွန်တော့်မှာ အစာအိမ် အချဉ်ပေါက် သွေးပေါင်ကျပြီး ဆေးကုခံထားရသည်။ မကြည်မလင်ဖြစ်နေသည်။ ဒါပေမဲ့ ကိုယ့်ဆရာ ဟောပြောမှုထဲကို အာရုံသွင်းထားခြင်းဖြင့် ဝေဒနာကို မေ့ထားဖို့ ကြိုးစားနေလိုက်သည်။

မြောက်ဦးမြို့ဟောင်း ယဉ်ကျေးမှု ရှစ်သောင်းဘုရားကြီး ရှေ့ဟောင်း ရခိုင်စီဗီလိုက်ဖေးရှင်း ဆရာပါ အင်နှင့်အားနှင့် ဟောတော့မည်။ နားထောင်လိုက်မည်ဟု အားခဲနားစွင့်ထားလိုက်၏။

ပရိသတ်ကလည်း မျှော်လင့်နေကြသည်။ ကျွန်တော်တို့အဖွဲ့ ထဲမှာ ဆရာပါသည်သာ အိန္ဒိယ၊ သက္ကတကျွမ်းကျင်သူ ရာဇဝင်၊ သမိုင်းစာပေ၊ ယဉ်ကျေးမှုနှံ့စပ်သူ မဟုတ်လား။

မင်းစောမွန်အကြောင်းလား၊ မင်းဗာကြီးအကြောင်းလား၊ ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် ဆက်ဆံရေးလား၊ အာနန္ဒစန္ဒြကျောက်စာလား၊ ဆရာပါလောက် ကျွမ်းကျင်သူမရှိ။

ဆရာပါ ဟောပါပြီ။ မြောက်ဦးမြောက်ချမ်းအအေးဓာတ်နှင့် အပြိုင်လေအေးကြီးဖြင့် ပြောသည်။ အတက်အကျ မရှိ၊ စကားတန်ဆာ မရှိ။ စိတ္တရလေခါအကြောင်းလည်း ပါသည်။ ကျွန်တော့်မှာ နားထောင်ရင်းဖြင့် အစာအိမ်ပြန်နာသလိုလို ပိုပြီးချမ်းလာသလိုလိုဖြစ်နေ၏။ ပရိသတ်မှာလည်း ချော့သိပ်ခံနေသလားထင်ရသည်။ ဆရာတွင်းသားက ကျွန်တော့်ကို

BURMESE CLASSIC .com

www.burmeseclassic.com



တိုးတိုးလေး လှမ်းပြောလိုက်၏။"တို့များဖြင့် ဟောပြောပွဲမှာ ပရိသတ် ထိန်းနိုင်ဖို့ဆိုတာကို ရည်ရွယ်ချက်တစ်ခုထားပြီး ပြောရတယ်။ ဆရာပါ့ကို ကြည့်စမ်း ပရိသတ်ဆိုတာလည်း ထည့်မတွက်ဘူး၊ ပွဲထိန်းဖို့ ဘာညာလည်း မစဉ်းစားဘူး၊ သူပြောချင်တာပြောသင့်တယ် ထင်တာပဲပြောသွားတယ်။ တို့နဲ့များ ကွာပါ့"တဲ့။

ကျွန်တော်က ဆရာပါ ဟောပြောနေပုံကို ကြည့်ရင်း ဟိုးလွန်ခဲ့သောတစ်ချိန်က ဟောပြောပွဲတစ်ခုကို သတိရသွားခဲ့သည်။ မန္တလေး မီးရထားစာကြည့်သင်းက ကျင်းပသောပွဲ။ ဘူတာရုံကြီးရှေ့မှာ ဇရာမ စင်ကြီးဖြင့် ဇရာမပရိသတ်ကြီးဖြင့် သံဃာတော်များအတွက် သီးသန့်ခုံများပင် စီတန်းထားသေးသည်။ ထိုစဉ်က ဆရာပါရဂူ၊ ဆရာမြသန်းတင့်၊ ဆရာနှစ်ပါးနှင့် ကျွန်တော်။

ဆရာပါရဂူက ရှေ့ဆုံးမှဟောသည်။ မန္တလေးမြို့၏အထင်ကရ မီးရထားဟောပြောပွဲမှာ ဆရာပါ၊ ထိုစဉ်ကလည်း ယခုမြောက်ဦးညချမ်း အေးစိမ့်ထဲမှာ ဟောသလိုပါပဲ။ သူပြောချင်တာ ပြောစရာရှိတာတွေကိုပဲ ဟောသွား၏။ ပရိသတ်လိုက်လာရဲ့လား၊ လှုပ်လိုက်ရမလား၊ အာဝဇ္ဇန်းက ဘယ်သို့ ဘယ်ညာ၊ ဘာတစ်ခုမှ မစဉ်းစား၊ ထည့်မတွက်။

ဒါမျိုးကိုလည်း ကျွန်တော်၏မကြိုက်စာရင်းထဲ ထည့်လိုက်ဦးမည်။

*

စတုတ္ထမြောက် မကြိုက်ခြင်းကတော့ အကြီးဆုံးမကြိုက်ခြင်း ဖြစ်လိမ့်မည် ထင်ပါသည်။ စာပေဟောပြောပွဲ၊ စာပေအခမ်းအနားပွဲတစ်ခုခု ကြုံသည့် အခါမျိုးတွင် ဆရာ့ကို ကားဖြင့် ကြိုပို့လုပ်ရတာ ရှိသည်။ အကြောင်း ကိစ္စပေါ်လိုက်၍ ကားတွေက အမျိုးမျိုးရှိတတ်၍ တစ်ခါတစ်ရံ ဆလွန်း ကား၊တစ်ခါ တစ်ရံ ပစ်ကပ်ကား စသည်ဖြင့် စီးကြရ၏။ ထိုအခါများတွင် ကျွန်တော်က ဆရာ့ကို ကားတံခါးဖွင့် အဆင်းအတက်၊ အဝင် အထွက် များ၌ လက်ကို ကိုင်၍၊ လက်မောင်းကိုတွဲ၍ ဆင်းတက်ဝင်ထွက်ဖို့ ကူညီသည်။ ဆရာပါက မတတ်သာလွန်းသောအခိုက်အတန့်လေးမှာသာ

BURMESE CLASSIC .com

www.burmeseclassic.com



ထိုအကူအညီကို လက်ခံသည်။ ပြီးတာနဲ့ "မလုပ်နဲ့ ၊မလုပ်နဲ့"၊ "မတွဲနဲ့ ၊ မတွဲနဲ့" ၊ "ဖြစ်တယ်၊ ဖြစ်တယ်"ဟု နှုတ်ကပြင်းဆန်ကာ သူ့လက်ကိုလည်း ရုန်းဖယ်ပစ်တတ်သည်။

မိုးမိုး(အင်းလျား)အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲဆုပေးပွဲကို ကန်တော်ကြီး တော့ပ်စတားမှာ ကျင်းပလေ့ရှိသည်။ ဆရာပါ စကားပြောဖို့ စင်မြင့်ပေါ် တက်ရသည်။ လှေကားသုံးလေးထစ် ရှိသည်။ စကားပြောဖို့ အတက်၊ စကားပြောပြီးအဆင်းမှာ ဆရာ့ကို တွဲပို့ တွဲခေါ်ရသည်။ တက်စဉ်ခဏ ဆင်းစဉ်ခဏလေးမှာပဲ အကူအညီကိုယူကာ ချက်ချင်လိုလိုပဲ"မလုပ်နဲ့၊ မတွဲနဲ့၊ ဖြစ်တယ်" ပြော၍ သူ့လက်ကို ရုန်းဖယ် နုတ်ထွက်ပြန်သည်။

စာပေဟောပြောပွဲခရီးအတူ ထွက်ဖြစ်သည့်အခါများမှာလည်း ထို့အတူပင်။ လေယာဉ်၊ မီးရထား၊ မော်တော်ကား အဆင်းအတက် "မလုပ်နဲ့၊ မတွဲနဲ့၊ ဖြစ်တယ်" သူများက သူ့ကို တွဲခေါ်ဖေးမလာရင် ပြန်ပြောဖို့အတွက် ဤစကားလုံးတွေကို ဆရာပါ အာဂုံဆောင်ထားသည့် အတိုင်း။ ကိုယ်ကတော့ သူ လဲပြိုကျမှာစိုးလို့၊ သူက စိမ်းစိမ်းကားကား။

ကျွန်တော် မကြိုက်။

*

ဆရာပါရဂူနှင့်ပတ်သက်ပြီး ကျွန်တော်မကြိုက်သောအချင်းအရာ လေးခုကို တန်းစီဖော်ပြပြီးပါပြီ။

မကြိုက်တာကို မကြိုက်ကြောင်းပြောပြီးနောက် ကျွန်တော့်ရင်ထဲ မအီမလည်ကြီး ဖြစ်ကျန်ရစ်သည်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းသည် ကောင်းခြင်း၊ မကောင်းခြင်းအတွက် နှုန်းစံမဟုတ်ကြောင်း ကျွန်တော်ဆိုခဲ့ပြီးပါပြီ။ ထို့ကြောင့် ဤ"မကြိုက်ခြင်းလေးပါး" သည် ဆရာပါနှင့် ပတ်သက်သော ကျွန်တော့်အတ္တနောမတိသာဖြစ်သည်။ ဆရာ့ကိုမူတည်၍ ဖြစ်ပေါ်သော ကျွန်တော့်သဘောထားသာ ဖြစ်သည်။ သုံးသပ်အကဲဖြတ်ချက်သာ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



“ စိတ္တရလေခါ ” ကောင်းမှု၊ မကောင်းမှုပြဿနာလိုလေးလေး နက်နက် ဆွေးနွေးရမည့် ဒဿနပုစ္ဆာမျိုး မဟုတ်ပါ။ “ အမ္ဗပါလီ ” လို၊ “သန္တာဂါရ” မှာ တင်ပြီး ဆွေးနွေးရမည့်ပြဿနာမျိုးလည်း မဟုတ်ပါ။ “ဖော်လဂါမှ ဂင်္ဂါသို့” လို သမိုင်းနောက်ခံဖြင့် ရှင်းရမည့်ဖြစ်စဉ်မျိုးလည်း မဟုတ်ပါ။ “စိတြပိယာ” မှ အယောင်ဆောင်နှင့် အစစ်အမှန်ကို ခွဲခြား ပြသည့် ဘဝဒဿန ဆွေးနွေးချက်လည်း မဟုတ်ပါ။

သို့သော် သူ၏“စာလက်” ပေါ်ကြီးလာရသည့် ကျွန်တော်က ဆရာ ပါရဂူအား “ဒါမျိုးတွေမကြိုက်တာ” ဟု တနင့်တနဲကြီးပြောလိုက် ရသည်ကို တော့ (ပြောပြီးမှ) မနေတတ်၊ မထိုင်တတ်ဖြစ်နေပါသည်။

ကျွန်တော်က မကြိုက်တော့ကော ဘာဖြစ်သေးသနည်း။

ကျွန်တော်မကြိုက်တာတွေကိုကပင် ဆရာပါ၏ လိုက်ဖ်စတိုင် ဖြစ်နေသည် မဟုတ်ပါလား။ ဆရာပါအဲဒီလိုနေထိုင်ရှင်သန်ခဲ့ခြင်းသည် (ချစ်ဦးညို)မမွေးခင်ကတည်းက။ ထိုသို့ နေထိုင်ရှင်သန်ခဲ့၊ ရှင်သန်နေ၊ ရှင်သန်လိမ့်ဦးမည်သာ။

ဪ သူ့ခမျာ ဒါတွေကို မကြိုက်ရှာဘူးဆိုပြီး ဆရာပါကကော ဆင်ခြင်ပြုပြင်လိမ့်မည်မဟုတ်။ ကျွန်တော့်အကြိုက်၊ မကြိုက်ကို အသာ ထား။ ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက် ဆရာပါကတော့ သူ့ဘာသာ သူနေထိုင်ရှင်သန်နေဦးမည်သာ။ နေပါဦး၊ ကျွန်တော်ကြိုက်အောင် ပြုပြင် ပြောင်းလဲလိုက်သည်ပဲ ထားပါဦး။ အဲဒါတွေက ဘာများ ထူးခြားလာမှာ မို့လဲ။

သူ့အိမ်မှာ ရေအိုး၊ ရေခွက်၊ ပန်းကန်ခွက်ယောက်၊ လက်သုတ် ပဝါတွေ အပြည့်အစုံ ဆင်ယင်ထားရှိ။

သူ့အဝတ်အစားတွေ သပ်ရပ်သန့်ပြန့်အောင်လုပ်။

ပရိသတ်ကြိုက်အောင် အာဝဇ္ဇန်းကောင်းကောင်း ဆွဲဆောင် ဟောပြော။

BURMESE CLASSIC .com

www.burmeseclassic.com



တွဲခေါ်တာ၊ ဆွဲခေါ်တာကို ငြိမ်ပြီး အားပြုလက်ခံ။

ဒါတွေကိုလုပ်လိုက်လို့ကတော့ ဆရာပါရဂူသည် ဘယ်လိုများ တိုးတက်မြင့်မားသွားမှာမို့လဲ၊ ဒါတွေက ဆရာပါအတွက် လိုအပ်သေး လို့လား။

*

ကိုယ့်ဘာသာကိုယ် အဆိုတင်ပြီးနောက် ထောက်ခံသူ၊ ကန့်ကွက် သူ တစ်ဦးတစ်လေမှ မရှိဘဲ ကိုယ့်ဘာသာကိုယ် ပြန်ရုပ်သိမ်းလိုက်ပါတော့မည်။

စာဖတ်ခြင်း၊ စာရေးခြင်း၊ တစ်နိုင်ပရဟိတလုပ်ငန်းများ ဆောင် ရွက်ခြင်း၊ မိမိကိုယ်ကျိုးကို "မေ့' ထားပြီး ပရအကျိုးလုပ်ဆောင်နေခြင်း၊ တစ်သက်တာလုံးလုံး စာရေးဆရာအဖြစ်ဖြင့် ရှင်သန်တည်ငြိမ်စွာ နေထိုင် ခြင်း၊ ဓမ္မဘက်တော်သားများအဖြစ် လောက၏ အဓမ္မများကို ဉာဏ်၊ ဝီရိယ ကြီးစွာ ဆေးကြောတိုက်ချွတ်ပေးနေခြင်းများကိုသာ အစဉ်တစိုက် လုပ်ကိုင် ရင်း၊ နေထိုင်ရှင်သန်နေသော ဆရာပါရဂူအတွက် ဆိုခဲ့ပြီးသော ကျွန်တော် ၏ မကြိုက်ခြင်းများသည် "အရေးမပါတာတွေ" ပဲဖြစ်၏။

အလို ကျွန်တော်၏ မကြိုက်ခြင်းများသည်ပင်လျှင် ဆရာပါရဂူ၏ "အင်အား" များ ဖြစ်နေပါကလား။

မကြိုက်ခြင်း၏ကောင်းခြင်းကို ကျွန်တော်တွေ့ပြီထင်၏။

မြိန်မြိန်ရှက်ရှက်ကြီးနဲ့ ဆက်ပြီး "မကြိုက်" လိုက်ဦးမယ်ဆရာ။

ဆရာကို ရှိခိုးလျက်
**ချစ်ဦးညို**

❑

www.burmeseclassic.com

# ဥက္ကဋ္ဌ၏ဆုတောင်း

ရှုရီပါရဂူကျီ ရေးသောစာအုပ်များ ၁၀၀-ပြည့်တော့မည်ဟု ကြားသိရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရခြင်း ဖြစ်မိသည်။ ပါရဂူသည် မြန်မာ၊ ဟိန္ဒီ၊ ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်ဘာသာများကို ကျွမ်းကျင်တတ်မြောက်သူဖြစ်သည်။ ယင်းဘာသာများဖြင့် ရှိနေသော စာပေကို လေ့လာထားသူ ဖြစ်သည်။ လွတ်လပ်ရေး ရရှိပြီးသည့်နောက် ထွန်းကားပေါ်ပေါက်လာသော စာရေးဆရာများထဲတွင် အဆင့်မြင့်မြင့်နေရာတစ်နေရာ ရရှိထားသူ ဖြစ်သည်။

ဘာသာပြန်ဆိုသော စာအုပ်များနှင့် ပင်ကိုယ်ရေးစာအုပ်များအပြင် စာနယ်ဇင်းအမျိုးမျိုး၌လည်း ဆောင်းပါးများ၊ ဝတ္ထုများကို ရေးသားနေသူ ဖြစ်သည်။ သူရေးသောစာများမှာ တိုင်းချစ်ပြည်ချစ်စိတ်၊ ရိုးရိုးသားသားနေသော ဘဝနေမှု၊ အဆင့်မြင့်အတွေးအခေါ်၊ လူမှုရေးပြုပြင်မှု၊ ဘဝကိုမြှင့်တင်မှုများနှင့်ပတ်သက်သောစာများ ဖြစ်သည်။ အလွန်တရာ ခက်ခဲသောကြောင်းအရာများကိုပင် လွယ်ကူသော ဘာသာစကားဖြင့် ရေးသားနိုင်ခဲ့သည်မှာ သူ၏ထူးခြားချက်ဖြစ်သည်။

သူ၏ စာပေနှင့်ပတ်သက်သော ကြိုးပမ်းမှုများကြောင့် မြန်မာနှင့်အိန္ဒိယ၊ ဟိန္ဒူဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များ၏ အကျိုးဖြစ်ထွန်းမှုအတွက် အားခွန်ဗလများစွာရရှိသည်။ ပါရဂူသည် ရှေးယခင်ကစပြီး မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းကြီး၏ အမှုဆောင် တစ်ယောက်ဖြစ်လာခဲ့ပြီး ယခုအချိန်၌ပင် 'မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်းကြီး' ၏ ဥက္ကဋ္ဌတာဝန်ထမ်းရွက်နေသူ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



မိမိနှင့် ရှီရီပါရဂူ၏ပုဂ္ဂလိကဆက်သွယ်မှုသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀-ခန့်ကပင် စတင်ခဲ့သည်။ ထိုအချိန်က သူသည် အိန္ဒိယသံရုံးနှင့် ဆက်စပ်မှု ရှိနေသည်။ ထို့နောက် 'သစ္စာရောင်ခြည်' မဂ္ဂဇင်း ထုတ်ဝေသောအခါ သူနှင့် နီးနီးကပ်ကပ် ဆက်သွယ်ခွင့် ရရှိပြီး သူ့အကြောင်းကို အနီးကပ် သိရှိနားလည်ခွင့် ရရှိလာသည်။ 'သနန္တန ဓမ္မပါလက'အသင်း ကကျင်းပပြုလုပ်သော ဗုဒ္ဓဝင်ပြပွဲ ထမြောက်အောင်ရေး၌ သူ၏ စိတ်ရောကိုယ်ပါ ကူညီမှုကို ရရှိခဲ့သည်။ ယခုအခါ၌ သူသည် ဗုဒ္ဓဝင်ပြပွဲ ဗဟိုအဖွဲ့၏ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သည်။

ဆရာပါရဂူကိုအကြောင်းပြုပြီးလျှင် ဆရာကြီး ဦးဆန်းထွန်း၊ ဆရာကြီး ဦးမာဃ၊ ဆရာကြီး ဦးသော်ဇင် စသော စာရေးဆရာကြီးများ နှင့်လည်း ရင်းနှီးဆက်စပ်မှု ရရှိခဲ့သည်။ ယင်းဆရာကြီးများသည် ဟိန္ဒီ နှင့် သက္ကတဘာသာ ကျွမ်းကျင်သူများဖြစ်၍ 'သစ္စာရောင်ခြည်' မဂ္ဂဇင်းနှင့် ပတ်သက်ပြီး အောင်မြင်မှု ရှိလာအောင် ကြိုးပမ်းအားထုတ်ကြသူများ ဖြစ်သည်။ နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ၊ ဓမ္မ ဃောသက ဦးမောင်မောင် စသော ပုဂ္ဂိုလ်ကြီးများအား ဗုဒ္ဓဝင်ပြပွဲနှင့် နီးစပ်မှု ရှိလာအောင် ခေါ်ဆောင်လာသူမှာလည်း ဆရာပါရဂူပင် ဖြစ်သည်။ ယင်းဆရာကြီးများသည် မိသားစုနှင့် အမြဲမပြတ်ရင်းရင်းနှီးနှီး ဆက်စပ်မှု ရှိလာခဲ့သည်။ အချင်းချင်း တိုင်းရေးပြည်ရေး၊ ဓမ္မရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများနှင့် ပတ်သက်ပြီး အတွေးအခေါ်အယူအဆများကို နှီးနှော ဖလှယ် လျက် တစ်ဦးနှင့် တစ်ဦး ရင်းနှီးခင်မင်မှု တိုးတက် ကြီးထွားလာခဲ့သည်။

၁၉၆၄-ခုနှစ် ရွှေတိဂုံပွဲတော်တွင် ဗုဒ္ဓဝင်ပြပွဲပြဖို့ အခွင့်အလမ်း ရရှိခဲ့သည်။ ထိုအချိန်က ဆရာပါရဂူသည် (ဗုဒ္ဓမြတ်စွာ၏ သာသနာတော် စည်ပင်ပြန့်ပွားပုံသမိုင်းအကြောင်း) အမည်ရှိသော စာအုပ်တစ်အုပ် ရေးသား သည်။ ယင်းစာအုပ်ကို အသင်းကြီးမှ ထုတ်ဝေ ဖြန့်ချိပြီးလျှင် ပြပွဲလာ ပရိသတ်များအား အုပ်ရေထောင်ပေါင်းများစွာ ရောင်းချခဲ့သည်။ နောက်ပိုင်း၌ ယင်းစာအုပ်ကို ရှမ်းဘာသာ၊ ပအို့ဘာသာများဖြင့်လည်း ထုတ်ဝေခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာပါရဂူသည် စာအုပ်အသစ်များကို ရရှိရေးအတွက် အခါခပ်သိမ်း စိတ်စောနေသူ ဖြစ်သည်။ အိန္ဒိယမှ ပြန်လာသည့်အခါတိုင်း သူမေးသော ပထမဆုံးမေးခွန်းမှာ "ကျွန်တော့်အတွက် ဘာစာအုပ် ဝယ်လာသလဲ" ဟူသော မေခွန်းဖြစ်သည်။ ကျွန်ုပ် သတိရနေသည်၊ တစ်ချိန်က မိဂဒါဝုန်ကွန်ဖရင့်တစ်ခု၌ ကျွန်ုပ် သူနှင့်အတူ ရှိနေသည်။ ဆရာက ကျွန်ုပ်အား စာအုပ်များဝယ်ရန် သူနှင့်အတူ စာအုပ်ဆိုင်များသို့ ခေါ်သွားသည်။ ဗာရာဏသီရှိ စာအုပ်ဆိုင်တိုင်းလိုလို သူနှင့် သိဟောင်း ကျွမ်းဟောင်း ဖြစ်နေသည်ကို တွေ့ရသည်။ သူ့ကို တွေ့သောအခါ မိတ်ဟောင်းဆွေဟောင်းများသည် အလွန်တရာဝမ်းသာအားရ ဖြစ်သွားကြသည်။ ဧည့်ခံကြိုဆိုကြသည်။ နှုတ်ဆက်စကားပြောကြသည်။ သူတို့နှင့် ခွဲခွာလာချိန်၌ ဆရာအလိုရှိသော စာအုပ်များကို အထုပ် ထုပ်ပြီး ဆရာတည်းခိုသည့် နေရာသို့ အထိ ပို့ပေးပါမည်ဟု အာမခံကြသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသူ မိတ်ဆွေများနှင့် ပြန်လည်တွေဆုံသောအခါ ဆရာနှင့် သူ့မိတ်ဆွေများ၏ ဝမ်းသာအားရဖြစ်နေပုံကို တွေ့ရပြီး သူတို့၏ ဝမ်းသာအားရဖြစ်နေမှုသည် ကျွန်ုပ်ကိုပင် ကူးစက်လာသည်။

ဒေလီတွင်လည်း ဆရာပါရဂူနှင့် ၃ ၄-ရက် နေထိုင်ခွင့် ရရှိခဲ့သည်။ ထိုအချိန်က ဆရာပါရဂူသည် အသင်းကြီးမှ တည်ထောင်ဖွင့်လှစ်ထားသောလူမှုရေးလုပ်ငန်းအမျိုးမျိုးကို ကိုယ်တိုင်ကိုယ်ကျ စိတ်ပါဝင်စားစွာ အနီးကပ် ကြည့်ရှုလေ့လာခဲ့သည်။ မြန်မာနိုင်ငံ ပြန်ရောက်လာသောအခါ အိန္ဒိယနိုင်ငံ၌ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို စာစောင်များတွင် ဆောင်းပါးများရေးသားပြီး ပြည်သူများအား တင်ပြခဲ့သည်။

ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများ၌ပင် ဆရာပါရဂူကို ကောင်းကောင်း သိကြသည်။ အထူးအားဖြင့် အိန္ဒိယစာရေးဆရာများသည် ဆရာပါရဂူအား အလွန်လေးစားကြသည်။ All India Radio နှင့် Television များ၌လည်း ဆရာအကြောင်း အကြိမ်များစွာ လွှင့်ထုတ်သည်ကို ကြားရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာပါရဂူ၏အသက်သည် ယခုအခါ ၇၀-ကျော် ၈၀-နီးနေပြီ။ သူ၏ ရေးဖော်ရေးဖက် မိတ်ဟောင်းဆွေဟောင်းများလည်း မရှိကြတော့ပေ။ ကျန်းမာရေးလည်း ယခင်ကလို မဟုတ်တော့ပေ။ သို့ရာတွင် သူ့ကိုတွေ့လိုက်သည့်အခါတိုင်း စာရေး၊ စာဖတ် အလုပ် တကုပ်ကုပ်လုပ်နေသည်ကိုသာ တွေ့ရသည်။ ဆရာ ကျန်းမာစွာ အသက်ရှည်ရှည်နေရပြီး သူ၏ ဝါသနာအတိုင်း သူရဿတီမယ်တော်နှင့် ပတ်သက်သော ကျင့်ကြံအားထုတ်မှု၌ နှစ်မြုပ်နေပြီးလျှင် ပီတိသောမနဿနှင့် ပြည့်စုံနေပါစေဟူ၍ ပရမတ္ထေရထံ ဆုတောင်းလိုက်ရပါသည်။

**ရာမပရကာ့ရှ်မိရ်**
**ဥတ္တရ ၊ သနန္တ န ဓမ္မပါလကအဖွဲ့**
**မြန်မာနိုင်ငံ**

BURMESE CLASSIC .com

www.burmeseclassic.com

## သူ့စာပေမှ သူ့အတွေးအခေါ်

အနောက်တိုင်းအတွေးအခေါ်နယ်ပယ်တွင် ဒဿနပညာရှင်တို့သည် သူတို့၏ အတွေးအမြင်တို့ကို တိုက်ရိုက်နည်းဖြင့် တင်ပြကြသည်လည်း ရှိသည်။ တစ်ဆင့်ခံနည်းဖြင့် သွယ်ဝိုက်၍ တင်ပြကြသည်လည်း ရှိသည်။ ယေဘူယျအားဖြင့် ဒဿနပညာရှင် အများအပြားတို့သည် သူတို့၏ အတွေးအခေါ်တို့ကို ရှိမှုအမြင်၊ သိမှုအမြင်၊ ယုတ္တိအမြင်၊ကိုယ်ကျင့်တရား အမြင်၊ အနုပညာအမြင်ဟူ၍ ဒဿနစနစ်များ တည်ဆောက်၍ တိုက်ရိုက် တင်ပြလေ့ ရှိကြသည်။ ချွင်းချက်အနေဖြင့် သွယ်ဝိုက်သောနည်းဖြင့် တင်ပြကြသော ဒဿနပညာရှင်တို့မှာ ရှေးဟောင်း ဂရိဒဿနပညာရှင် 'ပလေတို' နှင့် နှစ်ဆယ်ရာစု ဒဿနပညာရှင်များ ဖြစ်သော 'အတ္တဘဝ မှန်ဝါဒီ' များ ဖြစ်ကြသည်။

ရှေးဟောင်းဂရိပညာရှင် ပလေတိုသည် သူ၏အမြင်တို့ကို လူ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် အခြေအတင် ပြောဆိုကြသော စကား ပြောများ၊ တစ်နည်းအားဖြင့် ကထာများအားဖြင့် သွယ်ဝိုက်စွာ တင်ပြကြ သည်။ အတ္တဘဝမှန်ဝါဒီများဖြစ်သော ကမူး၊ ဆာ့တ်၊ ကာဖကာ တို့သည် စာရေးဆရာများ ဖြစ်ကြ၍ သူတို့၏အတွေးအမြင်တို့ကို သူတို့ ရေးသားသော စာပေဝတ္ထုများမှတဆင့် သိနားလည်ရသည်။ သူတို့၏ ဝတ္ထုများအတွင်းမှ ဇာတ်ဆောင်တို့၏ ငယ်စရိုက်များ၊အတွေးများ၊ အပြော များသည် စာရေးဆရာတင်ပြလိုသောအတွေးအမြင်များကို ကိုယ်စားပြု သည်။ ဇာတ်ဆောင်များပြောသောစကား၊တွေးသော အတွေးတို့သည် စာရေးဆရာတင်ပြသော ဒဿနအမြင်များပင် ဖြစ်သည်။ သူတို့ ရေးသော

BURMESE CLASSIC .com

www.burmeseclassic.com



စာကြောင်းများ၊ သူတို့သုံးစွဲသော စကားလုံးများသည် သွယ်ဝိုက်သော အားဖြင့် သူတို့၏ အတွေးအမြင်များကို ဖော်ပြသည်။ တစ်နည်းအားဖြင့် သူ့စာပေက ပြောသော သူ့ဒဿနအမြင်များ ဖြစ်သည်။

ဒဿနနယ်ပယ်တွင် သွယ်ဝိုက်သောနည်းအားဖြင့် ဒဿနအမြင်များကို တင်ပြခြင်းသဘောကို အနုပညာနယ်ပယ်တွင်လည်း တွေ့နိုင်သည်။ အနုပညာနယ်ပယ်တွင် အနုပညာရှင်များသည် သူတို့၏ အတွေးအမြင်များကို သူတို့၏ အနုပညာလက်ရာများမှတစ်ဆင့် သွယ်ဝိုက်သော နည်းအားဖြင့် ခံစားနားလည်နိုင်သော သဘောကို အတွေးအခေါ်ပါသော စာပေများတွင် တွေ့ရသည်ဟု ထင်မြင်မိပါသည်။ အတွေးအခေါ်ပါသော စာပေဆိုသည်မှာ အနုပညာရှင်များ၏ စာပေလက်ရာများအတွင်းတွင် စိမ့်ဝင်နေသော အနုပညာရှင် ထည့်သွင်းပေးလိုက်သော တစ်စုံတစ်ရာသော တေးချင်စရာ စဉ်းစားဆင်ခြင်စရာများ ပါရှိသော စာပေတို့ကို ဆိုလိုသည်။ သူတို၏ စာပေများမှတစ်ဆင့် သူတို့၏ အတွေးအမြင်များကို သိနိုင်ခြင်း သဘော ဖြစ်သည်။ စာတစ်ပုဒ်သည် အဆင့်မြင့်စာပေဟု သတ်မှတ်ရန်မှာ ထိုစာသည် မည်သို့သော စာပေပုံစံ ၊စာပေအမျိုးအစားတွင် ပါဝင်သည် ဖြစ်စေ ထိုစာသည် အတွေးအခေါ်ပါသော စာဖြစ်ရန် လိုအပ်သည်။ အဆင့်မြင့်အတွေးအခေါ်စာပေ၌ ထိုစာပေလက်ရာအတွင်းရှိ စာကြောင်းများ စကားလုံးများသည် စာဖတ်သူများအား စဉ်းစာဆင်ခြင်စရာ အချက်အလက်များ တွေးဆစရာအကြောင်းအရာများကို ပေးသည်။

စာပေအနုပညာနယ်ပယ်တွင် စာပေကို အမျိုးအစားခွဲခြား၍ ဂုဏ်တူစုပြုကြသည်။ သုတ၊ ရသ၊ ဒမ္မ၊ ဘာသာပြန်ပင်ကိုယ်အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း၊ ပြဇာတ်၊ ကဗျာ၊ ပုံပြင်၊ အချစ်ဘဝသရုပ်ဖော် စသည်ဖြင့် စာပေကို အမျိုးအစား ခွဲခြား၍ ပြောဆိုလေ့ရှိကြသည်။ မည်သို့ပင် အနုစိတ်ကာ အမျိုးအစားခွဲခြား၍ ဂုဏ်တူစု ပြုနေစေကာမူ အတွေးအခေါ် ရှုထောင့်မှရပ်တည်၍ စာပေကို အမျိုးအစား ခွဲခြားပါက ကျွန်မအနေဖြင့် စာပေကို ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားသာ ရှိသည်ဟု ထင်မြင်မိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုနှစ်မျိုးနှစ်စားသော စာပေတို့မှာ 'အတွေးအခေါ် ပါသောစာပေ' နှင့် 'အတွေးအခေါ် မပါသောစာပေ' တို့ ဖြစ်ကြသည်။

မြန်မာစာပေနယ်တွင် တွေ့ရှိရသော 'ဆရာပါရဂူ' ၏ စာပေများသည် အတွေးအခေါ်ပါသော စာများဖြစ်သည်။ ဆရာ့စာပေများတွင် စိမ့်ဝင်နေသော ဆရာ့အတွေးအမြင်များကို ခံစားရသည်။ ဆရာ၏စာပေလက်ရာများကို ခံစားရင်း အနုပညာရသနှင့်အတူ တစ်ပါတည်း လိုက်ပါလာသော ဆရာ့အတွေးအမြင်များကို တွေ့မြင်သိရသည်။ ဆရာ့စာများကို ဖတ်အပြီးတွင် စာဆုံးသွားသော်လည်း ဆက်လက်၍ စဉ်းစားစရာ၊ တွေးဆစရာ ၊ အနည်းဆုံး တစ်ခုခုကိုမူ စာဖတ်သူအတွက် ဆရာ ချန်ထားခဲ့ပါသည်။

ဆရာသည် ဘာသာပြန်စာပေများစွာ ရေးသားခဲ့သည်။ ဟင်ဒီဘာသာ၊ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရေးသားသော စာအုပ်များစွာကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါသည်။ ဘာသာပြန်စာပေ၌ မူရင်းစာရေးဆရာ၏ အတွေးအမြင်သာ ပါရှိ၍ ဘာသာပြန်သူ၏ အတွေးအမြင်မပါဟု ပြောလိုက ပြောနိုင်သော်လည်း ဘာသာပြန်ဆိုသူသည် မည်သည့်စာအုပ်ကို ရွေးချယ်၍ ဘာသာပြန်ဆိုသနည်းဟူသော အချက်ကို ဦးတည်၍စဉ်းစားပါက ဘာသာပြန်ဆိုသူသည် မိမိနှစ်သက်လက်ခံသော အတွေးအခေါ်ပါသော စာကိုရွေးချယ်၍ ဘာသာပြန်သောကြောင့် ထိုဘာသာပြန်စာပေ၌ဘာသာပြန်ဆိုသူ တစ်ဆင့် ပြန်လည်လက်ဆင့် ကမ်းလိုသော အတွေးအခေါ်သည် မူရင်းစာရေးသူ၏ အတွေးအခေါ်နှင့် လိုက်လျောညီထွေ၍ ဖြစ်သည်ဟု ဆိုရမည်။ ထို့ကြောင့် ဆရာပါရဂူ၏ ဘာသာပြန်စာအုပ်များ၌ ဆရာပေးလိုသော၊ ဆရာသိစေလိုသော၊ ဆရာ လက်ဆင့်ကမ်းလိုသော၊ ဆရာပြန့်ပွားစေလိုသော အတွေးအမြင်များကို ဖတ်ရှုခံစားမိသည်။

ဆရာပါရဂူ၏ ဘာသာပြန်သက်သက်လည်း မဟုတ်။ ပင်ကိုယ်ရေးသက်သက်လည်း မဟုတ်သော ကျမ်းဂန်ပါအကြောင်းအရာများကို ကျောရိုးပြု၍ ဆရာ၏အတွေးအမြင်များနှင့် ရောစပ်ကာ ဝတ္ထုဆန်ဆန် ရေးသားထားသော သားတော်ရာဟုလာ ကဲ့သို့သော စာအုပ်များမှာမူ မြန်မာစာပေ

www.burmeseclassic.com



သမိုင်းတွင် ရှားပါး၍ ထူးခြားသည်။ သိဒ္ဓတ္ထမင်းသား၊ ယသောဓရာ၊ ရာဟုလာ တို့၏ နေရာမှ ရပ်တည်၍ စဉ်းစားပေးထားသော အတွေးများမှာ ကျမ်းဂန်အတွင်းတွင် ရှာဖွေ၍ မတွေ့နိုင်သော ဆရာ၏ အတွေးအမြင်များ ဖြစ်သည်။

ခရီးသွားမှတ်တမ်းစာပေဖြစ်သော ဆရာ၏ 'ပုဂံခရီးသည်' စာအုပ်သည် သမရိုးကျခရီးသွားမှတ်တမ်းစာပေများမှ လမ်းခွဲထွက်လျက် ပုဂံသွားခရီးသည်တစ်ဦးအား ရှေးဟောင်းဒဏ္ဍာရီစကားများ၊ သမိုင်း သုတေသီတို့၏ အဆိုများ၊ ပုဂံဘုရားစေတီပုထိုးတို့၏ ပုံစံသဏ္ဍာန်တို့ကို ပုံဖော်တင်ပြမှုများနှင့်အတူ ပုဂံခရီးစဉ်တစ်လျှောက်လုံး တွဲခေါ်သွားသည်ဟု ခံစားရသည်။ ပုဂံဘုရားပုထိုးစေတီများ၏ အကြောင်းအရာများ၊ ပုဂံဘုရင်မိဖုရားများ၏ အချို့သောဖြစ်ရပ်များနှင့် ပတ်သက်၍ သံသယပွားခဲ့ရသော ဒွိဟစိတ်များ ကို ဆရာချပေးသော ကောက်ချက်များက စာဖတ်သူအား မှန်ကန်သော အတွေး လမ်းကြောင်းပေါ်သို့ ရောက်အောင် တင်ပေးလိုက်သည်ဟု ခံစားမိသည်။

လူတစ်ယောက် ထူးခြားနေခြင်းသည် ထိုသူ၌ ထူးခြားသော စိတ်နေသဘောထား၊ ထူးခြားသော ယုံကြည်ချက်၊ ထူးခြားသော စရိုက်၊ ထူးခြားသော အရေး၊ ထူးခြားသော အတွေး၊ ထူးခြားသော အပြော၊ ထူးခြားသော ခံစားမှု၊ ထူးခြားသော လုပ်ရပ် ဟူ၍ ထူးခြားသော အရည်အချင်း၊ အနည်းဆုံးတစ်ခုခုရှိ၍ ဖြစ်မည်။ ဆရာပါရဂူ၏ 'ပရကထာ' စာအုပ်သည် မြန်မာနိုင်ငံ၏ စာပေ၊ သတင်းစာနှင့် စာနယ်ဇင်းလောကမှ ထူးခြား၍ ထင်ရှားကျော်ကြားသော စာရေးဆရာကြီးများ ၊သတင်းစာဆရာကြီးများ၊ စာနယ်ဇင်းဆရာကြီးများ၏ ဘဝနှင့်စာပေကို အနုစိတ်တင်ပြသော သမရိုးကျ အတ္ထုပ္ပတ္တိစာပေပုံစံဖြင့် မဟုတ်ဘဲ ဆရာနှင့် တွေ့ကြုံရင်းနှီးခဲ့ရခြင်းများကို တစ်ကွက်စ၊ နှစ်ကွက်စ၊ တစ်စစီ ထုတ်နုတ်၍ တင်ပြထားသည်။ တစ်ချိန်တစ်ခါက ထင်ရှားခဲ့သော ယခုလည်း ထင်ရှားဆဲဖြစ်သော စာပေပညာရှင်ကြီးများသည် စာဖတ်သူများနှင့် လူချင်းအနေဝေးသော ပုဂ္ဂိုလ်ကြီးများ ဖြစ်သည်။ ဆရာပါရဂူ၏ 'ပရကထာ' သည်

BURMESE CLASSIC .com

www.burmeseclassic.com



မြင်ကွင်းအဝေးဆီမှ ထားခြားသော ပညာရှင်ကြီးများကို အနီးကြည့် မှန်ပြောင်းဖြင့် အနီးကပ်၍ ကြည့်ခွင့်ပေးလိုက်သကဲ့သို့ ထိတွေ့ခံစားရသည်။ လူတစ်ယောက် အဘယ်ကြောင့် ထူးခြားထင်ရှားနေသည်ကို ဆရာပါရဂူက ထူးခြား၍ ထင်ရှားသော စာပေပညာရှင်ကြီးများ၏ ဘဝနှင့် စာပေများမှ အပိုင်းအစများ ထုတ်နုတ်၍ စာဖတ်သူအတွက် တွေးဆစရာ၊ အတွေးစများ၊ တစ်စပြီးတစ်စ ပေး၍သွားသည်ဟု ကျွန်မ ဖတ်ရှုရင်း ခံစားမိသည်။

ဆရာသည် ၁၉၃၉-ခုနှစ်မှစတင်၍ စာပေရေးသားခဲ့ရာ ယနေ့အထိ ဆရာ၏ စာပေသက်တမ်းမှာ နှစ် ၅၀ လောက်ရှိပြီး ဖြစ်သည်။ ယခုနှစ် ၂၀၀၀-ပြည့်တွင် ဆရာ၏ လုံးချင်းအုပ်ရေပေါင်း တစ်ရာပြည့်မြောက်ပြီး ဖြစ်သည်။ ထိုတစ်ရာသော အုပ်ရေတို့အနက် တစ်ကြိမ်မက အထပ်ထပ်ထုတ်ဝေခဲ့သော စာအုပ်များစွာ ရှိသည်။ ရှစ်ကြိမ်အထိ အကြိမ်ကြိမ် ထုတ်ဝခဲ့သော စာအုပ်များစွာကိုပါ ထည့်သွင်းရေတွက်မည်ဆိုလျှင် ခန့်မှန်းခြေ စာအုပ်ပေါင်း ၂-သိန်းကျော်ခန့် ရှိမည်ဖြစ်သည်။ ဆရာရေးသားသော စာအုပ်များမှာ အရေအတွက်များပြားသကဲ့သို့ စာပေအမျိုးအစားလည်း စုံလင်သည်။ သုတ၊ ရသ၊ ဓမ္မ၊ ဘာသာပြန်၊ ပင်ကို၊ ဘာသာရေးနောက်ခံ ဓမ္မဝတ္ထု၊ ပုံပြင်၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်းစာပေ စသည့် စာမျိုးစုံကို ဆရာရေးသားသည်။ မြန်မာစာပေလောကတွင် စာမျိုး အစုံအလင်ဆုံးရေးသားသူ စာရေးဆရာကြီး အဖြစ်မှတ်တမ်းတင်ရမည် ဖြစ်သည်။

မြန်မာစာပေလောကတွင် စာအုပ်အရေအတွက် မြောက်မြားစွာ ရေးသားသူများ ရှိသော်လည်း ထိုစာအုပ်တို့သည် အရည်အသွေးရှိသော လေးနက်သောစာအုပ်များ ဖြစ်ရန် ခဲယဉ်းသည်။ ထိုနည်းတူစွာ အရည်အသွေးမီ စာပေများကို ရေးသားသူ များစွာ ရှိသော်လည်း အရေအတွက် မြောက်မြားစွာ ရေးသားနိုင်ရန် ခက်ခဲသည်။ အရေအတွက်လည်း များပြား၍ အရည်အသွေးလည်းရှိသော စာပေများကို ရေးသားသူဟူသည် လွန်စွာ ရှားပါးသည်။ ဆရာပါရဂူ၏ အရေအတွက် များပြားစွာသော စာအုပ်တို့သည် အရည်အသွေး ပြည့်မီသော အဆင့်မြင့်စာပေများ ဖြစ်

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ အရေအတွက်လည်း များပြား၍ အရည်အသွေးလည်း ပြည့်မီသော စာပေ ရေးသားသူများကို ယနေ့ မြန်မာစာလောကတွင် ညွှန်ပြပါဆိုလျှင် ဆရာပါရဂူကို ညွှန်ပြရမည် ဖြစ်သည်။

စာရေးဆရာတစ်ဦးရေးသားသော သူ့စာပေသည် သူ့စိတ်တွင်းနှလုံး၏ ကြေးမုံပြင်ဖြစ်သည်။ သူ့စာကိုကြည့်လျှင် သူ့ကို သိနိုင်သည်။ သူ့စာ၌ သူ့စိတ်နေ၊ သူ့သဘောထား၊ သူ့ယုံကြည်ချက်၊ သူ့ခံစားချက်၊ သူ့ရည်ရွယ်ချက်၊ သူ့မေတ္တာ၊ သူ့စေတနာ၊ သူ့အတွေးအမြင်တို့သည် ထင်ဟပ်လျက် ရှိသည်။ သူ့စာကို ဖတ်လျှင် သူ့စိတ်နေ၊ သူ့သီလ၊ သူ့သိက္ခာ၊သူ့ခံယူချက်တို့ကို သိနားလည်နိုင်သည်။ ဆရာ၏ အနုပညာလက်ရာ၊ စာပေဝတ္ထု အစုစုတို့ကို ဖတ်ရှုခံလျှင် စာဖတ်သူအပေါ် ဆရာထားရှိသော ဆရာ့မေတ္တာ၊ ဆရာ့စေတနာကို ထင်းထင်းမြင်ရသည်။

ဆရာပါရဂူသည် ဆရာ၏ဘဝတစ်လျှောက်လုံး စာပေတွင် မြှုပ်နှံ၍ စာပေတွင် မွေ့လျော်သူ၊ စာပေကိုကျွမ်းကျင်သူ၊ စာပေဖြင့် နိုင်ငံနှင့် ပြည်သူကို အကျိုးပြုသူ၊ စာပေအမျိုးပေါင်း အစုံလင်ဆုံး ရေးသားသူ၊ အရေအတွက်များပြားလှစွာသော အရည်အသွေးမီစာပေများကို အစဉ်တစိုက် ရေးသားပြုစုသူအဖြစ် မြန်မာစာပေသမိုင်းက ဆရာ့အား အသိအမှတ်ပြုနေမည် ဖြစ်သည်။

မြန်မာစာပေရေစီးကြောင်း မည်သို့မည်ပုံ ပြောင်းရွှေ့စေကာမူ မြန်မာစာပေ မြစ်ကမ်းတစ်နေရာ၌ ဆရာ့စာ၊ ဆရာ့အမည်သည် မှတ်တိုင်တစ်ခုအဖြစ် ထာဝရခိုင်မြဲစွာ တင်ကျန်နေပါလိမ့်မည်။

**ခင်စောဦး**

BURMESE CLASSIC .com

www.burmeseclassic.com

# ပါပါ တာတာ ရာရာ ဂိုဏ်း

ဤစာကို ရယ်စရာအဖြစ် ရေးပါသည်။ ပါပါမှာ ဆရာပါ (ပါရဂူ)၊ တာတာမှာ (ကိုတာ)၊ ရာရာမှာ (ရာပြည့်ကိုစိုးညွန့်) ဖြစ်ပါသည်။ ဆရာစွမ်းတို့က ကျွန်တော်တို့သုံးယောက်ကို အထက်ပါအတိုင်း နောက်ပြောင်ပါသည်။ ကျွန်တော်တို့အဖွဲ့ကား ပျော်စရာကောင်းလှ ပါသည်။

*

အသင် ပါပါ တာတာ ရာရာ ဂိုဏ်းကို ကြားဖူးပါရဲ့လား။ ပါပါ တာတာ ရာရာကို မကြားဖူးသည့်နောက်တော့ သင်သည် ခေတ်မီသော သူ မဟုတ်နိုင်တော့ချေ။ ယင်းကား မြန်မာစာပေနယ်တစ်လွှား၌ အလွန် တရာမှ နာမည်ကြီးပေထသော ဂိုဏ်းကြီးဖြစ်သည်။ ဂိုဏ်းချုပ်ကြီးကား ပါပါဟု ခေါ်လေသည်။ ထိုဂိုဏ်းမှာ အလွန်တရာမှ နာမည်ကြီးသော်လည်း ဂိုဏ်းသားကား နှစ်ယောက်မျှသာရှိ၍ ထိုသူတို့၏ အမည် များကား တာတာနှင့် ရာရာဟု ခေါ်သတဲ့။ ဂိုဏ်းဝင်များနှင့် ဂိုဏ်းချုပ်၏ အမည် နာမများကို နောင်လာနောက်သားများ အမှတ်အသားထားနိုင်ရန်အတွက် အောက်ပါဂါထာကို စီရင်ထားလေသည်။ ဂိုဏ်းသားများသည် ထိုဂါထာကို မနက်ညတစ်ကြိမ်စီ ဥုံခံကာ ရွတ်ရသတဲ့။

၁။ ပါ ကို ရာ
၂။ ရ တာ ပြည့်
၃။ ဂူ ကြီး စိုး

ဂါထာကို အစဉ်လိုက်လည်း သရဇ္ဈာယ်၍ ရသကဲ့သို့ အထက်မှ အောက်သို့လည်း ရွတ်ဖတ်ရသည်။ ပြောင်းပြန်လည်း ရွတ်၍ရအောင် စီမံထားလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



စာပေနယ်မှ ဂိုဏ်းဂဏများမှာ အတွေးအခေါ်၊ အယူဝါဒတစ်ခုကို ကိုယ်စားပြုကြသော်လည်း ပါပါ တာတာ ရာရာမှာမူ ဘာအယူဝါဒမျှ မရှိသော ဟူ၏။ မော်ဒန်လည်း မဒန်၊ ကာရန်လည်းမရန်၊ ခေတ်လည်း မစမ်း၊မိုးလည်း မဝေချေ။ ထိုဂိုဏ်းကား ဂုန်ယုန်၊ ဇင်နိုးကြူး၊ ပြောတဲ့ အတိုင်းရေး စသော အယူအဆများလည်း မရှိချေ။ သို့မဟုတ် မသိပါ ချေ။ ဂိုဏ်းချုပ်ကြီးကတော့ နေနှယ်လနှယ် ထင်ရှားပါပေသည်။ ဂိုဏ်းသား နှစ်ယောက်ကတော့ ပိုးစုန်းကြူးနှယ် မှိတ်တုတ်မှိတ်တုတ်သာ ဖြစ်ပါ ပေသည်။ အောင်ဝေးကတောင် ကပ္ပိယနှစ်ယောက်ဟု ထောမနာပြုလေ သည်။ ကပ္ပိယများကား ကပ္ပိယပီပီ ဘာမျှမဟုတ်။

ပါပါကတော့ ဆတော်ကြီး ဖြစ်သည်။ သိုင်းလောကတွင် တောင် တစ်တောင်ထက် မြင့်မားသော၊ အခြားတောင်တစ်တောင်သည် ရှိစမြဲဟု အဆိုရှိသော်လည်း ကျွန်ုပ်တို့ ဂိုဏ်းချုပ်ကြီးပါပါထက် မြင့်သော တောင်ကား မရှိနိုင်ဟု ကျွန်ုပ် ထင်မြင်၏။ ပါငို၊ ဟင်ဒီ၊ သက္ကတ ထိုထို သိုင်းကျမ်း တို့အား ပါပါသည် ဒိုးလိုမွှေ၊ ရေလိုနှောက်၏။ မိုးအောက်မြေပြင်၌ ကျွန်ုပ်တို့ဂိုဏ်းချုပ်ကြီးသည် သီလသမာဓိ ပညာအရာ ဆရာကြီးဖြစ်ပါ သည်။ ပါပါသည် ဆတော်ကြီးဖြစ်သော်လည်း သူ့ကိုယ်သူ ကိုရင်လေးပါပဲ ဟူ၍သာ ပြောလေ့ရှိသည်။ အဲဒီလို မာန်မာနလည်း ကင်းပါသည်။ ထို့ကြောင့် ဆတော်ကြီး (ဝါ)ကိုရင်လေးပါပါ၏ ကပ္ပိယကာရက နှစ်ဦး သည် ပါပါအား သက်သောင့်သက်သာရှိစွာ ဆည်းကပ်နိုင်ပါပေသည်။

ဂိုဏ်းသား ကပ္ပိယများအကြောင်း ပြောပါမည်။ ကပ္ပိယတစ်ကား ရာရာ ဖြစ်ပါသည်။ရာရာ၏ ထူးခြားချက်မှာ အသံသြဇာ ကောင်းလွန်း လှခြင်း ဖြစ်သတည်း။ ကျူရှင်ဆရာဘဝမှ ကပ္ပိယသို့ ဘဝပြောင်း လာခြင်းဖြစ်ကာ ဆတော်ကြီး၏ ဝေယျာဝစ္စ သယ်ပို့တာဝန်၊ အဖော်အလျော် တာဝန်များကို ထမ်းဆောင်ရသည်။ ကပ္ပိယနှစ်ကား တာတာဖြစ်သည်။ တာတာကားရာရာနှင့် ဆန့်ကျင်ဘက်၊ အသံညောင်နာနာနှင့် ဖြစ်သော် လည်း အရက်မူးလျှင် သီချင်းဆိုချင်သူ ဖြစ်လေသည်။ ဆေးသမားဘဝမှ

www.burmeseclassic.com



ကပ္ပိယဘဝသို့ ကူးပြောင်းလာသူ ဖြစ်သဖြင့် ဆတော်ကြီး၏ သွေးအားကို တိုင်းခြင်း၊ လေအားကိုတိုင်းခြင်း စသည့်တာဝန်များကို ထမ်းဆောင်ရလေသည်။ ဆတော်ကြီးပါပါ၏ ဘုန်းရိပ်ကံရိပ်ကို မှီခိုနေကြသော ပမ္ဘားများဖြစ်၍ ပါပါ တာတာ ရာရာ ဂိုဏ်း၏ အသက်ဝိညာဉ်မှာ ပါပါသာဖြစ်လေသည်တကား။ ယင်းသို့တပြီးကား ကပ္ပိယများအကြောင်း ဤမျှသာ။

ပါပါ တာတာ ရာရာ ဂိုဏ်းကား အခြားဂိုဏ်းကြီးများနှင့်လည်း ဆက်ဆံရေး ကောင်းပါသည်။ ရှောင်လင်၊ ဝူတန်း၊ ဝါဆန်း စသော ဂိုဏ်းများကဲ့သို့ ဇတ်ဇတ်ကြဲဂိုဏ်းဖြစ်သော ပေါက်စည် စွမ်းရည်ဂိုဏ်း၊ ဂျက်လွှက်းဆွေဂိုဏ်း စသော ဂိုဏ်းများနှင့် အလွန် အလွမ်းသင့်လေသည်။ ပိတောက်မျိုးခင်ဂိုဏ်းနှင့်ကား ဆွေနှယ်မျိုးနွယ် ဖြစ်သည်။ ဥတ္တရလမင်းဂိုဏ်းနှင့်လည်း ဆွေမျိုးပေါက်ဖော် ဖြစ်သည်။ မေ့တော့မလို့ အော်မေ့ဂိုဏ်းကဲ့သို့ ဆရာလေးများနှင့်လည်း အထူးပင် အဆင်ပြေလေသည်။ ခင်ပန်နှင်း၊ မမွှေးကဲ့သို့သော ယောဂီဆရာလေးများနှင့် ယောဂီဆရာကြီး ဒေါ်ခင်ဆွေဦးတို့သည် ကျွန်ုပ်တို့ ဆတော်ကြီး၏ သိုင်းကျမ်းများကို လေ့လာကြပါသည်။ ထို့ကြောင့် ဆတော်ကြီးအား ချဉ်းကပ်ကြပါပေသည်။

ပါပါကား လရောင်ကိုချစ်လေသည်။ လရောင်သည် ကိုသိန်းမောင်၏ စန္ဒရားသံနှင့်အတူ အုန်းရွက်များမှတစ်ဆင့် ပါပ့ါရင်တွင်းသို့ ဝင်ရောက်သောအခါ ဟင်ဒီဘာသာ၏ အမြုတေ၊ အဆီဖူးများသည် ပါပ့ါလက်ဖျားများမှတစ်ဆင့် မြန်မာဘာသာ အဆီဖူးအဖြစ် အသွင်ပြောင်းသည်ဟု ကြားဖူးပါသည်။ တာတာနှင့် ရာရာကား ဆတော်ကြီး၏ လမင်းကဲ့သို့ ဝိုင်းလုံးသော မျက်နှာ၏ အေးမြခြင်းကို သဘောကျပါသည်။ အဆီဖူးများမှ မသိတာများ မေးမြန်းရင်း တည်ငြိမ်ခြင်းသဏ္ဍာကို နှစ်လိုပါသည်။ ဂိုဏ်းချုပ်ကြီးပီပီ ပါပါသည် ဂိုဏ်းသားများအား ဆောင်ရန်၊ ရှောင်ရန်များကို ညွှန်ပြလေ့ရှိသည်၊ ပါပါ၏ ဩဝါဒကထာများကား အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com



**ရာရာ-** ဆရာပါ၊ ဟိုဆရာကဗျာကြီးကတော့ အတော်ပင် ပါးနပ်ပါပေတယ်၊ ကိုယ့်ကိုယ်ကို ယုံယုံကြည်ကြည် ရှိလှပါပေတယ်။

**ပါပါ-** အရက်မူးရင် သွေးဆိုးသကွယ့်၊ သူနဲ့ အရက်သောက်တဲ့အခါ သတိထားရပေလိမ့်မယ်။ ပါးလိုက်တာလည်း ပေါက်မှာတောင် စိုးရသကွယ့်။

**တာတာ-** ဆရာပါ၊ ဟိုဆရာကြီးက ပညာတတ်လိုက်တာ တော်လိုက်တာ။

**ပါပါ-** တော်ပါပေတယ်။တတ်ပါပေတယ်။ အင်း စာပေလောကအတွက် တစ်ခုခု လောက်လောက်လားလား ချန်ထားဖို့လဲ ကောင်းသကွယ့်။

**ရာရာ-** ပါပါ့မှာ စာမူခတွေ တောင်ပုံရာပုံ ဖြစ်နေပါပြီ။ ကားလေးတစ်စီးလောက် စီးပါလား။

**ပါပါ-** ကားတော့ စီးနိုင်တာပေါ့ကွယ်။ ဒါပေသိ စာမူခရတဲ့ငွေဟာ ပါပါ့အတွက်တော့ ကားစီးဖို့ မဟုတ်ဘူးကွယ်၊ ပရဟိတလုပ်ဖို့ထားသကွယ့်၊ စာရေးဆရာတွေဟာ ငွေယားလေးရှိရင် တယ်လဲ ကားစီးချင်၊ ကိုယ်ပိုင်ကားစီးတာ မလွတ်လပ်ပါဘူး ထင်ပါတယ်ကွယ်၊ ကိုယ်က ကားကို မစီးရဘဲ ကားက ကိုယ့်ကို စီးသွားတာပဲ တွေ့ရသကွယ့်။

**တာတာ-** ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီး အိမ်ဟာ ဂိုဏ်းချုပ်ကြီး ဂုဏ်ဒြပ်နဲ့ မသင့်အောင် နုံ့လှပါတယ်။ ခြင်လုံဆန်ကာလေး တပ်ပေးပါ့မယ်။ အဲယားကွန်းလေး တပ်ပေးပါ့မယ်။

**ပါပါ-** အိမ်ဆိုတာ မိုးလုံလေလုံပြီးရော မဟုတ်လား။ ခြင်ဆန်ကာတပ်စရာ မလိုဘူးကွယ့်။ ပါပါက ခြင်နဲ့ ကြမ်းပိုးပြီးသကွယ့်။ အဲယားလည်း မကွန်းပါနဲ့။ ပါပါ့မှာ ဒါတွေ မလိုဘူးကွယ့်။

**တာတာ-** စာပေနယ်မှာ ခုတ်တာ ထစ်တာ များလှပါတယ်။ အဘယ်သို့သော သိုင်းနဲ့ ရင်ဆိုင်သင့်ပါသလဲ၊ အမိန့်ရှိပါ ပါပါ ခင်ဗျား။

BURMESE CLASSIC .com

www.burmeseclassic.com



**ပါပါ-** ကိုယ်ထင်ရာကိုယ်ရေး၊ ကိုယ့်စိတ်ထဲရှိရာကို ရေးတဲ့ သိုင်းပေ့ါကွယ်၊ ပုံနှိပ်စာလုံးဖြစ်တာ မဖြစ်တာတောင် မတွေးနဲ့၊ ကိုယ်ကောင်းတယ်ထင်ရာ လုပ်ကြရတာ ဓမ္မတာကွယ့်။ ကြိုက်သော်ရှိ မကြိုက်သော်ရှိပေလိမ့်မယ်၊ ရှောင်လင်သိုင်းကိုတော့ မသုံးနဲ့။

## နှစ်ဂိုဏ်း ပင့်ကူအိမ်၌ဆုံခြင်း

အခါတစ်ပါး၌ဂျက်လွဏ်းဆွေးဂိုဏ်းသည် ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းသားနှစ်ယောက်ဖြစ်သော တာတာ၊ ရာရာတို့အား ပင့်ကူအိမ်၌ တွေ့ဆုံရန် ဖိတ်ကြားလေသည်။

ဝက်ပါမှ ပင့်ကူအိမ်သွားရာလမ်းကား အနှောင့်အယှက်တွေ များလှသည်။ မီးနီ ၃၊ မော်တော်ပီကယ် အဖမ်း ၁ မှ လွန်မြောက်၍ ရှင်စောပုလမ်းကို လွန်သောအခါ၌သာ ပင့်ကူအိမ်သို့ ရောက်သည်။ သို့သော်အဝေးကပင် 'ပါပါ တာတာ ရာရာ-ဗုံ' ဟူသော ပါပါ တာတာ ရာရာဂိုဏ်းကြီးကို ကြိုဆိုသောအသံကို ကြားရသော ဟူ၏။ ပင့်ကူအိမ် စားသောက်ဆိုင်မှ အဆိုတော် သူငယ်မ သူ့ဟာသူဆိုသော်လည်း ကျွန်တော်တို့ကဂိုဏ်းကြီးကို ကြိုသည်ဟုမှတ်ယူ၏။ ထို့ပြင် ပုသလောက် အသံကျယ်သော ဆရာကြီး ဂျက်သည် ထွေးညိုကို ဟဲလေသည်။ မဆိုးပါ၊ မဆိုးပါ။ ကောင်းလှပါပေတယ်။ သို့သော် သို့သော် ကိုရင်လွဏ်းဆွေကလည်း ပါပဲ့ကို ဖျော်ဖြေဦးကွယ့် ဟု ဂိုဏ်းချုပ်ကြီးက တောင်းဆိုလေသည်။ ထိုအခါ လူပျိုသိုးစစ်စစ်သာ ဖြစ်သော ကိုရင်လွဏ်းဆွေသည် သူနှင့်မည်သို့မျှမပတ်သက်သော 'ချစ်ရက်ရှည်ရှည် အင်းလျားမြေ' ကို ကိုယ်ကိုလှုပ်၍လှုပ်၍ ဆိုသည်။ ဂျက်လွဏ်းဆွေ ဂိုဏ်းကတော့ အလှည့်ကျတော့မနွဲ့ကြပါဘူးဗျာ။ ကျွန်တော်တို့ဂိုဏ်းကလည်း တစ်ပြန်တစ်လှည့် တေးသီကြွေးမှ တော်မယ်ထင်ရဲ့ဟု အသံညောင်နာနာနှင့် တာတာကတောင်းဆိုသောအခါမူ ပရိသတ်ကို အားနာသင့်သကွယ့်ဟု ပါပါက တားမြစ်သတဲ့။ ပင့်ကူအိမ်ကား နန္ဒာလှိုင်နှင့် တူသော အပျိုမကလေးများသည် ရှိ၏။ ရမ်တည်း ဟူသော ဆေးအရက်သည်လည်း ရှိ၏။ ဂျက်လွဏ်းဆွေဂိုဏ်း

BURMESE CLASSIC .com

www.burmeseclassic.com



ကား တော်ပါပေသည်ဟု ပါပါ က အသိအမှတ်ပြုရာ ဟသ်ာတက တောသားသာဖြစ်သော ဆရာကြီးဂျက်သည် သူ၏ ပါးစပ်ပြဲကို ပို၍ဟကာ ဖြဲလေသည်။

## ပေါက်စည်စွမ်းရည်ဂိုဏ်းနှင့် နီးနှော

ပေါက်စည်စွမ်းရည်ဂိုဏ်းနှင့် တွေ့ဆုံရာအရပ်သည်လည်း ပင့်ကူအိမ်သာ ဖြစ်ပါသည်။ ဂျက်လွဏ်းဆွေနှင့် လားလားမျှမတူ။ ဂျက်လွမ်းဆွေ ဂိုဏ်းကား ဂီတပါရမီ ရှိပါပေသည်။ ကဗျာဆရာနှစ်ယောက်ဖြစ်သော မန်းပေါက်စီနှင့် ဆရာစွမ်းရည်ကား ဂီတအရာ၌ ပါရမီနုန့်နဲလှသည်ဖြစ်ရကား မော်ဒန်ခြင်း၊ မဒန်ခြင်းကိုသာ ဟဲ ဟဲ ဟဲ ဟဲ နှင့် ပြောဆိုသည်။ ပါပါကား အနှီကိစ္စသည် သူနှင့် လားလားမျှ မသက်ဆိုင်သယောင် ပြုံးရုံသာ ပြုံးပါသည်။ ကျွန်ုပ် တာတာကား မည်သူမျှ သီချင်းဆို၍ ဖျော်ဖြေသူမရှိမှတော့ သူသာ သီဆိုနိုင်သူ ရှိတော့သည်တကားဟု-

"ပန်းတွေနဲ့ ဝေဝေဆာဆာ၊  
ထွေထွေရာရာ လှမှ လှမှ  
လှပါပေရဲ့။  
ယဉ်ပါ ယဉ်ပါ ယဉ်ပါပေရဲ့  
ဟို-ခင်ပျိုတစ်စုတို့ရေ  
အို-ခင်ပျိုတစ်စုတို့ရေ  
အလိုဗျာ-ကကြမယ်လား  
ဆိုကြမယ်လား ငှား-ငှား-အား"ဟု

လေဟစ်ချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ သီဆိုပါသည်။ ပါပါကား-ဒါလား လေဟစ်ချင်း၊ ဟုတ်မှာပေါ့ကွယ်၊ ဟစ်ရတာကိုး- ဟု နားကို ဂွမ်းဆို့လိုသောပုံနှင့် ချီးမွမ်းသတဲ့။

အခြားဂိုဏ်းများနှင့်လည်း ထိုသို့သော တွေ့ဆုံပွဲများ အကြောင်း အားလျော်စွာ ပြုလေ့ရှိရာ ယင်းတို့အား ဖော်ပြရန်မှာ အကြောင်းမထူးသဖြင့် တပေါင်းတန်ခူး၌သာ တင်ပြပေတော့အံ့။

BURMESE CLASSIC .com

www.burmeseclassic.com



တကယ်တော့ ဆရာကြီးပါပါသည် သိုင်းကျမ်းပေါင်းတစ်ရာပင် ပြည့်နီးကီးပြီ ဖြစ်ပါသည်။ ထိုရောအခါ၌ ပွဲကြီးသဘင်ကို နွှဲချီဆင်ယင်အံ့ဟု ကျွန်ုပ်တို့ဂိုဏ်းသားများက ကြုံးဝါးကြံစည်ထားကြပါသည်။ ၂၀၀၀- ပြည့်နှစ်တွင် အနှီပွဲကြီးပြုလုပ်နိုင်မည်ဟု မျှော်လင့်နိုးကြသည်။ ထိုအခါ ဝူတန်း၊ ဝါဆန်းသာမက အော်မေ့များကိုလည်း ဖိတ်ကြားလတ္တံ့။

တောင်လေလာလျှင် မြောက်ကို အမှိုက်လွင့်လိမ့်မည်။ ဆရာပါ လာလျှင် ခရာရာတာတာများ ရှိလိမ့်မည်။ ပါပါ၏စာများသည်ကား သိကြား မင်းလို မကောင်းသူကိုပယ်၊ ကောင်းသူကို ကယ်လတ္တံ့။ ဂိုဏ်းချုပ်ကြီးကား သက်တော်ရာကျော် ရှည်ပါစေ- ရှည်ပါစေ။

**တာတာ**
**ဂိုဏ်းသားအမှတ် (၂)**
**ပါပါ တာတာ ရာရာ ဂိုဏ်း**

www.burmeseclassic.com

## မဓုရဆွပွန်

(၁)

သည်တစ်ခေါက် ရန်ကုန်ရာက်တော့ ကျွန်တော့်မှာ တခြား ဗာဟီရတွေ များနေသည်။ ထိုရက်က သီတင်းကျွတ်လပြည့်ပြီး လေ၊ မိုးကင်းစင်နေရမည့်ရက်တွေဖြစ်သော်လည်း မုန်တိုင်းအရှိန်ကြောင့် ရန်ကုန်မှာ မိုးတွေ စွေနေသည့်ရက်တွေလည်းဖြစ်နေသည်။ ကျွန်တော် ရောက်ချင်သည့်နေရာ၊ ကျွန်တော်တွေ့ချင်သည့် ပုဂ္ဂိုလ်များနှင့် စုံအောင်၊ နှံ့အောင် မရောက်၊ မတွေ့ခဲ့ရ။

သို့သော် ဆရာ့ဆီကိုတော့ ကျွန်တော် မရောက်မဖြစ် သွားခဲ့သည်။ တစ်ရက်က ဆရာ့ကို ထန်းရိပ်ညို ပန်းချီပြပွဲကျင်းပရာ ဗိသနိုး Art gallery မှာ တွေ့ခဲ့ခြင်း ဖြစ်သည်။ ဆရာက ကျွန်တော့်ကိုတွေ့တော့ အားရဝမ်းသာနှုတ်ဆက်သည်။ “မန္တလေးသား၊ မန္တလေးသား” လို့ တဖွဖွ နှုတ်က ရွတ်နေသည်။ မျက်နှာကတော့ ဆရာ့ထုံးစံပြုံးပြုံး။ ဗိုက်ပေါ်မှာ ပုဆိုးစကို စည်းထုံးတတ်သော ဆရာ့ဟန်၊ နွေးနွေးဖြည်းဖြည်း ဆရာ့ဟန်၊ ဘယ်လိုပွဲမျိုးမှာဖြစ်ဖြစ် သူ စိတ်ချမ်းသာသလို ဝတ်စားဆင်ယင် လာတတ်သည့် ဆရာ့ဟန်၊ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးသင်ထားတတ်သည့် ဆရာ့ဟန်တွေကတော့ အရင်အတိုင်းဖြစ်သည်။ ဆရာနှင့် ကျွန်တော် မတွေ့ရတာ တစ်နှစ်ကျော်ပြီထင်သည်။ ဆရာမြသန်းတင့် ရှိစဉ်ကတော့ ကျွန်တော်တို့ မကြာခင် ဆုံဖြစ်သည်။ ကျွန်တော်တို့က တစ်ရက်ရက်

www.burmeseclassic.com



ဆုံကြဖို့ပြောလျှင် ဆရာမြက "ဆရာပဲ့ကိုပါ ခေါ်ပါ" လို့ပြောတတ်သည်။ ဆရာပါနှင့်တွေ့လို့ "တစ်ရက်ရက်တော့ ဆုံကြဦးစို့ဆရာ" ဆိုလျှင်လည်း "ဆရာမြကိုပါ ခေါ်ပါဗျ" လို့ ပြောတတ်သည်။ ထိုအခါ အကြောင်း အားလျော်စွာ ကျွန်တော်တို့ ဆုံဖြစ်လျှင် ဆရာပါနှင့်ဆရာမြ မပါသည့်ပွဲ ရယ်လို့ မရှိတော့။ ပုလဲမြို့သစ်မှာ၊ ဆိုင်တစ်ဆိုင်မှာ၊ အိမ်တစ်အိမ် အိမ်မှာ။ ပန်းချီပြပွဲမှာတော့ ဧည့်သည်တွေ ဆုံနေသဖြင့် စကားကောင်း ကောင်း မပြောခဲ့ရ။ နောက်တစ်ရက် ကျွန်တော် ဆရာ့ဆီလာမည့်အကြောင်း ပြောခဲ့သည်။

ဆရာနှင့်တွေ့ရန် တခြားအကြောင်းလည်း ကျွန်တော့်မှာ ရှိသေး သည်။ ဆရာ့ဆီက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဆူ ပင့်ဆောင်ကာ ပူဇော်ချင်လို့ ဖြစ်ပါသည်။ မကြာသေးခင်က ဂျပန်နိုင်ငံက ရုပ်ပွားတော်ငယ်တစ်ဆူ ဆရာ့မှာ ရှိနေသည်ဆိုသည့်သတင်း ကျွန်တော် ရထားသည်။ သို့သော် ကျွန်တော် တကယ်ရောက်သွားတော့ ဆရာ့မိတ်ဆွေတစ်ဦးက ကျွန်တော့် ထက် ဦးသွားခဲ့ပြီ။

"ဘုရားကတော့ ပင့်လို့ရနိုင်ပါတယ် ဆရာရယ်။ ကျွန်တော်က ဆရာပေးတဲ့ ဘုရားရယ်လို့ တစ်သက်လုံး ပူဇော်ချင်လို့ပါ"

လို့ ပြောတော့ ဆရာက "ခင်ဗျား တကယ်အလေးအနက် ပြော နေတာပါလား" လို့ ပြောသည်။ကျွန်တော်က ဆရာ့ဆီက ဘုရားဆင်းတု တော်တစ်ဆူ တောင်းတာ ဆရာ့အတွက် ဆန်းနေပုံလည်း ရပါသည်။ ဆရာ့ဆီက ဘုရားတစ်ဆူ မရခဲ့သော်လည်း ဆရာက ကျွန်တော့်ကို ကတိ တော့ ပေးပါသည်။

"ခင်ဗျားကို ဘုရားတစ်ဆူ ပေးပါဦးမယ်"

ဆရာက မန္တလေးအကြောင်းတွေ မေးနေသည်။ မန္တလေးက စာရေးသူအကြောင်း မေးနေသည်။ အထူးသဖြင့် ဆရာညိုထွန်းလူအကြောင်း ကို မေးနေသည်။ မိခင်နှင့် ဇနီး ရက်အနည်းငယ်အတွင်း ရှေ့ဆင့်နောက် ဆင့်ကွယ်လွန်ခဲ့ကြတာကို ဆရာက ကရုဏာသက်နေပုံ ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်က လဟာရက်ရွာက ဆရာ့စာကြည့်တိုက် အကြောင်း မေးတော့ အကြောင်းအရာ ပြောင်းသွားသည်။ စာကြည့်တိုက် ဖွင့်ပွဲနေ့က အကြောင်းတွေကိုပြောပြနေသည်။ ကျွန်တော်က "လဟာရက်ကို ရောက်ဖူးတယ် ဆရာ" လို့ ပြောတော့ ဆရာက ကျွန်တော့်ကို ဟုတ်ရဲ့လား ဆိုသည့်မျက်လုံးတွေနှင့် ကြည့်နေမှန်း ကျွန်တော် သိပါသည်။

"ဟုတ်ရဲ့လားဗျ၊ လာဟာရက်ကိုလေ ခင်ဗျား ရောက်ဖူးသလား"

ကျွန်တော်က ပြုံးနေလိုက်သည်။ ဆရာက လဟာရက် ရွာကလေးကို စိတ်ရောက်သွားပုံ ရသည်။ ခဏလေး ငြိမ်သက်သွားသည်။ ဆရာ့ သစ်သားအိမ်ကလေးထဲမှာ ဆရာရော ကျွန်တော်ပါ ငြိမ်သက်နေသည်၊ ကိုယဉ်မင်းပိုက်က စာအုပ်တစ်အုပ်ကို လှန်ဖတ်နေသည်။

"လဟာရက်က သိပ်ဆင်းရဲတယ်။ သည်ရွာကလေးရဲ့ ကျေးဇူးတွေ ကျွန်တော့မှာ ရှိတယ်" တော်တော်လေးကြာတော့မှ ဆရာက မလှုပ်တလှုပ် ပြောနေသည်။

(၂)

၁၉၇၀ စွန်းစွန်းနှစ်များဆိုတော့ အနှစ် ၂၀ ပျော့ပျော့တော့ ရှိခဲ့ပြီ။ သည်တုံးက ကျွန်တော်အလုပ်သမားသစ်တစ်ယောက် ဖြစ်နေခဲ့ပြီ။ ဖခင်ကြီး ဆုံးပါးပြီးစဆိုတော့ မိသားစုအခြေအနေအရ ကျွန်တော် အလုပ်ဝင်ခဲ့ရသည်။ ဘဝနှင့်နှိုင်းစာလျှင် စာသင်ခန်းသည် သာမန်ကိစ္စသာ ဖြစ်သွားခဲ့သည်။ ပထဝီဝင်မှာ သင်ခဲ့ရသည့် ယူရယ်လ်တောင်တန်းများ၊ အင်ဒိစ်တောင်တန်း များ၊ ဟိမဝန္တာတောင်တန်းများ၊ အဲလ်စ်တောင်တန်းများသည် အဝေးမှာ ကျန်ရစ်ခဲ့ကာ စာဝတ်နေရေးတောင်တန်းတွေပေါ်ကို ကျွန်တော် တကယ် တက်နေရချိန်လည်း ဖြစ်သည်။ အလုပ်သမား တန်းလျားထဲက ကိုးပေ ပတ်လည် အခန်းကျဉ်းသည် တံမြက်စည်း တစ်ခတ်စာသာ ရှိသော်လည်း ကျွန်တော့်အတွက် ကျယ်လွန်းနေသည်။

အလုပ်သမားတွေ စုဖွဲ့ထားသည့် ဒိုမင်းတီးဝိုင်းသည် ကျွန်တော် တို့၏ 'ဩခက်စထရာ' ဖြစ်သည်။ ဒိုမင်းတစ်လက်ခြောက်လုံးပတ်တစ်တွဲ၊

BURMESE CLASSIC .com

www.burmeseclassic.com



တယောတစ်လက်နှစ်လက်၊ မယ်ဒလင်တစ်လက်နှစ်လက်၊ ဘူးသီးခြောက်ထဲ ဘောစေ့ထည့်ထားသည့် တူရိယာတစ်လက်၊ ခြူတွဲ၊စည်းနှင့်ဝါး။ တစ်ခါတစ်ခါတော့ 'ဘိဂီတာ'ခေါ်သည့် မြန်မာဂီတာကြီးတစ်လက်ပါတတ်သည်။ ဂျတ်စ်ဘင်လို့ခေါ်သည့်မြန်မာလုပ်ဘင်ကြီးတစ်လုံးကတော့ ဒိန်းဂျပ်ဂျပ် သီချင်းတွေအတွက် အဆင်ပြေသည်။ ဂျတ်စ်ဘင်ဆိုတာ Jazz နှင့် Band ပေါင်းထားသည့်ဝေါဟာရ ဖြစ်နိုင်သည်။ အပေါ်မှာကန့်လန့်တန်းကလေး တစ်တန်းပါကာ မျက်နှာစာမှာ 'ဖြူနီညိုပြာတေးဂီတ' ဆိုတာ ရေးထားသည်။ဘင်ပေါ်မှာတော့ ထရက်ဗယ်ကလက်ဖ်ခေါ်သည့် ဂီတသင်္ကေတ အကွေးတစ်ကွေးပုံ ဖြစ်သည်။ ဒါတင်မကသေးပါ။ ဘင်ပေါ်မှာ ပက်လက်လှန်ထားသည့် လင်းကွင်းတစ်ခြမ်းနှင့် သစ်သားကိုအခေါင်းထွင်းထားသည့် နွားခလောက်လို အတုံးတစ်တုံး ပါသည်။ Drum stick လို့ခေါ်နိုင်သည့် တုတ်တံနှစ်ချောင်းက တစ်ခြားရိုက်စရာ Side drumsတွေမပါတော့ လင်းကွင်းနှင့် ဝါးကို ခေါက်ရုံ။ ဤသို့ဖြင့် ဖြူနီညိုပြာ တေးဂီတသည် လဟာရက်ကို ရောက်သွားခဲ့ခြင်း ဖြစ်သည်။ အင်မတန်သေးငယ်သော မော်တော်ဘုတ်တစ်စီးက ကျွန်တော်တို့ကို ခေါ်သွားသည်။ လဟာရက်ရွာသား မင်္ဂလာဆောင်သတို့သားက ကျွန်တော်တို့ မယ်ဒလင်ဆရာနှင့် ရင်းနှီးရာက သတို့သား၏ အထူးတီးဝိုင်းအဖြစ် ရောက်သွားခဲ့ရခြင်းဟု ဆိုနိုင်ပါသည်။

လဟာရက်ရောက်တော့ သတို့သားအိမ်မှာ မတည်းရပါ။ အတန်ငယ်ကျယ်သော ဝါးအိမ်ကလေးတစ်အိမ်မှာ တည်းရသည်။ မယ်ဒလင်ဆရာကတော့ လဟာရက်ရွာအကြောင်း သီချင်းတစ်ပုဒ် ညဘက်မှာ ဆိုနိုင်ရေးလုံးပမ်းနေသည်။ သီချင်းက မြန်မာပြည် ဘယ်နေရာ ရောက်ရောက်ဆိုနိုင်သည့် ကိုယ်တိုင်ရေး မင်္ဂလာဆောင်သီချင်းကောင်း ဖြစ်သည်။ ရွာအမည်နေရာမှာ "သဒ္ဒါထက်တဲ့ လဟာရက်ရွာကလေးပါ" ဆိုတာမျိုးထည့်ရုံပြောင်းရုံသာ။ "ဖူးစာတော်နတ်မင်းများက ဂဟေဆက်လို့သာရယ်၊ ကိုကျော်ဆန်း သတို့သားနဲ့ ကြင်ရာတော် မသော်သော်တို့ရယ်" ဆိုတာမျိုးမှာ သတို့သား သတို့သမီး အမည်ကလေးပြောင်းရုံသာ ၊ လွန်ခဲ့တဲ့

BURMESE CLASSIC .com

www.burmeseclassic.com



အနှစ် ၂၀ က သည်ရွာကလေး မသောင်သာလှပါ။ ရေတက် ရေကျနဲ့မှ သွားလို့လာလို့ ရသည့်ရွာကလေးဟု ဆိုသည်။

"အခုလဲ မထူးပါဘူး။ အင်မတန်ဆင်းရဲကြတယ်။ ကျွန်တော် အဲသည်ရွာကလေးမှာ ပထမကြီးအောင်တယ်။ ဟံသာဝတီတစ်ခရိုင်လုံးမှာ စာအောင်တာ နှစ်ပါးပဲ ရှိတယ်။ တစ်ပါးက ကျွန်တော်၊ စာသင်သား ၅၀ လောက်ကို ရွာကလေးက ဆွမ်းကွမ်းထောက်ပံ့ထားတာ အင်မတန် အံ့သြစရာ ကောင်းတာပေါ့။ ဟံသာဝတီခရိုင်ဆိုတာ အောက်မြန်မာပြည်မှာ တော်တော့်ကို ကျယ်တဲ့ခရိုင်ကြီး၊ အောင်တဲ့နှစ်ပါးစလုံးက လဟာရက်ရွာ စာသင်တိုက်က ဖြစ်နေတယ်။ ဦးဆန်းထွန်း၊ ဒဂုန်ဦးထွန်းမြင့်၊ ကျွန်တော် နောက်ဆရာတော် အရှင်ဝဏ္ဏသိရီ စတဲ့ ပုဂ္ဂိုလ်တွေဟာ လဟာရက် ရွာကလေးက ဖြစ်ခဲ့တာပဲ"

ဆရာက ကျွန်တော်ပြောတာတွေကို နားထောင်အပြီးမှာ ပြောပြနေသည်။ "သြော် ခင်ဗျားရောက်ခဲ့ဖူးခဲ့တာကိုး" လို့ ခပ်တိုးတိုးကလေး ပြောရင်း သံဇကာကွက်တွေကတစ်ဆင့် လမ်းမကို ငေးနေသည်။

(၃)

"ကိုရင်ဝတ်နှင့် လည်းကောင်း၊ ပဉ္စင်းဝတ်ဖြင့် လည်းကောင်း ကျွန်တော် နှစ်ပေါင်းများစွာ နေခဲ့ဖူးသည်။ ကျွန်တော် သင်္ကန်းဝတ်ခြင်းမှာ သံသရာဘေးတွေ့ပြီး အကျွတ်တရားရသောကြောင့် ဝတ်ခြင်းမဟုတ်ဘဲ ပညာသင်ကြားလိုသည့်အတွက် ဝတ်ခြင်း ဖြစ်သည်။ တောင်သူလယ်သမား လက်လုပ် လက်စားသားသမီး တစ်ဦး ဖြစ်ခြင်းကြောင့် ကျေးရွာမူလတန်းကျောင်းတွင် စတုတ္ထတန်း တက်ပြီးသောအခါ ကျွန်တော် ကျောင်းဆက်တက်နိုင်သည့် အခြေအနေ မရှိတော့ပေ။ ကျွန်တော့်အတွက် ပညာရေး လမ်းပိတ်သွားသည်"

ဆရာ့ 'ပရကထာ' ထဲက ရေးသားမှု ဖြစ်သည်။ ဆရာ့ရဟန်းဝတ်ဘဝကို စတတ်၊ နောက်တတ်သူတွေထဲမှာ ဆရာဒဂုန်တာရာ ပါပုံ

BURMESE CLASSIC .com

www.burmeseclassic.com



ရသည်။ "ဒဂုန်တာရာက ကျွန်တော့်ကို ကလိသည့် အချက်တစ်ချက်ရှိသည်" လို့ ရေးတာကို တွေ့ရခြင်း ဖြစ်သည်။ ပညာအတော်အသင့်ရခဲ့သည်အခါ ဆရာရဟန်းဘဝက ထွက်လာခဲ့သည်။ 'ကျွန်တော်တို့၌ဘုန်းကြီးလူထွက် သို့မဟုတ် လူပြန်တော် ဟူသော အမည်းကွက်ကြီးစွန်းထင်းကပ်ပါလာသည်' လို့ရေးတာ ကျွန်တော် ဖတ်ဖူးသည်။ ဆရာကကျွန်တော်တို့နှင့် ဆုံမိသမျှအခါတိုင်းတွင်လည်း ရဟန်းဘဝက အဖြစ်အပျက်တွေကို အကြောင်းတိုက်ဆိုင်လျှင် ပြောပြတတ်သည်။ ဆရာမြသန်းတင့်ကတော့ ထိုအခါမျိုးတွင် ပြုံးကျဲကျဲကလေးလုပ်ကာ ဆရာပါ့ကိုစတတ်သည်။

"နေဦးဗျ၊ စကားဖြတ်ပြောလိုက်ရဦးမယ်။ ဆရာပါ ပဥ္စင်းတက်တော့ကျွန်တော်က သူငယ်တန်းပဲ ရှိသေးတယ်။ ဆရာပါ့အသက်ကို ခင်ဗျားတို့ပဲတွက်ကြည့်ကြပေါ့ဗျာ"

ထိုအခါတွင် ဆရာပါက အားရပါးရ ရယ်တတ်ပါသည်။ သည်ဟာသက ဆရာမြနှင့် ဆရာပါ ဆုံသည့်ပွဲတိုင်းမှာ ပါတတ်ပါသည်။ တစ်ခါတစ်ခါ ပွဲခြောက်နေလျှင်တော့ ဆရာမြက ကျွန်တော့်ကို လှမ်းတို့တတ်သည်။

"လုပ်စမ်းပါဦးဗျာ၊ ခင်ဗျားဆရာ ပုဂံမှာ ခင်ဗျားကို ဓာတ်ပုံတစ်ပုံပြတယ်ဆို ခင်ဗျား ကံကောင်းတာဗျ၊ သည်ဓာတ်ပုံက ဘယ်သူ့မှ ပြတာမဟုတ်ဘူး။ ဘယ်လိုဗျ လောကနန္ဒာဘုရားမှာ ဟုတ်လား။ ဘာပင်ဗျာပုန်းညက်ပင် ဟုတ်လား"

ဆရာမြက "ဘာပင်ဗျ၊ ပုန်းညက်ပင် ဟုတ်လား" လို့ ဆိုတိုင်းဆရာပါက ပြုံးပြုံးကြီး လုပ်နေရင်းက-

"ပုန်းညက်ပင် မဟုတ်ပါဘူးဗျ၊ အကျော်ပင်လို ဟာပါ"

လို့ ဝင်ထောက်တာကလည်း အဖြစ်အပျက်တစ်ခုကို ဝန်ခံသလိုဖြစ်နေတတ်လေရာ ကျွန်တော်တို့အားလုံး မရယ်ဘဲ မနေနိုင်ကြပါ။

www.burmeseclassic.com



ထိုအခါ ဆရာပ့ါမျက်နှာမှာ အဖြစ်အပျက်ဟောင်းကို သတိရသလိုလို သူ့ဟာသူပဲ ရှက်နေသလိုလို ဖြစ်နေတတ်ရာ ဒါကိုပဲ ကျွန်တော်တို့က သတိတရ စကြခြင်း ဖြစ်သည်။ ကျွန်တော် သိသလောက် ဆရာပါသည် သူ့ဘဝ၏ ဘယ်လိုထောင့် ဘယ်လိုအချိုးအကွေ့ကိုမှ ဗှက်ကွယ်ဖုံးဖိထားတတ်သူ မဟုတ်။ အတွေ့အကြုံနှင့် ဖြတ်သန်းမှု ကြီးမားသလောက် မှတ်မိနေခြင်းမှာလည်း အံ့သြစရာ ကောင်းလှပါသည်။ ဆရာတစ်ခါက ရေးခဲ့ဖူးသလို ဘဝ၏ အမှတ်ထင်ထင် ကိစ္စတွေထဲက အသေးစိတ်ကလေးတွေကိုတောင် အမှတ်တရ မှတ်မိတတ်လာတာလည်း ရှိသည် ဆိုသည်မှာ တကယ်ဖြစ်ပါသည်။ အထူးသဖြင့် ဆရာရဟန်းဝတ်ခဲ့ခြင်းသည် ဆရာ့ဘဝ၏ ကြီးမားသောအချိုးအကွေ့ ဖြစ်ပုံရပါသည်။ ငါသာ ရဟန်းမဝတ်ခဲ့လျှင် ဆိုသည့် မေးခွန်းကို ဆရာ မိမိကိုယ်မိမိ မေးခွန်းထုတ်ခဲ့ဖူးဟန်တူပါသည်။ သည်အချိုးအကွေ့သည် ဆရာ့ကို သည်နေရာရအောင် ပို့ဆောင်ခဲ့သည့်လှေကားထစ်များ ဖြစ်ခဲ့သည်။

> "ကျွန်တော်သာ သင်္ကန်းမဝတ်လျှင် ကျွန်တော် လယ်ထွန်ချင်ထွန်နေရမည်။ ဆိုက်ကားနင်းချင် နင်းနေရမည်။ ကွမ်းယာရောင်းချင်ရောင်းနေရမည်။ ကျွန်တော့်အား လူတစ်လုံး သူတစ်လုံး ဖြစ်အောင်လုပ်ပေးသူမှာ ကျွန်တော်၏ ဘဝဟောင်း ဖြစ်သည်။ ကျွန်တော့်အား စာပေသမားတစ်ဦး၊ စာရေးဆရာ တစ်ဦးဖြစ်အောင် ဖန်တီးပေးသူမှာ ကျွန်တော်၏ ဘဝဟောင်းဖြစ်သည်။"

ဆရာရေးခဲ့ဖူးသည့် စာတွေထဲက ဖြစ်သည်။ ဒါတင်မကပါ။ ဆရာက ဟင်ဒီဘာသာ၊ သက္ကတဘာသာ သင်ကြားခဲ့ရာမှာလည်း သန်လျင်မြို့စွန်က ကုလားအဘိုးကြီးတစ်ဦးဆီက သင်ယူခဲ့ကြောင်း အလျင်းသင့်တိုင်း ရေးခဲ့ဖူးပါသည်။ ကျွန်တော်တို့အဖို့တော့ ဆရာရဟန်း ဝတ်ခဲ့ခြင်းသည်လည်းကောင်း၊ ကုလားအဘိုးကြီးတစ်ယောက်ဆီက ဟင်ဒီစာ သင်ခဲ့ခြင်းသည်လည်းကောင်း ကျေးဇူးတရားများအဖြစ်သာ ရှုမြင်ပါသည်။ ဆရာ၏ ဘာသာရေးစာပေများ ဆရာ၏ ဟင်ဒီဘာသာပြန်ဝတ္ထုနှင့် အတ္ထုပတ္တိများ

BURMESE CLASSIC .com

www.burmeseclassic.com



သည် ကျွန်တော်တို့အတွက် ကျေးဇူးကြီးလှပါသည်။ သန္တသနော်မှာ မွေး၊ လဟာရက်မှာစာသင်၊ သန်လျင်မှာဆည်းပူး၊ ဗဟန်းမှာ စာပေတွေ ရေးသားနေသူ ဆရာ့ကိုသတိရတိုင်း သန္တသနော်၊ လဟာရက်၊ သန်လျင်၊ ဗဟန်း စသည့် ထူးထူးဆန်းဆန်း အမည်တွေနှင့် အကျိုးပေးသူအဖြစ် တစ်ခါတစ်ရံ ကျွန်တော် တွေးနေမိတတ်ပါသည်။

မနေ့တစ်နေ့က လဟာရက်မှာ ပါရဂူစာကြည့်တိုက်ကို ဖွင့်နိုင်ခဲ့ပြီ။

(၄)

တစ်ခါက ဆရာပါ၊ ဆရာဦးခင်မောင်အေး (ရွှေနေ)နှင့် ကျွန်တော် မြို့တစ်မြို့သို့ ရောက်သွားခဲ့သည်။ ထိုမြို့သို့ ရောက်ချိန်မှာ ညနေခင်း ဖြစ်သည်။ ထိုမြို့နှင့်ကပ်လျက် စီးဆင်းနေသည့် မြစ်ကြီးက မြစ်ရေကြီးချိန်။ စိုးရိမ်ရေမှတ်ကို တော်တော်ကျော်နေချိန်။ မိုးတွေကလည်း မည်းမှောင်နေအောင် ရွာနေသည်။ မြစ်ရေတွေက မြို့လယ်မှာပင် ဒူးခေါင်းလောက် ဖြစ်နေသည်။ ပြီးတော့ ကျွန်တော်တို့ တည်းခိုရသည့် အိမ်က ချမ်းသာသူတွေ။ အလွန်ကြီးမားသော မြို့လယ်က အိမ်ကြီး တစ်အိမ်ဖြစ်သည်။ ပြီးတော့ မိသားစုဝင်တွေ အားလုံး စာဖတ်ကြသူတွေ ဖြစ်ကာ ဘာသာတရား ကိုင်းရှိုင်းကြသူများ ဖြစ်သည်။ သားသတ်လွတ်စားသူများပီပီ ကျွန်တော်တို့ အတွက်လည်း ဟင်းသီးဟင်းရွက် ဟင်းစုံဖြင့် ဧည့်ခံကျွေးမွေးဖို့ စီစဉ်ထားသည်။ ဆရာပါကိုတော့ အသက်ကြီးသူ၊ လေးစားဂါရဝထားအပ်သူ၊ ဘာသာရေးစာပေများ ရေးသားပြုစုနေသူအဖြစ် တသီးတသန့် နေရာချပေးထားသည်။ ကျွန်တော်နှင့် ဦးခင်မောင်အေးကတော့ မိသားစုများနှင့် အတူတူ။ ကျွန်တော်ရေးခဲ့သည့် ဝတ္ထုတိုများကို အကြောင်းပြုကာ လူငယ်တချို့က အင်တာဗျူးနေသည်။ ကျွန်တော်နှင့် ဆရာအေးက နည်းနည်းမှောင်လာတော့ အပြင်ထွက်ချင်နေသည်။ အနွေးဓာတ်ကလေး ရလိုရငြား ထွက်ချင်နေခြင်း ဖြစ်သည်။ သို့သော် အိမ်ရှင်တွေက ထွက်ခွင့်မပေးပါ။

ကျွန်တော်တို့ကလဲ ထွက်ရဖို့ပဲ အကြောင်းရှာနေရတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ကျွန်တော် စီးကရက်ဘူး ဝယ်မယ်ဆိုပြီး ထွက်ရအောင် ဆရာအေးရာ"

ကျွန်တော်က စကားစကြည့်တော့ အိမ်သားများအားလုံးက ကန့်ကွက်သည်။ မြစ်ရေတွေကြီးနေသည့်ည၊ မိုးတွေ သည်းနေသည့်ည။ စီးကရက်ဘူးကို အကြောင်းပြကာ ထွက်လျှင် အိမ်ရှင်တွေက ဘယ်လိုမှ ခွင့်မပြုနိုင်တာကိုတောင် ကျွန်တော်တို့ မစဉ်းစားမိ။

"ဟာမဟုတ်တာ ဆရာနေရယ်။ ဘာစီးကရက်လဲသာ ပြောပါ။ သွားစမ်းဟေ့ တစ်ယောက်၊ တစ်ခါတည်း လေးငါးဘူး ဝယ်ခဲ့။ ဆရာပါ့လဲ မေး၊ ဘားစီးကရက် သောက်မလဲလို့"

ခက်ပြီ။ ကျွန်တော်နှင့်ဆရာအေးမှာ နောက်ထပ် ဗျူဟာသစ်မရှိ။ အချိန်ကလည်း နည်းနေပြီ။ အိမ်ရှင်တွေက ခဏနေလျှင် ထမင်းကျွေးတော့မည်။ ဆရာအေးက ချောင်းတစ်ချက် ဟန့်လိုက်ကာ အိမ်ရှင်မိသားစုကို စကားတစ်ခွန်း လှမ်းပြောလိုက်သည်။

"သည်လိုပါ၊ သည်မြို့မှာ အလုပ်သမား မင်းကြီးဟောင်း ဦးသာအေးဆိုတာ ရှိပါတယ်။ ပင်စင်စားအရာရှိကြီးလေ ကျွန်တော်တို့ သူတို့မိသားစုကိုလည်း နှုတ်ဆက်ရင်း လမ်းလေးဘာလေးထွက်လျှောက်မလို့ပါ။ ထီးကလေးနှစ်ချောင်းသာ ခဏပေးလိုက်ပါ။"

သည်နေရာမှာ အကြောင်းယုတ္တိသည် သိမ်ငယ်နေသည်။ အိမ်ရှင်တွေကလည်း အလုပ်သမားမင်းကြီးဟောင်းနှင့် ခင်မင်နေသူတွေ ဖြစ်သည်။ သို့သော မြစ်ရေတွေ တလျှားလျှားတက်နေချိန်မှာ အိမ်လည် ထွက်ချင်နေသည့် ကျွန်တော်တို့ဝေဒနာကို အိမ်ရှင်တွေ သိသွားပုံလည်း ရပါသည်။ သည်တော့မှ ထီးနှစ်ချောင်း ထုတ်ပေးကာ မြန်မြန်ပြန်ခဲ့ကြဖို့ စိုးရိမ်တကြီးမှာကာ လမ်းညွှန်လိုက်ကြသည်။

"နည်းနည်းတော့ လှမ်းတယ် ဆရာတို့။ မြန်မြန်ပြန်ခဲ့ကြပါနော်။ ပြန်လာမှ ထမင်းသုံးဆောင်ရအောင်လို့"

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်က ထီးကို ဝုန်းခနဲ ဖွင့်လိုက်တော့ ဆရာပါက အနားရောက်လာသည်။

"ထီးတစ်ချောင်းလောက် ပေးပါဦး"

"ဟာ မဟုတ်တာ ဆရာပါ မလိုက်ပါနဲ့။ ရေတွေများနေလို့ပါ ဆရာ၊ ချော်လဲနေပါဦးမယ်"

"ရပါတယ် အလုပ်သမားမင်းကြီးက ကျွန်တော်နဲ့လဲ ခင်တယ်"

ထီးသုံးလက်။ မြစ်ရေတွေထဲမှာ မိုးသည်းသည်းထဲမှာ၊ ခပ်ဖြည်းဖြည်း တရွေ့ရွေ့ သွားနေရသည်။

"ကိုခင်မောင်အေး ခင်ဗျားလေ အရိပ်သုံးပါး လုံးဝနားမလည်ဘူး၊ ဘယ့်နှယ် ကျွန်တော့်ထားခဲ့ရတာလဲ"

ဆရာက ဆူနေသည်။ သည်လိုနှင့် ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ ဆရာက ကျွန်တော့်ကို အိမ်အဝင်မှာ မှာသည်။ "ကလေးတွေက ဝတ္ထုကြောင်း ဘာညာမေးနေရင် အာမချောင်နဲ့နေ၊ ငြိမ်ငြိမ်ကလေးနေ" တဲ့။ ကျွန်တော့်အာမခံချက်က ခဏပဲ ခံသည်။ ကျွန်တော်က စကားတွေ တအားပြောဖြစ်သည်။ ထိုအခါ ဆရာက သူထိုင်နေသည့် ကုလားထိုင်ပေါ်က ကျွန်တော့်ကို ခပ်စိမ်းစိမ်း ကြည့်နေသည်။ "ပြောထားတဲ့ကြားက စကားတွေများလွန်းရန်ကော" ဆိုသည့် အဓိပ္ပယ်ဖြစ်သည်။ ဦးခင်မောင်အေးကိုလည်း တတွတ်တွတ် ပြောနေသည်။

"ကိုနေဝင်းမြင့်ကတော့ ဘာထူးသလဲ။ အရိပ်သုံးပါး လုံးဝနားမလည်ဘူး"

ဤသို့ဖြင့် ကျွန်တော်နှင့် ဆရာအေးမှာ "အရိပ်သုံးပါး" စာရင်းထဲမှာ ပါသွားခဲ့ဖူးသည်။

ကျွန်တော် ဒါကိုရေးပြတာ ဆရာ့ကို ထိခိုက်စေလို၍ မဟုတ်ပါ၊ ဆရာ့အကြောင်းကို ကျွန်တော်သိနေလို့ ရေးပြခြင်း ဖြစ်ပါသည်။ ဆရာ

BURMESE CLASSIC .com

www.burmeseclassic.com



သည် ဘယ်အရာ၊ ဘယ်အခြေအနေမျိုးနှင့်မှ ကျဉ်းကျပ်ချင်နေသူ မဟုတ်ပါ။ ဆရာ့စာတွေကို ဖတ်ပြီး ဆရာ့ကို ကြည်ညိုလေးစားနေသူတွေ ရှိသည်။ ချစ်ခင်နေသူတွေ ရှိသည်။ သူတို့ စိတ်သန္တာန်မှာ ဆရာ့ကို သူတော်စင်တစ်ပါးလို နေရာပေးထားတာမျိုးလည်း ရှိနိုင်ပါသည်။သို့သော် ဆရာက လွတ်လပ်ပေါ့ပါးသူသာ ဖြစ်သည်။ဘုရားစေတီတွေမှာ အသံကျယ်ကျယ် ရှိခိုးနေတာမျိုး ဆရာလုပ်နေသူမဟုတ်ပါ။ ပုတီး တချောက်ချောက်စိပ်နေတာမျိုးလည်း တွေ့နိုင်မည် မဟုတ်။ ဆရာသည် စာရေးဆရာ တစ်ဦးသာ ဖြစ်သည်။ စာရေးဆရာတစ်ဦးလိုပဲ ပွင့်လင်းချင်သူ၊ လွတ်လပ်ပေါ့ပါးနေချင်သူ၊ ကန့်သတ်မှုကို စက်ဆုပ်သူသာ ဖြစ်သည်။

ကျွန်တော် ဆရာ့ကို လေးစားရသည့် အချက်တွေထဲမှာ သည်အချက်သည် ပထမနေရာ ရှိနေသည်။

(၅)

ကျွန်တော်စာဖတ်ဝါသနာပါစကတည်းက ဆရာ့စာအုပ်တွေနှင့် ရင်းနှီးခဲ့ရသူ ဖြစ်သည်။ ဆရာ့စာအုပ်ပေါင်းများစွာကို ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။ ကျွန်တော့်အကြိုက်ဆုံးစာအုပ်မှာ 'မင်းနှင့်ပြည်သူ' ဖြစ်သည်။ မကြာခင် ဆရာ့စာအုပ် ၁၀၀ ပြည့်တော့မည်ဟု ကျွန်တော် ကြားခဲ့သည်။ '၁၀၀' ဆိုသည့် အရေအတွက်ဂဏန်းသည် ကျွန်တော်တို့အဖို့ သိပ်အံ့သြစရာ မရှိလှပါ။"ဟောတစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံလို့ပင်' ဆိုသည့် သူကလေးတွေကတောင် အုပ် ၁၀၀ မြောက်ပွဲတော် ကျင်းပနိုင်ကောင်း ကျင်းပနိုင်ပါသည်။

ကျွန်တော်က 'တန်ဖိုး' ကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအားဖြင့် အစဉ်အလာကြီးမားခဲ့သည့် နိုင်ငံကြီးနှစ်နိုင်ငံကြားက နိုင်ငံငယ်တစ်ခု ဖြစ်သည်။ အထူးသဖြင့် ထိုယဉ်ကျေးမှုကြီးနှစ်ရပ်နှင့် စပ်လျဉ်း၍ ကျွန်တော်တို့ သိပ်များများစားစား ထိတွေ့ခွင့်မရခဲ့တာကလည်း စာအုပ်စာတမ်း အခက်အခဲများကြောင့်ဖြစ်နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အထူးသဖြင့် တရုတ်ဘာသာစာပေနှင့် ပတ်သက်လျှင် အင်္ဂလိပ်ဘာသာကတစ်ဆင့် ပြန်ဆိုချက်တွေသာ ရှိသည်ဟု ဆိုနိုင်ပါသည်။ သိုင်းစာအုပ် တော်တော်များများက လွဲလျှင်ပေါ့လေ။ ဟင်ဒီစာပေကတော့ မူရင်းဘာသာမှ တိုက်ရိုက်ပြန်ဆိုထားချက်များကို ကျွန်တော်တို့ ဖတ်ခွင့်ရနေသည်။ အထူးသဖြင့် ဆရာပါ၏ ကျေးဇူးကြောင့် ဖြစ်သည်။ ဟင်ဒီစာပေ၏ အဆောက်အအုံကြီးတစ်ခုလုံးကို ကျွန်တော်တို့ မမြင်နိုင်စွမ်းသော်လည်း ဆရာ့ကျေးဇူးကြောင့်ပဲ ကျွန်တော်တို့ အထိုက်အလျောက် ရင်းနှီးနားလည်ခွင့် ရခဲ့ကြပြီ။ ဆရာ ဘယ်အချိန် စာတွေ ရေးသလဲ ကျွန်တော်မသိ။ ဆရာ့ဆီရောက်ခဲ့သည့် အကြိမ်ပေါင်းများစွာမှာလည်း ဆရာစာရေးနေတာ မျက်မြင်ကိုယ်တွေ့ တစ်ခါမှ မရှိခဲ့ဖူးပါ။ သို့သော် ဆရာ့စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ထွက်နေသည်။ ထွက်သမျှစာအုပ်ကလည်း မရှိမဖြစ်၊ မဖတ်မဖြစ်၊ မသိမ်းမဖြစ်တွေချည်း။

ကျွန်တော် ရန်ကုန်မှာနေသည့် ရက်ထဲမှာပဲ (၁၉၉၉၊ နိုဝင်ဘာ) ဆရာ့စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။ လဟာရက်ရွာကလေးမှာ ဖြစ်သည်။ ကျွန်တော်ကတော့ ဆရာမွေးဖွားရာဇာတိရွာ 'သန္တိသနေ့' က 'ဉာဏ်ရောင်ခြည်' စာဖတ်အသင်းကို သတိရနေသည်။ ဉာဏ်ရောင်ခြည်ကို ဦးဆောင်သူမှာ ဆရာဦးဆန်းထွန်း၏ ညီအစ်ကိုဝမ်းကွဲတော် ဦးဘလှ ဖြစ်သည်။ ဟသ်ာတကလွဲလျှင် ဘယ်ကိုမှ မရောက်ဖူးသော ဘုန်းကြီးကျောင်းသားတစ်ဦး၏ စိတ်ကူးစိတ်သန်းများဖြစ်သော်လည်း အတွေးအခေါ်က ရှေ့တန်းရောက်နေသည်။

> "ရွာထဲတွင် ငွေကြေးတတ်နိုင်သူ တော်တော်များများရှိသည်။ ငွေကြေးတတ်နိုင်သူများသည် ဝါကြွားရှ် ပလွှားချင်ကြသည်။ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် လုပ်ကြသည်။ လျှူသည့်တန်းသည့် နေရာ၌ ပုံအောကြသည်။ သို့သော်လည်း စာဖတ်အသင်းအတွက်မူ စာအုပ်တစ်အုပ် ဝယ်မပေးချင်ကြ။ လူကြီးလူငယ်အားလုံးပင် ဖတ်ရကောင်းစေ ဟူ၍လည်း မအောက်မေ့ကြပေ။"

www.burmeseclassic.com



လို့ ဆရာ ရေးဖူးသည်။ ဆရာက ထိုစဉ်က 'သန္တသနော့' နှင့် 'လပဟာရက်' ၏ ကွာခြားချက်ကို သတိထားမိခဲ့ပုံ ရသည်။

"လပဟာရွက်ရွာမှာ ကျွန်တော်တို့ရွာထက် အဆများစွာဆင်းရဲသည်။ သို့သော်လည်း စာသင်တိုက်အုပ်ချုပ်သော ရဟန်းတော်များသည် ခေတ်မီသူများဖြစ်၍ ရပ်ရွာ၏ တိုးတက်ရေးကို စိတ်ဝင်စားကြသည်။ စာသင်သားများအား လောကုတ္တရာ စာချပေးသည့်အပြင် လောကီအသိဉာဏ် ကြွယ်ဝရေးအတွက်လည်း အားပေးအားမြှောက်ပြုကြသည်။"

ထိုစဉ်က 'လပဟာရက်' မှာ လူငယ်များအတွက်သာမက တောင်သူလယ်သမားများအတွက်ပါ နိုင်ငံရေးအမြင် ဖွံ့ဖြိုးလာရန် ကြိုးပမ်းခဲ့ဖူးသည်။ တို့ဗမာအစည်းအရုံးဝင်တွေကိုဖိတ်ကြားကာ နိုင်ငံရေးတရားပွဲတွေ ကျင်းပပေးခဲ့ဖူးသည်။ သခင်လေးမောင်၊ သခင်ထွန်းအုပ်၊ သခင်လှဘော်တို့ လပဟာရက်မှာ တရားဟောခဲ့ဖူးသည်။ သည့်နောက်မှာတော့ လပဟာရက်ရွာကလေးကို ရောက်တတ်လာသော ဒီရေတွေလို တက်ခြင်း၊ ကျခြင်းတွေ့ရှိခဲ့သည်။ အခုတော့ လပဟာရက်မှာ စာကြည့်တိုက်တစ်တိုက် ရှိနေခဲ့ပြန်ပြီကော။

မင်္ဂလာပါ လပဟာရက်။

(၆)

ဆရာပါရဂူ'မစုရဆွပ္ပန' အမည်ရသည့် ဟင်ဒီဝတ္ထုကြီး တစ်ပုဒ်ကို ဘာသာပြန်ခဲ့ဖူးသည်။ ဟင်ဒီဘာသာအားဖြင့် 'မစုရ' မှာ ချိုမြိန်ခြင်းဖြစ်သည်။ 'ဆွပ္ပန' မှာ အိပ်မက်ဖြစ်သည်။

ချိုမြိန်သောအိပ်မက်။ ဆရာကတော့ 'လူ့ဘောင်သစ်' ဟု အမည်ပေးကာ ဘာသာပြန်ခဲ့သည်ဟု မှတ်မိနေသည်။ မနေ့တစ်နေ့က ဆရာကိုတာက ကျွန်တော့်ကို စာအုပ်လက်ဆောင် တော်တော်များများ ပေးသည်။ 'လှည်းဘီးတစ်ဘီး' လည်း ပါသည်။ သည်စာအုပ်ထဲမှာ လရောင်ချစ်သော

www.burmeseclassic.com



ဆရာ့အကြောင်း၊ ဗီသိုဗင်၏ moon lightကိုတီးပြသော စန္ဒရားဦးသိန်းမောင် အကြောင်းတွေဖတ်ရသည်။

ကျွန်တော်ကတော့ အရင်က ဆရာပါ သီချင်းတွေ သိပ်ကြိုက်ပုံမရ ဟု ထင်သည်။ ကျွန်တော်တို့ ဆုံကြလျှင် များသောအားဖြင့် သီချင်းတွေ ဆိုတတ်ကြသော်လည်း ဆရာပါက 'မဆိုပါနဲ့ဗျာ' လို့ တားခဲ့တာကြုံခဲ့ဖူးသည်။ တစ်ခါတစ်ခါတော့ အများဆန္ဒဖြစ်နေသဖြင့် လိုက်လျောလိုက်ရပုံမျိုးနှင့် ဘာစကားမှ မပြောတော့ဘဲ ထိုင်နေတာလည်း ကြုံခဲ့ဖူးသည်။ သို့သော် နောက်ပိုင်းမှာ ဆရာကပင် ဆိုခိုင်းနေတတ်သည်။ ကျွန်တော်တို့ဆိုနေလျှင်လည်း ပြုံးပြုံးကြီး ကြည့်နေတတ်သေးသည်။ ကျွန်တော် အမှတ်မှား၊ အထင်မှားတာလည်း ဖြစ်နိုင်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာ့ချိုမြိန်သော အိပ်မက်တွေထဲက တစ်ခုဖြစ်သည့် စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီ။ ဆရာ့စာအုပ် ၁၀၀ မှသည် ရှေ့ခရီးဆက်ရမည့် ကာလအများကြီးကလည်း ရှိသေးသည်။ ဆရာ့ချိုမြိန်သောအိပ်မက်တွေထဲမှာ သူရေးချင်သည့် စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ထွက်နေတာလည်း ပါပါလိမ့်မည်။ တလောကတော့'ဆရာပါရဂူစာပေဆု' ဆိုတာမျိုး ကြားလိုက်ရသေးသည်။ ဒါလဲ ချိုမြိန်သော အိပ်မက်တွေထဲက တစ်ခုဖြစ်လာနိုင်သည်။ ကျွန်တော်ကတော့ ဆရာ့မှာ နောက်ထပ် ချိုမြိန်သောအိပ်မက်တစ်မက် ကျန်လိမ့်ဦးမည် ထင်နေသည်။

"ပုန်းညက်ပင် မဟုတ်ပါဘူးဗျ၊ အကျော်ပင်ပါ။ လောကနန္ဒာစေတီဟာ သမိုင်းအရလည်း အရေးကြီးတယ်။ ပထဝီဝင်အရလည်း အရေးကြီးတယ်၊ စိတ်ခံစားမှုအရလည်း အရေးကြီးတယ်"

ဆရာကပြောရင်း ပြုံးနေသည်။ ထိုအပြုံးမှာပင် ချိုမြိန်သောအိပ်မက် ရိပ်တွေ စွန်းထင်နေသည်။

**နေဝင်းမြင့်**

**၁၉၉၉၊ နိုဝင်ဘာ၊ မန္တလေး။**

# ဖျတ်ခနဲတွေ့ရသည့်ကျွန်တော်တို့ရှေ့ကကြယ်တာရာများ
# ဆရာပါရဂူ

(တစ်)

"ညည်းတို့တစ်တွေ စာရေးဆရာ ပါရဂူဆိုတာကိုရော ကြားဖူးကြရဲ့လား"

စင်စစ် ညည်းတို့ ဟူသည့် နာမ်စားကို သုံးကာ ကျွန်တော်က မေးလိုက်မိသော်လည်း အတန်းထဲမှာက ယောကျ်ားကလေးတွေကလည်း ပါပါသည်။ သို့သော်လည်း လူလေးငါးဆယ်ထဲတွင် ယောကျ်ားကလေးဖြစ်သူက တစ်ယောက်စနှစ်ယောက်စမျှသာ ပါရှိနေပေရာ ကျွန်တော်က များရာကိုစွဲပြီး ညည်းတို့ဟု သုံးနှုန်းလိုက်ခြင်းဖြစ်သည်။ ညောင်ဦးမြို့ရွှေစည်းခုံဘုရားခြေတော်ရင်းအနီးက ကိုထွန်းလင်းနှင့် မသန်းဌေးတို့၏ အိမ်အောက်ထပ်တွင် ပုဂံညောင်ဦးတစ်ဝိုက်က ကျွန်တော်တစ်ပည့် တက္ကသိုလ်ကျောင်းသူကျောင်းသားများကို မွန်ကျောက်စာအကြောင်း ဆွေးနွေးနေရင်း စာရေးဆရာများအကြောင်း စကားစပ်မိသွားရာမှ အထက်ပါမေးခွန်းများကို ကျွန်တော်က မေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းသားအများစုဆီမှ ကြားဖူးပါတယ်ဟူသော စကားသံအချို့ ထွက်လာပါသည်။ သည်တော့ ကျွန်တော်က စကားကို ဆက်ရပါသည်။

"ဒါဆို ညည်းတို့ ဘယ်စာအုပ်တွေ ဖတ်ဖူးကြသလဲ"

"ပုဂံခရီးသည်"

BURMESE CLASSIC .com

www.burmeseclassic.com



သည်အဖြေကတော့ ကျောင်းသူကျောင်းသား တော်တော်များများဆီမှ သံပြိုင်ထွက်ပေါ်လာသောအဖြေဖြစ်သည်။ ဆရာပါရဂူ၏ များပြားလှစွာသော စာအုပ်တွေထဲမှ 'ပုဂံခရီးသည်' စာအုပ်ကို တညီတညွတ်တည်း ဖြေကြသည်မှာတော့ သူတို့နှင့် နီးနီးကလေးက အကြောင်းအရာတွေကို ရေးထားသော စာအုပ်ဖြစ်၍ဟုပဲ ကျွန်တော်က နားလည်ရပါသည်။ ကျွန်တော်က 'ပုဂံခရီးသည်' စာအုပ်နှင့်ပတ်သက်၍ စကားဆက်ရန် ပြင်ဆဲမှာပင် အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာပါသည်။

ကားတံခါးဖွင့်သံ ပြန်ပိတ်သံများ၏ နောက်တွင် လူတစ်ယောက် ကားပေါ်မှဆင်းလာပါသည်။ ထို့နောက် ခြံတံခါးဝတွင် မတ်တတ်ရပ်နေရင်းမှ ကျွန်တော်နှင့်ကျောင်းသား၊ ကျောင်းသူများရှိရာကို လှမ်းကြည့်ရင်း ဆရာမောင်သာချိုဆိုတာ ရှိပါသလားဟု မေးလာပါသည်။ ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ရင်းက သူရှိရာကို လျှောက်သွားဖြစ်ပါသည်။ သူက

"ဆရာပါရဂူတို့က အခေါ်ခိုင်းလိုက်လို့ပါ။ ဖြစ်ရင် ခဏလောက် လိုက်ခဲ့ပါတဲ့။ ဆရာကိုတာရော၊ သင်းပိတောက် ဦးမျိုးခင်ရော၊ ရာပြည့် ဦးစိုးညွန့်တို့ရော မြရတနာမှာ breakfast စားရင်း စောင့်နေကြပါတယ်"

တိုက်တိုက်ဆိုင်ဆိုင် ဆရာပါရဂူအကြောင်း ပြောနေတုန်း ဆရာပါရဂူတို့ ရောက်လာကြသည်ဆို၍ ကျွန်တော် ဝမ်းသာသွားမိသည်။ ထို့ကြောင့် ကျောင်းသားများကို ခဏခွင့်ပန်ကာ လာကြိုသည့်ကားပေါ်ကို တက်လိုက်ပြီးသည်နှင့် ကားဆရာက သူ၏ ပေါင်မုန့်ကားကလေးကို ကျင်လည်စွာ မောင်းထွက်လိုက်ပေသည်။

(နှစ်)

တရိပ်ရိပ်ပြေးနေသော ကားပေါ်တွင် လိုက်ပါသွားနေရင်းက ပုဂံသို့ ရောက်လာပြန်သည်ဆိုသော ပုဂံခရီးသည်ကြီးဆရာပါရဂူကို ကျွန်တော်က တွေ့ချင်မြင်ချင်နေမိပါသည်။ ပုဂံခရီးသည်တဲ့။ မှန်ပါသည်။ ဆရာပါရဂူက တကယ်ကိုပင် ပုဂံခရီးသည်ကြီး ဖြစ်ပါသည်။ ပုဂံအနှံ့ ခြေဆန့်ခဲ့ဖူးလေ

BURMESE CLASSIC .com

www.burmeseclassic.com



သမ္ဘူကိုပင်"ပုဂံခရီးသည်"ဟူ၍ စာအုပ်တစ်အုပ်ရေးသားခဲ့ဖူးသူ ဖြစ်ပါသည်။ သဗ္ဗညု၊ အာနန္ဒာ၊ ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ ဓမ္မရံကြီး၊ ကန်တော့ပလ္လင်၊ မင်္ဂလာစေတီ၊ ဥပါလိသိမ်၊ နတ်လှောင်ကျောင်း၊ ငှက်ပစ်တောင်၊ ဘုရားနီ၊ သရပါတံခါး စသည်စသည်ဖြင့် ပုဂံညောင်ဦးတစ်ဝိုက်မှ အထင်ကရ အမှတ်တရ နေရာများစွာကို သမိုင်းအမြင်သက်သက်ဖြင့် အနှစ်သာရ လည်း မမဲ့ရအောင် အလေးအပေ့ါချိန်ပြီး ဆရာရေးသားသွားပုံကို ကျွန်တော် က သဘောကျမိသည်။

အခု ထိုဆရာပါရဂူက ကျွန်တော်ပုဂံတွင် ရှိနေစဉ်ရက်များတွင်မှ ပုဂံကို ရောက်ရှိ၍လာပြန်ပါသည်။ ပုဂံခရီးသည်ကြီးနှင့် စာပေမိတ်ဆွေများ မနက်စာစားနေကြရာ မြရတနာရှေ့မှ ထနောင်းပင်ရိပ်တွင် ကားထိုးရပ် လိုက်ပြီးနောက် ဆိုင်ထဲသို့ ကျွန်တော်တို့ ဝင်ရောက်မိသည်နှင့် နွေးထွေးပြီး ပွင့်လင်းသည့် အပြုံးဖြင့် ဆရာပါရဂူက ဆီးကြိုခဲ့နေပေသည်။

(သုံး)

တကယ်တော့ ကျွန်တော်တို့ထက် အသက်အရွယ်လည်း ကြီး၊ အတွေ့အကြုံ လည်း ရင့်ကျက်၊ ပညာဉာဏ်လည်းခိုင်ခံ့သည့် ဆရာပါရဂူလို စာရေးဆရာ ကြီးက သူပြောပြလိုရာကို အေးအေးဆေးဆေးပြောလို့၊ ကျွန်တော်တို့က လည်း ကျွန်တော်တို့ရင်ထဲရှိသည့်အရာတွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် လို့ နေနိုင်ကြသည်အထိ အချိန်တွေကို ဖောဖောသီသီရပြီး ရသည့်အတိုင်း လည်း စကားပြောဖြစ်ကြသည်မှာကား ထိုပုဂံညပင်ဖြစ်သည်။ ထိုနေ့က ညောင်ဦးမှနေ၍ ပုဂံသို့ ကျွန်တော့်ကို လိုက်ပို့ပေးသူမှာ ကိုဆန်းထွန်းဦးဖြစ်ပါ သည်။ ကိုဆန်းထွန်းဦး၏ကားကလေး ပုဂံရှိ သင်းပိတောက်ဦးမျိုးခင်၏ ထန်းရိပ်ညို ပန်းချီပြခန်းခြံပေါက်ဝ၌ ရပ်မိလိုက်သောအခါ ပုဂံဒေသ၏ ဆောင်းညသည် မှောင်စပြု၍ နေပါပြီ။ ထန်းရိပ်ညို ခြံထဲရှိ မြက်ခင်းစိမ်းစိမ်း တို့ပေါ်တွင်ကား ကုလားထိုင်များချကာ ဆရာပါရဂူတို့ ဝိုင်းဖွဲ့၍ နေကြပါ သည်။ ဆရာပါရဂူ၊ ဆရာကိုတာ၊ သင်းပိတောက် ဦးမျိုးခင်၊ ရာပြည့် ဦးစိုးညွန့် စသည်။ စားပွဲပေါ်မှာကတော့ ဂျော်နီ လမ်းလျှောက် မဟူရာရောင်

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ပုလင်း။ ဆော်ဒါပုလင်းအချို့။ ငါးရံ့ခြောက်ပန်းကန်၊ ဆတ်သားခြောက် ပန်းကန်၊ အမဲခြောက်ပန်းကန်နှင့် အခြားအခြားသော စားဖွယ်သောက် ဖွယ်များ။

ကျွန်တော်ဝိုင်းထဲကိုဝင်လိုက်မိချိန်တွင် ဆရာပါရဂူတို့က ခြေလှမ်း ကလေးနည်းနည်း ဦးထားနှင့်ပြီးဖြစ်ပါသည်။ ညဦးပိုင်းကလေးဖြစ်သော် လည်း ပုဂံဆောင်း၏ခက်ထန်မှုအောက်တွင် အားလုံးအနွေးထည် ကိုယ်စီ နှင့်ဖြစ်ပါသည်။ ပြီးတော့ ဦးထုပ်တွေလည်း ကိုယ်စီ ဆောင်းထားကြပါ၏။ နှင်းကား မြက်ခင်းပြင်ပေါ်မှာရော၊ စားပွဲကုလားထိုင်တွေပေါ်မှာရော ရောက်ရှိ၍နေပါပြီ။ တစ်ချက်တစ်ချက်အော်မြည်လိုက်သည့် ပုရစ်သံကလေး တွေမှအပ တိတ်ဆိတ်နေသည့်ညတွင် စကော့တလန် ဝီစကီနွေးနွေးကို ကျွန်တော့်ရင်ခေါင်းထဲသို့ လောင်းထည့်လိုက်ပြီးသည့်အခါ ပုဂံညသည် ပိုမို၍ ပူးကပ်နွေးထွေးသွားသည့်နှယ် ခံစားလိုက်ရပေသည်။

ဆရာပါရဂူက မကြာခဏဆိုသလိုပင် အပေ့ါအပါး ထ၍ ထ၍ သွားပါသည်။ သွားတိုင်းလည်း ကျွန်တော်တို့က လဲမည်စိုး၍ လိုက်ပို့ရန် ကြိုးစားပါသည်။ သို့သော် ဆရာက လက်မခံပါ။ အသက်-၈၀ ဝန်းကျင် စာရေးဆရာကြီးတစ်ယောက်၊ မျက်မှန်အထူကြီး တပ်ထားရသော စာရေး ဆရာကြီးတစ်ယောက်၊ လှုပ်လှုပ်လှုပ်လှုပ်နှင့် လမ်းလျှောက်နေပုံမှာ အား မရစရာဖြစ်ပါသည်။ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ဆရာ လမ်း လျှောက်ပုံမှာ ရှေ့ကိုမရောက်ဘဲ နောက်ကို ပြန်ရောက်နေသည့်နှင့် တူပါ သည်။ ပြီးတော့ ဆရာလမ်းလျှောက်ပုံက ခါးအောက်ပိုင်းက ရှေ့ကို ရောက်နေပြီး အပေါ်ပိုင်းက နောက်တွင် နည်းနည်းကျန်နေခဲ့သလိုဖြစ်ရာ လန်တန်တန်ကြီးဖြစ်၍ လဲတော့မလား၊ လဲတော့မလားနှင့် ထင်နေရသော လမ်းလျှောက်ပုံမျိုးဖြစ်ပါသည်။ သည်ကြားထဲ ခြေလှမ်းက စိပ်ပြန်တော့ ရှေ့ကို တော်တော်နှင့် မရောက်နိုင်တော့။ စပါးသမွန်ကြီး ရေဆန်မိနေပုံနှင့် ပင် တူလှပါသေးသည်။

"ပြောရရင် ပညာရေးနဲ့ ပတ်သက်လာရင် ကျောင်းတို့ဘာတို့ကို ကျွန်တော်က သိပ်အယုံအကြည်မရှိလှဘူးဗျ"

www.burmeseclassic.com



ဆရာပါရဂူက ငါးရံ့ခြောက်တစ်ဖတ်ကို ကောက်ဝါးနေရင်းမှ သူ့အယူအဆကို ဖော်ထုတ်ပါသည်။စကားဝိုင်းသည်ဟိုပြောသည်ပြော ပြောနေရင်းမှ ပညာရေးဘက်ကို ရောက်သွားခြင်းဖြစ်ပါသည်။ဆရာပါရဂူ က ကျောင်းထက် မိမိဘာသာလေ့လာခြင်းကို ပို၍ အာရုံညွှတ်ဟန်တူပါ သည်။ ကိုတာကတော့ မဟုတ်။ ကျောင်းကိုလိုလားသည်။ ကျောင်းတွေ က စံနစ် (System)ကို ပေးလိုက်နိုင်သည်ဟု ယုံကြည်သည်။ တိုးတက် သည့်နိုင်ငံများတွင်လည်း ကျောင်းဆိုတာတော့ ထားရှိနေကြရတာပဲဟု ထောက်ပြသည်။ ဆရာပါရဂူက သိပ်လက်ခံချင်ပုံ မရပါ။ တကယ့်ပညာရေး ၌ အထူးသဖြင့် ဝိဇ္ဇာပညာရေး၌ Self-study ကသာ လူကို ပိုပြီး တောက်ပြောင်စေနိုင်သည်ဟု ယုံကြည်နေပုံ ရပါသည်။ သည်လိုဆိုရင် အိုင်းစတိုင်းဖြစ်သွားအောင်၊ နယူတန်ဖြစ်သွားအောင်၊ ဂရေဟမ်ဖြစ်သွား အောင်၊သောမတ်အယ်ဒီဆင်ဖြစ်သွားအောင်၊ ဘာထရန်ရပ်ဆယ် ဖြစ်သွား အောင်၊ ယန်းပေါ်ဆတ်ဖြစ်သွားအောင်၊ ရာဟုလာသံကိစ္စည်းဖြစ်သွားအောင် ကျောင်းတွေက လုပ်ပေးလိုက်တာလား၊ ကိုယ့်ဘာသာကိုယ် လုပ်ယူကြရတာ လား ကျွန်တော် အတွေးဝင်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဆရာပါရဂူကတော့ ပညာကိုကိုယ်တိုင်ရှာဖွေခဲ့ရသူ ဖြစ်ပါသည်။ ဆရာ့ကို မွေးဖွားခဲ့သည်ဆိုသော ဟင်္သာတခရိုင်ထဲက သန္တိ သနော့ရွာကလေးသည်ကား ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလွန်းလှပေရာ သည်ရွာကလေးကနေ “ပါရဂူ”ဟူသော စာရေးဆရာကြီးတစ်ယောက် ဖြစ်မြောက်လာရန်အရေးမှာ ဆရာတစ်ယောက် ကိုယ့်ဘာသာကိုယ် မွေး ရန်မှတစ်ပါး အခြားမရှိနိုင်ပါ။ အတန်းပညာလေးတန်းအထိသာ သင်ခဲ့ရပြီး ရှင်သာမဏေဘဝ၊ ရဟန်းဘဝများဖြင့် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံများတွင် နှစ်ရှည်လများ ဆရာ ပညာရှာခဲ့ရကြောင်း ကျွန်တော်သိပါသည်။

“ဆရာ့ကို ကျွန်တော်တစ်ခုမေးချင်သေးတယ်ဆရာ၊ စာပေဆုတွေ ကိစ္စပါ။ တချို့စာပေဆုတွေမှာ ကာယကံရှင်က သိပ်အားမစိုက်ဘဲ ဘေးက အလှူငွေကို အားကိုးလွန်းတာကို ပြောသံလေးတွေ နည်းနည်းထွက်လာလို့။ ဆရာ့သဘောက”

BURMESE CLASSIC .com

www.burmeseclassic.com



"ဆုပေးပြီးဆိုမှတော့ဗျာ ကာယကံရှင်ကတော့ အဓိကအားထုတ်ရမှာပေါ့။ ဘေးလူဆိုတာက အရံအတားလောက်ပဲ ဖြစ်သင့်တယ်လို့ ထင်တယ်လေ"

ပုဂံညက သန်းခေါင်ယံကို ချဉ်းကပ်လာလေသောအခါ သင်းပိတောက်ဦးမျိုးခင်၏ ထန်းရိပ်ညိုမြက်ခင်းပြင်ပေါ်မှ စားပွဲပေါ်တွင် နောက်ထပ် ဂျော်နီလမ်းလျှောက်မဟူရာရောင် တစ်ပုလင်း ထပ်ရောက်လာပြန်ပါသည်။ ဆောင်းရက်ရင့်ပြီမို့ နှင်းတွေက ပိုမိုကျဆင်းလာခဲ့သောအခါ အအေးဓာတ်က စိမ့်ကဲလာလေသည်။

အရပ်က တော်တော်ကလေး ပုပျပ်ပျပ်နှင့် ခြေချောင်းလက်ချောင်းကလေးတွေကအစ ဖောရောင်နေသည်ဟု ထင်ရလောက်အောင် တစ်တစ်ရစ်ရစ်ရှိလှသော ဆရာပါရဂူကား ကုလားထိုင်ပေါ်တွင် ထိုင်နေသောအခါ ဖိုင့်ဖိုင့်အိုင့်အိုင့်ကြီးဖြစ်၍နေပါသည်။ တစ်ခါက မိုးဝေမဂ္ဂဇင်း၏ Voice တွင် လူတစ်ယောက်၏တန်ဖိုးကို တိုင်းတာရာ၌ အတ္တကိုဖယ်ပြီး အများအကျိုးဘယ်လောက်သယ်ပိုးသလဲဟူစံဖြင့် တိုင်းတာကြောင်း ပြောဆိုခဲ့သည့် ဆရာပါရဂူ၏ မျက်ဝန်းအစ်အစ်ကို မျက်မှန်ထူပိန်းပိန်းကြီးအားဖောက်လျက် ကျွန်တော် ကြည့်နေမိသည်။

"ကျွန်တော်ကတော့ဗျာ ကျွန်တော့်စာမူခတွေ စုဆောင်းထားတာရှိတယ်။ ကျွန်တော် မျက်နှာလွှဲသွားတဲ့အခါ မူပိုင်ခွင့်ကိစ္စတွေ ရှိတယ်။ အားလုံးကို စနစ်တကျ လုပ်ထားပါတယ်။ ပရဟိတကိစ္စတွေမှာ သုံးဖို့ပါပဲ"

သန်းခေါင်တော်တော်ကလေးကျူးသွားပြီးသောအခါ ဆရာကိုတာက ထမင်းစားကြဖို့ ဆော်ဩပါသည်။ အနီးကမြက်ခင်းပြင်ပေါ်မှာပင် ပြင်ဆင်ထားသော ထမင်းဝိုင်းကို ကျွန်တော်တို့ ရွှေ့ကြသည်။ ပုစွန်ခြောက်မှုန့်များ၊ ငရုတ်သီးစိမ်းများ၊ ကြက်သွန်ဖြူများ ထောင်းထည့်ထားသည့် ပျစ်နှစ်နေသော ငပိရည်များထဲတွင် သံပရာညှစ်ထည့်ထားလေသောအခါ ပုဂံညသည် ခေါင်းမဖော်နိုင်စတမ်းဖြစ်၍ သွားပေသည်။

www.burmeseclassic.com



(လေး)

ကျွန်တော်နှင့်သိကျွမ်းရင်းနှီးရသည့် စာရေးဆရာကြီးများထဲတွင် ဟိုး-တော်တော်စောစောကတည်းက တွေ့မြင်နေရပါလျက် နောက်ကျမှ ရင်းနှီးရသော စာရေးဆရာကြီးများမှာ ဆရာပါရဂူပင် ဖြစ်ပါသည်။ ဆရာပါရဂူ၏ စာတွေကို ကျွန်တော် တော်တော်များများကြီးကို ဖတ်ဖူးပါသည်၊ ဆရာ့စာတွေကို ပိုက်စိပ်တိုက်ဆိုသလို ကျွန်တော် ဖတ်မိသည်မှာ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်နေသော နှစ်ကာလများကမှ ဖြစ်ပါသည်။ အထက်တန်းကျောင်းသားဘဝမှာ ဆရာ့စာကို ကျွန်တော် မသိ။

တက္ကသိုလ်တွင် ပညာသင်စဉ်နှစ်ကာလများ၌ ကျွန်တော်တို့တတွေ အစုအဝေးအလိုက် စာဖတ်ကြသောအခါ ကျွန်တော်တို့ အစုအဝေးကလေးထဲသို့ စနစ်တကျ ဝင်ရောက်လာသော စာအုပ်များထဲတွင် ဆရာပါရဂူ၏စာအုပ်များလည်း အများအပြား ပါဝင်လာပါသည်။

ဆရာနှင့် ဆရာဦးဆန်းထွန်း (မန်းတက္ကသိုလ်)တို့ပူးတွဲဘာသာပြန်သည့် "ဖော်လဂါမှဂင်္ဂါသို့"ကို ကျွန်တော်ဖတ်မိသည်။ မူလစာရေးဆရာရာဟုလာသံကိစ္စည်းကလည်း ကျွန်တော်တို့အကြိုက်ဖြစ်ပေရာ တကယ့်သမိုင်းခေတ်နောက်ခံဝတ္ထုကို ဆရာတို့ ဘာသာပြန်မှုတစ်ဆင့် အရသာခံခွင့်ရခဲ့သည်။ ယိုးဒယား (ထိုင်း)နိုင်ငံမှ ဘုန်းတော်ကြီးတစ်ပါး၏လက်ရာကို "ဓမ္မစကား" ဟူ၍ ဆရာက ဘာသာပြန်ခဲ့သည်။ ထိုစာအုပ်ကလေးထဲတွင်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ သာသနာ၊ အလုပ်၊ လောက၊ ဇာတိ၊ ငရဲ၊ တိရစ္ဆာန်၊ နိဗ္ဗာန်၊ မာရ်နတ် စသည်စသည်ဖြင့် ဝေါဟာရများကို အရပ်ထဲတွင် နားလည်လက်ခံထားသည်က တစ်မျိုး၊ တရားဓမ္မနယ်ပယ်၌ ဆိုလိုနေသည်က တစ်မျိုး ဖြစ်ကြောင်းရှင်းပြသည်။

ဥပမာ နိဗ္ဗာန်ဟူသော ဝေါဟာရနှင့် ပတ်သက်၍"နေ့စဉ်သုံးစကား၌ နိဗ္ဗာန်သည် နေရာဌာနတစ်ခုဖြစ်သည်။ ဓမ္မစကား၌ကား နိဗ္ဗာန်ဟူသော စကားလုံးသည် ကိလေသာ အညစ်အကြေးဟူသမျှ မတင်းတိမ်မရောင့်ရဲသည့် အခြေအနေမှန်သမျှ လုံးဝချုပ်ငြိမ်းခြင်းကို ရည်ညွှန်းလေသည်။"

www.burmeseclassic.com



စသည်စသည်ဖြင့် ဖော်ပြထားသည်။ ထို့အတူပင် မာရ်နတ်ဆိုသောစကား လုံးကိုလည်း နေ့စဉ်သုံးစကား၌ သက်ရှိပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းသော်လည်း ဓမ္မစကား၌ မကောင်းသော စိတ်အခြေအနေတစ်မျိုးအဖြစ် ဖော်ပြထား ပါသည်။ စဉ်းစားဖို့တွေးဖို့ကို ကျေနပ်စရာ လမ်းဖွင့်ပေးသည့် စာအုပ်က လေးအဖြစ် ကျွန်တော်တို့ ကျော်ဖြတ်ခဲ့ကြရသည်။ ထိုကဲ့သို့ အရပ်ထဲတွင် နားလည်ထားသည်နှင့် တကယ့်တရားဓမ္မနယ်ပယ်က လက်ခံထားသည်တို့ မတူညီကြပုံများပေါ်လွင်လာစေရန် ဝေါဟာရတစ်လုံးတည်းကို အကျယ်ဖွင့် ဆိုပြသော စာအုပ်လေးတစ်အုပ်ကိုလည်း ကျွန်တော်တို့ဖတ်ခဲ့ကြရပါ သေးသည်။ ယင်းမှာကား နိဗ္ဗာန် ဖြစ်ပါသည်။

"ဗုဒ္ဓဒိုင်ယာရီ" ၌ ဗုဒ္ဓဝင်ကို ဘုရားရှင်ကိုယ်တိုင် နေ့စဉ်မှတ်တမ်း ရေးပုံမျိုးဖြင့် ကျွန်တော်တို့ ဖတ်ခဲ့ကြရသည်။ "ဗုဒ္ဓစကား၌ မင်္ဂလာဆိုတာ ဘာလဲ၊ အရိယာသစ္စာဆိုတာဘာလဲ၊ မဂ္ဂင်-၈ပါးဆိုတာ ဘာလဲ၊ သတိ ပဋ္ဌာန် ၄-ပါးဆိုတာ ဘာလဲ၊ ဖြဟ္မစိုရ်တရား ၄-ပါးဆိုတာ ဘာလဲ ကျွန်တော်တို့ဖတ်ခွင့်ရခဲ့ကြသည်။ ထို့နောက် "ဗုဒ္ဓအဘိဓမ္မာနှင့် မာ့က်စ် အဘိဓမ္မာ" စာအုပ်လေးထွက်လာသောအခါ ကျွန်တော်တို့လေးစားသော မာ့က်စ်ဝါဒနှင့် ဘာတွေများတူနေပါလိမ့် ဟူသောဇောဖြင့် တြိဂံနှစ်ခု ထပ်တူညီဖို့ ကြိုးစားသည့်လိပ်ပြာမျိုးနိုးကာ ဖတ်ဖြစ်ခဲ့ကြသည်။ ထာဝရ ဘုရားကို ငြင်းပယ်သည့်နေရာ၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုများကို ငြင်းပယ်သည့် နေရာများတွင် တူသည်ဟုဆိုသော အခန်းများတွင် ကျွန်တော်တို့ အားရ တက်ကြွစွာ ဖတ်ခဲ့မိကြသော်လည်း ဘဝနှင့်ပတ်သက်၍ အမြင်မတူဟု ဆိုသောနေရာများတွင် ကျွန်တော်တို့ စိတ်တွေ လေးလံသွားခဲ့ကြရသည်။ ဗုဒ္ဓဝါဒမှာက ဘဝဆိုတာ တစ်ဘဝတာမျှသာ မဟုတ်တဲ့။ ဘာတွေပဲဖြစ်နေ ဖြစ်နေ ဆရာပါရဂူ၏ "ကွန်မြူနစ်ဝါဒသာလျှင် အဘယ့်ကြောင့်" စာအုပ် ကလေးကိုလည်း ငါတို့တွေရဲ့စာအုပ်ပဲဟုဆိုကာ တက္ကသိုလ်များ ဗဟို စာကြည့်တိုက်ထဲမှ ဆွဲထုတ်ခဲ့သည်ပင် ဖြစ်ပါသည်။

နောက်တော့ ဂျာမန်စာရေးဆရာကြီး Herman Hess ၏ စာအုပ် ကို ဘာသာပြန်ဆိုသော 'သိဒ္ဓတ္ထ' ကို ကျွန်တော်တို့ဖတ်ကြရသည်။ ဂေါတမ

BURMESE CLASSIC .com

www.burmeseclassic.com



ဗုဒ္ဓမဟုတ်သော အခြားသိဒ္ဓတ္ထ။ ဗုဒ္ဓဒေသနာတော်အတွက် ခရီးထွက်ကြသော ရဟန်းများအကြောင်းကိုတော့ မဟာခရီးသည်မှာ ဖတ်ကြရသည်။ ထိုအထဲမှ တရုတ်ပြည်မှ အိန္ဒိယသို့ ခရီးသွားသော ရှင်ကျန်အကြောင်းကိုကား TV ဖန်သားပြင်ရှိ မျောက်ဘုရင်ဝုခုန်းနှင့်အတူ ကျွန်တော်တို့ကြည့်ခဲ့ကြရသည်။ ပြည့်တန်ဆာဘဝမှ အကျွတ်တရားရသွားသူ "အမ္ဗပါလီ"၊ တရားကျင့်ပြီး ကိုယ်ကျိုးမစွန့်နိုင်သူက လူကောင်းလား၊ အပျော်အပါးလိုက်စားနေပြီး ကိုယ်ကျိုးစွန့် သွားသူက လူကောင်းလား မေးခွန်းထုတ်ထားသည့် "စိတ္တရလေခါ"၊ အပရိယာနိရတရားပျက်သွားသည့် "ဝေသာလီ" စသည်စသည်တို့ကိုလည်း ကျွန်တော်တို့ ဖတ်ခဲ့ကြရပါသည်။

ထိုသို့ ထိုသို့သော စာအုပ်များကို ဘာသာပြန်ခဲ့၊ ပြုစုခဲ့သော စာရေးဆရာကြီးများကို ဟောပြောစင်မြင့်ပေါ်မှာ၊ ၃၃လမ်းထဲမှာ၊ လမ်းဘေးတစ်နေရာရာမှာ မကြာခဏဆိုသလို လှမ်းလှမ်းတွေ့ခဲ့ဖူးသော်လည်း ကျွန်တော်နှင့် ဟိုးတော်တော်စောစောက သိခွင့်မရခဲ့။ နောက်တွေ့ကြဆုံကြ စကားပြော ဖြစ်သွားကြပြီးသောအခါတွင်ကား ဆရာနှင့်ကျွန်တော်ကြား၌ ဘာမှ အတားအဆီးမရှိသလို ရင်းနှီးကျွမ်းဝင်၍ သွားကြပြန်ပါသည်။

(ငါး)

တစ်ခါက နိုင်ငံခြားဘာသာသိပ္ပံတွင် ကျွန်တော် အလုပ်လုပ်နေခိုက် ဖက်လက်စစာအုပ်လေးတစ်အုပ်ကို ကိုင်ထားရင်း လမ်းလျှောက်သွားစဉ် တရုတ်စာပေဌာနမှ ဌာနမှူး ဆရာဦးသစ်ဆန်းလွင်နှင့် တွေ့ရာ ဆရာက ကျွန်တော့်စာအုပ်ကို ယူ၍ကြည့်ပါသည်။ စာအုပ်က "ဖော်မဲ့ဟာသ်" ဂျပန်ရဟန်းတော်တစ်ပါး၏ ချစ်ခြင်းမေတ္တာမှ ဝေးရာကို ထွက်ပြေးသည့်ဝတ္ထု။ ဆရာပါရဂူ အင်္ဂလိပ်မူမှတစ်ဆင့် ဘာသာပြန်ဆိုထားသော ဝတ္ထု။ ဆရာဦးသစ်ဆန်းလွင်က လွမ်းရိပ်ငွေ့ငွေ့ဖြင့် ကျွန်တော့်ကိုကြည့်ပြီး ပြုံးသောအခါ ကျွန်တော် အားလုံးကို ဆက်စပ်၍ ရသွားသည်။ ဪ-ဖော်မဲ့ဆရာဦးသစ်ဆန်းလွင် ယူလာသည့် ဖော်မဲ့ဝတ္ထုကို ဖော်မဲ့ဆရာပါရဂူ ဘာသာပြန်ဆိုထားခဲ့ခြင်း။ ဟုတ်ပါသည်။ ဆရာပါရဂူ ဘဝလည်း တကယ့်ကို ဖော်မဲ့ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာနေထိုင်ရာအိမ်ကလေးရှိရာသို့ ကျွန်တော် တစ်ခါတစ်ခါရောက်သွားဖူးပါသည်။ ဂျပန်သံရုံးနောက်က စာပေစိစစ်ရေးရုံးကို ကျော်ပြီး နည်းနည်းကလေး ကွေ့လိုက်သည်နှင့် ဆရာငှားရမ်းနေထိုင်ရာ လုံးချင်းအိမ်ကလေးကိုရောက်ပါသည်။ ခြံဝန်းကျယ်ထဲတွင် အခြားတိုက်တစ်လုံးနှင့် ယှဉ်၍ဆောက်လုပ်ထားသော သွပ်မိုးတစ်ထပ်အိမ်အိုကလေး။ တံခါးတွေ က အမြဲလိုလို ပိတ်ထားလျက်။ စာအုပ်တွေက တစ်အိမ်လုံး ခြေချစရာ မရှိလောက်အောင် အစီအစဉ်မဲ့ ကြဲဖြန့်နေလျက် ဆရာ့အိမ်မှာ ရုပ်မြင်သံကြားစက်ကို ကျွန်တော် မတွေ့မိ။ ဘုရားစင်ကို ကျွန်တော်မတွေ့မိ။ ပန်းကန်ခွက်ယောက် မီးဖို ဘာညာသောက်ရေအိုးစင်ကိုသော်မှ ကျွန်တော် သတိမထားမိ။ ဗီရိုတို့၊ ရှိုးကေ့စ်တို့ ဆိုတာတွေကတော့ ဝေလာဝေး။ ဟိုးနောက်ဘက်ချောင်ထဲမှာ မသုံးဘဲဆောင်ထားသည့် ရေခဲသေတ္တာတစ်လုံး က ငုတ်တုတ်။ ကျွန်တော်က ဆရာ့အိမ်အနောက်ဘက်ကို ဖြတ်သွားရင်းက ဆရာ့အိမ်ခန်းကို တစေ့တစောင်းငဲ့ကြည့်မိသည်။ အရောင်အဆင်းမရှိသည့် ခုတင်ကလေးက စာအုပ်ပင်လယ်ထဲမှာ မျောလို့။ ခြင်ထောင်က တိုးလို့တွဲလောင်း။ ဇာခြင်ထောင်ညစ်မွဲမွဲကြားမှာ ညစ်ထေးထေးခေါင်းအုံးကလေးကို လှမ်းမြင်နေရသည်။ စာအုပ်တွေကတော့ ခုတင်ပေါ်မှာလည်း ခြေရင်းတစ်ပုံ၊ ခေါင်းရင်းတစ်ပုံ၊ ဝဲတစ်ပုံ၊ ယာတစ်ပုံ။ ကျွန်တော့်စိတ်ထင် ဆရာ့မှာ ခြေရင်းခေါင်းရင်းရယ်လို့လည်း မရှိဘဲ အဆင်သင့်သလို လှဲအိပ်နေဟန်တူပါသည်။

"ထမင်းကလည်း ဘေးအိမ်ကနေ လခသဘောမျိုးနဲ့ စားတယ်ဗျာ။ ရေနွေးကြမ်းတွေ ဘာတွေ သောက်ချင်တော့လည်း လက်ဖက်ရည်ဆိုင် ထွက်သွားလိုက်တယ်။ ဆရာပါက ရေတောင် ဘုံဘိုင်ခေါင်းက သွားခံသောက်ချင်သောက်တာဗျ"

စာပေမိတ်ဆွေတစ်ဦး၏ စကားကိုကျွန်တော်က အမှတ်ရမိသည်။ သည်လိုဆိုပြန်တော့ ဆရာပါရဂူ၏ ဘဝက တကယ့်ကို ဖော်မဲ့ဟသ်ာဖြစ်ပါသည်။ အထီးကျန်တာလား၊ လွတ်လပ်တာလား ဒါကိုတော့ ကျွန်တော် မစောကြောခဲ့မိ။

BURMESE CLASSIC .com

www.burmeseclassic.com



(ခြောက်)

ဆရာပါရဂူက လွတ်လွတ်လပ်လပ်နေတတ်ပုံများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသမှ စာပေမိတ်ဆွေအချို့၏စကားသံတွေကို ကျွန်တော် ကြားဖူးခဲ့ပါသည်။ သူတို့က အခြားသော စာရေးဆရာကြီးတစ်ဦးနှင့် နှိုင်းယှဉ်ပြီး ပြောခြင်းဖြစ်ပါသည်။ သူတို့မြို့ကို စာပေဟောပြောပွဲအတွက် စာရေးဆရာများ ရောက်လာ၍ သွားကြိုကြသောအခါ အခြားစာရေးဆရာတစ်ယောက်၏ အိတ်က ခါးကိုင်းလောက်အောင်လေးနေပြီး ဆရာပါရဂူ၏ အိတ်ကတော့ ဘာမှထည့်မလာဘူး ထင်ရလောက်သည်အထိ ပေါ့ပါးလှကြောင်း ပြောကြခြင်း ဖြစ်ပါသည်။ မှန်ပါသည်။ ဘီး၊ မှန်၊ လက်သည်းညှပ်၊ ပေါင်ဒါ၊ ခေါင်းလိမ်းဆီ၊ ခရီးဆောင်ကက်ဆက်၊ ရေဒီယို၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေမွှေး၊ ဘာကိုမှ ဆရာပါရဂူသယ်ဆောင်လိမ့်မည် ကျွန်တော်မထင်ပါ။

ချည်အင်္ကျီလက်တိုပါးပါးကလေး သုံးလေးထည်၊ ချည်လုံချည်သုံးလေးထည်မျှဖြင့် ဆရာပါရဂူ ဝတ်စားနေထိုင်ပုံကို ကျွန်တော်က သိရှိပြီးဖြစ်ပါသည်။ တစ်ခါ ဆရာပါရဂူအိမ်ရောက်သွားစဉ်က အနီးရှိလက်ဖက်ရည်ဆိုင်ကလေးသို့သွားရန်ပြင်ကြစဉ် ဆရာကောက်စွပ်နေသော ဖိနပ်ကို ကျွန်တော် အမှတ်မထင် ကြည့်လိုက်မိခဲ့ပါသည်။ ဂျပန်ဖိနပ်ဟောင်းကလေး။ ခြေဖနောင့်နေရာတွင် ခြင်ဆေးခွေအရာအတိုင်း မီးတွေကျွမ်းလို့။

ဆရာက ဘဝကို ဤမျှအထိ ခြိုးခြံစွာ နေထိုင်သူဖြစ်သော်လည်း ဒါနခေါင်းပါးသူတော့ကား မဟုတ်ပါ။ ဆရာလှူပါသည်။ ဒါပေမဲ့ ဆရာ့အလှူတွေက စာသင်ကျောင်းဆောက်တာ၊ စာကြည့်တိုက် ဆောက်တာ၊ ရေကန်တူးတာ။ ဒါကြောင့် ဆရာ့ကို ကျွန်တော်က ကြည်ညိုမိသည်။

(ခုနစ်)

တစ်ခါတုန်းဆီကတော့ ဆရာနှင့် ကျွန်တော်တို့ ရွှေသစ်ပင်စားသောက်ဆိုင်မှာ ဆုံဖြစ်သည်။ ယခု မရှိတော့သော ကန်တော်ကြီးစောင်းမှ စားသောက်ဆိုင်ကလေးတွင် ဖြစ်ပါသည်။ ရာပြည့်ဦးစိုးညွန့်၊ ဒေါက်တာ

www.burmeseclassic.com



လွဏ်းဆွေနှင့် ဥတ္တရမင်းမှ ဦးသန်းဆွေတို့လည်း ပါပါသည်။ ထိုစဉ်က ဆရာမြသန်းတင့်ဆုံးပြီးစ ရက်များဖြစ်၍ ကျွန်တော်က ဘာသာပြန်ပညာ ရှင်များကို စာရေးဆရာထဲထည့်သင့်၊ မထည့်သင့် စကားစကြည့်မိပါသည်။ ဆရာကတော့ ဘာသာပြန်များဘက်မှ အခိုင်အမာပဲ ဖြစ်ပါသည်။

"ဘာသာပြန်အတွက်တော့ Own creation မဟုတ်ဘူး၊ ဘာညာနဲ့ အမြင်တွေ ရှိကြမှာပေါ့ဗျာ။ ဒါပေမဲ့ ဘာသာပြန်တယ်ဆိုတာကလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ မြသန်းတင့်ဆို ဘာသာလည်းပြန်၊ ပင်ကိုယ်လည်း ရေးတာပါပဲ၊ ဒါပမဲ့ ကိုမြသန်းက နည်းနည်းလောတယ်ဗျ၊ ဟိုတစ်ခါ ဘာလဲ မိဖုရားစောထဲမှာ ထင်တယ်၊ ဒါတုရအဆိပ်လို့ပြန်လိုက် တာလေ ဒေါက်တာနန်းဥမ္မာက ပဒိုင်းသီးအဆိပ်လို့ ပြင်ပေးလိုက်ရတယ်"

ကျွန်တော်က ဟိန္ဒီစာအုပ်တော်တော်များများကို မြန်မာဘာသာသို့ ပြန်ဆိုသည့် ဆရာ့အား ဘာမှ ငြင်းဆန်မနေခဲ့ပါ။ "နေရှူး၏ ချစ်သမီး ထံပေးစာများ" တို့ "သီပေါ၏ မဟေသီ" တို့ကိုပင် ဆရာ့ကျေးဇူးကြောင့် ကျွန်တော်တို့ ဖတ်ခဲ့ကြရခြင်း ဖြစ်ပါသည်။ တခြားစာအုပ်တွေကလည်း ဒုနဲ့ဒေး။

အခုနောက်ပိုင်းမှာတော့ ဆရာ့စာအုပ်တွေ တော်တော်များများ ထွက်လာပါသည်။ စရကတို့၊ ရာဟုလာသံကိစ္စည်းတို့ စာပေယဉ်ကျေးမှု ရေစီးကြောင်းတို့ အများအပြားပင် ဖြစ်ပါသည်။

ဆရာနှင့် ကျွန်တော်နောက်ဆုံးတွေ့ခဲ့သည်မှာ ကျန်ခဲ့သော နွေနှောင်း တစ်ရက်က ဖြစ်ပါသည်။ ကျွန်တော် ပုဂံမှအပြန် ဟသ်ာတသို့ မဆက်မီ ခဏဝင်တွေ့ခြင်းဖြစ်ပါသည်။ ဆရာက ညနေစာကျွေးလိုသည်ဆိုသော် လည်း ကျွန်တော်ကမနေနိုင်ပါ။ ဒါကိုပင် ဆရာက ဒါဆို မနက်စာတော့ စားသွားဟုဆိုကာ စာပေစိစစ်ရေးရုံးထဲက ဆိုင်ကို ခေါ်သွားပြီး ဖွတ်ကျွေး ပါသည်။ စားသောက်နေကြတုန်း စိစစ်ရေးရုံးရှေ့က လမ်းပေါ်မှာငါးနှစ် ဝန်းကျင် ကလေးလေး တစ်ယောက်ကို သူ့မိခင်နှင့်အတူ လှမ်းမြင်လိုက် ရသည်။ ကျောင်းလိုက်ပို့သည့်မြင်ကွင်း။ ဆရာက ခြံစည်းရိုးနားအထိ

www.burmeseclassic.com



လျှောက်သွားကာ ကလေးကို မုန့်ဖိုးပေးနေသည်။ဆရာ့အိမ်နှင့် ကပ်လျက်က ညတစ်ည၊ လသာသာ၊ ကစားမလား၊ နားမလားတွေ ဘာတွေကို ဆရာသင်ပေးနေရသော ကလေးလေး ဖြစ်ဟန်တူပါသည်။ အသက်ရှစ်ဆယ် နီးနီးပညာရှင် စာရေးဆရာကြီးက “ဝ”လုံးရေးစ ချစ်စရာ့ကလေးလေး တစ်ယောက်ထံကို မေတ္တာတရားတွေ လှမ်းပေးလိုက်သည့် မြင်ကွင်းကိုဖြင့် ကျွန်တော် မေ့နိုင်တော့မည် မဟုတ်ပါ။

**မောင်သာချို**

www.burmeseclassic.com

## ဆရာပါရဂူရဲ့စာမူခ

ဆရာပါရဂူရဲ့အိမ်က ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်သေးသေးလေးပါ။ အိမ်သေးသေးကျဉ်းကျဉ်းကလေးက တစ်ကိုယ်တည်းနေတဲ့ ဆရာ ပါရဂူအတွက်တော့ အနေတော် ဖြစ်ချင်ဖြစ်မယ်၊ ကျယ်လွန်းတယ်တောင်ထင်ကောင်းလည်း ထင်မယ်။ ဒါပေမဲ့ ဧည့်သည်သွားလုပ်တဲ့ ကျွန်တော်တို့အတွက်တော့ ဆရာ့အိမ်က ကျဉ်းလွန်းတယ်။

အိမ်ရှေ့ပိုင်း သွပ်ပြန့်အဖီကလေးက ၈ ပေ + ၁၅ ပေလောက်ကျယ်မယ်။ ဒီအခန်းကလေးထဲမှာ စာအုပ်တင်စင်တွေရှိတယ်။ ဟိန္ဒီလား၊ သက္ကတလားဘာရယ်လို့ ကျွန်တော် ခွဲမသိတဲ့ ကုလားစာမျိုးစုံနဲ့ ရေးထားတဲ့စာအုပ်တွေ။ စာစောင်တွေ၊ ဖတ်လက်စ မှတ်စုတန်းလန်းတွေက ဖရိုဖရဲနဲ့စာအုပ်တင်စင်ပေါ်မှာ ရှိတယ်။ အင်္ဂလိပ်စာအုပ် မြန်မာစာအုပ်တွေလည်းအပုံလိုက် ရှိသေးတယ်။

ဒီအခန်းကိုပဲ ဆရာက ဧည့်ခန်းအဖြစ် သုံးထားတယ်။ ဆက်တီတစ်စုံကို ဖွဲ့ပြီး နှစ်ယောက်တွဲခုံက တစ်နေရာ၊ တစ်ယောက်ထိုင် ဆက်တီကုလားထိုင်နှစ်လုံးက တစ်နေရာစီ နေရာလပ်ရှိသလို ချထားတယ်။ (ဆက်တီစားပွဲနဲ့ကုလားထိုင်နှစ်လုံးက ဆရာ့စာရေးစားပွဲအဖြစ် အိမ်အတွင်းခန်းမှာ ထားတာ တွေ့ရတယ်။)

အခန်းက ကျဉ်းကျဉ်း၊ စာအုပ်စာစောင်တွေက အပုံလိုက်အထပ်လိုက်၊ ထိုင်စရာနေရာက နည်းနည်းဖြစ်နေတဲ့ ဆရာ့အိမ်ကို လာတဲ့ဧည့်သည်က အလွန်များတယ်။

www.burmeseclassic.com



မြန်မာနိုင်ငံမှာ နေ့စဉ်ဧည့်သည်အလာအများဆုံး စာရေးဆရာရဲ့ အိမ်ဟာ ဆရာပါရဂူရဲ့အိမ် ဖြစ်လိမ့်မယ် ထင်တယ်။ မန္တလေးက အမေ လူထုဒေါ်အမာရဲ့ အိမ်ကိုလည်း မိသားစုဝင်တစ်ယောက်လို ကျွန်တော် ဝင်ထွက်နေတာပါ။ လာတဲ့ဧည့်သည်တွေကိုလည်း မြင်နေ တွေ့နေတာပါပဲ။ ယှဉ်ကြည့်မိတော့ ဆရာပါရဂူရဲ့အိမ်က ဧည့်ပိုများတယ် ထင်တယ်။

အခန်းထဲမှာ ဧည့်ထိုင်ခုံက လေးယောက်စာပဲ အနိုင်နိုင်။ ဒီအထဲ ဆက်တီကုလားထိုင်တစ်လုံးပေါ်မှာ စာအုပ်မျိုးစုံ အပုံလိုက် ထပ်တင်ထား သေးတော့ ဧည့်သည်တစ်ယောက်က ကျန်တဲ့နေရာလွတ်ကလေးမှာ တင်ပါး မှေးပြီး ထိုင်ရပါမယ်။ အိမ်ရှင် ဆရာပါရဂူကရော၊ ဆရာက ခွေးခြေခုံကလေးပေါ်မှာပဲ အမြဲထိုင်ပါလိမ့်မယ်။

ဧည့်သည်က တစ်ခါတစ်ရံ လေး ငါး ခြောက်ယောက်။ တစ်ဖွဲ့က နှစ်ဖွဲ့ ဆိုတာမျိုးလည်း မကြာခဏပဲ။ ဧည့်သည်များလာရင် ဆရာပါရဂူက ခွေးခြေခုံမြင့်ကလေးတွေကို ဟိုချောင်သည်ချောင်က ဆွဲထုတ် ယူထိုင်ဖို့ စီစဉ်ပေးပါတယ်။

ဆရာ့အိမ်မှာ ဧည့်သည်က ဘာကြောင့် များတာလဲလို့ ကျွန်တော် စဉ်းစားကြည့်တယ်။ မြို့လယ် သွားရေးလာရေး လွယ်ကူတဲ့နေရာမှာ ရှိလို့လည်း မဟုတ်ဘူး။ ဆရာ့အိမ်က တကူးတကန့်သွားမှ ရောက်တဲ့ ငါးထပ်ကြီးဘုရားလမ်းထဲမှာပါ။

ကျွန်တော့်အထင်ကတော့ ဆရာက ဧည့်မငြိုငြင်တာ အဓိကဖြစ်မယ် ထင်တယ်။ ဧည့်လာလို့ အလုပ်အကိုင် ပျက်ရန်ကောဆိုတဲ့ မျက်နှာထားမျိုး ကို တစ်ခါမျှ ကျွန်တော် မမြင်ဖူးဘူး။ စာရေးနေလက်စက ကျွန်တော်တို့ကို ဧည့်ခံစကားပြောတယ်။ တစ်ခါတစ်ရံ မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင် ကို လိုက်ပြီး တိုက်ကျွေးသေးတယ်။

နောက်တစ်ချက်ကတော့ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စာပေ၊အတွေ့အကြုံတွေ ဆရာက များခဲ့တော့ ဆရာနဲ့စကား ပြောရင်း မှတ်သားစရာတွေ တစ်ပုံတစ်ပင် ရတာမို့ ဧည့်သည်ပျော်တာလို့

BURMESE CLASSIC .com

www.burmeseclassic.com



ထင်တယ်။ ဆရာ့အိမ်ကို ရောက်တဲ့ဧည့်သည်က ငါးမိနစ် ဆယ်မိနစ် မဟုတ်ဘူး၊ နာရီနဲ့ချီပြီး ကြာကြာတာချည်းပဲ။ ဆရာကတော့ ခွေးခြေမြင့် ကလေးပေါ်မှာ ခါးမတ်မတ်ထိုင်ပြီး ပြုံးပြုံးပြုံးပြုံးနဲ့ လေအေးကလေးနဲ့ စကားစမြည် ပြောတယ်။ ဆက်တီကုလားထိုင်မှာ ထိုင်တဲ့ကျွန်တော်တို့က ထိုင်ချိန်ကြာလာလို့ ခါးတွေညောင်းပြီး ဟိုလှည့်ဒီလှည့် နေရာရွှေ့ပေမယ့် ဆရာကတော့ အနေအထား မပျက်၊ စကားပြောမပျက်ဘဲ။

ဆရာ့အနေအထိုင် အဝတ်အဆင်က အလွန်အင်မတန် ရိုးတယ်။ အနေရိုးလွန်းတဲ့ ဆရာ့ကိုကြည့်ပြီး တစ်ခါတစ်ရံ ကျွန်တော် အားကျတယ်။ တစ်ခါ တစ်ရံတော့ အားမလိုအားမရဖြစ်တယ်။ ဆရာ့စာအုပ်ကို ထုတ်ချင်လို့ လာတောင်းနေတဲ့ထုတ်ဝေသူတွေ အများကြီးရှိနေတာပဲ။ စာမူခတွေ နင့်နေအောင်ယူပြီး တိုက်အိမ်ဆောက် ဆိုဖာထိုင်ခုံတွေ ဝယ်ပေါ့လို့ တွေးမိပါတယ်။

ဆရာကတော့ ကျွန်တော်အတွေးမျိုးတွေ ရှိပုံမရပါဘူး။ ဝယ်လိုအားကောင်းရင် ဈေးတက်ကြတာ ဈေးကွက်ရဲ့ သီအိုရီ ဖြစ်ပေမယ့် ဆရာပါရဂူက ချွင်းချက် ဖြစ်နေတယ်။ ယူတဲ့စာမူခနှုန်းဟာ အနည်းဆုံး ဖြစ်နေတယ်။

စာမူခကို ရိုက်နှိပ်တဲ့ စာအုပ်အရေအတွက် ရောင်းချမယ့် စာအုပ်တန်းဖိုးပေါ် မူတည်ပြီး စာရေးဆရာက ခံစားတယ်။ တချို့က ၁၅-ရာခိုင်နှုန်း ယူတယ်။ တချို့က ၂၀-ရာခိုင်နှုန်း။ ဆရာပါရဂူလို နာမည်ကြီးတဲ့သူတွေက ၂၅-ရာခိုင်နှုန်း ယူတယ်။ ဒီလို ခံစားနေကြတဲ့ ထုံးစံတွေထဲမှာ ဆရာက ၁၀-ရာခိုင်နှုန်းပဲ ယူတယ်။

တစ်နေ့မှာတော့ ဆရာ့စာမူခ ယူပုံယူနည်းကို မေးတော့ ဆရာက

"စာမူခယူတာနဲ့ ပတ်သက်ပြီး တချို့က ကျွန်တော့်ကို ဈေးဖျက်တယ်လို့တောင် ပြောကြတယ်ဗျ" ဆိုပြီး ဟက်ဟက်ပက်ပက် ရယ်မောတယ်။

ပြီးတော့မှ ချိုပြုံးတဲ့မျက်နှာနဲ့ "စာမူခယူတဲ့ကိစ္စမှာ ဒိပြင် စာရေးဆရာကို ကျွန်တော် မကြည့်ဘူး။ သူက အစိတ် တောင်းတယ်၊ သူက

BURMESE CLASSIC .com

www.burmeseclassic.com



၂၀-တောင်းတယ်၊ စာအုပ်အုပ်ရေ ဘယ်လောက် ရိုက်ရမယ်။ ဒါတွေ ကျွန်တော် ဘာမှ မကြည့်ဘူး။

"ကိုယ့်အတွေးနဲ့ပေါ့လေ၊ ကျွန်တော်က စာအုပ်ကို ကောင်းကောင်း လုပ်ချင်တယ်။ ကျွန်တော့်စာအုပ်လုပ်တဲ့အခါ စာအုပ် မကောင်းတကောင်း လုပ်တာ မကြိုက်ဘူး။ ကျွန်တော့်စာမူခကို လျှော့ယူထားတော့ ထုတ်ဝေသူ အတွက် ကုန်ကျစရိတ် သက်သာတယ်၊ အရင်းအနှီးပိုစိုက်နိုင်ပြီး စာအုပ် ကောင်းကောင်း လုပ်နိုင်လိမ့်မယ်။"

"နောက်ပြီး Publisher ကိုလည်း ကျွန်တော်ကြည့်တယ်။ ကျွန်တော့် စာအုပ်တွေ စာအုပ်တိုင်း ရောင်းရမယ်မဟုတ်ဘူး။ စာအုပ်တွေ မရောင်းရဘဲ နေလို့ရှိရင် သူ့ခမျာ နစ်နာမယ်။ ကျွန်တော် လျှော့ယူလိုက်တယ်။"

ဆရာပါရဂူက သူ့ ဘက်က စာမူခလျှော့ယူတဲ့အတွက် ထုတ်ဝေသူ တွေဘက်ကလည်း စာအုပ်ဈေး လျှော့ချလို့ရပုံကို ဥပမာနဲ့ပြောတယ်။

"ရာပြည့် ကိုစိုးညွန့်က သားတော်ရာဟုလာဆိုတဲ့ စာအုပ် ရိုက်ပြီး ဖြန့်တယ်။ စာအုပ်ကို စက္ကူအကောင်း ဝုဖရီးနဲ့ သေသေချာချာ လုပ်ထား ပေမယ့် ၂၀၀-ပဲ ရောင်းတယ်။ စာအုပ်ဖြန့်တော့ စာအုပ်ဆိုင်က ဒီဈေးနဲ့ ရောင်းနိုင်တာကို အံ့သြကြတယ်။ ကိုစိုးညွန့်က စာရေးတဲ့ ဆရာက လျှော့ယူတော့ ကျွန်တော်ကလည်း လျှော့ရောင်းနိုင်တယ်လို့ ပြောသတဲ့။"

"စာအုပ်ဈေး လျှော့တော့ ဖတ်တဲ့လူတွေလည်း ဈေးသက်သက် သာသာနဲ့ ဖတ်ကြတယ်" ဆိုပြီး ဆရာက သူ့စေတနာကို ဆက်ပြောတယ်။

ဆရာက စေတနာထားပေမယ့် တချို့ကတော့ ဆရာ့အပေါ်မှာ မရိုးဖြောင့်ကြဘူး။ ဒါကိုလည်း မချွင်းမချန် ပြောပါတယ်။

"ကျွန်တော်စာအုပ် ရိုက်ရမယ့်အုပ်ရေနဲ့ပတ်သက်လို့လဲ ကျွန်တော် မပြောဘူးဗျ။ အနည်းဆုံး ဘယ်လောက် ရိုက်ရမယ်။ ၂၀၀၀၊ ဘာညာ ကျွန်တော်မပြောဘူး၊ မပြောတာနဲ့ ဘာလာတွေ့ရသလဲဆိုတော့ ၁၀၀၀ ပဲ ရိုက်တယ်လို့ ဖော်ပြထားတယ်။ ၁၀၀၀ နဲ့ ၁၀-ရာခိုင်နှုန်းပဲ ယူတော့

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်ရတာ နည်းတယ်။ ဒါပေမဲ့ သူက အမှန်တကယ် ၁၀၀၀-ပဲ ရိုက်တာ မဟုတ်ဘူး။ ၁၅၀၀- ရိုက်တယ်ဗျာ။ ဒါတွေလည်း ကျွန်တော် သိတာပဲ။ ဒါပေမဲ့ မပြောပါဘူး။ ဒါကြောင့် အနည်းဆုံး ၁၅၀၀-တော့ ရိုက်ရမယ် ပြောရတယ်။ ဘာဖြစ်လို့ အဲသလို ပြောရသလဲဆိုတော့ ၁၀၀၀-ရိုက်ပြီး ၁၀၀၀-ရေးရင် ကိစ္စမရှိပေမယ့် ၁၅၀၀-ရိုက်ပြီး ၁၀၀၀-ရေးရင် ကိုယ်စေတနာထားတာ အရာမရောက်ဘူး” ဆိုပါတယ်။

တချို့လူတွေက ‘သေရင်ပြီးပြီ’ လို့ သေတဲ့ကာလလောက်အထိပဲ ဘဝရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို မှန်းမျှော်လေ့ရှိတယ်။ ဆရာပါရဂူ ကတော့ ဒီလို မဟုတ်ဘူး။ ဆရာက ငွေရေးကြေးရေးကို စိတ်မဝင်စားဘူး ထင်ရပေမယ့် သူ ကွယ်လွန်ပြီးတဲ့နောက်အထိတောင် သူ့စာမူခတွေကို အသုံးပြုနေချင်သေးတဲ့ ဆန္ဒကလည်း ရှိနေသေးတယ်။

၁၉၉၉-ခုနှစ်ကုန်ခါနီးစက်တင်ဘာလတစ်ညဦးမှာ ဆရာက သူ့ စိတ်ကူးတွေကို အခုလို ပြောတယ်။

“ကျွန်တော် အခု ထက်သန်နေတာကတော့ ပရဟိတတွေ လုပ် တာပဲ။ တစ်ခု ကျွန်တော်စဉ်းစားထားတာ ရှိတယ်။ အဖွဲ့တစ်ခု ဖွဲ့မယ်။ ဖောင်ဒေးရှင်းသဘော အဲဒီကော်မတီအတွက် စည်းမျဉ်းတွေ ဆွဲမယ်”

“ကျွန်တော့်စာမူပိုင်ဆိုင်ခွင့်၊ စာမူခရတာတွေ၊ ကျွန်တော့် Saving- စုဆောင်းငွေတွေ ဒါတွေကို ပရဟိတလုပ်ငန်းတွေအတွက် ပညာရေး၊ ကျန်းမာရေးအတွက် ဆင်းရဲတဲ့သူတွေကို ထောက်ပံ့ဖို့ သုံးမယ်”

ဆရာ့စိတ်ကူးကိုကြားတော့ ကျွန်တော် သာဓုအကြိမ်ကြိမ် ခေါ်မိ ပါတယ်။

ဆရာပါရဂူက သူကွယ်လွန်သွားပြီးနောက်အထိ သူ့စာမူခတွေကို အကျိုးရှိရှိ သုံးသွားဦးမယ့်သူပဲ။

**ကျော်ရင်မြင့်**

BURMESE CLASSIC .com

www.burmeseclassic.com

# ပါရဂူညများ

ဆရာပါရဂူ၏ စာများနှင့် ထိတွေ့မှုနှစ်ပေါင်း(၃၀) ကျော်လေမှ လူပုဂ္ဂိုလ်ကို ဆုံတွေ့ခွင့်ရရှိခဲ့ခြင်း ဖြစ်၏။ ပုဂံမြို့ဟောင်းတစ်နေရာတွင် ဖြစ်ပါသည်။

တွေးထင်ထားသော အသက်အရွယ်ထက် ငယ်နေသည်လား၊ ကြီးနေသည်လား ဝေခွဲမရဖြစ်နေသဖြင့် လွှတ်ခနဲ မေးခွန်းတစ်ခု မေးမိပါ၏။

"ဆရာ့အသက် ဘယ်လောက်ရှိပြီးလဲ ဆရာ"

"ကျွန်တော် မစဉ်းစားတဲ့အကြောင်းအရာတစ်ခုပဲဗျာ" ဟု ညင်သာစွာ အဖြေပေးခဲ့လေသည်။

ဘယ်လိုပါလိမ့် ဟူသော အတွေးဖြင့် နားမလည်နိုင်စွာ ကြည့်လိုက်မိ၏။ ထူးခြားမှုမရှိသော အေးဆေးတည်ငြိမ်သည့် မျက်နှာကို တွေ့နေရ၏။ ဘုဂလန့် ပြောသည့်အသွင်လည်း မဟုတ်။ ပုံမှန်အတိုင်း ဧရာဝတီမြစ်ပြင်ကို လှမ်းမျှော်ကြည့်နေ၏။

"တော်တော်သာယာတဲ့နေရာလေးပဲဗျာ" ဟု အဆက်အစပ်မရှိ ပြောလိုက်ပြန်၏။ ဆရာသည် ပုဂံမြို့ဟောင်းနှင့် ဧရာဝတီမြစ်တို့၏ အတိတ်သမိုင်းကို အတွေးဖြင့် တူးဖော်နေသည်လား မဆိုနိုင်။ ဝေသီသော မျက်လုံးအစုံသည် ထူထဲသော ပါဝါမှန်ကို ဖြတ်၍ ဆုံးရပ်မဲ့အကြည့်ဖြင့် ငေးမောနေလေသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး တဒင်္ဂတိတ်ဆိတ်နေ၏။ ပုဂံဆည်းဆာလေပြည်သည် ဆောင်းအငွေ့အသက်များကို သယ်ဆောင်လျက် ဧရာဝတီ

BURMESE CLASSIC .com

www.burmeseclassic.com



မြစ်ပြင်ကို ရှပ်တိုက်ပြေးဆော့ရင်း ကမ်းထက်မှ တမာတောကို လှုပ်ရမ်းသွား၏။

"နည်းနည်း စိမ့်လာတယ်။ အနွေးထည် ထပ်ဝတ်လိုက်ဦးမှ၊ အဲ ဒုက္ခမများဘူးဆိုရင် ရေနွေးကြမ်းလေး သောက်ချင်တယ်ဗျာ" ပြောပြော ဆိုဆိုနှင့်ပင် တည်းခိုနေသည့် ဘုန်းကြီးကျောင်း အခန်းကျဉ်းလေးထဲသို့ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းဝင်သွားသော ဆရာ့ကျောပြင်ကို ကြည့်ကာ ငိုင်နေမိ၏။

အေးတိအေးစက်နှင့် ပုဂ္ဂိုလ်ပါတကား။

*

ပုဂံမြို့ဟောင်း၊ဣန္ဒသိပညဒေဝဂုရုကျောင်းတိုက်တွင် ဒီဇင်ဘာ ပထမပတ် (၇)ရက် အဓိဋ္ဌာန်ဝင် တရားအားထုတ်နေသော စာရေးဆရာ ပါရဂူနှင့် ဝေယျာဝစ္စကုသိုလ်ယူနေသော စာရေးသူတို့ တွေ့ဆုံမှုသည် ဆန်းကြယ်သော ဖြစ်ရပ် မဟုတ်ပေ။

ကျောင်းဒါယကာဦးမျိုးလွင်၏ အစီအစဉ်ဖြင့် ပုဂံမြေတွင် တရား ရှာခဲ့ကြသော အနုပညာသည်များစွာ ရှိခဲ့ပါသည်။ ဒေါ်ခင်ဆွေဦး၊ ဆရာ ကြည်မင်း၊ ဆရာသုမောင်၊ ကာတွန်းအော်ပီကျယ်၊ ပန်းချီ ကိုခင်မောင်စန်း၊ ပန်းချီကိုဘိုစော၊ မဝင့်(မြစ်ငယ်)၊ မကို စသည့် အနုပညာသည်များ ဖြစ် ပါသည်။

အဓိဋ္ဌာန်ရက်အတွင်း အဆင်ပြေသည်ရှိ၊ မပြေသည်ရှိ၊ တရား တွေ့သည်ရှိ၊ မတွေ့သည်ရှိ၊ အားရသည်ရှိ၊ မကျေနပ်သည်ရှိ ဖြစ်ငြား စာရေးသူနှင့်မူ ခင်မင်မှု သံယောဇဉ် ခိုင်မြဲခဲ့ကြသည်သာ ဖြစ်ပါသည်။

ဆရာပါရဂူကို အထူးဂရုပြုခြင်းမှာ ဆရာ့၏ ခန္ဓာဝန် လေးလံနေမှု ဖြစ်၏။ တင်ပျဉ်ခွေလျက် သတ်မှတ်ချိန်အတိုင်း တရားရှုမှတ်နိုင်ရေး အတွက် ခက်ခဲပင်ပန်းကြီးစွာ ကြိုးစားအားထုတ်နေမှုကို ဆရာတော် ကိုယ်တိုင် ခံစားနားလည်နေခြင်း ဖြစ်၏။

www.burmeseclassic.com



"ဆရာကြီးပါရဂူက မျှတသောဏ္ဍရိယာပုတ်ဖြင့် လွတ်လပ်စွာ တရားအားထုတ်ခွင့်ပြုသည်" ဟု တန့်ကြည့်တောင် ရန်အောင်ချမ်းသာဆရာတော်ဘုရားက မိန့်ကြားတော်မူ၏။ မတ်တတ်ရပ်ကမ္မဋ္ဌာန်းဖြင့် ရှုမှတ်ရန်တိုက်တွန်းသောအခါ ဆရာပါ မဝံ့မရဲ ဖြစ်နေရှာ၏။ မူးဝေ လဲကျမည်ကိုစိုးရိမ်နေဟန် ရှိ၏။

ဆရာတော်ဘုရား၏ "တရားရှုမှတ်ရင်း သေသွားရင် မမြတ်ဘူးလား" ဟူသော တိုက်တွန်းချက်သည် ဆရာပါရဂူ၏ နှလုံးသားကို ထိမှန်သွားလေသည်။

ပြင်းထန်သော ဝေဒနာခရီးလမ်းကို ဖြတ်ကျော်ရင်း ဓမ္မ၏ အေးငြိမ်းမှုကို တွေ့ရှိသွား၏။ ဆရာပါရဂူ၏ ရှားပါးလှသော ပုလဲ မျက်ရည်စတို့ဖြင့် ဝင်းလက်ကြည်လင်နေသော မျက်နှာကို မြင်တွေ့နေရ၏။ လေးလံထိုင်းမှိုင်းတုံ့ဆိုင်းမှုနေရာတွင် သွက်လက်ရွှင်ပျမှု အစားထိုး ဝင်ရောက်လာလေသည်။

ဆရာတော်ပူဇော်ပွဲတွင် ဆရာပါရဂူ၏ ကိုယ်တွေ့ တရား လျှောက်ထားချက်သည် ရိုးရှင်းသိမ်မွေ့လှ၏။ ပါဠိပါဠိသားမပါဝင်ဘဲ (၇) ရက်အတွင်း ကိုယ်တွေ့ခံစားရချက်ကို မချွင်းမချန်လျှောက်ထားလျက် ကြည်လင်သောမျက်နှာ၊ ပျော့ပျောင်းသောကိုယ်ဖြင့် ထိခြင်းငါးပါး ရှိခိုး ပူဇော်သွားလေသည်။

ထိုနေ့ ညနေခင်း ဆရာပါရဂူနှင့် တွေ့ဆုံသောအခါ အေးစက်ခြင်းနေရာတွင် နွေးထွေးမှု အစားထိုး ဝင်ရောက်နေ၏။ စကားပြောချင်သည်ဆိုပြီး လက်ဆွဲခေါ်သွား၏။ လမ်းတွင် ဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့်ဆုံသောအခါ အမိဋ္ဌာန်ဝင်ဖြစ်သွားအောင် တိုက်တွန်းမှုအတွက် ကျေးဇူးတင်ကြောင်း ပြောနေသံ ကြားလိုက်ရ၏။ ဆရာမကြီးသည် "ကျွန်မလည်းဆရာ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာရပါတယ်ဆရာ" ဟု ရင်ထဲကစကားဖြင့် တုံ့ပြန်သွား၏။

www.burmeseclassic.com



ဒီဇင်ဘာဆောင်း၏ အေးစိမ့်စွတ်စိုသော ဆောင်းအငွေ့အသက်များကို မြောက်ပြန်လေပြည်သည် အဝေးသို့ ယူငင်ထွက်ပြေးသွား၏။ တမာရနံ့သည် နွေးထွေးမှုနှင့်အတူ ပျံ့လွင့် လွှမ်းခြုံထားပေသည်။

ကြည်နူးရွှင်ပြုံးတတ်သော ပုဂ္ဂိုလ်ပါတကား။

*

"ဒီမှာ ကျွန်တော့်စိတ်မှာ စိတ်ကူးလေးတစ်ခု ရှိတယ်။ ကျွန်တော် ကွယ်လွန်သွားခဲ့ရင် ကျန်ရစ်ခဲ့မယ့် နည်းနည်းပါးပါး ပိုင်ဆိုင်မှုလေးတွေနဲ့၊ အဲ စာမူပိုင်ဆိုင်ခွင့်လေးတွေကို စီမံခန့်ခွဲပေးဖို့ အဖွဲ့အစည်းလေး ဖွဲ့မယ် စိတ်ကူးတယ်။"

"အဲဒီအဖွဲ့အစည်းလေးက ရန်ပုံငွေ စနစ်တကျ ထူထောင်ထိန်းသိမ်းပြီး ခိုကိုးရာမဲ့ ကလေးသူငယ်တွေ အဲ လူမျိုးမရွေး ဘာသာမရွေးနော် ပြုစုစောင့်ရှောက်မယ့်သူကင်းတဲ့ သက်ကြီးရွယ်အိုတွေ၊ ဆေးရုံတွေ၊ ကျောင်းတွေကို နှစ်စဉ် လှူဒါန်းနိုင်ဖို့ စီစဉ်ချင်တယ်။ ဘယ်တော့ဖွဲ့မယ်၊ ဘယ်သူတွေပါမယ်ဆိုတာ မသတ်မှတ်ရသေးဘူးနော်။ ခင်ဗျား စိတ်ဝင်စားသလား" မေးနေသော ဆရာပါရဂူသည် သေခြင်းတရားကို အေးဆေးတည်ငြိမ်စွာ စဉ်းစားဆုံးဖြတ်ထားဟန် တူပေသည်။

"အဖြစ်သင့်ဆုံး၊ အကောင်းဆုံး အလုပ်တစ်ခုကို ဆရာ စိတ်ကူးထားတယ်လို့ မြင်ပါတယ် ဆရာ။ ကျွန်တော့်သဘော ပြောရရင်တော့ ဆရာ မသေခင် စိတ်တိုင်းကျ စည်းမျဉ်းစည်းကမ်းရေးပြီး သင့်တော်တဲ့လူတွေနဲ့ ဖွဲ့စည်းထားခဲ့ရင် ပိုကောင်းတာပေါ့ ဆရာ" ဟု ပြောမိ၏။

"အေးဗျ၊ ခင်ဗျား စိတ်ဝင်စားတာ ဝမ်းသာတယ်။ စည်းမျဉ်းစည်းကမ်းထက် အရေးကြီးတာက လူရွေးချယ်ဖို့ပဲ။ စေတနာမှန်တဲ့လူတွေဖြစ်ဖို့ လိုတယ်လေ" ဟု ညည်းပြောပြောလျက် ငေးနေ၏။

အဖော်မဲ့ခရီးသည်တစ်ဦး၏ ခြောက်သွေ့မှုကို ခံစားရလေသည်။ လူသားအဆန်ဆုံး၊ ဂုဏ်ပကာသနများနှင့် ကင်းလွတ်စွာ ခြိုးခြံမှုဖြင့်

www.burmeseclassic.com



ဖြတ်သန်းခဲ့သော ဘဝခရီးလမ်းတစ်လျှောက် အထီးကျန် လျှောက်လှမ်းခဲ့သူ တစ်ဦး၏ နောက်ဆံတင်းမှု ဖြစ်လေသလော။

ရည်ရွယ်ချက်မပါရှိဘဲလျက် နှုတ်မှ လွှတ်ခနဲ ထွက်သွားမိပြန်၏။

"ဆရာရယ်၊ ခုလိုတွေးနေရတာကိုက ပူပင်သောကနဲ့ ဆက်နွယ်နေတယ်ဆိုရင် အဖော်တစ်ယောက်ယောက် ရှာလိုက်ပါလား" ဆိုတော့ "ဟာ-ခင်ဗျား တော်တော်နောက်တဲ့လူ။ ပေါက်တတ်ကရဗျာ" ပြောပြီး တသိမ့်သိမ့် ရယ်မောနေလေသည်။

"ကျွန်တော်က အလှူငွေကောက်ခံပြီး စာပေဆုတွေ ပေးတာကို သိပ်စိတ်မပါဘူး။'ပါရဂူစာပေ'ဆိုပြီး ပေးရင် စာရေးဆရာပါရဂူကိုယ်တိုင်က မတည် ထည့်ဝင်ထားတဲ့ငွေနဲ့ပေးမှ သင့်တော်တယ်လို့ ထင်တယ်"

နှစ်တို့ ကူးပြောင်းလွန်မြောက်ခဲ့ပြီး ဖြစ်၏။ ရတနာပုံခရီးသည်အဖြစ် မန္တလေးတွင် စကားလက်ဆုံ ကျခဲ့ကြစဉ်က ဆရာပါရဂူ ပြောခဲ့ဖူးသော စကားများ ဖြစ်ပါသည်။

မန္တလေး၌ရှိစဉ် လူငယ်စာရေးဆရာ၊ ဆရာမများနှင့် စကားဝိုင်းဖွဲ့နိုင်ရန် စီစဉ်ပေးခဲ့၏။ ရောက်တတ်ရာရာ စာအကြောင်း၊ ပေအကြောင်း၊ ကိုယ့်အကြောင်း၊ သူ့အကြောင်း ပြောပြရင်းဖြင့် ဆရာပျော်နေပုံရပါသည်။

ဆရာ သွားလိုသောနေရာများကိုလည်း လိုက်ပို့ရ၏။ ဆရာ သွားလိုရာထက် ကျွန်တော်တို့ ပို့လိုသည့်နေရာများကို ဆရာ မညည်းမညူ လိုက်ပါရသည်က များပါသည်။ နားချောင်းကျချောင်းဘေးက တောကောင်သားရောင်းသည့် ဆိုင်သို့လည်း ရောက်၏။ စစ်ကိုင်း ခါမင်းဝဲတောင်သို့လည်း သွား၏။ တောင်သမန် တောင်လေးလုံးကျောင်းသို့လည်း ပို့ဆောင်ပေးရ၏။

ယောမင်းကြီးအုတ်ဂူနှင့် ဆရာတော်ကြီးတစ်ပါး၏ ကျောင်းတော်ရာသို့လည်း ဦးခိုက်သေး၏။ နေ့ကာလသည် ဆရာပါရဂူ၏ ရတနာပုံ

BURMESE CLASSIC .com

www.burmeseclassic.com



ခရီးသည် ခရီးစဉ်အတိုင်း ဦးတည်နေ၏။ တစ်လမ်းလုံး ပေါက်တတ်ကရ ပြောလာသော ဆရာညိုထွန်းလူကို ဆရာပါ သဘောကျနေဟန် ရှိ၏။

"ဆရာညိုထွန်းလူက ဒေါက်တာနော်" ဟု လှမ်းမေး၏။ ဆရာသံဝရက "သုနက္ခဒေါက်တာဆရာ" ဟု မဆိုင်းမတွ ဖြေ၏။ ဆရာဇန်မြင့်က"ဒါတောင် ခဏခဏ ဆေးမှားပေးနေတာ မတိုင်နိုင်ကြလို့သာ ဆရာ" ဟု ဖြည့်ပေး၏။မဝင့် (မြစ်ငယ်) က အားရကျေနပ်စွာ "ဟုတ်တယ် ဆရာ၊ ဟုတ်တယ်" အော်ဟစ်ထောက်ခံနေလေသည်။

လူငယ်များ၏အပျော်သည် ဆရာ့ထံ စီးဝင်သွားလေသည်။ ညစာအတွက် အစီအစဉ်ကို သွားလိုရာ သွားလိုက်မည်ဟု ဆို၏။ သို့နှင့် ရတနာပုံညသည် ကာရာအိုကေညချမ်း ဖြစ်သွားရလေသည်။

ဆရာသည် မှတ်စုစာအုပ်ကိုင်လေ့မရှိ။ ဘောပင်ဆောင်လေ့မရှိပေ။ လုပ်လီလုပ်လဲ့သွား၍ ဝေသီမှုန်ဝါးသောအမြင်တွင် မည်သည့်အရာကိုမှ အလေးထားအရေးလုပ်ဟန် မပေါ်ပေ။ ပျော်နေသောဆရာ့ကို ကြည့်၍ ချစ်ခင်လေးစားမှုဖြင့် ကျေနပ်နေကြလေသည်။

ဆရာ ပြန်သွားပြီးအချိန် အတော်ကြာမှ ဆုံဖြစ်ကြပြန်သောအခါ "ဒီတစ်ခေါက် ရန်ကုန်ရောက်ရင် ဆရာပါတော့ သိမယ်" ဟု ညိုထွန်းလူက ကြိမ်း၏။ ဆရာသံဝရ မပြုံးတုံ့ပြုံးတုံ့ လုပ်နေ၏။"ခင်ဗျားတို့ ဖျက်လိုဖျက်ဆီး လုပ်လို့ မရတာနဲ့ ဒေါပွမနေပါနဲ့ဗျာ" ဟူသော ဆရာဇန်မြင့်၏ အပြောကို ဆရာညိုထွန်းလူ မကျေမနပ် ဖြစ်သွား၏။

"ခင်ဗျား လူရွှင်တော်လေနဲ့ စကားနောက်တရားပါ မပြောနဲ့။ ကျုပ်တို့က ဆရာပါကိုချစ်လို့၊ ခင်လို့၊ ကြည်ညိုလို့နွဲ့ဆိုးဆိုးနေကြတာ။ ဘာလပ်ပေါက်တော့ လာမလုပ်နဲ့ ကျုပ်" ဆရာဇန်မြင့် လက်ကာထားသဖြင့် ဆရာညိုထွန်းလူက အသံတိတ်သွား၏။

ဆရာဇန်မြင့်သည် အပြုံးမပျက်၊ လွယ်အိတ်ထဲမှ မဂ္ဂဇင်းစာအုပ် တစ်အုပ်ကို ထုတ်ယူလိုက်၏။ စာမျက်နှာတချို့ကို လှန်လှောရှာဖွေရင်း ဆရာပါရဂူ၏ဆောင်းပါးကို ရယ်ကြဲကြဲဖြင့် ဖတ်ပြနေလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာညိုထွန်းလူသည် သူ့နဖူး သူ့လက်ဝါးနှင့် ရိုက်၍ "ဟာ သေပါပြီဗျာ။ အဲဒီညက ကျုပ်အိမ်ကို ဆရာကြီးပါရဂူ ရောက်နေလို့ မန္တလေးတောင် ညရှုခင်း လိုက်ပြရမယ်လို့ပြောပြီး ထွက်လာတာဗျာ့" ဟု ညည်းညည်းညူညူ ပြောနေ၏။

ဆရာပါရဂူ၏ ဆောင်းပါးတွင် မန္တလေး ကာရာအိုကေညချမ်း အဖြစ်အပျက်ပေါင်းစုံကို တီးတိုးစကားသံမှအစ ရေးသားထားကြောင်း ဖော်ပြရန်လိုမည် မထင်ပေ။

ဆရာပါရဂူအိမ်သို့ ဖုန်းဆက်ကြ၏။ တဟားဟားနှင့် ပြတ်တောင်း ပြတ်တောင်း ရယ်မောနေသော ဆရာပါ၏ အသံကိုသာ ကြားနေကြရလေသည်။

ရွှတ်တိရွှတ်ထိုး ပုဂ္ဂိုလ်ပါတကား။

*

"ပါရဂူဖောင်ဒေးရှင်းမှာ ခင်ဗျားတို့ သူငယ်ချင်းနှစ်ယောက်ကို ထည့်ဖို့ စိတ်ကူးထားတာ ခက်တာက ခင်ဗျားတို့နှစ်ယောက်စလုံးက ထင်ရာလုပ်တတ်တဲ့လူတွေ ဖြစ်နေတယ်ဗျာ"

ထန်းရိပ်ညိုပန်းချီပြခန်း (ပုဂံ) မြက်ခင်းပြင်တွင် ဖြစ်ပါသည်။ ဆရာကိုတာ ယူဆောင်လာသော ဂျော်နီလမ်းလျှောက် တစ်ပုလင်း ကုန်လုလုအချိန် ဖြစ်၏။ စာရေးညက်သလောက် စကားပြောသွက်လှ၊ ချို လှသော ဆရာမောင်သာချိုသည် တစ်ခါတစ်ရံ ဂျက် (ကွမ်းခြံကုန်း)လေသံဖြင့် ဟာသနှောတတ်၏။ ကိုစိုးညွန့်(ရာပြည့်)၏ ထုတ်ဝေသူ အမြင်ကလည်း ဝိုင်းကို စိုပြည်စေပါသည်။

ဆရာကိုတာ၏ တဟားဟားရီသံ ထွက်ပေါ်လာ၏။"အဲဒါကြောင့် ဆရာ့ကို ပြောတာပေ့ါ။ လူပေါင်း မမှားဖို့ လိုတယ်ဆိုတာ ကျွန်တော်တို့ နှစ်ယောက် ထင်ရာလုပ်မှ ဆရာဖြစ်ချင်တာတွေ အောင်မြင်ပြီးမြောက်တော့ မှာပေ့ါ" ပြောပြောရယ်ရယ်နှင့် ဆရာ့ကို နောက်နေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုညသည်လည်း ဒီဇင်ဘာ ပုဂံဆောင်းညတစ်ညဖြစ်နေပြန်၏။ သို့ရာတွင် ထိုနှစ် ဒီဇင်ဘာ ပုဂံဆောင်းသည် အအေးဓာတ် မကဲသော ဆောင်း ဖြစ်၏။ ဆောင်းမပီသသော ဆောင်းညတစ်ည ဖြစ်ပါသည်။

ဆောင်းမပီသသော ဆောင်းညနှင့် ဆက်နွယ်လျက် ဆောင်းပီသလွန်းသော ဒီဇင်ဘာပုဂံဆောင်းတစ်ညကို ဖျတ်ကနဲ သတိရမိပြန်၏။

ဆရာကြီးပါရဂူ ရင်ခုန်ဖူးကြောင်း ဖွင့်ဟသော ဆောင်းညတစ်ည ဖြစ်ပါသည်။ မြက်ခင်းပြင်သည် ဆောင်းနှင်းတို့ဖြင့် ရွှန်းလက်နေ၏။ ဂီတဖြင့် လွှမ်းခြုံထားသော ဆောင်းတစ်ညကို လရောင်ဖြင့် ဖြန်းပက်ထားသည်။

ပုဂံမြို့သစ် ဟိုတယ်တစ်လုံး၏ မြက်ခင်းပြင်မှာ မီးရောင်မှိန်မှိန်က ဆောင်းည၏ နှင်းမှုန်ထဲဝယ် မရဲတရဲ တိုးဝင်နေရသည်။ ဘယ်ဆီက ဖွင့်နေသည့် အသံချက်စက်လေလား မသိ။ ကာလဒေသနှင့် လိုက်လျောညီထွေစွာ တေးသံအပိုင်းအစတချို့ မြက်ခင်းပြင်ပေါ်တွင် လွင့်ပျံ့ ကျရောက်လာလေသည်။

နှင်းတွေ ဝေနေသည့် တိတ်ဆိတ်ပုဂံညမှာ တေးတွေဖွဲ့လို့ မကုန်နိုင်သေး။ လေသင့်လာလို့ထင့်၊ သီချင်းသံက စောစောကထက် ပိုပီ၊ ပိုကြည်လာပြန်ပြီ။ သူ့အသံက အခုနေအခါမှာ အသည်းငယ်သူပါလာပါက တဆတ်ဆတ်တုန်ပြီး မေ့သွားလောက်အောင် သောက်ချင်သောက်၊ ဒါမှမဟုတ် အော်ဟစ် ငိုယိုပစ်လိုက်မှ နေသာထိုင်သာ ရှိသွားသည့်ခံစားမှုမျိုးကို ပေးနေသည်။ ကျွန်တော်တို့ကတော့ကြက်သေ‌ကြီးစွာ အံကြိတ်တင်းခံနေကြသည့်ပုံမျိုး။

ဆရာပါရဂူသည် ကုလားထိုင်နောက်မှီပေါ် ခေါင်းကို မှီတင်လိုက်သည်။ မြှောက်ထားသော ဖန်ခွက်ကိုင်လက်က ကုလားထိုင် လက်ရမ်းပေါ် ဖြေချတင်လိုက်သည်။ ကမ်းကလေးထိပ် စေတီဆီက ဆည်းလည်းသံလေးတွေ လှုပ်ရမ်းသွားသည်။ ဆောင်းဦးလေသည် တိတ်တခိုး ဝင်လာ၏။

www.burmeseclassic.com



ကျွန်တော်က ဂျာကင်ကို ဆွဲစေ့လိုက်သည်။ မျက်လုံးကို မှိတ်၍ အရာအားလုံးကို မေ့လျော့ဖို့ ကြိုးစားကြည့်သည်။ ဆရာပါရဂူလည်း မှေးတင်ထားကာ မော့နေသော မျက်နှာသည် ကောင်းကင်ဆီက ဖော်မဲ့ပြန့်ကျဲကြယ်ကလေးတွေကို တစ်လုံးနှစ်လုံး ရေတွက်နေလေမလား၊ သို့မဟုတ် 'တိတ်ဆိတ်ရင်ခုန်ညတစ်ည' ကို အလန့်တကြား တွေးဆပုံဖော်နေလေမလား မသိ။

ကျွန်တော်တို့လက်ထဲမှာ ယောင်ရမ်းကိုင်ထားသည့် ဖန်ခွက်များအခြေအနေကိုမြင်၍ ကျွန်တော်တို့နှင့်အတူ မှင်သက်မိနေကြသော ဝိတ်တာများကလည်း ဖျတ်ခနဲ သတိရကြသည့်ပုံမျိုး အလန့်တကြား လှုပ်ရှားကုန်ကြသည်။ ပယင်းရောင်လဲ့လဲ့မဲ့ ဖန်ခွက်လွတ်တွေကို မိနစ်ပေါင်းများစွာဆုပ်ကိုင်ထားမိကြလောက်အောင် အားလုံးကို မေ့လျော့ကုန်ကြပါလား။ ဝိတ်တာများသည် တာဝန်ပေါ့လျော့မှုအတွက် အပြစ်ရှိကြလေဟန် ခပ်သွက်သွက် လှုပ်ရှားကြပေမယ့် သူတို့လည်း ကျွန်တော်တို့နှင့် တစ်သားတည်းခံစားနေကြသူတွေမို့ ဘာမျှအပြစ်ဆိုဖွယ်မရှိ။

ဆရာပါရဂူသည် ဝိတ်တာများ ထည့်မည်ပြင်တိုင်း ငြင်းပယ်ထားသည့် ဖန်ခွက်လွတ်ကို ကောက်ကိုင်လိုက်၏။ အရိပ်တကြည့်ကြည့်နှင့် တာဝန်ကျေပွန်သော ဝိတ်တာတစ်ဦး အလျင်အမြန် ပြေးလာပြီး ထပ်ဖြည့်ရော စပ်ပေးသည်ကို မသိဟန်ပြုနေသည်။

ပြီး တစ်ဘရိတ်တည်း မော့ချလိုက်လေသည်။

"ဘယ်လိုလဲ ဆရာ၊ အသံနဲ့ ညှို့ငင်ဖမ်းစားမှုအောက်မှာ ဆရာလည်း အချစ်မြား စူးချင်နေပြီလား" နောက်မိ၏။

"ပတ်ဝန်းကျင်ရဲ့ စေ့ဆော်မှုလည်းပါတာပေါ့ဗျာ။ ကြည့်လေ အေးချမ်းငြိမ်သက်ပြီး လွတ်လပ်လုံခြုံတဲ့နေရာမှာ နှစ်ယောက်တည်းဆိုတော့ အင်း ကျွန်တော်လည်း ရင်ခုန်မိတာပေါ့။ ဘဝတစ်သက်တာမှာ တစ်ခါပဲ ရင်ခုန်တယ်။ ရင်ခုန်တယ်ဆိုတာ တကယ်ပဲ တလှပ်လှပ်နဲ့ တဆတ်ဆတ်ခုန်နေတတ်တဲ့ နှလုံးသား မြည်သီးသံဆိုတာ နားလည်သွားပြီ"

www.burmeseclassic.com



ဆရာ အတည်ပြောနေခြင်းပါလား ဆိုသော အသိဖြင့် ငြိမ်နေမိ၏။

မမျှော်လင့်သောအကြောင်းအရာ--

မမျှော်လင့်သောဖွင့်ဟမှု--

မမျှော်လင့်သော ဒီဇင်ဘာ ပုဂံဆောင်းညတစ်ည၊ ဆောင်းပီသလွန်းသောဆောင်းအငွေ့ အသက်တို့လွှမ်းထုံထားသည့် ဆောင်းတစ်ညတွင် ဆရာပါရဂူ လွမ်းနေသည်မှာ သေချာပါသည်။

ဘယ်သို့ ဘယ်ဆီ ရော်ရမ်းတမ်းတနေသည် မသိနိုင်။ မေးလည်း မမေးဝံ့။ ဘယ်အချိန် ဘယ်ကာလများဆီက လှုပ်ရှားခဲ့သော နှလုံးသား ခံစားမှုကို လှစ်ပြနေသည် မတွေးတတ်နိုင်ခဲ့။

မည်သို့ပင်ဆိုစေ သူလည်းလေ လောကီသားပေမို့ ဆရာပါရဂူ ရင်ခုန်ခဲ့ဖူးကြောင်း ဖွင့်ဟခဲ့သည်။ အမှန်ဖြစ်ပါသည်။ ထိုရင်ခုန်မှုသည် အချစ်လော စိတ်ကူယဉ်မှုလော။ ကျွန်တော် မသိနိုင်ပါ။

ကျွန်တော် မသိနိုင်သောပုဂ္ဂိုလ်ပါတကား၊

*

ဆရာပါရဂူ၏ စာအုပ် (၁၀၀) ပြည့် အထိမ်းအမှတ်စာအုပ်တွင် ပါဝင်ရေးသားရန် စိတ်မကူးဝံ့ခဲ့ကြောင်း အမှန် ဖြစ်ပါသည်။ ဆရာ ကိုကျော်ရင်မြင့် လူကြုံစကားပြောကြားစဉ်ကလည်း“မတန်မရာဗျာ” ဟု ပြောပြီး ရယ်မောနေဖြစ်ခဲ့ပါသည်။

ဆရာပါရဂူကိုယ်တိုင်က “ခင်ဗျား ရေးချင်ရာရေး၊ စာမူ ပို့ဖြစ်အောင်တော့ပို့လိုက်” ဟု ဖုန်းဆက်သောအခါ ဆရာ့အား ချစ်ခင်ကြည်ညိုလေးစားစိတ်ကို အခြေခံလျက် ရင်းနှီးမှုဖြင့် ထိတွေ့ခဲ့ဖူး၍စာရေးသူ နှလုံးသားတွင် ထင်ကျန်ရစ်သမျှကို ရေးသားခဲ့မိခြင်း ဖြစ်ပါသည်။

ဆရာ၏စာအုပ်များကို စွဲလမ်းခဲ့ခြင်းမှ မြစ်ဖျားခံခဲ့သော အထင်ကြီးလေးစားစိတ်သည် ဆရာ၏ လူပုဂ္ဂိုလ်ထိတွေ့ဆက်ဆံမှုနယ်ပယ်တွင် ရင်းနှီးချစ်ခင်မှု ဖြည့်စွက်ပေးနေ၏။ ဆရာ၏ စာများထဲမှ ပုံရိပ်များသည် ဆရာ့ထံ ထင်ဟပ်နေသည်ကို အကြိမ်ပေါင်းများစွာ နားလည်ခံစားခဲ့ရ၏။

www.burmeseclassic.com



စာရေးကောင်းသူတစ်ဦး ဖြစ်ပါမူ မိမိစွဲခဲ့ဖူးသည့် ဆရာဖန်တီးခဲ့သောအကြောင်းများစွာမှ ဆရာ၏ ပုဂ္ဂလိကဘဝကို ထင်ဟပ်နေသော ပုံရိပ်ပေါင်းများစွာ ဆွဲထုတ်ပြလိုက်ချင်စမ်းပါဘိ။ ပရကထာ (ဆရာပါရဂူ) ကို ရေးလိုက်ချင်စမ်းပါဘိ။

သို့သော် ကျွန်တော် စာရေးမကောင်းပါ။ စာမရေးတတ်ပါ။ ရင်ထဲတွင် ရှိသောအကြောင်းအရာ ခံစားမှုပေါင်းစုံကို ပေထက်အက္ခရာတင်သောအခါ ခက်ခဲပင်ပန်းလှကြောင်း နားလည်နေမိ၏။

ဆရာပါရဂူသည် စာအုပ် (၁၀၀) ပြည့် ရေးခဲ့ ပြီ။ ထုတ်ဝေပြီးခဲ့ပြီဟု သိရ၏။ ယခုလည်း ရေးနေဆဲ ဖြစ်၏။

စာမျက်နှာ အနည်းငယ်အတွက် ညည်းညူနေသော ကျွန်တော်သည် ဆရာပါရဂူ၏ မျက်နှာကို မော့ကြည့်ရန် ခက်ခဲသွား၏။ ယခင်က စာရေးသူတစ်ဦးအနေဖြင့် မဟုတ်ဘဲ စာပေလောကအပြင်ဘက်မှာ စာဖတ်သူတစ်ဦးအနေဖြင့် ရင်းရင်းနှီးနှီးဆက်ဆံခဲ့သောမျက်နှာကို မကြည့်ဝံ့ ကြည့်ဝံ့ဖြစ်နေ၏။

ပြီး ဆရာပါရဂူနှင့် ရေးခဲ့သောစာပေများသည် မြန်မာစာပေ ဌေည့်ခန်းဆောင်မျက်နှာစာမှစာပေများချည်း ဖြစ်သည်ကိုတော့-- ကျွန်တော် ပြောပြရန် မလိုအပ်သောအကြောင်းအရာ ဖြစ်ပေလိမ့်မည်။ ကျွန်တော် ပြောပြလိုသည်မှာ ဆရာပါရဂူနှင့် ပုဂ္ဂိုလ်ရေးရာ ဆက်နွယ်မှုများသာဖြစ်သည်။ ဤပုဂ္ဂိုလ်ရေးရာ ဆက်နွယ်မှုသည်ပင် စာရေးသူ၏ ခံစားမှု အမြင်မျှသာ ဖြစ်ပါသည်။

ဆရာပါရဂူနှင့် ဆက်နွယ်သော အကြောင်းအရာများစွာ ကျန်ရှိနေပေသေးသည်။ ကံကြမ္မာမျက်နှာသာပေး၍ ရေးခွင့်ကြုံလျှင် ရေးရပါဦးမည်။ ပြောခွင့်ဆုံလျှင် ပြောရပါဦးမည်။

ဆရာပါရဂူနှင့် မောင်နွေထက် ကဗျာရွတ်ပွဲသည် လည်းကောင်း၊ ဆရာပါရဂူနှင့် အိမ်ရှေ့မင်း ထန်းတောသည် လည်းကောင်း၊ ကိုတာ

BURMESE CLASSIC .com

www.burmeseclassic.com



သီချင်းဆိုသောညနှင့် ဆရာပါရဂူ၏ မြေနီကုန်းစစ်တမ်းသည် လည်းကောင်း၊ ဆရာယဉ်မင်းပိုက်တောင်းပန်ရသည့် ဆရာပါရဂူ စိတ်တိုသည့် လမ်းခွဲညကို လည်းကောင်း ကျွန်တော် ချန်လှပ်ထားရစ်ခဲ့ပါသေးသည်။

**မျိုးခင် (သင်းပိတောက်)**

BURMESE CLASSIC .com

www.burmeseclassic.com

## ကောင်းတဲ့စာ ကောင်းတဲ့အလုပ်နဲ့အတူ ပါရဂူ

စိတ်ကောင်းရှိဖို့-ပထမ
ဝိနည်းလေးစားဖို့က-ဒုတိယ
ကျန်းမာဖို့က-တတိယ
သန့်ရှင်းဖို့က-စတုတ္ထ
အဝတ်အစားဝတ်တတ်ဖို့က-ဆဋ္ဌမ
အပြောအဆိုတတ်ဖို့က-သတ္တမ
အသွားအလာတတ်ဖို့က-အဋ္ဌမ
စည်းကမ်းလိုက်နာဖို့က-နဝမ
စာတတ်ဖို့က-ဒသမ

အထက်က စာသားတွေဟာ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့လက်ကိုင်ဆောင်ပုဒ်များပဲ ဖြစ်ပါတယ်။မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းမှာ ဒီဆောင်ပုဒ်တွေကို မြင်နေရသော်လည်း ဖတ်ရိုးဖတ်စဉ် သာမန်ကာရှန်ကာမျှသာ ကျော်လွှားဖတ်သွားမိတာချည်းပါပဲ။ သေချာစေ့ငု စဉ်းစားသုံးသပ်မိခြင်းလည်း မရှိမိ။

ဒါပေမဲ့ အတော်အတန်မျှ ဘဝကို ဖြတ်သန်းမိ၊ အတော်အတန်မျှ လူတော သူတော ဝင်တိုးမိ၊ အတော်အတန်ကြာမျှ အတွေ့အကြုံလေးများ အပေါ် သုံးသပ်မိတဲ့အခါ ဒီဆောင်ပုဒ်တွေက လေးနက်ထိရောက်လှပါကလား။ ဆရာတော်ကြီးက မဟာဂန္ဓရုံတိုက်တာနေ ရဟန်းသာမဏေ သူတော်တွေကို ဆုံးမဩဝါဒ ပေးဖို့အဓိက ရည်ရွယ်ဟန် တူပေမယ့်

BURMESE CLASSIC .com

www.burmeseclassic.com



တကယ့်လူ့ဘဝမှာလည်း ဒီဆောင်ပုဒ်တွေဟာ အရာရောက် အသုံးကျလှပါတယ်။

တွေ့ကြုံဆုံကွဲ ကိစ္စမြားမြောင် လူတို့ဘောင်မို့ ဒီ ၁၀ ချက်အနက် 'ဝိနည်းလေးစားဖို့' ဆိုတဲ့ ရဟန်းသာမဏေနှင့် သက်ဆိုင်တဲ့အချက်ကို ထုတ်ပယ်လိုက်ဘိဦး။

ကျန်းမာသော်လည်း စိတ်ကောင်းမရှိသူ။
သန့်ရှင်းသော်လည်း စိတ်ကောင်းမရှိသူ။
အဝတ်အစားတတ်သော်လည်း စိတ်ကောင်းမရှိသူ။
အနေအထိုင် တတ်သော်လည်း စိတ်ကောင်းမရှိသူ။
အပြော အဆိုတတ်သော်လည်း စိတ်ကောင်းမရှိသူ။
အသွားအလာတတ်သော်လည်း စိတ်ကောင်းမရှိသူ။
စည်းကမ်းလိုက်နာသော်လည်း စိတ်ကောင်းမရှိသူ။

စာတတ်သော်လည်း စိတ်ကောင်းမရှိသူများကို တွေ့ရဖန်များလာတဲ့အခါ ဆရာတော်ကြီးကို အကြိမ်ကြိမ်အလီလီ ဦးချကန်တော့ မိပါတော့တယ်။

'စိတ်ကောင်းရှိခြင်း' ပြယုဂ်ဟာ အနှစ်သာရရှိတဲ့'အလုပ်' မှာ မဖုံးမကွယ် ပေါ်နေပါတယ်။ ကြာလေကောင်းလေ ဟောင်းလေ သစ်လေ ဆိုသလို စိတ်ကောင်းရှိခြင်းရဲ့ ရလဒ်ဟာ ဘုန်းကြီးပြီး အသက်ရှည်ပါတယ်။ အပြန်အလှန်အားဖြင့် 'အသက်ရှည်ပြီး ဘုန်းကြီးနေခြင်း'ဟာ 'စိတ်ကောင်းရှိခြင်း' ရဲ့ဆုလာဘ်ပါပဲ။

တကယ်တော့ အဝတ်အစားကောင်းကောင်း၊ အနေအထိုင် ကောင်းကောင်း၊ အပြောအဆိုကောင်းကောင်း၊ အသွားအလာကောင်းကောင်း၊ စည်းကမ်းကလနားကောင်းကောင်း၊ သန့်သန့်ရှင်းရှင်း၊ကျန်းကျန်းမာမာနှင့် ပညာတွေ မိုးထိုးမတတ် တတ်နေသော်လည်း 'အတ္တ' ဆိုတဲ့ လောဘ၊ မောဟ၊ ဒေါသ စိတ်တွေ ဗရပွနဲ့ဆိုရင် ထိုထိုသူသူလုပ်သမျှ 'အလုပ်' တွေတိုင်းဟာ ဘယ်နှယ့်ကောင်းနိုင်ပါ့မလဲ။

www.burmeseclassic.com



'ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး'ဆိုတဲ့ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ လင်္ကာလေးလိုပါပဲ။ စိတ်ကောင်းရှိဖို့ ကနဦး အားထုတ်ရာမှာ 'ကိုယ်တစ်ယောက်တည်း၊ ချမ်းသာရောက်ဖို့' ကို ပယ်နိုင်ရပါမယ်။ ကိုယ်ကျိုးအတ္တ ဘယ်လောက်ပယ်နိုင်ပြီးလဲ။ ငါဆိုလျှင်ပြီး၊ ငါတီးလျှင် မြည်၊ ငါစီစဉ်တာ နာခံ၊ ငါ့အမှန်ငါကြည့်၊ ငါအသိငါအတတ်၊ ငါကို ငါသူကြီး ဆိုတဲ့ 'ငါ' ဆိုတဲ့ 'အတ္တ'ကို ဘယ်လောက်စွန့်နိုင်ပြီးလဲ။ 'အတ္တ' ဆိုတဲ့ စိတ်ဆိုးစိတ်သွမ်း ပယ်ခွာပြီးခါမှ 'စိတ်ကောင်း' ဝင်ပေါက်တွေ့နိုင်တာ မဟုတ်ပါလား။

'ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့'မဟုတ်တဲ့'ပရ' အကျိုးဆောင်ခြင်းဟာ 'စိတ်ကောင်း' ရှိခြင်းသာဓက ဖြစ်ပါတယ်။၁၉၂၁ ခုနှစ်မှာ မြန်မာပြည်တောင်ပိုင်း ဟင်္သာတခရိုင် သန္တသနေ့ရွာငယ်ကလေးမှာ မွေးဖွားခဲ့ပြီး ယခုအခါ အသက် ၇၉ နှစ်ကျော် ၈၀ တွင်း ရောက်နေတဲ့ စာရေးဆရာကြီး ပါရဂူ က သူ စိတ်အဝင်စားဆုံးအလုပ်ဟာ 'ပရဟိတ' လုပ်ငန်းဖြစ်တယ်။ အသက်ကြီးလာရင် ပရဟိတလုပ်ငန်းမှာပဲ ဇောက်ချလုပ်ကိုင်မယ်။ ပရဟိတလုပ်ငန်းမှာပဲ ပုံအောနှစ်မြှုပ်မယ်။ ပရဟိတလုပ်ငန်းနဲ့ပဲ ဖက်တွယ်အသက်စွန့်မယ်လို့ ပြောဆိုခဲ့ပါတယ်။ ဆရာ ပါရဂူက 'ပရဟိတ' လုပ်လိုတယ်ဆိုတာ 'စိတ်ကောင်းရှိခြင်း' ကို ဖော်ပြလိုက်တာပါပဲ။

မကြာခင်ပဲ ဆရာပါရဂူ ရေးသားပြုစုမှီငြမ်း ဘာသာပြန် စာအုပ်ပေါင်း၁၀၀ ပြည့်ပါတော့မယ်။ စာပေရေးဖွဲ့ရာမှာ စေတနာက ပဲ့ကိုင်ဖြစ်ပါတယ်။ စေတနာဆိုတာ 'စိတ်ကောင်း' ပါ။ စိတ်စေတနာ ကောင်းမှသာ စာကောင်းပေမွန်များ ရေးဖွဲ့နိုင်မှာပါ။စိတ်ကောင်းသလို အပြောကောင်း၊ အလုပ်ကောင်း၊ စိတ်ထဲရှိသလို ပြော၊ ပြောသလိုလုပ်၊ လုပ်သလိုပြောတဲ့ ပုဂ္ဂိုလ်ကြီးအဖြစ်လည်း သူ့စာအုပ်များက သက်သေပြခဲ့ပါပြီ။ အုပ်၁၀၀ တည်းသော စာအုပ်စာတမ်းများအပြင် လစဉ်မပြတ် ဆောင်းပါးစာတမ်းများလည်း စဉ်ဆက်မပြတ် ရေးသားခဲ့တဲ့အနက် တစ်ပါးသူအကြောင်းများကို မုဒိတာစိတ်ဖြင့် ညွှန်းဆိုရေးသားခဲ့တဲ့ 'ပရကထာ' ဆောင်းပါးတွေထဲက

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာပါရဂူရဲ့ စိတ်ကောင်းအခြေခံ စာကောင်းတချို့ကို လက်ဆင့်ကမ်းပါရစေ။ ဒီစာကောင်းတွေက ဆရာပါရဂူရဲ့ စေတနာတွေကို ဖော်ပြနေလို့ပါ။

> ဝတ္ထုများမှာ များသောအားဖြင့် ခေတ်တစ်ခေတ်၏ ရောင်ပြန်ဖြစ်၍ ထိုခေတ် ကုန်ဆုံးကျော်လွန်သွားသည်နှင့် တစ်ပြိုင်နက် ထိုခေတ် လူမှုအဖွဲ့အစည်း၏ ရောင်ပြန်ဖြစ်သော ထိုဝတ္ထုလည်း သမိုင်းပြတိုက်ထဲ ရောက်သွားသည်။ ခေတ်ဟောင်းကို ကိုယ်စားပြုသော ဝတ္ထု၏ နေရာ၌ ခေတ်သစ်ကိုကိုယ်စားပြုသည့်ဝတ္ထု ရောက်လာသည်။
>
> ကျမ်းစာများကား ထိုကဲ့သို့ မဟုတ်ပေ။ ပြည်သူလူထုအတွက် အကျိုးရှိမည့်စာအုပ်မျိုးဆိုလျှင် ကာလအပိုင်းအခြား မရှိပေ။ ခေတ်ကာလမရွေး အသုံးဝင်နေပေသည်။(စာ ၃၄-၃၅)

ဒီစာပိုဒ်ဟာ လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ စာအုပ်များ အပေါ် မှုဒိတာပွားကာ ရေးဖွဲ့တဲ့ ဆရာပါရဂူရဲ့ စေတနာဖြစ်ပြီး 'ခေတ်ဟောင်းကိုကိုယ်စားပြုသော ဝတ္ထု၏နေရာ၌ ခေတ်သစ်ကို ကိုယ်စားပြုသည့် ဝတ္ထုရောက်လာ၏' ဆိုတဲ့ စကားရပ်ဟာ အလေးအနက်ထား စဉ်းစားဖွယ် ဖြစ်ပါတယ်။

> "စာပေကို အကဲဖြတ်ရာ၌ သမိုင်းအမြင်ရှိဖို့ အရေးကြီးသည်။ ဝတ္ထုတစ်ပုဒ် (သို့မဟုတ်) ကဗျာတစ်ပုဒ်ကို သုံးသပ်သည်ဆိုလျှင် အကယ်၍ ထိုဝတ္ထု (သို့မဟုတ်) ထိုကဗျာသည် လွန်ခဲ့သည့်အတိတ်ခေတ်က ပေါ်ပေါက်လာသည့်ဝတ္ထု(သို့မဟုတ်) ကဗျာဖြစ်ပါက ထိုခေတ်လူ့အဖွဲ့အစည်း၏ ပရဂုဏ်ထဲ ဝင်ကြည့်ပြီး သုံးသပ်ရမည်။ သမိုင်းမျက်မှန်မတပ်ဘဲ စာပေကို အကဲဖြတ်လျှင် တိကျမှန်ကန်မှု မရှိနိုင်ပေ။" (စာ-၃၇)

လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့ သမိုင်းနောက်ခံရာဇဝင်ဝတ္ထုကြီးတွေဟာ ၁၉၁၉ ခုနှစ်နဲ့ နောက်နှစ်များဝန်းကျင်မှာ ရေးသားခဲ့လေတော့

www.burmeseclassic.com



'ဆန္ဒစောစွာ' လူတန်းစားအမြင့်ဖြင့် မဝေဖန်၊ မသုံးသပ် မိဖို့ ညွှန်းဆိုတာ ဖြစ်ပါတယ်။ ခေတ်ကာလအလျောက် စံထားခဲ့ရတဲ့ဝတ္ထုကြီးတွေ တချို့ အပေါ် ပညာတတ်ကြိမ်လုံးနဲ့ တအုံးအုံး ရိုက်နှက်နေတဲ့ ဒီကနေ့ ဒီအခါ ဝေဖန်ရေးအချို့အပေါ် ဆင်ခြင်နိုင်ပါတယ်။

> နတ်ရှင်နောင်ဝတ္ထုက ပေးသော သင်ခန်းစာများအနက် အထူး သတိပြုထိုက်သောသင်ခန်းစာတစ်ခုမှာ ပြည်သားတို့အား ကျောသား ရင်သားမခွဲခြားဘဲ အုပ်ချုပ်ရမည်ဟူသောအချက်ဖြစ်သည်။ လူမျိုး တစ်မျိုးကို မြှောက်စားလျက် အခြားလူမျိုးတစ်မျိုးအား ဖိနှိပ်ခြင်း သည် နိုင်ငံတော်၏ ပျက်စီးရာပျက်စီးကြောင်း ဖြစ်သည်။ ယင်း သင်ခန်းစာကို နတ်ရှင်နောင် ဝတ္ထု၌ ဖော်ပြထားသည်။ (စာ-၃၈)

လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ 'နတ်ရှင်နောင်' ဝတ္ထုထဲက သတိမမူ မိနိုင်တဲ့ အတွေးစတစ်စုက တစ်ဆင့် အလွန်အဖိုးတန်တဲ့ သုံးသပ်ချက် တစ်ခုကို ထုတ်နုတ်ပြတာ ဖြစ်ပါတယ်။

> "---နေသည် ပုံမှန်ရွေ့လျားနေသည် ဖြစ်သော်လည်း နံနက် ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ရွေ့လျားနေသည်ဟု မထင်ရဘဲ ညနေ စောင်းအချိန်ကျမှ နေ၏ ရွေ့လျားခြင်းအဟုန် မြန်လာသည်ဟု ထင်ရသည်။လူ၏ အရွယ်လည်း ထိုနည်းအတိုင်းပင်။ မွေးလာသည့် အချိန်မှစ၍ တစ်ခဏပြီး တစ်ခဏဇရာပိုင်းသို့ ရွေ့လျားလာသော် လည်း ပျိုရွယ်ချိန်၌ ဇရာ၏ အရှိန်အဟုန်မြန်သည်ဟု မထင်ရဘဲ ဇရာပိုင်းရောက်မှ ဇရာ၏ အရှိန်အဟုန်သည် တက်သုတ်ရိုက်နေ သည်ဟု ထင်ရသည်။ (စာ-၅၅)

မွန်းတည့်ပြီးနောက် 'အတက်' က မွန်းလွဲ 'အကျ' အရောက်မှာ အချိန်ကုန်မြန်လာတော့မှာမို့ နောက်ဆုံးသက်တမ်းအတွက် 'အလုပ်ကောင်း' တွေ ကျန်ရစ်ဖို့ နှိုးဆော်လိုက်တဲ့ ဆရာပါရဂူရဲ့ စေတနာစကား ဖြစ်ပါတယ်။

> "စာရေးဆရာအလုပ်သည် ပြည်သူကို အကျိုးပြုသော အလုပ် ဖြစ်သည်။ သို့ရာတွင် စာရေးဆရာ ရေးသောစာသည် ပြည်သူကို

BURMESE CLASSIC .com

www.burmeseclassic.com



အကျိုးပြုသောစာနှင့် ပြည်သူကို အကျိုးယုတ်စေသောစာဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။

ပြည်သူကို အကျိုးပြုသော စာရေးသည့် စာရေးဆရာမှသာ ပြည်သူ့ အကျိုးပြုစာရေးဆရာ ဖြစ်သည်။ ပြည်သူကို အဆိပ်အတောက်ဖြစ်စေသော စာရေးသည့် စာရေးဆရာမှာမူ ပြည်သူကို အကျိုးပြုသော စာရေးဆရာမဟုတ်ဘဲ ပြည်သူကို အဆိပ်ကျွေးသော စာရေးဆရာဖြစ်သည်။" (စာ-၇၂)

စာစရေးတော့ 'ပြည်သူ့အတွက်' တဲ့။ နောက်ပြီး စာရေးဖို့ ထမင်းစားတာတဲ့။ နောက်-နောက် ထမင်းစားဖို့ စာရေးကြရင်း 'ပြည်သူ' ဆိုနှာခေါင်းရှုံ့ကြရင်း အဆိပ်ခွက်ကိုယ်စီ ကိုင်နေမိနေကြပြီလား ဆိုတာ ဆရာ ပါရဂူ့စာကို ဖတ်မိတော့ အလန့်တကြား စဉ်းစားမိစေပါတယ်။

အနုပညာဖန်တီးရာ၌ အတွေးအခေါ် (သို့မဟုတ်) စိတ်ကူး(သို့မဟုတ်)ဒဿနသည် အနုပညာ၏ အသက်ဖြစ်သည်။ အတွေးအခေါ်(သို့မဟုတ်) စိတ်ကူး(သို့မဟုတ်) ဒဿနမပါသော အနုပညာလည်း ဆားမပါသော ဟင်းကဲ့သို့ ပေါ့ပျက်ပျက် ဖြစ်နေတတ်သည်။

ကိုယ်ပိုင်ခံစားမှုတစ်ခုနဲ့ ပေါက်ကွဲရှုးသွပ်နေတဲ့စာ (သို့မဟုတ်) ကဗျာ (သို့မဟုတ်) ဂီတတစ်ခုဟာ အနိမ့်ဆုံးအဆင့် 'အများ' နားမလည်စေဘူးဆိုရင် 'အနုပညာ' ဖြစ်ငြား ပေါ့ပျက်ပျက်ဖြစ်နေမှာမို့ အာသာမှ ရှိပါ့မလား။ ကျွန်တော်တို့ရော အဲ့လိုပေါ့ပျက်ပျက်စာမျိုး ဘယ်နှစ်ပုဒ်ရေးထုတ်ပြီးပါပြီလဲ။

"ဝါဒေ ဝါဒေ ဇယတေ တတ္တဗောဓာ" ဟူသော အဆိုအမိန့် အရ အပြန်အလှန် အချေအတင် ငြင်းခုံခြင်းသည် အမှန်တရားတစ်ခုကို ဖြစ်ပေါ်ပေါက်ပွားစေ၏ ဟု သိရသည်။ 'အငြင်းသန် အမှန်သိ' ဟူသော စကားမှာလည်း ထိုအဓိပ္ပါယ်ပင် ဖြစ်သည်။ (စာ-၁၇၃)

BURMESE CLASSIC .com

www.burmeseclassic.com



လူကို ပုံစံခွက်ချမရ။ ဘောင်ခတ်မရ။ အတွေးအခေါ် ကန့်သတ်မရ။ဒါကြောင့် အမြင်ချင်း ဖလှယ်ကြ၊ အသိချင်းဝေငှကြ။ မတူတာ ငြင်းခုံကြ၊ အဖြေရှာကြ၊ ညှိနှိုင်းကြ၊ မျက်နှာချင်းဆိုင်ကြ၊ ယခု မိလိန္နီယ နှစ်၏ မိလိန္နီယယဉ်ကျေးမှုဟာ ငြင်းခုန်ခြင်းပဲ မဟုတ်ပါလား။ ငြိမ်းချမ်းစွာ သဘောကွဲကြပါစေ။

"သူ၏ စာပေဘဝနှစ်ပေါင်း ၆ဝ ထဲက အချို့နှစ်၊ အချို့အချိန်ကာလများသည် ဖဲမွေ့ရာခင်းထားသော အချိန်ကာလများ ဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် ဖဲမွေ့ရာအောက်၌ အဖုအထစ်များရှိနေသဖြင့် ဖဲမွေ့ရာပေါ်၌ အိပ်နေရသည်မှာ ခိုးလိုးခုလုဖြစ်ရသည်။

နှစ်ပေါင်း ၆ဝ ကျော်လာသောအခါ၌မူ ဒဂုန်ခင်ခင်လေး၏ ဘဝသည် အိမ်နိမ့်စံဘဝဖြစ်လာသည်။ဖဲမွေ့ရာနေရာတွင် အညာစောင်ခင်းထားသည်။ သို့ရာတွင် အညာစောင်အခင်းအောက်၌ ဖဲမွေ့ရာအောက်ကလို အဖုအထစ်တွေ မရှိသဖြင့် နေရသည်မှာ ခိုးလုခုလု မဖြစ်ပေ။ အပြင်ပန်းအမြင်ကသာ အညာစောင်ဖြစ်သည်။ သို့သော် ဖဲမွေ့ရာထက်ပင် စိတ်ချမ်းသာမှုပေးသည်။(စာ-၂၃၃)

အကာနှင့်အနှစ်၊ ပကာသနနှင့် ပကတိ၊ ဟန်ဆောင်မှုနှင့် ရိုးသားမှုကို နှိုင်းယှဉ်ပြရင်း စိတ်ချမ်းသာမှု၏ ပီတိသုခကို ပါးပါးနပ်နပ် လှစ်ပြတဲ့ စာပိုဒ်ဖြစ်ပါတယ်။

ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသတို့၏ အုတ်ဂူကို ယခု ဘယ်မှာရှာမည်နည်း။ သို့သော် သူတို့၏ စာများသည် မြန်မာစာပေလောက၌ ယခုထက်တိုင်ပင် အသက်ရှင်နေကြသည်။ နောင်လည်း အသက်ရှင်နေပေလိမ့်ဦးမည်။ ပြည်သူဘက်က ရပ်ပြီး ပြည်သူ့ အကျိုးပြုစာများ ရေးသား ပြုစုသွားခဲ့သူတစ်ဦးအတွက် အုတ်ဂူမလို။ သူ့စာများသည် ပြည်သူ၏နှလုံးအိမ်တွင် အုတ်ဂူအဖြစ် တည်ရှိနေပေလိမ့်မည်။ (စာ ၃ဝ၆-၃ဝ၇)

BURMESE CLASSIC .com

www.burmeseclassic.com



လူ့သမိုင်းက ‘အပြော’တွေ ‘အပြ’ တွေထက် ‘လက်တွေ့က မမ္ဘိဋ္ဌာန်ကျကြောင်း ဖော်ညွှန်းထားပါတယ်။

> “တရားစောင့်သူကို တရားက ပြန်စောင့်သည်။ ပြည်သူကို ချစ်သူအား ပြည်သူက ပြန်ချစ်သည်။ လူကို လေးစားသူအား လူက ပြန်လေးစားသည်”။

တရားစောင့်ခြင်းကား စိတ်ကောင်းစေတနာပဲ မဟုတ်ပါလား။ ပြည်သူကို ချစ်ခြင်းက စိတ်ကောင်းစေတနာကောင်းမဟုတ်ပါလား။ဒီလိုပါပဲ။ လူကို လေးစားသူကလည်း စိတ်ကောင်း စေတနာကောင်းပဲ မဟုတ်ပါလား။

အားလုံးချုပ်လိုက်ရင် ကျွန်တော်တို့တစ်တွေဟာ တစ်ခဏမျှ လူ့ဘဝ ရကြ၊ လူထဲသူထဲ လူနဲ့သူနဲ့နေကြ၊ လူ့ကိစ္စလူ့ဝတ္တရား လူ့တာဝန်ယူရကြ။ လူ့အတွေး လူ့အမြင် လူ့အသိတွေ သိကြရစဉ်ကာလမှာ ဘယ်လောက် ကြာအောင် မျိုးဆက်ရှည် တည်တံ့ဦးမယ်မှန်း မသိတဲ့ လူ့ လောကအတွင်း လူသားအချင်းချင်း ရိုင်းပင်းကူညီမှု၊ လူသားအချင်းချင်း ချစ်ကြည်ရင်းနှီး စေမှုတွေနဲ့ လူ့သတင်း လူချင်းဆောင်ကာ လူ့သမိုင်း ကောင်းစေဖို့ ‘အလုပ်’ ကောင်းတွေ လုပ်ကြရပါမယ်။

‘အလုပ်’ ကောင်းရဲ့ အခြေခံက ‘စိတ်ကောင်းရှိဖို့အဓိက’ တဲ့။

ဆရာပါရဂူကဖြင့် စိတ်ကောင်းရှိစွာနဲ့ အလုပ်ကောင်းတွေလုပ်ခဲ့၊ လုပ်ဆဲ၊ လုပ်လိမ့်ဦးမယ်။ ဆရာပါရဂူအား တရားစောင့်ပါစေသတည်း။

**ဆုးငှက်**

**မဟေသီ၊ ဖေဖော်ဝါရီ၊ ၂၀၀၁ခုနှစ်။**

BURMESE CLASSIC .com

www.burmeseclassic.com

# စာလုံး၊ ဆေးစက်၊ ကျောက်ခေတ်ပုံသွင်
# ၂၁ ရာစုအဝင် ထန်းရိပ်ညိုအနုပညာပြပွဲနှင့်
# ပရဟိတ အလုပ်၊ စာအုပ် ၁၀၀ ဆရာကြီး ပါရဂူ
# ဆုံစည်းမှု

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက် မန္တလေးညသည် နှင်းမှုန်ဖွေးဖွေး မြောက်ပြန်လေအေးနှင့် ဆောင်းညပီသနေသည်။ ပြာလွဲ့သော ကောင်းကင်ပြင်မှာ ကြယ်ပေါင်းစုံ ပြိုးပြက်ပွင့်ဝေနေသည်။ ထန်းရပ်ညိုခြံ ဝင်းထဲမှာ အနုပညာမြတ်နိုးသူ အစုအဝေးများက ဟိုနားတစ်ဖွဲ့ သည်နားတစ်သင်း ချစ်ကြည်ရင်းနှီးစွာ ဝိုင်းဖွဲ့စကားပြောကြားနေသည်။ မိတ်ဆွေများ ပြန်လည် ဆုံစည်းကြသောညချမ်းမှာ လက်ချင်း ဆုပ်ကိုင်ထားကြသူများလည်း ရှိသည်။ ဧည့်သည်တွေက ခြံဝင်းကျယ်ကြီးထဲကို ဝင်လာမစဲ။ တချို့က ပန်းချီကားကြီးများ ရှေ့မှာ။ တချို့က ပန်းပုရုပ်တွေ ရှေ့မှာ။ တချို့က ဆရာပါရဂူ ရေးသား သောစာအုပ်တွေ ရှေ့မှာ။ ဆရာ ဦးစောအောင်နှင့် ကိုထွန်းထွန်းတို့၏တယောဝိုင်းက ဧရာမပန်းချီကားကြီးတွေရှေ့မှာ ဂီတလှိုင်းများ ဖန်ဆင်းနေလေပြီ။

၂၁ ရာစုအဝင် ပွဲတော်များကို ၂၀၀၀ပြည့်နှစ် အကူးမှာတစ်ကြိမ် ကျင်းပခဲ့ကြပြီ။ သည်တုန်းက မန္တလေး အင်းဝ ခေတ်ပြိုင် ပန်းချီဆရာများကလည်း ၂၁ ဦးတိတိပင်ဖြစ်၏။ ဦးကံညွန့်၊ ဦးထွန်းစိန်၊ ဦးခင်မောင်သန်း၊ ဒေါက်တာကိုကိုကြီး၊ ကျော်မိုးသာ၊ ခင်မောင်စန်း၊ရာဟုလာ၊ မြင့်ကြည်၊ မောင်လေးထွန်း၊ ကဲသာ၊ စိုးသောင်၊ ကံချွန်၊ တင်မောင်ဦး၊

BURMESE CLASSIC .com

www.burmeseclassic.com



ဘိုစော၊ ချိုချိုအောင်၊ ကြည်ဝင်း၊ ဦးတင်မောင်မြင့်၊ ဦးတင်ထွန်း၊ မောင်မောင်လေး၊ ဇော်ဇော်နှင့် M. K တို့ဖြစ်ကြသည်။ ဦးဝင်းမောင် တမ္ပဝတီ၊ ကိုအောင်မင်း၊စူးမြင့်သိန်းတို့၏ ပန်းပုလက်ရာများ၊ ဦးကျော်ဝင်း (လှိုဂုဏ်ရည်)၊ ညောင်ဦးသန်းဌေး၊ ကိုဇော်ဇော် (ဘိုအဖွဲ့)တို့၏ ဓာတ်ပုံများ။ အော်ပီကျယ်၊ စောမင်းဝေ၊ ဝင်းမောင်၊ ကံချွန်၊ ဗိုမောင်၊ ကဲသာ တို့၏ ကာတွန်းများ။ ဒါတင်မကသေး။ ကိုရဲမြတ်သူ (Alpha Info-Tech) ကလည်း ကမ္ဘာကျော် အီတလီပန်းချီကား ၆၀၀ကျော်ကို ကွန်ပျူတာနှင့် တင်ဆက်ပြသလိုက်သေး၏။ ရန်ကုန်က ဆရာသိန်းမြင့်သိန်း၏ ပန်းချီကားများလည်း တွေ့ရသေးသည်။

ညခုနစ်နာရီ တိတိမှာတော့ အသင့်ခင်းထားသော စားပွဲကြီးများမှာ နေရာယူလိုက်ကြသည်။ ပန်းချီကားတွေ၊ ပန်းပုရုပ်တွေ၊ ဆရာပါရဂူ၏ စာအုပ်တွေနှင့် ကွန်ပျူတာရှေ့က ပရိသတ်များ၊ Date Tea House ထဲက ပုဂ္ဂိုလ်များအားလုံး အခမ်းအနားထဲ ရောက်လာကြသည်။ တယောသံများ တိတ်ဆိတ်သွားသည်။ အခမ်းအနားမှူး စိုးနိုင်(မန်းတက္ကသိုလ်)၏ ပီသကြည်မြသော နှုတ်ခွန်းဆက်သံ စတင်ထွက်ပေါ်လာသည်။ ထန်းရိပ်ညို ဦးမျိုးခင် က ဆရာပါရဂူ စာအုပ် ၁၀၀ ပြပွဲ အခမ်းအနားကို ဖဲကြိုး ဖြတ်လိုက်သည်။ နံရံမှာ ဆရာသိန်းမြင့်သိန်း ရေးဆွဲထားသော ဆရာပါရဂူ၏ ပုံတူပန်းချီကား။ ပရိသတ်နှင့် မျက်နှာချင်းဆိုင်မှာ ဦးဝင်းမောင်(တမ္ပဝတီ)၏ 'ပါရဂူ ရှန်တီနိကေတန်' ဆိုင်းဘုတ်၊ ကိုအောင်မင်းထုလုပ်သော 'ပါရဂူ ရှန်တိနိကေတန်ကျောက်တုံး'။ ပြီးတော့ ဆရာတော် ဦးပညာ(အမရပူရ)၊ ဦးဝင်းမောင်(တမ္ပဝတီ)၊ ဆရာမ ဒေါ်ခင်ဆွေဦး၊ ဦးမျိုးခင်(ထန်းရိပ်ညို) တို့၏အလယ်က ကြည်နူးရွှင်ပျစွာ တွေ့မြင်ရသော ဆရာပါရဂူ။

၂၁ ရာစုအဝင် ထန်းရိပ်ညို အနုပညာပြပွဲ အစီအစဉ်နှင့် တွဲဖက်ပြီး ဆရာပါရဂူ၏စာအုပ် ၁၀၀ ပြပွဲ ကျင်းပရန် အကြောင်းဆုံလာသည်။ ဆရာပါရဂူကိုယ်တိုင်က ထင်ပေါ်ကျော်ကြားမည့် အလုပ်မလုပ်ပါရစေနှင့်။ ထန်းရိပ်ညို၏ ပွဲနှင့်အတူ ကျင်းပမည်ဆိုလျှင်တော့ ကောင်းလိမ့်မည်ဟု ဆိုလာသဖြင့် ထန်းရိပ်ညို အနုပညာပြပွဲနှင့် ဆရာပါရဂူ စာအုပ် ၁၀၀

BURMESE CLASSIC .com

www.burmeseclassic.com



ပြပွဲယှဉ်တွဲလိုက်ခြင်းသည် ဆရာပါရဂူ၏ဆန္ဒနှင့် အကိုက်ညီဆုံး ဖြစ်လာသည်။ ဟောဒီအခမ်းအနားမှာ ဟိုတယ်ဝင်းထဲမှာ၊ အမျိုးသား ကဇာတ်ရုံဝင်းထဲမှာ၊ ဟိုတယ်ကြီးတွေမှာ ပွဲတော် ပွဲတော်တွင် ကျင်းပခဲ့ကြသည်။ သို့သော ၂၁ရာစု ဘယ်အချိန်မှာစသလဲ ဆိုသည့်ပြဿနာကတော့ ကမ္ဘာနှင့်ချီပြီး ငြင်းခုန်ခဲ့ကြသည်။ တချို့က ၁၉၉၉ ခုနှစ် ကုန်သည်နှင့် ၂၁ ရာစုဝင်ပြီဟု လက်ခံထားသူများရှိသလို တချို့ဟာ ၂၀၀၀ပြည့်နှစ်ကုန်မှသာ ၂၁ရာစုဝင်မည်ဟု နားလည်ထားသူများရှိသည်။ ထိုသို့ ငြင်းခုန် ပြောဆိုသဘောထား ကွဲခဲ့ကြသူတွေထဲမှာ အနုပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ သမိုင်းပညာရှင်တွေ၊ နက္ခတ္တပညာရှင်တွေ ပါဝင်ကြသည်။ မန္တလေးထန်းရိပ်ညို ပန်းချီပြခန်းပိုင်ရှင် ဦးမျိုးခင်ကတော့ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်၊ ည ၁၂း၀၀ နာရီမှာ ဖွင့်လှစ်မည့် ထန်းရိပ်ညို အနုပညာပွဲတော်ကို ၂၁ရာစုသို့ တိုးဝင်ခြင်းဟု ဥဒါန်းကျူးလိုက်သည်။

## Making Way Into 21st Century ဟူ၍

၂၀၀၀ပြည့်နှစ် တစ်နှစ်ပတ်လုံး တနင်္ဂနွေတိုင်းလိုလို ဂျာနယ်စာမျက်နှာများပေါ်မှာ ထန်းရိပ်ညို ပန်းချီပြပွဲ သတင်းများသည် ရှင်သန်လှုပ်ခတ်နေခဲ့သည်။ နှစ်ဆန်းကတည်းက ပြပွဲတင်ရန် ရက်ယူထားကြသော အနုပညာရှင်များသည် တစ်ပွဲပြီးတစ်ပွဲ တင်ဆက် ပြသသွားခဲ့ကြသည်။ ပန်းချီပြပွဲချည်းမဟုတ်။ ပန်းပုပြပွဲလည်းပါ၏။ ဓာတ်ပုံပြပွဲလည်းပါ၏။ ဂျာနယ်မှာ ပြပွဲတစ်ရပ်အကြောင်း သတင်းပါလာသဖြင့် ဖတ်ပြီးမှ လာကြည့်သူအဖို့ ထိုပြပွဲကို မြင်ခွင့်မရတတ်။ တခြား အနုပညာရှင်တစ်ဦး၏ ပြပွဲက ဂျာနယ်ထဲမှာ ဖော်ပြထားသော ပြပွဲနေရာတွင် အစားထိုးသွားလေပြီ။ ရက်သတ္တပတ် တစ်မျိုးပြောင်းနေသော ပြပွဲတွေက တစ်နှစ်လုံးအပြည့်။ ထန်းရိပ်ညို ဦးမျိုးခင်က ၂၀၀၀ပြည့်နှစ်အစ ပန်းချီဆရာများ ရက်ချိတ်ကြချိန်ကပင် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ၃၁ ရက် ညချမ်းမှာ ထန်းရိပ်ညို အနုပညာပြပွဲတော် ဖွင့်လှစ်ပြသမည်။ အနုပညာရှင်တွေ ခေတ်ဟောင်းခေတ်ပြိုင် ၂၁ ဦးစီ ပြသမည်ဟု ကြေညာထားသည်။ ပြပွဲဖွင့်လှစ်မည့် အချိန်က ဒီဇင်ဘာ ၃၁ ရက် ည ၁၂ နာရီတိတိ။

BURMESE CLASSIC .com

www.burmeseclassic.com



၂၁ရာစုအဝင် ပြပွဲမှာ သက်ရှိထင်ရှား မရှိတော့သောဂန္တဝင်မြောက် ပန်းချီဆရာကြီးများ၏ လက်ရာမွန် ပန်းချီကားကြီးများ ချိတ်ဆွဲထားသည်။ ဦးစောမောင်၊ ဦးထွန်းညွန့်၊ ဦးသန့်၊ ဦးဘအေး၊ ဦးဘသက်၊ ဦးခင်မောင် (ဘဏ်)၊ ဦးသိန်းမောင်၊ ဦးသိန်း၊ ဦးရွှေစိုး၊ ဆရာဆောင်း၊ ဦးကံချွန်၊ ဦးအောင်ခင်၊ ဦးကျော်လေး၊ ဦးအေးမောင်၊ ဦးတင်ဆောင်း၊ ဦးသန်း၊ ဦးချစ်မြဲ၊ ဦးချစ်မောင်၊ ဦးအောင်ချစ်၊ ဦးမြသောင်း၊ ဦးပေါ်ဦးသက် ဟူသော ဆရာကြီးများကပင် ၂၁ ဦးတိတိ။

ဆရာပါရဂူ ဘဝတစ်လျှောက်လုံး မျှော်မှန်းခဲ့သော၊ ကြိုးကြိုးကုတ်ကုတ်လည်း ဆောင်ရွက်တတ်သော ပရဟိတလုပ်ငန်းတစ်ရပ် အကောင်အထည် ဖော်ရန် အုတ်မြစ်ချကြဖို့ရှိ၏။

ထိုအခမ်းအနား မစတင်မီမှာ ၂၀၀၀ ပြည့်နှစ်အတွက် ထန်းရိပ်ညို အနုပညာဆု ချီးမြှင့်ရန်ရှိသည်။ ထန်းရိပ်ညိုအနုပညာဆုအတွက် ဆုတစ်ဆု လျှင် ကျပ်သုံးသောင်းနှင့် ဆုသုံးဆု ကျပ်ကိုးသောင်း တာဝန် ယူခဲ့သူက Date Tea House ပိုင်ရှင် ကိုကျော်ကျော်မျိုးမင်း ဖြစ်သည်။ ထန်းရိပ်ညို အနုပညာဆုသည် ပြီးခဲ့သောနှစ်များက မန္တလေးစာပေဆုကို ဆက်ခံလိုက်သော ဆုလည်းဖြစ်သည်။ ကိုကျော်ကျော်မျိုးမင်းက ထန်းရိပ်ညို အနုပညာဆု ရွေးချယ်ရေးအဖွဲ့ကို ဆုငွေများ ပေးအပ်ထားပြီးလည်း ဖြစ်သည်။ ယခုနှစ်အတွက် ဆုများချီးမြှင့်ရာ ၂၀၀၀ ပြည့်နှစ် ဇွန်လအမှတ် ၁၁၉ မြန်မာ့ဓန မဂ္ဂဇင်းမှ 'နည်းတောင်နည်းသေး ရယ်စရာ တွေးစရာ' နှင့်ဆုရရှိသော ဆရာကြီး အီကြာကွေးကိုယ်စား မဟေသီ ဦးခင်မောင်မြင့်က လက်ခံရယူ၍ ဆရာတော် ဦးပညာ (အမရပူရ)က ဆုချီးမြှင့်ပေးခဲ့သည်။ ၂၀၀၀ပြည့်နှစ် အောက်တိုဘာလ သောင်းပြောင်း ထွေလာရယ်စရာမဂ္ဂဇင်းမှ စာထဲကစိတ် ဆောင်းပါးနှင့် ဆုရရှိသောကိုရင်နှောင်းကိုတော့ ဆရာမ (ဒေါ်) ခင်ဆွေဦးက ချီးမြှင့်ပေးသည်။ ၂၀၀၀ပြည့်နှစ် မေလ ရွှေအမြုတေမဂ္ဂဇင်းမှ 'ငိုစား' ဝတ္ထုတိုနှင့် ဆုရရှိသောကိုငြိမ်း (မန္တလေး)ကို ဆရာပါရဂူက ဆုချီးမြှင့်ပေး သည်။

BURMESE CLASSIC .com

www.burmeseclassic.com



အဲ့သည်နောက် ဆရာပါရဂူက စာအုပ်၁၀၀ပြပွဲနှင့် ရှန်တိနိကေတန်လုပ်ငန်းရပ်အကြောင်း ရှင်းလင်းပြောကြားသည်။ ဆရာ ပါရဂူသည် အချိန်အတော်ကြာသည်အထိ တက်ကြွရွှင်လန်းစွာ မမောမပန်း စကားပြောသွားသည်။ ကြိုတောင့်ကြိုခဲ နှစ်သစ်ထဲတိုးဝင်သော အနုပညာရှင်များ၏လက်ရာများကို ချီးကျူးစကားပြောသည်။ စာပေဆုရရှိသူများအတွက် ဝမ်းမြောက်စကားဆိုသည်။ ၁၇ နှစ်၊၁၈ နှစ်လောက်က စာစတင်ရေးခဲ့သော အတွေ့အကြုံများအကြောင်း အောက်မေ့စကားပြောသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၅ နှစ်၊ ဆရာပါရဂူ ၁၄ နှစ် ၁၅ နှစ်အရွယ် ကိုရင်လေးဘဝက မန္တလေးမြို့မှာ ဆွမ်းခံသည့် အတွေ့အကြုံများကို ပြောပြသည်။ သပိတ်ထဲ ဆွမ်းအရနည်းသဖြင့် သီတင်းသုံးဖော်များက ကျွေးလို့ ဆွမ်းစားခဲ့ရသောကိုရင်လေးဘဝကနေ မန္တလေးမြို့မှာ စာအုပ်၁၀၀ပြပွဲ ကျင်းပနိုင်သော စာရေးဆရာဘဝ ရောက်ခဲ့သည့်အထိ အခက်အခဲ အကျပ်အတည်း ကျော်လွှားနိုင်ခဲ့တာ ဝီရိယအကျိုးဖြစ်ကြောင်း မျိုးဆက်သစ်များအတွက် အားကျ ဂုဏ်ယူစရာစကားများ ပြောကြားခဲ့သည်။

အထူးရှင်းလင်း ပြောဆိုသွားခဲ့သည်က ပရဟိတလုပ်ငန်း။ ပါရဂူရှန်တိနိကေတန်ဆိုသော ပရဟိတ လူမှုရေးလုပ်ငန်းအဖွဲ့အကြောင်း။

ဆရာပါရဂူ၏ အမှတ်တရစကားများ အဆုံးသတ်ပြီးသောအခါ ထန်းရိပ်ညို ဦးမျိုးခင်က 'ပါရဂူရှန်တိနိကေတန်' အဖွဲ့တွင် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များ စာရင်းကို ကြေညာသည်။ (၁) ဆရာပါရဂူ (၂) ဦးမောင်မောင်မြင့် [မိုးဆောက်လုပ်ရေး] (၃) ဦးမိုးဟိန်း (၄) ဦးဝင်းမောင်[တမ္ပဝတီ] (၅) ဦးမောင်မောင်မြင့်[မန္တလေးရေသန့်] (၆) ဒေါက်တာစောလှခိုင် (၇) တရားရုံးချုပ်ရှေ့နေ ဦးထွန်းအောင်ကျော် (၈) ဦးအောင်မင်း (ပန်းပု) (၉) ဦးတင်မောင်ထွန်း (စာရေးဆရာထွန်းညိုလူ) (၁၀) တရားရုံးချုပ်ရှေ့နေ ဦးမင်းဆွေ (၁၁) ဦးမျိုးခင် (ထန်းရိပ်ညို) တို့ဖြစ်ကြသည်။

ပါရဂူရှန်တိနိကေတန်လုပ်ငန်းအတွက် ဦးမျိုးခင် (ထန်းရိပ်ညို) မိသားစုက ပြင်ဦးလွင်မြို့နယ် ကန်ကြီးကုန်း ကျေးရွာအုပ်စု၊ စည်သာရွာမှာ

BURMESE CLASSIC .com

www.burmeseclassic.com



ရှိသော ခြံဝင်းကျယ်ကြီးတစ်ခုကို ဆရာပါရဂူအား လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဆရာပါရဂူအား နာယကအဖြစ် ထားပြီး ဦးမောင်မောင်မြင့် (မိုးဆောက်လုပ်ရေး) က ဦးဆောင်ကာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ထိုလုပ်ငန်းတွေထဲမှာ လူမှုရေးဆေးပေးခန်းတစ်ခုပါမည်။ စာကြည့်တိုက်တစ်ခုပါဝင်မည်။ မိဘမဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်မည့် အစီအစဉ် ပါရှိမည်။ လုပ်ငန်းအားလုံး စီမံချက်ရေးဆွဲပြီး အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြမည်။ ခွင့်ပြုချက်ရယူပြီးမှ အကောင်အထည်ဖော်မည်ဟုလည်း သိရှိရသည်။ စေတနာမွန်မြတ်သော လုပ်ငန်းတစ်ရပ် စတင်ပြီဆိုသည်နှင့် အလှူရှင်များ ပေါ်လာသည်။ ဆရာပါရဂူကိုယ်တိုင် ငွေကျပ်နှစ်သိန်း မတည်လိုက်သည်။ ဦးမျိုးခင်၏ဇနီး ဒေါ်နုနုကြည်က ငွေကျပ်နှစ်သိန်း လှူဒါန်းသည်။ ဦးမောင်မောင်မြင့် (မိုးဆောက်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ ဒေါ်မွေးမွေး(မင်းကင်းမြို့)က ငွေကျပ်တစ်သိန်း၊ အမည်မဖော်လိုသော ဆရာ့တပည့်တစ်ဦးက ငွေကျပ်ငါးသောင်း၊ ဦးမိုးဟိန်း (သီဟရတနာစာပေ)က ဖခင်ဖြစ်သူ ဂျာနယ်ကျော်ဦးချစ်မောင်၏ စာမူခ ကျပ်နှစ်သောင်း၊ ဦးစိုးဝင်းက ကျပ်တစ်သောင်း ၊ စာရေးဆရာ(ဦး)ချို့ထွန်းက ကျပ်တစ်သောင်း လှူဒါန်းပြီးကြပြီ။

ဆရာပါရဂူအား ဂုဏ်ပြုသောစာတမ်း ၃ စောင်ကိုလည်း စာရေးဆရာသိုက်ထွန်းသက်၊ ဆူးငှက်နှင့် နေဝင်းမြင့်တို့က ဖတ်ကြားသွားသည်။ စာတမ်းဖတ်ပွဲပြီးတော့ ၉ နာရီခွဲပြီ။ အခမ်းအနား ခေတ္တနားသည်။ ပြန်စသောအခါ ကိုစူးမြင့်သိန်းနှင့် ကိုတင်မောင်ဦး၏ Performance Art ကို ကြည့်ရှုခံစားကြသည်။ တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုအားပေးကြသည်။ စိတ်လှုပ်ရှားဖွယ်ရာ အနုပညာ အစီအစဉ်ပြီးတော့ စန္ဒရားသံ ချိုမြစွာထွက်လာသည်။ ဧည့်သည်တော်များက သီချင်းဆိုကြသည်။ ပြည်တော်ဝင်၊ တိမ်လွှာမို့မို့လွင်၊ မပြီးသေးသောပန်းချီကားတို့ ဆိုပြီးသည်နှင့် ည ၁၂ နာရီ ထိုးတော့မည်။ YMCA အဖွဲ့က နေရာယူလိုက်သည်။ Happy New Year နှစ်သစ်ကူး တေးသံများ ထန်းရိပ်ညိုခြံဝင်းကြီးထဲမှာ ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com



၂၁ရာစုသို့ အနုပညာ တောင်ပံခတ်သံများ မြည်ဟိန်းလျက် ဝင်ရောက်ခဲ့ကြသည်။ ခြံဝင်းအပြင်ဘက်မှာ ဆိုင်ကယ်သံ၊ ကားသံ၊ ဟွန်းသံများ ညံနေသည်။ လမ်းပေါ်မှာ Happy New Year ဟု ရင့်ကျူးသွားသံများ ဝေစည်နေသည်။ မန္တလေးမြို့တော်ကြီးမှာ ၂၁ ရာစုအကြိုပွဲတော်ကြီး တစ်ရပ် ကျင်းပနိုင်ခဲ့ခြင်းအတွက် 'ထန်းရိပ်ညို' သည် ဂုဏ်ယူဝမ်းမြောက်ရပါမည်။ ထို့အတူ မန္တလေးအနုပညာယဉ်ကျေးမှုမြို့တော်ကြီး၏ ဂုဏ်ကျက်သရေကို ဖော်ထုတ်စွမ်းဆောင်နိုင်မှုအတွက်လည်း မန္တလေးမြို့တော်ကြီးက ထန်းရိပ်ညိုကို ဂုဏ်ပြုချီးမြှင့်ရပါဦးမည်။ အနုပညာကလွဲ၍ မည်သည့်အညစ်အကြေးမျှ အစွန်းအထင်း မခံသော ပွဲတော်ကြီးတစ်ရပ်သည် ၁၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်လေသည်။

၂၁ ရာစုသို့ တိုးဝင်လာသော ထန်းရိပ်ညို အနုပညာပွဲတော်နှင့် ဆရာပါရဂူစာအုပ် ၁၀၀ပြည့်ပွဲသို့ ကြွရောက်ချီးမြှင့်သော ရန်ကုန်မြို့က စာပေအနုပညာမိတ်ဆွေများကပင် ၃၀ ကျော် ၄၀ ရှိသည်။ နဒီမြန်မာဟိုတယ်ကြီးနှစ်ခု၊ အင်းဝဟိုတယ်နှင့် မြို့သစ်မှ ဦးမျိုးခင်၏တိုက်မှာ သူ့အုပ်စုနှင့်သူ တည်းခိုခဲ့ကြသည်။ အစီအစဉ်လစ်ဟာမှုရှိခဲ့ပါက မိမိတို့တာဝန်သာဖြစ်ကြောင်း ကြိုဆိုဧည့်ခံကျွေးမွေးရေး တာဝန်ခံများ ဖြစ်ကြသော ဆရာညိုထွန်းလူ၊ ဆရာစိုးဘားဒိုင်နှင့် ဆရာမောင်ဖူလုံတို့က ဧည့်သည်များအား ကြိုတင်တောင်းပန်ထားခဲ့သည်။ ၂၀၀၁ ခုနှစ် နှစ်ဆန်း ၁ရက်နေ့မှာတော့ ပြင်ဦးလွင်မြို့သို့ တက်၍ ပါရဂူ ရှန်တိနိကေတန်လုပ်ငန်းဆောင်ရွက်မည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထိုညတွင် နဒီမြန်မာဟိုတယ်ပိုင်ရှင် ဦးအောင်ခိုင်က ဧည့်သည်တော်များအား နဒီမြန်မာဟိုတယ်မှာ ညစာစားပွဲနှင့် ဂုဏ်ပြုခဲ့သည်။ ပြီးတော့ သီချင်းတွေဆိုကြ၊ ကကြ၊ ပျော်ကြ။ ဆရာမကြီး ဒေါ်ခင်ဆွေဦးသည်ပင် 'တစ်ရေးချစ်ခွင့်ကြင်ရနိုး' တို့၊ 'ရက်ရွေးမနေပါနဲ့ကိုကိုရယ်' တို့ သီဆိုကာ ၂၁ရာစု အကြိုပွဲတော်ကြီးနှင့် ဆရာပါရဂူ၏စာအုပ်၁၀၀ပြည့်ပွဲကြီး အောင်မြင်မှုအတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုသွားခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဦးမျိုးခင် (ထန်းရိပ်ညို)ကမူ ဆရာပါရဂူ ရာပြည့်ပွဲတော်ကြီးကိုလည်း ဆရာပါရဂူ သက်ရှိထင်ရှားရှိချိန်တွင် မန္တလေးမြို့မှာ ကျင်းပနိုင်လိမ့်ဦးမည်ဟု ယုံကြည်မျှော်လင့်ကြောင်းနှင့် ပြန်လည်ဆုံစည်းနိုင်ကြရန် ဆုမွန်ကောင်းတောင်းခဲ့လေသည်။

**သိုက်ထွန်းသက်**

**မဟေသီ၊ ဖေဖော်ဝါရီ၊ ၂၀၀၁ ခုနှစ်။**

BURMESE CLASSIC .com

www.burmeseclassic.com

# ကျွန်တော်တွေးနေသည်

သီတင်းကျွတ်ခဲ့ပြန်ပြီ။
ဒီနှစ်ကဲ့သို့သော သီတင်းကျွတ်မျိုးကို ကျွန်တော် မကြုံဖူးပါ။
မိုး ဆက်တိုက်ရွာနေသည်။
တစ်ရက်လည်းမဟုတ်။
နှစ်ရက်လည်းမဟုတ်။
ဒီနေ့ (၄) ရက် ရှိသွားပြီ။
၂၉-၁၀-၉၉ နေ့။

"လေသူရဲ . . ဒီလောက်တောင် မိုးတွေရွာနေတဲ့ကြားထဲက ဘာအတွက် လာတာလဲ"

"ဆရာ့ကို လာကန်တော့တာ"

"ခြောက်ခြောက်သွေ့သွေ့ အချိန်မျိုးမှ လာကန်တော့လဲ ရတာပဲဗျာ"

ကျွန်တော်က အသင့်ယူလာသော မုန့်ပုံးကို ရှေ့တွင်ချပြီး ဆရာပါကို ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်၏။

ဆရာပါကလည်း ကျွန်တော့်ကို ဆုပေးပါသည်။

"ခင်ဗျား ကျွန်တော့်ကို လာကန်တော့တာ ဒီနှစ်သီတင်းကျွတ်ပါနဲ့ဆိုရင် သီတင်းကျွတ်နှစ်ခု ရှိသွားပြီ"

မှန်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာပါကို ကျွန်တော် (၂) ကြိမ်သာ လာကန်တော့ဖူးသေး၏။

ကျွန်တော်စဉ်းစားကြည့်သည်။

တကယ်တော့ ဆရာပါနှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့ကြသည်မှာ ဒီနေ့ ကျွန်တော့်အသက်ထက်မက အချိန်အခါက ဖြစ်၏။

၁၉၆၈-ခုနှစ်. . .။

ထိုစဉ်က ကျွန်တော်မှာ လေသူရဲ. . .။

စစ်ဗိုလ်. . .။

သို့သော် ပြန်ကြားရေးဝန်ကြီးဌာနသို့ အထူးအရာရှိအဖြစ် ရောက်ရှိနေပြီး မြန်မာ့သတင်းစဉ် (ပြည်တွင်း) ၏ အယ်ဒီတာချုပ်တာဝန်ကို ထမ်းဆောင်နေရချိန် ဖြစ်၏။

ထိုအချိန်မှစ၍ပင် ဆရာပါနှင့် ကျွန်တော် စခင်မင်ပါသည်။
ပြန်တွက်ကြည့်လျှင် ယခုနှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ။
ထိုစဉ်က ကျွန်တော်မှာ စာရေးဆရာပေါက်စ. . .
စာရေးသက် ၄-နှစ်မျှ ရှိသေး၏။

ဆရာပါမှာ ထိုအချိန်ကပင် နိုင်ငံကျော်စာရေးဆရာကြီး ဖြစ်နေပေပြီ။

ရယ်ရပါသည်။

ပါရဂူ ဟူသော ကလောင်အမည်မှာ ကျွန်တော် ငယ်စဉ်ကပင် စာနယ်ဇင်းများ၌ အကြိမ်ကြိမ် မြင်တွေ့ဖူးနေသော်လည်း ဆရာပါနှင့် စခင်မင်ကြသည့်အချိန်အထိ ဆရာပါစာ ဟူ၍ တစ်လုံးမှ ကျွန်တော် မဖတ်ဖူးသေးပါ။

ကျွန်တော်သည် အမိနှင့်အဖ ဗုဒ္ဓဘာသာဖြစ်နေ၍သာ ဗုဒ္ဓဘာသာ ဖြစ်လာသူ ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



အသက်ငယ်သေး၍ဟုပင်လည်း ပြောနိုင်၏။
အခြားအကြောင်းအမျိုးမျိုးကြောင့် ဟူ၍လည်း ပြောနိုင်၏။
ဗုဒ္ဓစာပေများကို ထိုစဥ်က စိတ်မဝင်စားပါ။
မဖတ်ပါ။
ကျွန်တော် ကောင်းစွာ မှတ်မိနေပါသည်။

ဗုဒ္ဓစာပေဟူ၍ ကျွန်တော် ဖတ်ဖူးသည်မှာ ဆရာပါနှင့် ရင်းနှီး ခင်မင်ကြသည့် အချိန်အထိ တစ်အုပ်သာ ရှိသေး၏။ ထိုစဉ် မဂ္ဂဇင်းတစ်ခု၌ အခန်းဆက် မကြာခဏ ဖော်ပြတတ်သော ဆရာငွေဥဒေါင်း၏ 'ဗုဒ္ဓ စာပန်းချီ'. . . ။

ဤစာအုပ်ကို ဖတ်မိခဲ့သည်မှာလည်း အကြောင်းအရာထက် ဆရာ ငွေဥဒေါင်း၏ စာရေးဟန် ကောင်းလွန်းလှလွန်းသည့်အတွက် ဖြစ်၏။

ဆရာပါနှင့် ခင်မင်ကြပြီးနောက် ကျွန်တော်က တောင်းသဖြင့် ဆရာပါက သူရေးသော စာအုပ်သုံးအုပ် လက်ဆောင်ပေး၏။

သိဒ္ဓတ္ထ--။
စိတြလေခါနှင့် အခြားတစ်အုပ်။
အခြားတစ်အုပ်ဟူသော စာအုပ်ကိုပင် ကျွန်တော် မမှတ်မိတော့။
ကံဆိုးချင်တော့ ကျွန်တော် သိဒ္ဓတ္ထကို စဖတ်သည်။
အကြိမ်ကြိမ် ဖတ်သည်။
တစ်ကြိမ်မှာ စာမျက်နှာ(၄၀)ထက် ပိုမကျော်ပါ။
ကျွန်တော်စာဆက်ဖတ်ရမှာ ပျင်းပြီးရပ်ထားခဲ့ရသည်သာ ဖြစ်၏။

ဆရာပါကို ကျွန်တော် ဤအကြောင်းကို ပြန်မပြောပါ။
ပြောလည်း မပြောရဲ။

ရယ်ရပါသည်။

စာရေးဆရာဖြစ်သော ကျွန်တော်ကသာ ဆရာပါ့စာကို မဖတ်သော် လည်း ဆရာဝန်ဖြစ်သည့် ကွယ်လွန်သူ ကျွန်တော့်ဇနီး အညိုက ဆရာပါ့

BURMESE CLASSIC .com

www.burmeseclassic.com



စာများကို အလွန်ကြိုက်ပါသည်။ ဗြိတိန်နိုင်ငံသို့ ၄-နှစ်ခန့် ကျွန်တော်တို့ ပြောင်းရွှေ့နေထိုင်ကြစဉ်အချိန်၌ပင် ဆရာပ့ါစာအုပ်များကို သူမ ကြိုးစား၍ သယ်လာခဲ့၏။ အညိုနှင့် ဆရာပါမှာလည်း အလွန် ခင်ပါသည်။

ဗြိတိန်နိုင်ငံသို့ ရောက်ပြီး တစ်နှစ်ခန့်ကြာမှ အညို ယူလာသည့် 'သိဒ္ဓတ္ထ' ကို ကျွန်တော် စဖတ်သည်။

"အစ်ကို ဒီစာအုပ်ကို လောပြီး လျှောက်ဖတ်မနေနဲ့။ တစ်ကြောင်းချင်းဖတ်။ စိတ်ရှည်ရှည်ဖတ်။ ဒါ အတွေးအခေါ်စာအုပ်။ ဝတ္ထုစာအုပ် မဟုတ်ဘူး။ ဘာသာရေးစာအုပ်လည်း မဟုတ်ဘူး"

ဆရာဝန်မ အညိုက ကျွန်တော့်ကို ထိုစာဖတ်နည်း သင်ပြပါသည်။

အညိုပြောသည့်အတိုင်း သိဒ္ဓတ္ထကို ကျွန်တော် စိတ်အရှည်ဆုံးထား၍ ကြိုးစားဖတ်၏။

နောက်ဆုံး ကျွန်တော် ထိုစာအုပ်ကို ဖတ်မိသွားပြီ။
ကြိုက်ပြီ. . . ။
အချိန်မှာ ၁၉၇၈-ခုနှစ်. . . ။
ယုံနိုင်စရာပင် မရှိ။

ဆရာပါနှင့် စတင်ခင်မင်ပြီး ဆယ်နှစ်ကျော်ကြာမှ ဆရာပါစာကို ကျွန်တော် စဖတ်ဖူးသည်။

တိုက်ဆိုင်သည်ဟုပင် ပြောရမည်လား မသိပါ။ ထိုစဉ်က ဗြိတိန် ရုပ်မြင်သံကြား STV လိုင်းမှ ည (၁၁) နာရီခန့်တွင် ရုပ်ရှင်ပြသည်။ ရုပ်ရှင်အမည်မှာ. . . ။

SIDDHERTHA--

ဆရာဘာသာပြန်ဆိုထားသည့် 'သိဒ္ဓတ္ထ' ကို ရိုက်ကူးထားသော ရုပ်ရှင်။

အိန္ဒိယရုပ်ရှင်။

www.burmeseclassic.com



စာအုပ်ဖတ်ပြီးစအချိန်၌ ကြည့်ခွင့်ရခဲ့သော ရုပ်ရှင်။

ကောင်းလိုက်သည့်ရုပ်ရှင်။ အဖြူအမည်းဇာတ်ကားဖြစ်သော်လည်း ရုပ်ရှင်အနုပညာအပြည့်ပါ သည့် ရုပ်ရှင်။ ဤရုပ်ရှင်ကို ယနေ့တိုင် ကျွန်တော် မှတ်မိနေပါသည်။ ယင်းရုပ်ရှင်ကားကြီးကို မြန်မာနိုင်ငံ ပြန်ခဲ့ပြီးနောက် ဆရာပါကို ကျွန်တော် ပြောပြသောအခါ၌--

"ဒီရုပ်ရှင်သိပ်ကောင်းတယ်ဆိုတဲ့ သတင်းကတော့ ကျွန်တော်လည်း ကြားဖူးတယ်၊ ဒါပေမဲ့ ဒီရုပ်ရှင်က အိန္ဒိယနိုင်ငံမှာ ပြခွင့်မပြုဘူး။ ဖိုမ အခန်းတွေ ရိုက်ထားတာ နည်းနည်းကြမ်းလွန်းလို့တဲ့။ (ဆင်ဆာ) အဖွဲ့က ဖြတ်တော့လည်း ဒါရိုက်တာက အဖြတ်မခံဘူးတဲ့။ ဒါနဲ့ နောက်ဆုံး အိန္ဒိယမှာ လုံးဝပြခွင့်မရဘဲ နိုင်ငံခြားမှာပဲ လိုက်ပြရတော့တယ်"

အိန္ဒိယနိုင်ငံသားများမှာ ကမ္ဘာ့အနှံ့တွင် နေထိုင်ကြသဖြင့် ထိုကုလား ရုပ်ရှင်မှာလည်း ကမ္ဘာ့အနှံ့သို့ ရောက်ခဲ့ပါသည်။

ထိုရုပ်ရှင်မှ ကုလားပုလွေသံကိုလည်း ကျွန်တော် အမြဲကြားနေပါ သည်။

'သိဒ္ဓတ္ထ' ဟူသော စာအုပ်မှာလည်း ကျွန်တော့်ဘဝတွင် အမြဲ ပြန် ဖတ်နေမိသော စာအုပ် ဖြစ်ပါသည်။

ကျွန်တော် တွေးနေသည်။

ဆရာပါနှင့် ကျွန်တော် ခင်မင်သည်မှာ စာပေမိတ်ဆွေချင်း ခင်မင် ကြသည့်သဘော မရှိပါ။

စာပေဝါသနာထက် တစ်ဦးသဘောကို တစ်ဦးလေးစားပြီး ခင်မင် ကြသည့်သဘော ပိုရှိပါသည်။

ထို့ကြောင့်လည်း ရင်းနှီးသင့်သည်ထက် ပိုရင်းနှီး၏။ သူသည် ကျွန်တော်မိသားစုတစ်ခုလုံးနှင့် ခင်၏။

ကျွန်တော့်သမီးအငယ်က ဆရာပါကို ကျွန်တော့်သူငယ်ချင်းဟု ပြော၏။

BURMESE CLASSIC .com

www.burmeseclassic.com



"မမကြီး၊ ဖေဖေကြီး သူငယ်ချင်း ဆရာပါ နေ့လယ်က ဖုန်းဆက်တယ်"

တစ်နေ့ညနေတွင် သမီးအငယ်က သူ့အစ်မကြီးကို ပြောခဲ့ဖူးသော စကားဖြစ်၏။

ကျွန်တော်ပြုံးနေသည်။

ဆရာပါ နှင့်ကျွန်တော်မှာ အသက် ၂၀-ကျော်ခန့် ကွာကြပါလိမ့်မည်။ သူ၏ ပထမဆုံးဝတ္ထုတိုကို ပုံနှိပ်ဖော်ပြခြင်းခံရသည့် ခုနှစ်၌ပင် ကျွန်တော်မမွေးသေးပါ။ သူငယ်ချင်း မဟုတ်ပါ။ သို့သော် ကျွန်တော့်ရင်ထဲတွင် ဆရာပါမှာ ကျွန်တော့်သမီးငယ် မြင်သကဲ့သို့ပင် သူငယ်ချင်းတစ်ဦးကဲ့သို့ပင် ဖြစ်နေသည်။

သူ ကျွန်တော့်ကို ဘယ်သို့သဘောထားပေါင်းနေသည်ကို ကျွန်တော်မတွေးဆတတ်။ သူသာ သိပါလိမ့်မည်။

သူ့မနောမှာ ဆန်းကြယ်သည့် မနော ဖြစ်၏။

မှန်သည်။

ဆရာပါသည် ဗုဒ္ဓစာပေများဖြင့် ထင်းရှားသူ ဖြစ်သော်လည်း သူ့အတွေးအခေါ်၊ သူနေထိုင်သွားလာလှုပ်ရှားမှုများတွင် ဘာသာတရားက ထိန်းချုပ်ထားသောသဘောမျိုး လုံးဝမရှိပါ။

သူ့လောကအမြင်မှာ လွတ်လပ်သည်။
သူ့နေထိုင်ပုံမှာ လွတ်လပ်သည်။
သူသည် လွတ်လပ်မှုကို အလွန်ကြိုက်သူ ဖြစ်၏။
ထို့ကြောင့်ပင် သူ လူပျိုကြီး ဖြစ်နေသလား။
တွေးစရာဖြစ်၏။

ဆရာပါသည် သူမွေးသည့်ခုနှစ်ကို တစ်ခါမှကျွန်တော့်ကို ထုတ်ဖော်မပြောပြဘူး။

အခြားလူများကို ပြောပြသည်ကိုလည်း ကျွန်တော် မကြားဘူး။

မေး၍လည်းမရ။

BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ကျွန်တော့်မှန်းဆချက်များတွင်မူ ယနေ့သူ့အသက်မှာ ၇၅ နှင့် ၈၀ အကြားတွင် ရှိလိမ့်မည်ဟု ထင်၏။

သူနှင့်ကျွန်တော် ခင်မင်ခဲ့သည်မှာ ၁၉၆၇-၆၈ ခန့်ကဖြစ်၍ ယခု နှစ်ပေါင်း ၃၂-နှစ်ရှိပြီ။ ထို့ကြောင့် သူနှင့်ကျွန်တော် တွေ့စအချိန်၌ သူ့ အသက်မှာ ၅၀-ပြည့်ဦးမည်ဟု မထင်။ ၄၈-နှစ်ခန့် ရှိဦးမည်ဟုထင်၏။

အရွယ်ရှိသေးသည်။

အိမ်ထောင်ပြုချင်လျှင် ပြု၍ရသေးသည်။

"ဆရာပါသည် မိန်းမများအပေါ်၌ စိတ်ဝင်စားမှု မရှိဘူးလား၊ ရှိလား"

စဉ်းစားစရာ ဖြစ်၏။

ကျွန်တော့်အမြင်တွင် ရှိသည်ဟု ထင်၏။

သူ့ကို ကျွန်တော်နှင့် ကျွန်တော့်ရဲဘော်များက အမြဲ စသည်။

"ဆရာပါ မိန်းမယူတော့။ အချိန်ရှိတုန်း မြန်မြန်ယူ"

သူက ပြုံးနေသည်။

မယူဘူးဟု မပြော။

ခက်သည်မှာ ကျွန်တော်တို့ကလည်း သူ့ကို ယူရန် အကြံပေးသည့် စသည့် မိန်းမများကလည်း လှလှပပအရွယ်ရှိသေးသည့် မိန်းမများမဟုတ်။ ကျွန်တော်တို့ လောကနှင့် မကင်းသည့် တစ်ခုလတ်နှင့် မုဆိုးမ များသာ ဖြစ်၏။

ထို့ကြောင့် ဆရာပါဘဝတွင် အိမ်ထောင်မပြုခဲ့ခြင်းသည် သူ့ အကြိုက် မတွေ့ခဲ့၍လား။ ကျွန်တော်တို့ကလည်း တကယ် သူ စိတ်ဝင်စား နိုင်သည့် မိန်းမများနှင့် မစခဲ့ကြ၍လား။ ကျွန်တော်တို့ကပင် လေးနက်စွာ မပြောခဲ့ကြမိ၍လား။ သူ၏ လုံးဝလွတ်လပ်ချင်သော ဗီဇမနောကြောင့် လား။

ဤပြဿနာ၏အဖြေကို ဆရာပါသာလျှင် သိပါမည်။

www.burmeseclassic.com



ဆရာပါနှင့်ပတ်သက်၍ ကျွန်တော့်မျက်စိတွင် မြင်နေသော ထူးခြားမှုပုံရိပ်နှစ်ခု ရှိပါသည်။

ပထမတစ်ခုမှာ လူပုံသဏ္ဌာန်။
ဆရာပါတွင် ထူးခြားသောလူပုံသဏ္ဌာန်ရှိ၏။
ထိုသို့ရှိသည်ကို ကျွန်တော်သည် သိသာသိ၏။ ပြန်မပြောတတ်။
ပြန်ပြောတတ်သူမှာ ပန်းချီဆရာနေမျိုးဆေး ဖြစ်၏။

"ဆရာပါရဲ့ ကောက်ကြောင်းပုံတွေ ကျွန်တော် ဆွဲထားတာ လေးငါးပုံ ရှိတယ်"

"ဘာဖြစ်လို့ဆွဲတာလဲ"

"ဆရာပါ ပုံသဏ္ဌာန်က စိတ်ဝင်စားစရာကောင်းလို့။ ပန်းချီဆွဲချင်စရာ ဖြစ်နေလို့"

"မောင်ရင့်မျက်စိမှာ ဘာစိတ်ဝင်စားစရာတွေ တွေ့လို့လဲ"

"ဦးလှဝင်း ဆရာပါမျက်နှာကို သေသေချာချာကြည့်။ သူ့မျက်နှာသဏ္ဌာန်က တခြားဘယ်သူ့မျက်နှာနှင့်မှ မတူဘူး။ ပန်းချီဆရာတစ်ယောက်အတွက် စိတ်ဝင်စားစရာတွေ ဖြစ်နေတယ်။ နောက် သူ့ရဲ့နောက်ပိုင်းကိုကြည့်။ ခါးအောက်နားက တင်ပါးလေးက အပေါ်ကို ကော့တက်နေတယ်။ ဒီလိုထောင်တက်နေတဲ့လူမျိုး ကျွန်တော် မမြင်ဖူးဘူး။ နောက် လက်အချိုး ခြေအချိုး ခန္ဓာကိုယ်အချိုးတွေကလည်း တစ်မျိုးပဲ။ ထူးခြားနေတယ်"

ပန်းချီဆရာနေမျိုးဆေး မြင်သကဲ့သို့ပင် ဆရာပါကို ကျွန်တော် မြင်ပါသည်။

တလောက 'လောကနတ်' ပန်းချီပြခန်းတွင် နေမျိုးဆေး၏ ကောက်ကြောင်း ပုံတူများ ပြပွဲလုပ်၏။ ကျွန်တော့်ကို ဖိတ်၏။ ဆရာပါ ပုံ ပါသည်။

မှန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ပန်းချီဆရာနေမျိုးဆေးသည် စာရေးဆရာဖြစ်သော ကျွန်တော် စာဖြင့် သရုပ်ဖော်ပြနိုင်သော ဆရာ့ပါပုံကို လူတိုင်းမြင်သာအောင် သူ၏ကောက်ကြောင်း သရုပ်ဖော်တွင် ဖော်ပြနိုင်၏။

ကျွန်တော် ထိုပုံကို ကြည့်ပြီး ပြုံးနေပါ၏။
နေမျိုးဆေးကိုလည်း စိတ်ထဲမှ ကြိတ်ပြီး ချီးကျူးမိ၏။
ဆရာပါ၏ထူးခြားသော ဒုတိယပုံရိပ်မှာ ကျန်းမာရေး ဖြစ်၏။

ဆရာပါသည် ကျွန်တော်နှင့် စသိသည့်အချိန်မှ လွန်ခဲ့သည့် ၂- နှစ်ခန့် အချိန်အထိ တစ်ကြိမ်တစ်ခါမှ ကြီးကြီးကျယ်ကျယ် မကျန်း မမာဖြစ်သည်ကို ကျွန်တော်မမြင်ဖူးပါ။

သူ့လူပုံသဏ္ဌာန်မှာ အားကစားသမားတစ်ဦးကဲ့သို့ သွက်လက် ကျန်းမာသောပုံမျိုး မရှိသော်လည်း သူ့ကိုယ်ခံအားမှာ (ပလတ်စတစ်) နှင့် တူ၏။ အိပ်ပဲ့ပဲ့နှင့် ကြံ့ခိုင်အားတွင် အံ့ဩစရာကောင်းအောင်ကောင်း၏။

နွေတွင်လည်းကောင်း၊ ဆောင်းတွင်လည်းကောင်း၊ မိုးတွင် လည်း ကောင်း သူ ရှပ်အင်္ကျီဝတ်လျှင် အတွင်းခံစွပ်ကျယ် ဘယ်တော့မှ မဝတ်။

"ဆရာပါ အအေးမိလိမ့်မယ်နော်။ လေဖြတ်လိမ့်မယ်နော်"
ကျွန်တော်က သတိပေး၏။
ဆရာပါ အအေးမမိ၊ ကျွန်တော်သာ အအေးမိ၏။
သူနှင့် ကျွန်တော် အစားအသောက်များကို မကြာခဏ အတူစား၏။

"ဆရာပါ တော်ပြီ မစားနဲ့တော့။ ဒုက္ခရောက်လိမ့်မယ်"
သူ စားချင်သလို စားသည်။
ဘာမှမဖြစ်။
ကျွန်တော်သာ ရင်ပြည့်ရင်ကယ်ဖြစ်ပြီး မကြာခဏ ဆေးခန်း သွားရ၏။
"ဆရာပါ ဘာကြောင့် ကိုယ်ခံအား ဒီလောက်ကောင်းရတာလဲ"
ဆရာပါက ဘာမှပြန်မပြော။

BURMESE CLASSIC .com

www.burmeseclassic.com



ပြုံးနေသည်။

ကျွန်တော်သည် ဆရာမြသန်းတင့်နှင့် ဆရာပါကို တစ်ချိန်တည်း နီးပါး၌ပင် စတင်ခင်မင်လာသူဖြစ်၏။ ၂-ယောက်လုံးနှင့်လည်း အလွန် ခင်၏။

ဆရာမြသန်းတင့်မှာ ကျန်းမာရေးကို အလွန်ဂရုစိုက်၏။ အနေ အထိုင်၊ အစားအသောက် အကုန်ဆင်ခြင်၏။ အသက်အားဖြင့်လည်း ဆရာပါထက် ၁၀-နှစ်ခန့် ငယ်လိမ့်မည်ဟု ထင်၏။ ကျွန်တော့်အမြင်တွင် ဆရာမြသန်းတင့်သည် ဆရာပါထက် နှစ်ပေါင်းများစွာ လူ့လောက၌ ပိုနေရဦးမည်ဟု ထင်ခဲ့၏။

မမှန်ပါ။

ဆရာမြသန်းတင့်မှာ အသက် ၇၀-မပြည့်မီ ဆုံးသွားရှာ၏။

ကျွန်တော့်မျက်စိတွင် (ပလတ်စတစ်) နှင့် တူသည့် ကျန်းမာရေး ရှိသည်ဟု ကျွန်တော်ထင်နေသော ဆရာပါမှာ လွန်ခဲ့သည့် ၂-နှစ်ခန့် ကမှ စ၍ ချူချာလာသည်။

ထိုသို့ ချူချာလာသည့်အတွက်လည်း လွန်ခဲ့သည့် ၂-နှစ်မှ စပြီး သီတင်းကျွတ်တိုင်း ဆရာပါကို ကျွန်တော် လာကန်တော့နေခြင်းဖြစ်၏။

"လေသူရဲ၊ ကျွန်တော့်နှလုံးကို သိပ်မကောင်းဘူးလို့ ပြောတယ်"

လွန်ခဲ့သည့် (၆) လခန့်။

ဆရာပါအိမ်သို့ ကျွန်တော် အလည်သွားစဉ်တစ်နေ့၌ သူဖွင့်ပြော သော စကားဖြစ်၏။

"နှလုံးကတော့ ဘယ်သူကောင်းတယ်။ ဘယ်သူမကောင်းဘူးလို့ ဘယ်သူမှ ကံသေကံမ ပြောနိုင်တာ မဟုတ်ပါဘူး ဆရာရယ်။ အသက် ကြီးလာရင် ဘယ်သူ့နှလုံးမှ ကောင်းတယ်ဆိုတာ မရှိကြတော့ဘူး၊ လူ

www.burmeseclassic.com



တွေဟာ အသက်ကြီးလာပြီး အခြားရောဂါတစ်ခုခုနှင့် မသေရင် နှလုံးနဲ့ သေကြတာပဲ။ ဆရာ့နှလုံးကို အသေအချာ စစ်ဆေးကြည့်ပြီးပြီလား။

"သေသေချာချာတော့ မစစ်ရသေးဘူး။ မိတ်ဆွေ ဆရာဝန် တစ်ယောက်က စမ်းသပ်ပြီးတော့ ပြောတာပဲ။ စနစ်တကျ စစ်ဆေးရမှာ တွေကိုတော့ ကိုတာက သူ စီစဉ်ပေးမယ်လို့ ပြောတယ်"

"လုပ်သင့်လုပ်ထိုက်တာတွေတော့ အကုန်လုပ်ကြည့်ပေါ့ ဆရာရယ်။ ဒါပေမဲ့ မကောင်းတာတွေကို ဆရာဝန်က တွေ့လို့ ပြန်ပြောရင် ဆရာ ဘယ်တော့မှ မယုံနဲ့။ မေ့ပစ်လိုက်။ နှလုံးနှင့်ပတ်သက်လို့လည်း ဒီနေ့အထိ ဆရာဝန်တွေ လုပ်ပေးနိုင်တာ လူအိုတွေအတွက် နည်းနည်းပဲ ရှိတယ်။ အားလုံးက ကံပဲ။ နောက် အရေးကြီးဆုံးက ဆရာသေလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာသေရင် ကျွန်တော့်အတွက် အလည်သွားစရာ အိမ်မရှိ တော့ဘူး။ ကျွန်တော့်ဘဝမှာ အိမ်မှန်မှန် အလည်သွားနိုင်တဲ့ အိမ်ဆိုလို့ ဆရာ့အိမ်တစ်အိမ်ပဲ ရှိတယ်"

မှန်ပါသည်။

ကျွန်တော်မှာ လူတစ်မျိုးဖြစ်၏။
"ဒီကောင်က ခပ်ကြောင်ကြောင်"
"ဒီကောင့်ကို ပေါင်းရတာ တော်တော်ခက်တယ်"
"ဒီကောင်က ဂရောင်ကြီး"
"ဘာမဟုတ်တာနှင့်လည်း ကောက်ချင်ကောက်သွားတတ်တဲ့ ကောင်"
ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်အပေါ် မြင်ကြသည့်အမြင် ဖြစ်၏။
ကျွန်တော်မငြင်းပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်ဘဝတွင် မှန်မှန်အလည်သွားခဲ့သည့် အိမ်မှာ ဆရာပ့ါ အိမ်တစ်ခုသာ ရှိပါသည်။ အခြားမည့်သည့်မိတ်ဆွေများအိမ်သို့မျှ ဆရာပ့ါ အိမ်သွားသကဲ့သို့ မသွားခဲ့ဖူးပါ။

ဆရာပါအသက်ရှည်ပါစေ။

ယခု သူ၏တစ်ရာပြည့်မြောက်စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပြီ။ ဤသို့ပင် အသက်တစ်ရာပြည့်အောင်လည်း နေနိုင်ပါစေ။

စာတွေလည်း အများကြီး ဆက်ရေးနိုင်ပါစေလို့။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

BURMESE CLASSIC .com

www.burmeseclassic.com

# ရန်ကုန်ဘဆွေနှင့် ဘဂဝတီကျရန်ဗရမာ

ခေတ်မှီစာပေတိုက်က ထုတ်ဝေလိုက်တဲ့ စာရေးဆရာ ရန်ကုန်ဘဆွေရဲ့ "မြင့်မိုရ်ကို ခြွေ ပျက်ကြွေမဲ့ယောကျ်ား" ဝတ္ထုမထွက်မီ ကြေးမုံသတင်းစာထဲမှာ စာအုပ်ကြော်ငြာချက်တစ်ခုကို ထင်ထင်ရှားရှားတွေ့မိပါတယ်။ ဘာလဲဆိုတော့ "ရန်ကုန်ဘဆွေရဲ့ ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အရေးနှင့် ဖီလိုဆိုဖီကို အပြည့်အဝတင်ပြထားတဲ့ မြင့်မိုရ်ကိုခြွေ ပျက်ကြွေမဲ့ယောကျ်ား ဝတ္ထုကို လူတန်းစားမရွေး ဖတ်ပါ။ လက်သင့်ခံရမယ်" ဆိုတဲ့သဘောမျိုးနဲ့ ကြော်ငြာထားတာပါပဲ။ ကျွန်တော်လည်း ဒီကြော်ငြာစာကို တွေ့ရတော့ ရန်ကုန်ဘဆွေရဲ့ ပရိသတ်တစ်ဦးအနေနဲ့ ကျေနပ်မိပါတယ်။ ရှင်းရှင်းရေးရရင် ရန်ကုန်ဘဆွေကို စာရေးဆရာတွေထဲမှာ အတော်ပဲကြည်ညိုမိတယ်။ လေးစားမိတယ်။ အရင်တုန်းက ရေးသားခဲ့တဲ့ ရွှေဝါပြည်၊ ကိုကြီးကောင်း၊ မြန်မာပြည်သား အစရှိတဲ့ ဝတ္ထုတွေကို သိပ်ပြီးလေးစားခဲ့ပါတယ်။ သူ့စာအုပ်ဆိုရင် မလွတ်တမ်း ဖတ်ရှုခဲ့တယ်၊ စာအုပ်တိုင်းလည်း ဘဝင်ကျမိပါတယ်။ ခုလည်း အသစ်စက်စက် လုံးချင်းဝတ္ထု တစ်အုပ်ဆိုတော့ စိတ်ဝင်စားမိတယ်။ ဝတ္ထုခေါင်းစီးကိုလည်း သဘောကျတယ်။

ဒါနဲ့ "မြင့်မိုရ်ကို ခြွေ ပျက်ကြွေမဲ့ယောကျ်ား" စာအုပ်ဆိုင်ပေါ်ကို ရောက်ရောက်ချင်း သွားဝယ်ပါတယ်။ စာအုပ်ကိုမဝယ်ခင် အမြီးပြန်ခေါင်းပြန်ကြည့်တဲ့ အလေ့က ကျွန်တော့်မှာ ရှိပါတယ်။ စာအုပ်ချုပ်ပုံမှာ သေသပ်ပါတယ်။ စာအုပ်အပေါ်က မျက်နှာဖုံးအုပ်ထားတာလည်း တွေ့မိတယ်။ ဒါပေမဲ့ စာအုပ်ဘေး နှုတ်ခမ်းကကြည့်လိုက်တော့ အဖိုးလေးကျပ်ဆိုတာ တွေ့မိပါလို့အတော်အံ့အားသင့်မိပါတယ်။ ရွှေဝါပြည်၊ တို့မြန်မာပြည်သားဆိုတဲ့ စာအုပ်တွေဟာ အခုစာအုပ်ထက် ထူပါတယ်။ စာရွက်

BURMESE CLASSIC .com

www.burmeseclassic.com



သားလည်း မဆိုးပါဘူး။ ဒါပေမဲ့ သုံးကျပ်ပါပဲ။ အခုစာအုပ်ကတော့ ၄-ကျပ်ဖြစ်နေလို့ အတော်ပဲ အံ့ဩမိပါတယ်။

ဒါပေမဲ့ ကိုယ်ကြိုက်တဲ့စာရေးဆရာမို့ မဝယ်ဘဲမနေနိုင်လို့ လေးကျပ်ပေးပြီး ဝယ်လိုက်ပါတယ်။ အိမ်ရောက်တော့ စာအုပ်မှာပါတဲ့ အဖုံးကိုဖြတ်ပြီး နောက်ကျောတို့အနားသတ်မျဉ်းတို့ သေသေချာချာကြည့်ရင်းနဲ့ စာအုပ်ဘေးက မျဉ်းကြောင်းအနီရဲ့အောက်မှာ စက်ဝိုင်းတစ်ခုကို တွေ့လိုက်ပါတယ်။ အဲဒီ စက်ဝိုင်းကို သေသေချာချာကြည့်တော့ အဲဒီစက်ဝိုင်းထဲမှာ ၃ိ/-လို့ ရေးထားတာ တွေ့ရတယ်။ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ အတော်လေး ခံပြင်းမိပါတယ်။ မူလက ၃ိ/-နဲ့ရောင်းဖို့ဆုံးဖြတ်ပြီး အမှာစာများတာနဲ့ အပေါ်က အဖုံးစွပ်ပေးပြီး လေးကျပ်လို့ပြောင်းလိုက်တာဖြစ်မယ်လို့တွက်မိတယ်။ ဒါနဲ့ ထုတ်ဝေတဲ့စာအုပ်တိုက်ကို ပြန်ကြည့်မိတယ်။ အမှန်တော့ ဒီကိစ္စဟာ စာဖတ်ပရိသတ်ကို ထုတ်ဝေသူတွေအနေနဲ့ စော်ကားလိုက်တာလို့ ကျွန်တော် ထင်ပါတယ်။ သူတို့သဘောကတော့ နာမည်ကြီးစာရေးဆရာဆိုရင် ဘယ်နည်းနဲ့မဆို ဝယ်မှာပဲ ဈေးတင်မယ်ပေါ့။

ထားပါလေ။ ပိုက်ဆံတစ်ကျပ်လောက်နဲ့ဖြင့် ကိစ္စမရှိပါဘူး၊ စာကောင်းရင် တန်တာပါပဲဆိုပြီး ဖတ်ပါတယ်။ ဖတ်ရင်းဖတ်ရင်းနဲ့ တချို့နေရာတွေကျ စကားအသုံးအနှုန်းတွေကို တခြားစာအုပ်တစ်ခုခုမှာ တွေ့ဖူးသလိုလိုဖြစ်လာပါတယ်။ ဥပမာ-ရုပ်ရှင်မင်းသမီး "ထား" က သူ့ဆရာကြီးကို "ပျို့ရွယ်မှုရဲ့ ပန်းတိုင်နဲ့ ပျို့ရွယ်မှုရဲ့ နိဂုံးဟာ ဘာလဲ" လို့မေးတာမျိုးတွေပေါ့။ သည်လိုနဲ့ပဲ စိတ်ထဲက စနိုးစနောင့်နဲ့ ရှေ့ဆက် ဖတ်ပါတယ်။ ဒီလိုပဲ ဖတ်ရင်း စဉ်းစားရင်းနဲ့ စာမျက်နှာ ၂၀၉-က အလုပ်ရှင်တစ်ဦးရဲ့ အလုပ်သမားများ ချီးကျူးဂုဏ်ပြုပွဲမှာ အလုပ်ရှင်သူဌေး ဦးသန့်ရဲ့ သမီးဝင်းဝင်းသန့်ကို "ထား" တို့စားပွဲသို့ ခေါ်ဆောင်လာတဲ့အခါ "ထားသည် မိမိ၏အလှကို မိမိယုံကြည်စွာ အလှမာန်ရစ်နေသူ ဖြစ်၏။ သို့သော် ထား၏အလှကို ဤငယ်နုသော သူဌေးသမီးသည် တစ်ခဏအတွင်း၌ပင် ပယ်ရှားနိုင်စွမ်းရှိ၏" ဟု ဆိုသော စာပိုဒ်ကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက်

BURMESE CLASSIC .com

www.burmeseclassic.com



စိတြလေခါစာအုပ်မှ အခန်းတစ်ခန်းကို သွားပြီး သတိရမိတယ်။ စိတ်ထဲမှာ မတင်မကျ ဖြစ်တာနဲ့ စာအုပ်စင်က စိတြလေခါ စာအုပ်ကို ထယူပြီး ကြည့်လိုက်တော့ စာမျက်နှာ(၁၃၉)မှာ ပါရှိတဲ့ "ယသောဓရာကို တွေ့ရတဲ့အခါ စိတြလေခါ အံ့အားသင့်သွား၏။ သူသည် ယနေ့အထိ အလှမာန်တက်နေသူဖြစ်သည်။ သို့ရာတွင် ယသောဓရာက တစ်ခဏအတွင်းမှာပင် သူ၏အလှမာန်ကို ဖယ်ရှားပစ်လိုက်သည်" ဆိုသော စာပိုဒ်ကို တွေ့ရသောခဏ၌ ကျွန်တော် စာရေးဆရာကြီး ရန်ကုန်ဘဆွေကို သံသယဖြစ်မိတယ်။ ဒါနဲ့ပဲ ဆက်ပြီး ဖတ်လိုက်တော့ တစ်ခါတွေ့ရပြန်ရော "အကိုသက်ရဲ့ ရုပ်ရှင်မင်းသမီးလေးတွေဟာ ငွေးတို့လို ဂုဏ်သရေရှိလူကြီးလူကောင်းတွေရဲ့ အသိုင်းအဝိုင်းထဲကို တန်းတူရည်တူရောက်လာနိုင်အောင် ကြိုးစားခဲ့ကြတဲ့အတွက် ဒီကနေ့ဟာ ဂုဏ်ပြုချီးကျူးတဲ့ပွဲဆိုရင် မမှားဘူး" ဆိုတဲ့ စာပိုဒ်နဲ့ စိတြလေခါ စာအုပ်ထဲမှာ ယသောဓရာမွေးနေ့မှာ မြို့စားကြီးကတော်တစ်ဦးက "ဒီကနေ့ ကချေသည်စိတြလေခါကို ကျုပ်တို့နဲ့ တန်းတူရည်တူ ကျုပ်တို့ရဲ့အသိုင်းအဝိုင်းထဲကို ဝင်ရောက်လာတဲ့အတွက် ဂုဏ်ပြုချီးကျူးလိုက်ပါတယ်"ဆိုတဲ့ စာပိုဒ်တွေဟာ စာသားကွဲယုံပဲ၊ သဘောကတော့ မထူးပါဘူး။ နောက်ပြီး စိတြလေခါနဲ့ ရုပ်ရှင်မင်းသမီးထားတို့ရဲ့ ဖြေကြားချက်ဟာလဲ အတူတူပဲ ဖြစ်နေတာ တွေ့ရပါတယ်။

ရှင်းရှင်းရေးရရင် ကျွန်တော့အနေနဲ့ ရန်ကုန်ဘဆွေဟာ "ဘဂဝတီ ကျရန်ဗရာမာ" ရေးပြီး ပါရဂူဘာသာပြန်ထားတဲ့ စိတြလေခါကို အတွေးအခေါ်ရော စာသားအချို့ပါ မှီးတယ်လို့ ဆိုချင်ပါတယ်။

ရန်ကုန်ဘဆွေက စိတြလေခါအဖြစ်"ထား" ဆိုတဲ့ ရုပ်ရှင်မင်းသမီး၊ ဗီဇဂုတ္တ အဖြစ် ဆရာကြီးဦးသက်၊ ယသောဓရာအဖြစ် ဝင်းဝင်းသန့်၊ သေတံက အဖြစ် တင်မြင့်မောင်၊ ယောဂီကုမာရဂိရိအဖြစ် သုမနကိုသိန်းမြင့်၊ ဝိသာလဒေဝအဖြစ် ကိုကြာပေါ် အစရှိတဲ့ ဇာတ်ကောင်တွေကို မွေးထုတ်ခဲ့ပါတယ်။ စိတြလေခါ စာအုပ်ထဲမှ အတွေးအခေါ်အချို့ သို့မဟုတ် အတော်များများဟာ ရန်ကုန်ဘဆွေရဲ့ မြင့်မိုရ်ကိုခြွေ ပျက်ကြွေမဲ့ ယောက်ျားဆိုတဲ့ စာအုပ်ထဲမှာ တွေ့နေရပါတယ်။တစ်ကွက်စီ လိုက်ထောက်ပြရင်တော့

BURMESE CLASSIC .com

www.burmeseclassic.com



၂/-တန်လုံးချင်းလောက်တော့ ရှိပါလိမ့်မယ်။ ဒီတော့ လိုရင်းပဲပြပါရစေ။ စိတြလေခါကို ယောဂီကုမာရဂီရိနဲ့တွေ့ပြီး စကားစစ်ထိုးခိုင်းသလို ရုပ်ရှင်မင်းသမီးခင်ထားကို သုမနကိုသိန်းမြင့် စကားစစ်ထိုးခိုင်းပါတယ်။ နောက်ပြီး စိတြလေခါကို ကုမာရဂရိထံသွားပြီး တပည့်ခံပုံ၊ ကုမာဂီရိစိတ်ဖောက်ပြီး ဗိဇဂုတ္တနဲ့ ယသော်ရောတို့ လက်ထပ်ပြီးပြီလို့ ညာပြီး စိတြလေခါရဲ့ကာမကို ယူပုံနဲ့ ရုပ်ရှင်မင်းသမီးထားကို သုမနကိုသိန်းမြင့်ရဲ့တပည့်ခံ ခိုင်းပြီး သုမနက စိတ်ဖောက်ပြန်လာတော့ ဆရာကြီး ဦးသက်နဲ့ ဝင်းဝင်းသန့်တို့ လက်ထပ်လိုက်ပြီး ညာပြီး ထားရဲ့ကာမကိုယ် ယူလိုက်ပုံတွေကဖြင့် တစ်ထေရာတည်း ဖြစ်နေပါတယ်။

ဗိဇဂုတ္တကို စိတြလေခါက စွန့်ပစ်သွားတဲ့အခါ ဗိဇဂုတ္တဟာ ယသော်ရောတို့နဲ့ အတူ“ကာသီ’ကိုခရီးထွက်သလိုပဲ ရန်ကုန်ဘဆွေဟာ ဆရာကြီးဦးသက်ကို ‘ခင်ထား’က ပစ်သွားတော့ ဝင်းဝင်းသန်းတို့နဲ့ တောင်ကြီးသွားပုံတွေဟာ ဆင်တူဖြစ်လွန်းအားကြီးနေပါတယ်။

ဗိဇဂုတ္တနဲ့ ယသော်ရောတို့ဟာ မြို့စာကြီးမဟာပရမိရဲ့ဉယျာဉ်ထဲမှာ စကားပြောကြတော့ ယသော်ရောက သဘာဝရဲ့ လှပကြောင်းကို ဘယ်လို ပြောသလဲဆိုတော့ “ဗိဇဂုတ္တ၊ ဟောဒီ မြက်ခင်းပြင်ဟာ ဘယ်လောက်နူးညံ့ သလဲ။ ဘယ်လောက်လှသလဲ၊ ကျွန်မတော့ ဒီမြက်ခင်းပေါ်မှာပဲ နေချင်စိတ်၊ ထိုင်ချင်စိတ်၊ အိပ်ချင်စိတ် ပေါက်နေတာပဲ” လို့ ပြောသလို ယသောရောရဲ့ ကိုယ်ကွဲဖြစ်တဲ့ ဝင်းဝင်းသန့်ကလည်း “ပန်းတောကြီးဟိုဘက်က စိမ်းလဲ့လဲ့ မြက်ခင်းပြင်ကြီးဆိုရင် ဘယ်လောက်များလှူးလိမ့်ပြီး အိပ်ပစ်လိုက်ချင်စရာ ကောင်းသလဲ” လို့ ပြောလိုက်ပုံတွေဟာ အားကြီးတူနေပါတယ်။

ယသောရောက သဘာဝကို ချီးကျူးတော့ ဗိဇဂုတ္တက “ဒီမြက်ခင်းပြင်ကြီးထဲမှာ မမြင်စွမ်းရှိပြီး လူကို အန္တရာယ်ပေးမဲ့ ပိုးမွှားတိရစ္ဆာန်တွေ ရှိတယ်၊ သဘာဝဟာ သူ့အနေနဲ့ လူတွေဖန်တီးထားတာလောက် မကောင်းဘူး” လို့ ပြောသလိုပဲ ရန်ကုန်ဘဆွေကလည်း ဗိဇဂုတရဲ့ ကိုယ်ခွဲဆရာကြီး ဦးသက်ကို ဒီအတိုင်းပြောစေခဲ့တယ်။ ကျွန်တော်ဖြင့် ဟိန္ဒီစာရေးဆရာကြီးနဲ့

www.burmeseclassic.com



ရန်ကုန်ဘဆွေတို့ရဲ့ ဦးနှောက်ဟာ အမြှာပူး ဖြစ်နေသလားလို့ ထင်မိပါတယ်။ ဘာလို့လဲဆိုတော့ ရန်ကုန်ဘဆွေရဲ့ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေး- သူ့ဖီလိုဆိုဖီကို အပြည့်အဝ တင်ပြထားတယ်လို့ သူ့စာအုပ်ရဲ့ မျက်နှာစာမှာ ပါတာကိုး။

ဇာတ်သိမ်းခန်းကအစ အားလုံးပဲတူနေပါတယ်။

ကျွန်တော့်အနေနဲ့တော့ ဒီကိစ္စဟာ ထုတ်ဝေသူနဲ့ စာရေးဆရာတို့ ပူးပေါင်းပြီး ပရိသတ်ကို တစ်ပတ်ရိုက်တယ်လို့ထင်ပါတယ်။ တကယ်လို့ ရန်ကုန်ဘဆွေရဲ့ မြင့်မိုရ်ကိုရွှေ ပျက်ကြွေမဲ့ယောကျ်ားဆိုတဲ့ စာအုပ်ဟာ ဟိန္ဒီစာရေးဆရာကြီး “ဘဂဝတီကျရန်ဗရမာ’ ရေးပြီး ပါရဂူဘာသာပြန်တဲ့ စိတြလေခါနှင့် ဘာမှမဆိုင်ဘူးဆိုရင်လည်း ငြင်းကြပေါ့။

အမှန်တော့ ကျွန်တော်ဟာ ဘာကောင်မှမဟုတ်ဘူး။ စာရေးဆရာလည်း မဟုတ်ဘူး၊ ဝေဖန်သူလည်း မဟုတ်ပါဘူး။ စာဖတ်ပရိသတ်တစ်ယောက်ပါပဲ။ စာဖတ်ပရိသတ်ကို ထင်သလိုလှည့်စားပြီး စော်ကားလွန်းလို့ ဒီစာကို ရေးရတာပါ။

**ဒွေးအောင် (မင်းဘူး)**
လူထုသတင်းစာ(၂၅-၄-၆၇)

BURMESE CLASSIC .com

www.burmeseclassic.com

## ဆရာပါနဲ့ စာအုပ်တစ်ရာ

မိမိအနေနဲ့ စာရေးဆရာကြီး ပါရဂူနဲ့ ထိတွေ့ခဲ့တဲ့ မကြာသေးတဲ့ ကာလက ရုပ်ပုံကားချပ်တချို့ကို ဆရာရဲ့ စာအုပ်တစ်ရာပြည့် အမှတ်တရ ပွဲမှာ ရေးခြယ်ချင်စိတ် ပေါ်လာမိပါတယ်။

ဆရာပါရဂူဆိုတာ ဆရာကြီးပီမိုးနင်း၊ မော်ဘီဆရာသိန်း၊ ရွှေဥဒေါင်းတို့၊ ဆရာဇေယျတို့လို ဝတ္ထုဆောင်းပါးနဲ့ စာအုပ်အမြောက်အမြား ရေးသားခဲ့တဲ့ စာရေးဆရာကြီး ဖြစ်တယ်။ နောက်ပြီး ဟိန္ဒီဘာသာနဲ့ အင်္ဂလိပ်ဘာသာကနေ ပြန်ဆိုတဲ့ ဘာသာပြန်ဝတ္ထု၊ ကျမ်းစာအုပ်တွေကိုလည်း ရေးသားထုတ်ဝေခဲ့သူ ဖြစ်ပါတယ်။

ဆရာပါရဂူရဲ့ လုံးချင်းစာအုပ် ၁၀၀-ပြည့်တဲ့ အထိမ်းအမှတ်ကိုလည်း ဆရာပါဟာ သူ့ဆန္ဒနဲ့ ပြုလုပ်တာမဟုတ်ဘဲ သူ့ကို ချစ်ခင်လေးစားတဲ့ စာရေးဆရာနဲ့ ထုတ်ဝေသူတချို့က တိုက်တွန်းလို့ လုပ်တာဖြစ်ပါတယ်။ ဆရာပါဟာ သူ့ရဲ့ အသက်ဘယ်ရွေ့ ဘယ်မျှရှိပြီ ဆိုတာကို သတိမထားသလို၊ သူ့မွေးနေ့ပွဲကိုလည်း လုပ်လေ့လုပ်ထ မရှိခဲ့ပါဘူး။ အခုလို စာအုပ် တစ်ရာပြည့် အထိမ်းအမှတ်ကတော့ မိမိရဲ့ ဘဝတာ အားထုတ်ခဲ့တဲ့ ကြိုးတောင့်ကြိုးခဲ စာအုပ်တစ်ရာပြည့်ပွဲတစ်ခုဖြစ်လို့ ဆရာအနေနဲ့ လက်ခံခဲ့တာပါပဲ။

ဆရာရဲ့ စာရေးဆရာဘဝတစ်လျှောက်လုံး သီးသန့်အိမ်ကလေး တစ်လုံးထဲမှာ ဆရာတစ်ယောက်တည်း စာအုပ်တွေကိုသာ အဖော်ပြုရင်း စာတွေဖတ် စာတွေရေးနေတဲ့ စာရေးဆရာ တစ်ယောက်ပါ။ ဆရာဟာ ပျော်ရွှင်စရာတွေနဲ့ ကင်းအောင် နေထိုင်ယင်း၊ ဆရာနဲ့ အရင်းနှီးဆုံး

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဝိုင်းထဲ အတူနေ မိသားစုက ပို့ပေးတဲ့ ထမင်းဟင်းလျာကို အာဟာရ အတွက် ဖြည့်တင်းရင်း မရပ်မနား စာတွေရေးနေသူတစ်ယောက် ဖြစ်တယ်။ လစဉ်မဂ္ဂဇင်းတွေနဲ့ အပတ်စဉ် ဂျာနယ်တွေမှာလည်း စာမပြတ် ရေးနိုင်သလို၊ လုံးချင်းစာအုပ်တွေကိုလည်း ကြိုကြားကြိုကြား ရေးသား ထုတ်ဝေနိုင် ခဲ့တယ်။

စိတ်အပန်းဖြေစရာ အနီးကပ်ဆုံး အဖော်ဆိုလို့ ဆရာ့မှာ တစ်ဝိုင်းထဲ အတူနေမိသားစုရဲ့ ကလေးတွေနဲ့ ခွေးတွေပဲဖြစ်တယ်။ ကလေးနဲ့ ခွေးကို ချစ်တဲ့ဆရာဟာ သူ့အိမ်ထဲမှာ ကလေးတွေနဲ့ ခွေးတွေကို လွတ်လပ်ခွင့် ပေးထားတယ်။ နောက်ဆုံး ဆရာ အလိုလိုက်လို့ ခွေးတစ်ကောင်ဆို ဆရာအိပ်တဲ့ ခုတင်ပေါ်အထိ တက်အိပ်လို့၊ ဆရာရဲ့ အိပ်ခန်းတံခါးကို ပိတ်ထားရတဲ့အထိဖြစ်တယ်။ ဆရာဟာ ကလေးနဲ့ ခွေးတွေအပေါ်မှာ အတော်လည်း စိတ်ရှည်တယ်။ ဆရာရဲ့ အိမ်အနီးက လက်ဖက်ရည်ဆိုင်ကို ဧည့်သည်လာလို့ သွားတဲ့အခါ ဆရာရဲ့ နောက်က ခွေးလေးငါးကောင်၊ တစ်သီတစ်တန်းကြီး ပါလာတတ်တယ်။ လက်ဖက်ရည်ဆိုင်ကခွေးနဲ့ ဆရာ့ ခွေးတွေ မာန်ဖီကြ၊ ကိုက်ကြ။ လက်ဖက်ရည်သောက်နေသူတွေကြားထဲ ဆရာခွေးတွေက တိုးကြ၊ ဝင်ကြလုပ်ကြရော။ အခု နောက်ပိုင်းမှာတော့ တော်ရုံတန်ရုံနဲ့ ဆရာဟာ သူ့ခွေးတွေကြောင့် လက်ဖက်ရည်ဆိုင်ကို မသွားတော့ဘူး။ အိမ်မှာပဲ သူ့ဘာသူ မိုင်လိုလေး၊ ဘာလေးပဲ ဖျော် သောက်တော့တယ်။

စာရေးဆရာကြီးပါရဂူကို ရုတ်တရက်ကြည့်ရင် အစဉ်အလာ ဘာသာရေးသမားကြီး တစ်ယောက်လို့ သာမန်ကာရှန်ကာ ကြည့်ပြီးထင် မြင်ချင် ထင်မြင်ပါလိမ့်မယ်။ တကယ်တော့ ဆရာဟာ ဘာသာတရားကို လူမြင်အောင် အပြသဘောမဟုတ်ဘဲ တကယ့်အရှိအတိုင်း နှလုံးသားထဲက ကျင့်ကြံနေထိုင်နည်းနဲ့ ကျင့်ကြံနေထိုင်တယ်လို့ ထင်မြင်မိတယ်။ဆရာ့ အိမ်မှာ ဘုရားစင်ရယ်လို့ တခမ်းတနားထားတာ မတွေ့ရဘဲ ဆရာရဲ့ ရင်ထဲမှာပဲ ဘုရားတရား ထားရှိပုံရတယ်။ နောက်ပြီး ဆရာဟာ မိမိရဲ့ ဘာသာတရားမှ တကယ့်ဘာသာတရားလို့ အစွဲမထားပါဘူး။ ဘာသာ

www.burmeseclassic.com



တရားအားလုံး ညီညီညွတ်ညွတ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကမ္ဘာကြီး လှပသာယာဖို့ အားလုံးက ဝိုင်းဝန်းပံ့ပိုး ထောက်ကူတဲ့ ဘာသာတရားတွေ ဖြစ်စေချင်တဲ့ ဆန္ဒကြီးကြီးမားမားရှိတာ ဆရာ့ဆီမှာ တွေ့ရပါတယ်။

ဆရာ့ဘဝတစ်လျှောက် ပြန်ကြည့်ရင် အစောပိုင်းက သာသနာ့ဘောင်ထဲမှာ ရှိနေပါတယ်။ သက်န်းဝတ်ဘဝမှာ စာစရေးပြီးနောက် သာသနာ့ဘောင်က ထွက်လိုက်ပြီး စာပေနယ်မှာ မြှုပ်နှံလိုက်ပါတယ်။ အစပိုင်း စာအုပ်ထုတ်ဝေရေးလုပ်ပြီး နောက်ပိုင်းစာရေးသားခြင်း လုပ်ငန်းသက်သက်နဲ့ ဘဝကို ရပ်တည်နေနိုင်ခဲ့ပါတယ်။ ဆရာဟာ ပရဟိတလုပ်ငန်းတွေကိုလည်း စိတ်ပါဝင်စားပြီး စိတ်ရောကိုယ်ပါ လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲလည်း ဖြစ်ပါတယ်။ ဆရာပညာသင်ကြားခဲ့တဲ့နေရာတွေမှာ ကျောင်းနဲ့ စာကြည့်အသင်းတွေ ဆောက်လုပ်လှူဒါန်းခဲ့တယ်။အလယ်တန်းကျောင်းဆောင်နဲ့ ချောင်းကူးတံတားကိုလည်း ဆောက်လုပ်လှူတယ်။ ဆရာပါဟာ အထီးကျန်ဘဝနဲ့ စာအုပ်ကိုသာ အဖော်ပြုပြီး စာတွေကို မနားမနေ တရစပ်ရေးဖွဲ့ရင်း မငြီးမငွေ့ နေထိုင်ရပ်တည်နေတာ အံ့သြလောက်စရာ တွေ့ရပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆရာပါရဂူတစ်ယောက် အသက်အရွယ် ၇၈-နှစ် လည်း ရလာ၊ အဖော်မဲ့စွာ တစ်ကိုယ်တည်းနေသူလည်း ဖြစ်လို့ နာမကျန်းဖြစ်တဲ့ကိစ္စတစ်ခု ကြုံခဲ့ရတယ်။ နေရင်းထိုင်ရင်း ဆရာဟာ ဆီးခဏခဏသွားတဲ့ရောဂါ ရတယ်။ တစ်ရက်က နှစ်ရက်ဖြစ်လာတယ်။ ဆီးသွားပါများလာတော့ ဆရာဟာ လူလည်းပန်း အားလည်းကုန်လာတယ်။ တစ်ညတော့ ဆရာ ညသန်းခေါင်လောက်မှာ တစ်ယောက်တည်း အိမ်သာသွားရင်းက အားပြတ်ပြီး ရုတ်တရက် အိမ်သာကနေ ထလို့မရတော့ဘူး။ ဆရာဟာ အမျိုးမျိုးကြိုးစား ထကြည့်ပေမဲ့ ထလို့ မရဘူး။ မတတ်နိုင်တော့အဆုံးမှာ ထိုင်ရက်ကနေ ဖင်ရွှေ့ဖင်ရွှေ့နဲ့ အားစိုက်ပြီး မိမိခုတင်ရှိရာကို မနည်းပြန်သွားရတယ်။ အဲဒါတောင် အိမ်သာကနေ ခုတင်ရှိတဲ့ဆီပြန်တာ ၂-နာရီလောက်ကြာအောင် ကြိုးစား

www.burmeseclassic.com



ပြီး တရွေ့ရွေ့ ပြန်လာခဲ့ရတယ်လို့၊ နောက်တစ်နေ့ကျမှ ဆရာပြောပြလို့ သိရတယ်။ တကယ်တော့ အသက်အရွယ် ရလာတဲ့အခါ တစ်ယောက်တည်း နေရသူအဖို့ တွေးကြည့်ရင် စိုးရိမ်စရာတွေပေပဲ။ ဒါပေမဲ့ ဆရာ့အနေနဲ့ ခုလိုတစ်ယောက်တည်း နေနေတာကို သာမန်ကိစ္စတစ်ခုလို ဘာမှထူးခြားမှု မရှိသလိုပါပဲ။

အဲဒီလိုဖြစ်ပြီးတဲ့နောက်မှာ ဆရာပါလည်း ဆရာဝန်နဲ့ ကျန်းမာရေး ဆေးစစ်ခံတယ်။ ဆရာဝန်က စစ်ဆေးစမ်းသပ်ကြည့်ပြီး "ဆရာ့မှာ သွေးတိုးနဲ့ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ချင်နေတယ်"လို့ ကောက်ချက်ချတယ်။ ဆရာပါရဂူဆိုတာ ဟန်ဆောင်မှုမရှိ၊ သူ့ပင်ကိုယ် သဘာဝအတိုင်း ပြုမူနေထိုင်လို့ လူကြီးလူငယ် အတော်တော်များများက သူ့ကိုချစ်ခင်လေးစားကြပါတယ်။ ဆရာနဲ့ သိပ်ရင်းနှီးကျွမ်းဝင်တဲ့ သူတွေက အိမ်ထောင်ရေးကိစ္စ တစ်ယောက်ယောက်နဲ့ နောက်ရင်လည်း ဆရာက ခပ်ပြုံးပြုံးပဲ။ ဆရာ စာရေးနေလျက်တန်းလန်းက ဧည့်သည်တစ်ယောက်ယောက် ရောက်လာရင် ချက်ချင်းထပြီး ဧည့်ခံစကားပြောတတ်တယ်။ အိမ်ရှေ့ဘက်က သူထိုင်နေကျ ခွေးခြေခုံမှာ ထိုင်ပြီး ဧည့်သည်ကို ဧည့်ခံလေ့ရှိတယ်။ အခုလည်း ဆရာဝန်က ကျန်းမာရေးအခြေအနေကို ပြောပြတဲ့အခါ ဆရာက တစ်ခုပြန်မေးပါတယ်။ "နှလုံးသွေးကြောကျဉ်းရောဂါရတဲ့လူဟာ အရက်သောက်ပေးရတယ်လို့ ကြားတယ် ဟုတ်သလား ဆရာ" လို့ ဆရာက ပွင့်ပွင့်လင်းလင်းမေးတဲ့အခါ ဆရာဝန်ကလည်း "နှလုံးသွေးကြောကျဉ်းရောဂါအတွက် အရက်အနည်းအကျဉ်းတော့ သောက်နိုင်တယ်" လို့ ပြန်ဖြေပါတယ်။

ဆရာပါဟာ ဒီဘက်နောက်ပိုင်း ဟိုပွဲဒီပွဲတွေသွားရင် အပန်းဖြေသဘော၊ ခင်မင်ရင်းနှီးသူတွေနဲ့ဆုံရင် ညနေပိုင်းတချို့ အချိန်မှာ အရက်အနည်းအကျဉ်း သောက်လေ့သောက်ထ ရှိတယ်။ ဆရာပါဟာ ရံဖန်ရံခါဆိုသလို အရက်အနည်းအပါး သောက်တတ်လေ့ ရှိပေမယ့် အပျော်အပါးကိစ္စကင်းရှင်းတာကို တွေးမိရင်း တစ်ဆက်တည်းဆိုသလို ဟို အတိတ်ဆီက ကြားသိခဲ့ရဖူးတဲ့ အဖြစ်တစ်ခုကို သွားအမှတ်ရလိုက်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အမျိုးသားစာဆိုကြီး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း အရှယ်ကောင်းတုန်း အချိန်ကပေါ့။ ဒီတုန်းက ဆရာကြီးရဲ့ဇနီး ကွယ်လွန်ပြီးစ အချိန်။ ဆရာကြီးရဲ့ တပည့်တချို့က အဖော်ကင်းမဲ့နေတဲ့ ဆရာကြီးကို ပျော်ပါစေ ဆိုတဲ့သဘောနဲ့ မိန်းမပျက်တစ်ယောက်ကို ခေါ်ပြီး ဆရာကြီးရဲ့ အိပ်ခန်းထဲ လွှတ်လိုက်တယ်။ ဆရာကြီးကလည်း ဘုမသိ ဘမသိနဲ့ အဲဒီ အမျိုးသမီးကို အကျိုးအကြောင်း မေးကြည့်တယ်။ တပည့်တွေရဲ့ လက်ချက်မှန်း သိလိုက်ရတဲ့အခါ ဆရာကြီးဟာ ဒေါသထွက်ထွက်နဲ့ "လူထီးတွေ မိုက်တာလည်း မိုက်တာပေါ့။ ဒါကို လူမ ကပါ ရောပြီး မိုက်ရသလား" ဆိုပြီး အဲဒီ မိန်းမကို အခန်းထဲကနေ မောင်းထုတ်လိုက်တယ် လို့ မှတ်သားခဲ့ရဖူးပါတယ်။

ကျွန်တော်တို့ဟာ အဲဒီလိုလေးစားသင့်လေးစားထိုက်တဲ့ စာရေးဆရာကြီးတွေကို လေးစားတာ တန်ဖိုးထားတာ ထူးဆန်းတဲ့ ကိစ္စတစ်ခု မဟုတ်ပါ။

ညွန့်သစ်
၂၄-၁၀-၂၀၀၀။

BURMESE CLASSIC .com

www.burmeseclassic.com

# Paragu, Paragon of prose

MYANMAR boasts large numbers of writers and journalists who have translated novels, short stories and articles from English, and a few who have even translated novels from Chinese into Myanmar. But there is only one writer who has translated books from Hindi into Myanmar.

He is U Hla Kyaing, popularly know as 'Paragu' (the expert) one of the most accomplished and respected writes and translators to be produced by this country in half a century.

Aged 79- years, and still a confirmed bachelor, Paragu is as hale and hearty as ever, moving about like a young man and still possessed by the burning urge to write. He has published more than 100 books, most of them novels painstakingly translated from Hindi.

This number also includes biographies of some of the most prominent member of the sangha (monk order) of Myanmar and other countries. It would be rare indeed to find a work or Paragu's that has not been adjudged by critics to be of high literary quality.

Indeed, almost all of the books the typically Iucid and polished Paragu has written and translated have become best-sellers.

www.burmeseclassic.com



The most prominent of his works include; Buddha Sagar (Words of Buddha),

Dhamma Sagar (Teachings of Dhamma), The Buddha Dairy, Thardaw Yarhula (Son Rahula), Bawa Kha-yi-the (life traveller), and Bagan Kha-yi-the (Traveller to Bagan).

Paragu won a gold mendal for literature from the Hindi Literary Association of Myanmar in 1967, and the national literary award for his Gori in 1986.

The great man's personal values and his ideas on religion dominated the discussion when *Myanmar Times* paid a privileged visit recently.

"Giving is the time I enjoy most," he said.

When you are giving, you must not hope for any kind of return favour, any kind of reward. If you hope for something, it is not *parahita* (the interests of others).

"There is another Pali word which has an even deeper meaning for me *lawkahita*. It means serving the intersets of mankind, not just a few persons., but a broader social service. It is a much deeper, wider and nobler term."

For Paragu, *lawkahita* has meant spending much of his income supporting poor children and students, helping them to continue their schooling and paying for their medical treatment.

"If humanitarianism and people's social service ideals *(parahita and lawkahita)* are weak, then we may say that the world's standard of culture is lagging far behind the progress achieved in the fields of science and technology.

"I think that youths can do much more *parahita* work than order people because they are more energetic, more active, less self-seeking."

BURMESE CLASSIC .com

www.burmeseclassic.com



Paragu was equally as passionate on the subject of religion.

" I think the time for religions to clash over this or that is past. Now is the time, with globalisation making itself felt everywhere, that all the religions in the world should leave aside what divides them and join hands in whatever work they can do to foster peace in the world. *Parahita* and *lawkahita* can be their common platform in this regard," he said.

Among his most prominent public service roles Saya Paragu has served as a member of the Theravada Buddhist Central Missionary Board, as Vice- Chairman of the Myanmar Literature Promotion Society, Chairman of the Tagore Association of Myanmar, and as Chairman of the Hindi Literature Association of Myanmar.

He remains, as ever, a cheerful, gregarious and optimistic man who never fails to strike a strong rapport with all writers, young and old.

A moderate even in his eating and drinking, he aspires to live a long life committed to doing his *parahita* work and writing books that serve to illuminate truth and fairness and uplift the spirits of his readers.

**Myanmar Times**
19-25, February, 2001

BURMESE CLASSIC .com

www.burmeseclassic.com

